


www.burmeseclassic.com
VIEW
BURMESE CLASSIC
အသစ်စက်စက်
လုံးချင်းဝတ္ထု
အခမဲ့
ရင်ပြင်
2010
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၂၃၀၁၁၀

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၁၉၁၀၂၁၀

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈)

(ဖူးစာပေ)

အမှတ် (၅၃)၊ အခန်း (၃၀၁)

ဆရာစံလမ်း ၊ ဗဟန်းမြို့နယ်။

**အတွင်းမျက်နှာဖုံးပုံနှိပ်**

ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ်(၂၂၅)၊ ၃၂-လမ်း၊ (အထက်)

ပန်းဘဲတန်း ၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

**ပုံနှိပ်ခြင်း**

**ပထမအကြိမ်**

၂၀၁၀ ခုနှစ်၊ ဇွန်လ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း – ၀၁- ၂၉၀၉၉၅

၈၉၅ • ၈၃

လုံမ

အခမ့်ရင်ပြင် / လုံမ။ – ရန်ကုန်၊

ဖူးစာပေ ၊ ၂၀၁၀။

၂၇၂ - စာ ၊ ၁၈× ၁၂ စင်တီ။

(၁) အခမ့်ရင်ပြင်

## အခန်း (၁)

"နှာမည်က ပန်တော်ဝင်၊ အသက်က ဆယ့်ရှစ်နှစ်၊ ဆယ်တန်းနှစ်ခါကျ၊ ကလေးစိတ်မကုန်သေးဘူး၊ ဆက်ဆံရေး မပြေပြစ်ဘူး၊ အိမ်ထောင် ထိန်းသိမ်းမှု မတတ်ဘူး"

"ဗျာ အဲလို အရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့ မိန်းကလေးကို သားက လက်ထပ်ရမယ် ဟုတ်လား ဒယ်ဒီ"

အထိတ်တလန့် သျှင်မင်းညို၏ အမေးကို ဦးအောင်မင်းညိုက ခပ်မိန့်မိန့်ပြုံးပြီး ခေါင်းညိတ်သည်။

"ဟုတ်တယ် ဒီရက်တွေအတွင်း မင်း မြန်မာပြည် ပြန်နိုင်အောင် အဆင်သင့်လုပ်ထားပါ၊ ဆင်ခြေမပေးနဲ့၊ အယူခံ မဝင်နဲ့၊ မင်းအမေဖြစ်တဲ့ ငါလည်း မိဘစကား မလွန်ဆန်ခဲ့ဘူး"

"ဒယ်ဒီရယ် ကိုယ့်သား နှစ်မွန်းတော့မှာကို မသွားတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



လား။ မညှာတာတော့ဘူးလား။ ဒီလို မိန်းကလေးနဲ့ အတူတူ အိမ်ထောင်ရေး ဝဲဂယက်ထဲမှာ နစ်မြောခံရတော့မှာကို ကြည့်ရက်သလား ဒယ်ဒီ"

"ဟိတ်ကောင် သျှင်မင်းညို"

"ဗျာ ဗျာ ဒယ်ဒီ"

မျက်မှောင်ကြီး ကုတ်ပြီး မာဆတ်ပြတ်တောက်စွာ အော်ချလိုက်တာမို့ ဗျာထူးသံတောင် ခလုတ်တိုက်ကာ အထစ်ထစ် အငေါ့ငေါ့ ဖြစ်သွားသည်။

ဖြူနီးခနဲ ထရပ်ပြီး ရှေ့ကနေ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာလည်း ခေါင်းမူးတော့မည် ထင်၏။

"ဒယ်ဒီ ပြောစရာရှိရင် ထိုင်ပြီး ပြောပါလား"

"ဘာဖြစ်လို့လဲ"

"ခြောက် ဒယ်ဒီ ခြေထောက်ညောင်းမှာ စိုးလို့ပါ"

ဟွန်းခနဲ နှာမှုတ်ပြီးမှ ဆိုဖာခုံမှာ ဆောင့်ခနဲ ဝင်ထိုင်၏။ သျှင်မင်းညိုကိုလည်း မိန်းမကြီးလို မျက်စောင်း ထိုးသည်။

"ဒီမှာ သျှင်မင်းညို မင်းက ငါ့သား"

"သိပါတယ် ဒယ်ဒီ"

"ဟိတ်ကောင် လျှာဝင်မရှည်နဲ့၊ ငါပြောတာပဲ နားထောင် မင်းမောင်-ဆုံးပြီးကတည်းက မင်းကို မအေလိုတစ်မျိုး၊ ဖအေလိုတစ်မျိုး



နောက်အိမ်ထောင်မပြုဘဲ ငါစောင့်ရှောက်လာတာ"

နိုက်ကလက်တက်တာ၊ KTV သွားပြီး စိတ်အာသာ ဖြေတာ ခေါ်ဘူးလား ဒယ်ဒီလို့ သျှင်မင်းညို မပြောရဲ။

ဒေါသထွက်ပြီဆို နီးရာနှင့်ကောက်ပေါက်တတ်တာ ဒယ်ဒီ့အကျင့်။ ဖြူသော အသားက နှာခေါင်းတွေရော မျက်လုံးမျက်စပ်တွေရော ရဲရဲနီပြီး ကော်ပတ်ရုပ် သရဲကြီးနှင့် တူလာတတ်သည်။

အတွေးနှင့် ဟီခနဲ ရယ်မချမိအောင် ပါးစပ်ကို လက်ဝါးနှစ်ဖက်နှင့် ဖိပိတ်ထားလိုက်ရသည်။

"အဲလို အပိုးမကျိုး ဣန္ဒြေမရတာတွေကြောင့် မင်းကို မိန်းမပေးစားဖို့ စီစဉ်ရတာကွ၊ နားလည်လား၊ ဖအေကတော့ အလုပ်ကို ကုန်းရုန်းလုပ်၊ ဘွဲ့လွန်တွေတက်၊ ပညာရေးတွေ ဆုံးခန်းတိုင်အောင် သင်ပေးလိုက်ရတာ၊ ကျောင်းပြီးတော့လည်း မိဘအလုပ်ကို ဖိဖိစီးစီး တာဝန်ယူရမှန်း မသိဘူး၊ နိုင်ငံခြားမှာ လာနေပြီး အဲဒီလို ဘာမှ အလေးအနက်မရှိ ပေါ့ပြက်ပြက် နေရတာကို မင်းကိုယ်မင်း အဟုတ်မှတ်နေလား"

"မမှတ်ပါဘူး ဒယ်ဒီ၊ သား အလုပ်လုပ်မှာပါ"

"အေး လုပ်ရမယ်၊ အခု မင်း လက်ထပ်ရမယ့် ကောင်မလေးရဲ့အဖေက ငါ့ရဲ့ သူငယ်ချင်း၊ မြန်မာပြည်က ကုမ္ပဏီတစ်ခုမှာ ငါနဲ့သူနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှယ်ယာဝင်ထားတယ်၊ အဲဒီ ကုမ္ပဏီမှာ မင်း MD တာဝန်ယူပြီး အုပ်ချုပ်ရမယ်၊ အရှုံးအမြတ် ကုမ္ပဏီရဲ့ ရပ်တည်မှုက မင်းရဲ့ အရည်အချင်း အစွမ်းအစပဲ၊ အောင်မြင်ရင်စံ၊ မအောင်မြင်ရင် ခံပေါ့ကွာ၊ အဲဒီ ကုမ္ပဏီရယ်၊ ဗဟန်းဘက်က ခြံနဲ့ဝင်းနဲ့ တိုက်တစ်လုံး၊ ကားတစ်စီးရယ်၊ ငါတို့ နှစ်ဖက်မိဘရဲ့ လက်ဖွဲ့ပဲ၊ မင်းတို့ လက်ထပ်ပွဲကို ငါ မလာနိုင်တဲ့ အကြောင်းလည်း ဖုန်းဆက်ပြီးပြီ၊ အဲဒါ ငါ့စကားအကုန်ပဲ''

''ဒယ်ဒီရယ် အဲဒီလို ပစ်စလက်ခတ် ဥပေက္ခာမပြုလိုက်ပါနဲ့၊ သူစိမ်းတွေ အလယ်မှာ မျက်စိသူငယ် နားသူငယ် ဖြစ်နေရမယ့် သားဘဝကို နည်းနည်းလောက် သနားပါဦး ဒယ်ဒီရယ်''

ဒယ်ဒီ ခေါင်းရမ်းတော့ သျှင်မင်းညို မျက်ရည် ကျချင်သည်။ ဒယ်ဒီနှင့်လည်း တစ်ခါမှ မခွဲဘူး။

လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က မာမီ ဆုံးတော့ သားအဖနှစ်ယောက် ကိုရီးယားမှာရှိတဲ့ ဒယ်ဒီ အစ်ကို အကြီးဆုံး လူပျိုကြီးဆီ ရောက်လာကြသည်။

မြန်မာပြည်က လုပ်ငန်းကြီးကိုတော့ ဒယ်ဒီ့ သူငယ်ချင်းကိုပဲ လုံးလုံးလျားလျား အပ်ထားခဲ့၏။

ဒယ်ဒီက ကိုရီးယားမှာ အောက်ခြေသိမ်း အလုပ်ကစပြီး လုပ်ငန်းရှင်တစ်ယောက် ဖြစ်လာအောင်ထိ ကြိုးစားသည်။



သူ့ကိုတော့ သက်တောင့်သက်သာ ပညာရေးတစ်ခုပဲ **စိတ်ဝင်စားနိုင်း**၏။ ဒါကြောင့်လည်း သူက ဘာအပူအပင်မှ မရှိ ရေသာမိုးနေခဲ့တာ။

တကယ်တော့ သူ့အသက်က နှစ်ဆယ့်သုံးနှစ်၊ လုပ်ငန်းပိုင်း အတွေ့အကြုံ အများကြီး ရှိနေသင့်သည်။ ဒယ်ဒီ အားကိုးအားထိုက်သည့် သားတစ်ယောက်လည်း ဖြစ်သင့်နေ၏။

''ဟင်း''

သက်ပြင်းတွေချပြီး ငွမ်းထိုးအော်ငိုနေလည်း ဒယ်ဒီ ဆုံးဖြတ်ချက်က ပြင်မှာမဟုတ်တော့ချေ။

အင်တာနက်နှင့်အီးမေး ပို့ထားသော မော်နီတာပေါ်က ကောင်မလေးပုံကို ကြည့်၍ သျှင်မင်းညို နှစ်ခေါင်းရှုံ့ မျက်လုံးလှဲပစ်လိုက်သည်။

မျက်နှာပေါ်မှာ ဂုတ်ထောက်နေသော ဆံနွယ်တွေက ဘေးတစ်စောင်း ခပ်အုပ်အုပ် ဝဲကျနေတာမို့ မျက်နှာတစ်ခြမ်းကို သေချာမမြင်ရ။

နှာတံစင်းစင်း ချွန်ချွန်လေးက အဖျားလေး မသိမသာ ကော့လျက် ပါးချိုင့်တစ်ဖက်က ခပ်ရေးရေး။ မေးဖျား အကွဲလေးနှင့် လည်ဆိုင်လေးကလည်း ရှင်းကျော့လျက် သွယ်သွယ်လေးပါ။

ခြုံပြီးကြည့်လျှင် ချောတယ် လှတယ် မဝေဖန်နိုင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာ ကောင်းတာကတော့ အမှန်ပင်။

ဒါပေမဲ့ သူမရဲ့ အရည်အချင်းတွေကို ဒယ်ဒီ ရေရွတ်ပြထားတော့ ဘယ်လိုမှ အထင်ကြီးလို့ မရ။

ငြင်းဆန် ရှောင်ဖယ်လို့လည်း အရာမရောက်နှင့် သျှင်မင်းညို တကယ့် ဘေးကျပ်နံ့ကျပ် ဒုက္ခရောက်နေသည်။

အသက်ကလည်း ငါးနှစ်လောက်တောင် ကွာသတဲ့။

ပုခက်ထဲမှာ ချော့မြူသိပ်ပြီး ကလေးထိန်းရတော့မှာလား။ ဘာပဲဖြစ်ဖြစ် သူ အိမ်ထောင်ကျတော့မှာ သေချာနေသည်။

ဒယ်ဒီ့သား ဖြစ်ရတာ ကံဆိုးတာပဲဟု သူ ပထမဆုံးအကြိမ် တွေးဖြစ်၏။

ဒယ်ဒီ့သားသာ မဖြစ်ခဲ့လျှင် အဲဒီ ကောင်မလေးကို ယူရမှာ မဟုတ်ဘူးလေ။

အရည်အချင်း ဂုဏ်ပုဒ်တွေ စကြားရစဉ်ကတည်းက ခြေရာလက်ရာ ဆလံသသင့်ပါသည့် ပန်းတော်ဝင်။

■ ■ ■

## အခန်း (၂)

"အာ ဘာတွေလျှောက်ပြောနေတာလဲ၊ ပန်ပန် ယောက်ျား မယူဘူးနော် အားပူးကျီး"

"ဘာ အားပူးကျီးလဲ မြန်မာလိုပဲခေါ်"

"ပြောင်းခေါ်ရင် ယောက်ျား မပေးစားဘဲ နေမှာလား"

"ဘာ"

"တိုးတိုးအော်ပါ အားပူးကျီးကလည်း အဲ ဖေဖေကလည်း"

"တာမှမလဲဘူး။ အားလုံး ထောင်တယ်၊ အဲ ဖေဖေ ပြောတာ သေချာ နားထောင်စမ်း ပန်ပန်၊ သမီးဘာဝ တစ်သက်စာ ကောင်းစားစေချင်လို့ ဖေဖေ စီမံနေတာ၊ သမီး အမေသာ ရှိရင် ဒီစကားတွေက သမီး အမေ ပြောရမယ့် စကားတွေ၊ ဖေဖေ့ ပြောမထွက်ဘဲ ပြောနေရတာပါ"

www.burmeseclassic.com



ပြောမထွက်လည်း မပြောနဲ့ပေါ့လို့ ဖေဖေ မကြားအောင် ပန်ပန် ပွစိ ပွစိ ရေရွတ်နေလိုက်သည်။ ပန်ပန်ကို ဘာကြောင့် အိမ်ထောင်ချပေးချင်နေတယ်ဆိုတာ ပန်ပန် သိသားပဲ။

အရွယ်နှင့်မလိုက် သရီးစတက် ဆံပင်လိပ် ခွေခွေ။ ရှင်းပြောင်နေတဲ့ မျက်ခုံးလေးကို လိုင်နာ အနီနှင့် မျက်ခုံးမွေး ဆွဲထားပြီး မိတ်ကပ်ရောင်စုံ၊ နှုတ်ခမ်းဆိုးဆေး ရဲရဲတင်လို့ ခေတ်လွန်သော အဝတ်အစားတွေနှင့် ဒေါ်ခရေမြိုင် ဆိုတဲ့ မိန်းမကြီးကို ဖေဖေ လက်ထပ်ချင်နေတာ။

ထိုမိန်းမကြီးနှင့် ဖေဖေ တတွဲတွဲ ဖြစ်နေတာတော့ ကြာပါပြီ။ အခု နောက်ပိုင်းတော့ လက်ထပ်မှ ဖြစ်တော့မည်လို့ ဖေဖေ့ပါးစပ်က ထွက်လာသည်။

အဲဒါထားတော့ ပန်ပန်ကို အတိအကျ မပြောသေး၍ သဘောတူသည် မတူသည် လက်သင့်ခံသည် မခံသည် ဆိုတာကို ပန်ပန်လည်း အတိအကျ မပြောရသေး။

ဒါပေမဲ့ အခု ကောက်ခါငင်ခါကြီး ပန်ပန်ကို ယောကျ်ားပေးစားမည်ထဖြစ်တော့ ပန်ပန် ဘယ်လိုမှ သည်းမခံနိုင်အောင် ဖြစ်မိသည်။ အကြောင်းရင်းက သူ မိန်းမယူမှာ ပန်ပန်က လိုက်ဖျက်နေမှာစိုးလို့ ယောကျ်ား အတင်းပေးစားဖို့ လုပ်နေတာနှင့် တူမနေဘူးလား။

ဖြစ်နိုင်လျှင် ဖေဖေ့ရှေ့က ခုန်ပေါက်ပြီးသာ ပြေးထွက်လိုက်





ချင်သည်။

"ထပြေးဖို့ စဉ်းစားမနေနဲ့ ပန်ပန်၊ ဖေဖေ သမီးကို အလိုလိုက်ခဲ့တာကို အခွင့်အရေး မယူနဲ့၊ အလေးအနက် အရေးတယူ ပြောနေတဲ့ အချိန်မှာ သေချာနားထောင်၊ အခု သမီးနဲ့ လက်ထပ်ပေးမယ့် မောင်သျှင်မင်းညိုက နိုင်ငံခြားကနေ မြန်မာပြည်ကို တစ်ပတ်အတွင်း ရောက်လာလိမ့်မယ်"

"ဟွန်း နတ်ကတော် မာမီနာမည်ကြီး၊ အဲဒီ နာမည် မခေါ်နိုင်ပါဘူး"

"သမီး ပန်ပန်"

"ရှင်"

"ပြန်ထူးဖို့ ခေါ်နေတာ မဟုတ်ဘူး၊ စိတ်တိုလို့ အာမေဍိတ်သံ ထွက်သွားတာ"

"ဪ သိမှ မသိတာ၊ အဖေ ပြောစရာ ရှိတာ ဆက်ပြောပါ"

"အေး ပြောမယ် ဖေဖေ့စကားကို ဝင်ဝင် မဖြတ်နဲ့၊ အဲဒီ မောင်သျှင်မင်းညို ရောက်ပြီးတာနဲ့ အမြန်ဆုံး လက်ထပ်ပေးမယ်"

"ဟာ အဖေကလည်း ကြားထဲမှာ စေ့စပ်တာတွေ ဘာတွေ နားလည်မှု မယူရတော့ဘူးလား၊ ဒီလူက ဖြူသလား မည်းသလား ချောသလား ငန်သလား ဘာမှန်းတောင် မသိရသေးဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီး သိစရာ မလိုဘူး၊ ဖေဖေ သိပြီးပြီ"

"ဟင် ဖေဖေနဲ့ ဘယ်အချိန်တွေပြီး ဘယ်လို ပေါင်းသင်းခဲ့လို့လဲ"

"ပန်ပန်"

"အာမေဋိတ်ပဲလား ဖေဖေ"

တိုးတိတ်သော တက်ခေါက်သံနှင့် သမီးကို တော်တော် စိတ်ပျက်သွားသည်။ ဒီသမီးကို ဘယ်လို နားဝင်အောင် ပြောရမည်လဲ။ အမြွတာမ်း ဘာကိုမှ အလေးအနက် မရှိ။ ကလေးစိတ်မပျောက်သော သမီးကို မိတဆိုးလေးမို့ လိုအပ်သမျှ ဖြည့်ဆည်းပြီး အလိုလိုက်ခဲ့မိတာ မှားများ မှားနေပြီလား။

ဒီအရွယ်ကြီးထိ ကလေးတွေနှင့် ကစားနည်းစုံအောင် ကစားပြီး ကျောင်းစာကိုလည်း စိ( )မဝင်စား။

မိဘတွေရဲ့ စီးပွားရေးလည်း နားလည်အောင် မလုပ်။

ပြောပြန်ရင်လည်း တလေးတစား မရှိ။

ဒါကြောင့် သမီးအတွက် ရင်လေးမိသည်။ ကိုယ်က ခရေမြိုင်နှင့် ရင်းနှီးပတ်သက်မှုတွေ လွန်ကျူးပြီး မယူမဖြစ် လက်ထပ်ရတော့မယ့် အခြေအနေ ရောက်နေသည်။

ဒါကလည်း ကိုယ့်တက်က အမှားချည်း မဟုတ်။ ကိုယ့်လုပ်ငန်း





ထဲ ရှယ်ယာဝင်ချင်သလိုလို ဘာလိုလိုနှင့် ကိုယ့်ကို စည်းရုံးသည်။ ကိုယ်ကလည်း အဟုတ်မှတ်ပြီး လုပ်ငန်းကိစ္စတွေ ဆွေးနွေးတိုင်ပင်ရင်းနှင့် ပတ်သက်မိ၏။

အဲဒီနောက်မှာ ရင်းနှီးမှုတွေ အတိုင်းအတာ ကျော်လွန်လာမှ စုံစမ်းကြည့်တော့ ခရေမြိုင်က တစ်ခုလပ် တစ်လင်ကွာ အခွံကြီးသက်သက်ဆိုတာ သိလာရသည်။

ဒါပေမဲ့ ကိုယ်ကလည်း အချဉ်ဖမ်းခံမယ့် ဦးနှောက်မဲ့သူမှ မဟုတ်တာဘဲ။

ကိုယ်ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေကို ယခု လက်ရှိ နေနေသည့် အိမ်မှလွဲ၍ သမီးလေး နာမည်နှင့် အားလုံး လွှဲပြောင်းထားလိုက်သည်။

စနစ်တကျ လက်ညှိုးထိုးပြရအောင်ကလည်း သမီးလေး အိမ်ထောင်ရက်သားကျမှ ဖြစ်မည်။

တစ်အိမ်တည်း အတူနေကြလျှင် မဟုတ်မခံ ဆတ်ဆတ်ကြဲ သမီးနှင့် စည်းစိမ်ဥစ္စာမက်မောပြီး ကိုယ့်ကို ချည်းကပ်ခဲ့သည့် ခရေမြိုင်တို့ ဘယ်လိုမှ သဟဇာတ မဖြစ်နိုင်။

ဒါကြောင့်မို့ ဇာတ်သိ အကြောင်းသိ ကိုယ့်သူငယ်ချင်းရဲ့သား ဖြစ်သော သျှင်မင်းညိုနှင့် သမီးလေးကို လက်ထပ်ပေးချင်ခဲ့သည်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



အခြောက်နတ်ကတော် နာမည်ကြီး မခေါ်နိုင်ပါဘူး၊ လက် မထပ်နိုင်ဘူးနှင့် ခွတိုက်နေသည်။

ကိုင်ဆောင့်ကာ ရိုက်ပုတ်ပစ်လိုက်ချင်သော်လည်း ငယ်စဉ်ကတည်းက တစ်ခါမှတောင် လက်နှင့်မရွယ်ဘူးတာမို့ ဘယ်လိုမှ မလုပ်ရက်နိုင် ဖြစ်နေရသည်။

ဒါပေမဲ့ မပြောမပြီး မတီးမမြည် ဆိုစကားအတိုင်း ချောင်းတစ်ချက် ဟန့်ကာ အင်ထရို ဝင်လိုက်သည်။

"အဟမ်း ဖေဖေ သမီးကို ဘာကြောင့် လက်ထပ်ပေးချင်ရတယ်ဆိုတာ သိရဲ့လား သမီး"

"သိသားပဲ ဒေါ်ခရေမြိုင်ဆိုတဲ့ မိန်းမကြီးကို ဖေဖေ ယူချင်လို့ ပန်ပန်ကို မြောင်းထဲရောက်အောင် ပုတ်ထုတ်နေတာ မဟုတ်လား"

"ခက်တာပဲ သမီးလေး ဖေဖေ့စေတနာကို နားမလည်ပါလားကွယ်၊ ဖေဖေ ပြောပြမယ် သမီး၊ ဖေဖေ ခရေမြိုင်ကို ယူချင်လို့ ယူလိုက်ရမှာ မဟုတ်ဘူး၊ မယူမဖြစ်တော့လို့ ယူရမှာ၊ အဲ အဲဒီလို လုပ်လိုက်ရပေမယ့် ဖေဖေ့ စည်းစိမ်ဥစ္စာတွေကိုတော့ သူ့ကို ဖွဲ့ဝေမပေးချင်ဘူး သမီး၊ သမီးလေးကိုပဲ ဖေဖေက ပုံပေးချင်တာ၊ ဒါပေမဲ့ သမီးလေးမှာ လူကြီးတစ်ယောက်ရဲ့ အတွေး၊ အယူအဆ စဉ်းစားဉာဏ်ဘာမှမရှိဘူး။ ဒါကြောင့် ဖေဖေတို့ စည်းစိမ်ဥစ္စာကို ထိန်းသိမ်း စောင့်





ရှောက်နိုင်မယ့် အိမ်ထောင်ဖက်နဲ့ သမီးလေးကို ပေးစားချင်တာ"

နှုတ်ခမ်းရှူချိတ်ချိတ်နှင့် ပန်ပန် တစ်ဖက် လှည့်သွားသည်။ ကျော့မောင်က သမီး မျက်နှာမူရာဘက် ပြောင်းထိုင်လိုက်၏။

"စိတ်မကောက်ပါနဲ့ စိတ်မဆိုးပါနဲ့ သမီးလေးရယ်၊ တစ်နေ့ နေ့မှာ သမီးလေး ဖေဖေ့မေတ္တာကို နားလည်လာမှာပါ၊ မောင်သျှင် ညိုက လူတော် လူကောင်း ပညာတတ်လေးပါကွယ်၊ သမီးလေး ပေါ်လည်း ကြင်နာတတ်မယ်၊ ဖေဖေ့လို အလိုလိုက်နိုင်လိမ့်မယ် လို့ ဖေ ယုံကြည်တယ်၊ သူ့ဓာတ်ပုံ သမီး ဟန်းဖုန်းထဲမှာ ထည့်ထားတယ်၊ ရောက်လာတဲ့နေ့ လေယာဉ်ကွင်းမှာ သမီး သွားကြိုရမယ်၊ ဖေဖေ ပြောတာ နားလည်လား သမီး"

ခေါင်းမညိတ် ခေါင်းမခါနှင့် ပန်ပန် ပေကပ်ကပ် လုပ်နေလိုက် ည။ ငြင်းဆန်လို့ မရမယ့်အတူတူ ဒီလောက်တော့ ဆန္ဒပြခွင့် ရှိဦးမှပေါ့။

ပြီးတော့ နတ်ကတော် နာမည်နှင့် ထိုလူကြီးကို လေယာဉ်ကွင်း ကြိုရမည့် ကိစ္စ မမ မြခြူးယံ ကို ချောက်တွန်းဖို့ စဉ်းစားထားလိုက် ည။

မမ မြခြူးယံ ဆိုတာက ဖေဖေ့အစ်မ အကြီးဆုံးရဲ့ သမီး။ အမေဆုံးတော့ ဖေဖေကပဲ အစစ အရာရာ တာဝန်ယူထားရသည့် တူမ။ ပန်ပန်နှင့် အသက် လေးနှစ်လောက် ကွာသည့် ပန်ပန်



www.burmeseclassic.com

www.burmeseclassic.com



အစ်မ တစ်ဝမ်းကွဲ။

မမ မြခြူးယံက ပန်ပန်လို မဟုတ်။ ဆိုးနွဲ့စရာ မိဘမရှိတော့ ဘဝနာပြီး စာကြိုးစားသည်။ ကျောင်းပြီးတော့ ဖေဖေ့ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ပြီး အိမ်အလုပ်တွေကိုလည်း မလစ်ဟင်းရအောင် တာဝန်ယူ၏။

အိမ်အကူ အလုပ်သမားလေးတွေ ရှိသော်လည်း ပန်ပန်နှင့် ပတ်သက်လျှင် ပိုဂရုစိုက်ပြီး ပန်ပန်ကိုလည်း ချစ်သည်။ ပန်ပန်ကလည်း ဆိုးနွဲ့စရာ အစ်မကြီး တစ်ယောက်ရ၍ မမ မြခြူးယံကို အမြဲတမ်း ဂိုကျတတ်သည်။

ကြောက်ရွံ့ရှိသေ လေးစားတာမျိုး မဟုတ်ပေမယ့် ဆွေမျိုးနီးစပ် အစ်မ တစ်ယောက်အနေနှင့် သံယောဇဉ်တော့ ရှိသည်။

ကျောလယ်လောက်ရှိသည့် ဆံနွယ်တွေ တစ်ထွေးကြီးနှင့် မမြခြူးယံကို ဖုန်းစခရင်လေးပေါ်မှာ ပေါ်လာတဲ့ ထိုလူကြီးအကြောင်း သိအောင် ပြောပြရမည်။

ကုမ္ပဏီက မြန်မြန်ပြန်လာပါတော့ မမမြခြူးယံ။ နတ်ကတော်ကြီး အကြောင်း ပြောပြချင်လွန်းလို့ ပါးစပ်တွေ ယားနေလို့ပါ အဟီး

■ ■ ■



## အခန်း (၃)

“ဘာ လေးလေးက ပန်ပန်ကို ယောက်ျားပေးစားတော့မယ် ဟုတ်လား ပန်ပန်လေး”

“အဟင့် ဟင့် ဟုတ်တယ် မမယံရဲ့ ပန်ပန်ကတော့ သေချင်တာပဲ၊ ပန်ပန်အစား မမယံ ယူလိုက်ပါလားဟင်၊ ပန်ပန် အလကား ပေးပါ့မယ်”

“အမယ်လေး ဖွခွဲ မလုပ်လိုက်ပါနဲ့ကွယ်၊ ကိုယ့်ဘာသာ အေးအေးနေပါရစေ၊ လေးလေးကလည်းလေ ကလေးစိတ် မကုန်သေးတဲ့ ပန်ပန်လေးကို ဘာလို့များ ယောက်ျားပေးစားချင်ရတာလဲ မသိဘူး”

ထိုစကား ကြားတော့ ပန်ပန်က အသံထွက်အောင် အော်ငို ချ၏။ ပန်ပန် ပခုံးလေး ဆုပ်ကိုင်ပြီး မြခြူးယံလည်း ဘယ်လိုနှစ်သိမ့် ဖျောင်းဖျရမှန်း မသိတော့။



www.burmeseclassic.com

"အိး ဟီး ဟီး ယောက်ျားရရင် ရှော့ပင်လည်း ထွက်ရမှာ မဟုတ်ဘူး၊ ကစားကွင်းလည်း သွားရမှာ မဟုတ်ဘူး၊ အိမ်မှာလည်း နေချင်သလို နေရမှာ မဟုတ်ဘူး၊ သူ့ဘာသာ မိန်းမယူချင်တာကို သူများကို ယောက်ျားပေးစားတယ်၊ သူ့မိန်းမ ကလေးမရပါစေနဲ့ နောက် လင်ငယ်ထားပြီး ပွေရှုပ်ပါစေ"

"ဟဲ့ ပန်ပန်လေး ကိုယ့်အဖေကို အဲလို မပြောရဘူးလေ၊ လေးလေးဘက်ကလည်း ပန်ပန်လေးကို ယောက်ျားပေးစားရတာ အကျိုးအကြောင်းတော့ ရှိမှာပေါ့ကွယ်၊ ပန်ပန်လေးဘက်က ပန်ပန်လေး နေချင်သလို နေလို့ရအောင် ကိုယ် ယူရမယ့် ယောက်ျားကိုပဲ ဆွေးနွေးညှိနှိုင်းရမှာပေါ့ နာမည်က ဘာတဲ့"

"သျှင်မှန်းညို တဲ့၊ အခြောက်ကြီးနေမှာပေါ့"

"ကဲပါကွယ် သူ့ကို မမယံ ပန်ပန်လေးအကြောင်း ပြောပေးပါ့မယ်"

"လေယာဉ်ကွင်းလည်း သွားကြိုပေး"

"ဟောတော် သူ့ကိုမှ မမယံ မမြင်ဘူးတာ၊ ဘယ်လိုသွားကြိုရမှာလဲ"

"ပန်ပန့် ဟန်းဆက်ထဲမှာ သူ့ပုံရှိတယ်၊ မမယံ မှတ်မိအောင် ကြည့်ပြီးရင် ဖျက်ပစ်လိုက်တော့၊ ကျက်သရေ တုံးတယ်၊ ရုပ်ကိုက





ခန့်ဒူးပုံစံနဲ့ နှုတ်ခမ်းမွေးမရှိ ပါးသိုင်းမွေး မရှိ"

"ဟင် အဲဒီ အမွေးတွေ ရှိတော့ ရွံစရာကောင်းတာပေါ့"

"ဘာကောင်းရမှာလဲ အဲဒီ အမွေးတွေ ရှိမှ ယောက်ျားပီသတာပေါ့၊ ပန်ပန်က အဲလို အမွေးပေါတဲ့သူမျိုးကိုမှ ကြိုက်တာ"

"ဟောတော် ဖြစ်မှ ဖြစ်ရလေ"

မြခြူးယံ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

စိတ်ကူးယဉ်တတ်တဲ့ ဆယ်ကျော်သက် အရွယ်ရဲ့ အတွေးကို မြခြူးယံ အံ့သြလို့ မဆုံး။

အခု မျက်ရည်တွေ တသွင်သွင်နှင့် ငိုကောင်းတုန်း၊ ချက်ချင်း မျက်ရည်တွေ ခမ်းခြောက်လျက် မျက်စောင်း တထိုးထိုး နှုတ်ခမ်း တရွဲ့ ရွဲ့နှင့်။

အမွေးအမျှင်များတဲ့သူမှ ကြိုက်တယ်ဆိုတာက ပါသေး။ သျှင်မှန်းညို ဆိုတဲ့ လူ ဘယ်လောက်ပုံပန်း ဆိုးလို့လဲဟု ပန်ပန့်ဟန်းဆက် ကလေးကို ယူကြည့်လိုက်သည်။

"ဟင်"

ဆံပင်တိုတိုများကို ခေါင်းလိမ်းဆီ နက်ပြောင်နေအောင် လိမ်းပြီး နောက်လှန်ဖြီးသင်ထားတဲ့ မဟာနဖူးကျယ်ကျယ်။

မျက်ခုံးကောင်းကောင်း နှာတံပေါ်ပေါ် မပြုံးမရယ် ဖိရိသေသပ်

www.burmeseclassic.com



ထောင့်ချိုးညီနေသည့် နှုတ်ခမ်းလေးနှင့်

ရီဝေရွှန်းလက်နေသည့် ညို့မျက်ဝန်းက စူးစူးတောက်တောက် အားလုံးကို ခြုံကြည့်လျှင် ယောကျ်ားပီသ ခန့်ညားသူဟု ချီးမွမ်းထိုက်သည်။

ဘာကြောင့်များ ပန့်ပန့် ဂန့်ဒူးကြီးဟု အမည်သညာ ပြုရသည်လဲ။ မချစ်လျှင်မုန်း၊ အပြုံးကို အပြစ်မြင်နေတာပဲ ဖြစ်မှာပေါ့။

"ဟာ မမယံ ဒီလူ့ပုံကြည့်ပြီး ငုတ်တုတ် မေ့သွားပြီလား ပေးစမ်းပါ မမယံ မှတ်မိပြီဆိုရင် ဖျက်ပစ်လိုက်တော့မယ်"

မြခြူးယံ လက်ထဲက ဟန်းဆက်ကလေး ဖွတ်ဆွဲယူပြီး ခလုတ်တစ်ခုကို ဆောင့်ကြီးအောင့်ကြီး နှိပ်ချလိုက်သည်နှင့် သျှင်မင်းညို ရုပ်ပုံလွှာလေး ဖျတ်ခနဲ ပျောက်သွားသည်။

နမြော်တသ သလိုနှင့် ခံစားမှုတစ်မျိုး လှိုက်ဖြာသွားတာ ဘာကြောင့်ပါလဲ။

"မမယံ"

"ဟင် ဘာ ဘာလဲ ပန့်ပန့်"

"အဲဒီလူကို မယူရအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဟင်"

"လေးလေး ကောင်းမယ်ထင်လို့ စီစဉ်ထားတာ၊ မမယံက ဘာအကြံပေးနိုင်မှာလဲကွယ်၊ လေးလေး စီမံထားတာကလည်း ပန့်ပန့်



လေးအတွက်ပဲဟာ"

"ဟို ဖေဖေ့ကို မမယံ ပြောကြည့်ပေးပါလား ဟင်၊ ပန့်ပန့်လေး က ငယ်ပါသေးတယ်၊ အိမ်ထောင် သားမွေးရမယ့် အရွယ် မဟုတ်သေး ပါဘူး ဘာညာပေါ့"

"မဖြစ်ပါဘူး ပန့်ပန့်ရယ်၊ လေးလေးက မမယံကို ဆူမှာပေါ့"

"ဟင့်အင်း ပြောပေးပါ မမယံရယ်၊ ဖူတော့လည်း အမြွတ် ရတော့လည်း အရင်းပေါ့၊ ဒီအချိန် အောက်ထပ် ဧည့်ခန်းမှာ ဖေဖေ ရှိနေမှာပါ၊ သွားပြောပေးပါနော်"

ပန့်ပန့်က ခုတင်ပေါ်ကနေ ခြခြူးယံကို ဆွဲရုန်းထူပြီး အောက် ထပ် အဆင်းအတက် လှေကားအထိ တွန်းပို့သည်။

ဟင်းခနဲ သက်ပြင်းချပြီး ဧည့်ခန်းမှာ ဖိုင်တွဲတွေ လယ်ဂျာတွေ နှင့် အလုပ်ရှုပ်နေသော လေးလေးအနားက ထိုင်ခုံမှာ ရိုရိုလေး ဝင်ထိုင် လိုက်ရသည်။

"ဘာပြောစရာရှိလို့လဲ ယံယံ"

"ဟို ပန့်ပန့်လေးကိစ္စ"

"အေး အဲဒီကိစ္စ ယံယံကိုလည်း လေးလေး ပြောပြမလို့ပါ။ ဒီလိုကွဲ့ ယံယံ ညီမလေး ပန့်ပန့်က အရွယ်ရောက်နေပေမယ့် အသိ တရားက ကလေးဆန်နေတုန်းပဲ၊ လေလေး အနေနဲ့ တပြိုးတည်းသော

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးကို ရင်အုပ်မကွာ စောင့်ရှောက်ရမယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ အကျိုးအကြောင်း တစ်ခုက မဖြစ်ချင်ဘဲ ဖြစ်လာခဲ့တော့ ဒီလိုပဲ ဆုံးဖြတ်ရတော့မှာပဲလေ၊ ဘယ်လိုလဲ လေးလေး အစီအစဉ် ကောင်းတယ် မဟုတ်လား ယံယံ''

''ရှင် ဟုတ် ဟုတ်ကဲ့ ဒါပေမဲ့ ပန်ပန်လေးက အရမ်းငယ်နေသေးသလားလို့ပါ လေးလေး''

''လေးလေး အိမ်ထောင်ကျခဲ့တာလည်း ဒီအရွယ်ပါပဲကွယ်၊ ယံယံ အမေဆိုရင် ဆယ့်ခုနစ်နှစ်နဲ့ အိမ်ထောင်ကျခဲ့တာ၊ တော်တော်နဲ့လည်း သားသမီး မရခဲ့ဘူး၊ အသက်အရွယ်ရမှ ပန်ပန်ကို မွေးခဲ့တော့လည်း ကျန်းမာရေးက မကောင်းခဲ့ဘူးလေ၊ အဓိကက အိမ်ထောင်ပြုတယ်ဆိုတာ အသက်အရွယ်နဲ့ မဆိုင်ဘူး၊ အသိတရားနဲ့ပဲ ဆိုင်တယ်ကွဲ၊ အခု လေးလေးကိုပဲ ကြည့်ပါလား၊ ပန်ပန်လေး အမေဆုံးတာ ငါးနှစ်ပဲ ရှိသေးတယ်၊ ကိုယ့်အသက်အရွယ်ကလည်း လေးဆယ်တွင်း ရောက်လာပြီ၊ မိန်းမတစ်ယောက်ကို ဘယ်လို ရှောင်ရှားရမယ်ဆိုတာ သိသင့်တာပေါ့ မဟုတ်ဘူးလား၊ ဒါပေမဲ့ ခဏလေး သတိလက်လွတ် ဖြစ်သွားခဲ့တာ ဆုပ်လည်းစူး စားလည်းရှူးနဲ့ မြွေပွေးခါးပိုက် ပိုက်ရတော့မယ်''

''လျော်ကြေးပေးပြီး ဖြေရှင်းလို့ မရဘူးလားဟင်''

''အင်း ရယ်တော့ ရယ်ရသား၊ ငွေကို မက်တာ မဟုတ်ဘူး၊





လူကို ချစ်တာပါတဲ့လေ၊ သူ့ အရင်ရခဲ့ဖူးတဲ့ ယောက်ျားကို မိဘပေးစားလို့ ယူခဲ့တာ၊ အချစ်မပါဘူးတဲ့၊ ဒါကြောင့်မို့ စောစောစီးစီး လမ်းခွဲခဲ့တာဆိုပဲ''

''အဲဒါဆိုလည်း ဒေါ်ခရေမြိုင်က လေးလေးကို တကယ်ချစ်တာ ဖြစ်ချင် ဖြစ်နိုင်ပါတယ် လေးလေးရယ်''

''ဘာဖြစ်ဖြစ်လေ ဒီအရွယ်ကြီးကျမှ အချစ်ကိုလည်း ရှေ့တန်းမတင်ချင်တော့ပါဘူး၊ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းမယ်၊ ပန်ပန်လေးကို စည်းစိမ်ဥစ္စာတွေ အကုန်ပေးလိုက်လို့ မပေါင်းသင်းချင်ဘူးဆိုလည်း ကွာလိုက်ရုံပေါ့ မဟုတ်ဘူးလား ယံယံလေးလည်း ပန်ပန်ကို ဖျောင်းဖျနားချပေးပါကွယ်၊ သမီးကို ချစ်လွန်းလို့ ဒီလို စီမံရတဲ့အကြောင်း နားဝင်အောင် ပြောပေးပါ''

ကဲ မြခြူးယံ ဘာလုပ်ရမည်လဲ။ ဖအေက တစ်မျိုး သမီးက တစ်မျိုးနှင့် စိတ်ဦးနှောက်တွေ ရှုပ်ထွေး နောက်ကျိလာသည်။ ဘာမှ မပြောတော့ဘဲ ရေငုံနှုတ်ပိတ် နေလိုက်တာက အကောင်းဆုံး ဖြစ်မည်ထင်၏။

လေးလေးရှေ့က သာသာလေးပဲ ထလာခဲ့သည်။ ကိုယ့်မှာတော့ မိဘလည်း မရှိ။ စည်းစိမ်ဥစ္စာလည်း မရှိတော့ ဘာပူပင်သောကမှ တွေ့ကြုံစရာလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသလားဆိုတော့လည်း မေတ္တာတရားနှင့် ကင်းကွာနေရတော့ အရာရာ သွေ့ခြောက်လစ်ဟာနေခဲ့သည်။

သွေးသားအဖြစ် အားကိုးစရာ လေးလေးတစ်ယောက်ပဲ ရှိခဲ့သလို ချစ်ခင် သံယောဇဉ် တွယ်စရာဆိုလို့ ပန်ပန်လေး တစ်ယောက်သာ ရှိခဲ့သည်။

ဒါပေမဲ့ တစ်ခါတစ်ခါ ပန်ပန်လေး ဘဝကို အားကျစိတ်နှင့် ကိုယ့်ဘဝကို စိတ်တိုင်းမကျ အားငယ်မိသည်။

နိုကိုး တွယ်ကပ်နေရတဲ့ ဘဝကိုလည်း သိမ်ငယ်မိ၏။ ဒါကြောင့်လည်း လုပ်အားနှင့် တာဝန်ကျေအောင် ပေးဆပ်နေမိခြင်းပင်။

လက်ညှိုးထိုးခိုင်းစရာ မလိုအောင် အလိုက်တသိ နေခဲ့ခြင်းက တင်ထားတဲ့ ကျေးဇူးကြွေးကို ပြန်ဆပ်နေတာဟု ကိုယ့်ကိုယ်ကို ယုံကြည်အားတင်းထားရသည်။

ဘဝက မပြည့်တဲ့အိုး ဘောင်ဘင်ခတ်သလို. . .။

■ ■ ■

## အခန်း (၄)

"ဟား ငါ့ကို ဘယ်သူမှ လာမကြိုကြဘူး ထင်တယ်"

မတ်တပ်ရပ်နေရတာ ခြေထောက်တွေ ညောင်းလာသည်မို့ အသံထွက် ညည်းညူမိသည်။

လေယာဉ်တစ်စီးတည်း စီးလာတဲ့သူတွေတောင် ကြိုတဲ့သူတွေနှုတ်ဆက်တဲ့သူတွေနှင့် အလျှိုအလျှို ပြန်သွားကြတာ တစ်ယောက်မှ မရှိကြတော့။

ဒယ်ဒီ ပေးလိုက်တဲ့ လိပ်စာအတိုင်း ကိုယ့်ဘာသာ Taxi ငှားပြီး သွားလိုက်တာ ကောင်းလိမ့်မည် ထင်သည်။

"ဒီက ကိုသျှင်မင်းညို ထင်တယ်"

"ဗျာ ခြော် ဟုတ်ကဲ့ ဟုတ်ပါတယ်ခင်ဗျ"

"ကျွန်မက ပန်တော်ဝင်ရဲ့အစ်မ မြခြူးယံပါ၊ ရှင့်ကို လာကြို

www.burmeseclassic.com



ရင်းနဲ့ လမ်းမှာ ကားပျက်သွားလို့ ဆောရီးနော်''

''ဟုတ်ကဲ့ ကျွန်တော်လည်း နောက်ဆယ်မိနစ် နေလို့မှ ရောက်မလာဘူးဆိုရင် ကားငှားပြီး လာတော့မလို့ပါ''

''အဟင်း ဟင်း စိတ်မရှည်တတ်ဘူး ထင်တယ်''

သျှင်မင်းညို ပြုံးရုံသာ ပြုံးနေလိုက်သည်။

သူမ ကားပေါ် ပစ္စည်းတွေ တင်ပြီး သူမ မောင်းတဲ့ ကားပေါ်ဘေးက ထိုင်စီးရတာ ဆံနွယ်တွေဆီမှ ရှန်ပူရနံ့ကို တစ်ဝချူရှိုက်နေရသလိုပင်။

မြင်မြင်ချင်း စူးခနဲ ကြည့်မိသည်က မည်းနက် ဝဲခါနေသော ကျောလယ်လောက်ရှိသည့် ဆံနွယ်တွေနှင့် အပွင့်များများပါသော ပါတိတ်ဝမ်းဆက်ကလေးကို နုယဉ်စွာ ဝတ်ဆင်ထားသောကြောင့် ဖြစ်သည်။

နိုင်ငံခြားမှာ အနေကြာလာတော့ မြန်မာဆန်ဆန် မိန်းကလေးများကို တမွတ်မော ငေးကြည့်ချင်သည့် ဆန္ဒက ဟိုကတည်းက ရှိနေခဲ့၏။

နာမည်လေးကလည်း မြန်မာဆန်ပါသည်။

မြခြူးယံ တဲ့။

''ရှင်''

''ဟို ကျွန် ကျွန်တော် မခေါ်ပါဘူး''





''မသိပါဘူး ကျွန်မ နာမည် ခေါ်လိုက်တယ် မှတ်လို့၊ ကိုသျှင်မင်းညိုက မြန်မာပြည်နဲ့ ကင်းကွာနေတာ တော်တော် ကြာပြီ ထင်တယ်၊ ဟတ်ဝန်းကျင်ကို ငေးမောနေလိုက်တာ တအံ့တသြ''

''ဟုတ်တယ်ဗျ ရှစ်နှစ်ကျော်လောက် ရှိနေပြီ၊ မြန်မာပြည်ကြီးက အရမ်းတိုးတက်ပြောင်းလဲသွားတာပဲနော်၊ ကျွန်တော်တို့က နိုင်ငံခြားမှာပဲ တိုးတက်ပြောင်းလဲတယ်မှတ်ပြီး အထင်ကြီးနေခဲ့တာ''

''မျိုးချစ်စိတ် အပြည့်အဝ တကယ်ရှိတဲ့ သူတွေက သူများနိုင်ငံ တိုးတက်အောင်မြင်တာကို အားမကျကြပါဘူး ကိုသျှင်မင်းညို၊ ကိုယ့်နိုင်ငံ တိုးတက်ပြောင်းလဲအောင်ပဲ စွမ်းစွမ်းတမံ ကြိုးစားကြတာပါ''

''ဟုတ် ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါတယ်''

ပြောပြီး ကားပြတင်းမှ တစ်ဆင့် အဆောက်အဦး ရှုခင်းတွေကို ငေးမောနေသော သျှင်မင်းညိုကို မြခြူးယံ ငဲ့စောင်းကြည့်လိုက်သည်။

''ပန်တော်ဝင် ဘာလို့ လာမကြိုတာလဲလို့ ရှင် မမေးသေးဘူးနော် ကိုသျှင်မင်းညို''

''ဗျာ ကျွန်တော်က ဖြေသည်ပဲ၊ မမေးသင့်ဘူး ထင်လို့ပါ''

''ကျွန်မ ဘာလို့ လာကြိုတာလဲလို့တော့ မေးချင်နေတယ် မဟုတ်လား''

''သူ လာမကြိုနိုင်လို့ မမြခြူးယံကို လာကြိုခိုင်းလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ကျွန်တော့်အတွက် သိပ်အရေးမကြီးပါဘူး''

''ဟင် ရှင်လည်း ပန်ပန်နဲ့ လက်ထပ်ဖို့ သိပ်အလေးအနက် မရှိဘူး ထင်တယ်၊ ဟုတ်လား ကိုသျှင်မင်းညို''

''ဗျာ''

''ဩော် ပန်ပန်ကလည်း အိမ်ထောင်ရေးကို စိတ်မဝင်စားသေးဘဲ သူ့အဖေရဲ့ ဆန္ဒကို မငြင်းဆန်နိုင်လို့ လက်ခံရမှာ ကိုသျှင်မင်းညိုလည်း အဲလိုပဲ မဟုတ်လားလို့ မေးကြည့်တာပါ''

မြခြူးယံကို တစ်ချက်လှည့်ကြည့်ပြီး သျှင်မင်းညို အသံတိတ်သွားသည်။

သိသင့်သည် ထင်လို့ ပြောပြခြင်းလား။ ကြိုတင် အကြောင်းကြားခြင်းလား။

အကြောင်းပြချက် ရှာမရတာကတော့ သူရော သူမရော နှစ်ယောက်လုံး ဖြစ်ပေလိမ့်မည်။ ဒီအကြောင်းတွေ သိစေချင်လို့ မြခြူးယံကို အကြိုလွှတ်လိုက်တာလား ပန်တော်ဝင်။

■ ■ ■



## အခန်း (၃)

''ဟင် သမီး ပန်ပန် မောင်သျှင်မင်းညို လေယာဉ်ကွင်း သွားမကြိုဘူးလား။ ကြည့်စမ်း မီးဖိုခန်းထဲ ဝင်ပြီး ဘာလုပ်နေတာလဲ''

''ဟို ဟို အဲဒီလူကြီးကို မမယံ သွားကြိုပေးမယ်ဆိုလို့ လွှတ်လိုက်တာ ဖေဖေရဲ့၊ ပန်ပန်ကလေ ဒေါ်ဒေါ်သွယ်နဲ့ မယ်တင် ချက်ပြုတ်နေတာ ဝိုင်းစီမံပေးလိုက်တဲ့၊ ညီသည်ရောက်မှာဆိုတော့ လိုအပ်တာ မရှိရအောင်လို့တဲ့''

''အောင်မာ သမီးက ဘာလုပ်တတ်လို့လဲ၊ ပန်ပန်နော် ဖေဖေ မှုက်နှာပျက်အောင် အမျိုးမျိုး ဇာတ်လမ်းတွင်ဖို့ မကြိုးစားနဲ့၊ သမီး ဆိုးချင်တိုင်း ဆိုးနေတာကို ဒီတစ်ခါတော့ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ တဲ မယ်တင်နဲ့ ဒေါ်သွယ် လုပ်စရာရှိတာလုပ်၊ သမီးလည်း မျက်နှာသစ်



www.burmeseclassic.com

www.burmeseclassic.com



ပ်တ်နေတာပဲ ရေသွားချိုးချည် သွား၊ ညှို့သည်က လာတော့မယ်''

''အာ ဖေဖေကလည်း မနက် အိပ်ရာထကတည်းက ရေချိုးထားတဲ့ဟာ၊ မချိုးချင်ပါဘူး၊ ဖေဖေ့ညှို့သည်ကရော ဘယ်လောက်တောင် အရေးကြီးနေလို့လဲ''

''ကဲ ပြောလေ ကဲလေပါလား ပန်ပန်၊ ဖေဖေ့စကားကို နားထောင်ရမှန်း မသိတော့ဘူးလား၊ ဖေဖေ ရိုက်ဆုံးမမှ ရတော့မှာလား ပြောစမ်း ပန်ပန်''

ပန်ပန် ခေါင်းကြီးငုံ့ပြီး စားပွဲခုံကို လက်သည်းတွေနှင့် တဂျစ်ဂျစ် လုပ်နေသည်။

ဦးကျော့မောင် သက်ပြင်းရှိုက်ပြီး သမီး ပခုံးလေးကို ဖွဖွလေး ပွေ့ဖက်လိုက်သည်။

''ဂျီမကျစမ်းပါနဲ့ သမီးလေးရယ်၊ သမီးလေးကို ချစ်လွန်းလို့ ဖေဖေ ဒီလို စီမံရတာပါ၊ သမီးအတွက်ပါကွယ် နော်၊ ဖေဖေ့ကို ချစ်ရင် သနားရင် ဖေဖေ့စကားကို နားထောင်ပါ၊ ဟော လာကြပြီ ထင်တယ်၊ ကားသံကြားတယ် သမီး၊ လာ ဖေဖေနဲ့လိုက်ခဲ့''

ဖေဖေ ဆွဲခေါ်ရာ ပန်ပန် ယက်ကန်ယက်ကန် ပါလာသည်။ ညှို့ခန်းဝ ရောက်နေပြီဖြစ်သော ဟိုလူကြီးကို ဖေဖေက လက်ဆွဲပခုံးဖက်နှင့် နိုင်ငံခြားလို နှုတ်ဆက်နေ၏။





ပန်ပန်က ဆိုဖာခုံမှာ အရင်ဦးအောင် ခြေချင်းချိတ် ထိုင်၍ [illegible]ထ်ပုတ် လုပ်နေလိုက်သည်။

''မောင်သျှင်မင်းညို တွေ့ရတာ ဝမ်းသာတယ်ကွာ၊ မင်းအဖေ [illegible] ကျန်းမာရေး ကောင်းရဲ့လားကွ''

''ဟုတ်ကဲ့ အန်ကယ် ဒေါင်ဒေါင်မြည်ပါပဲ၊ အန်ကယ်ရော [illegible]ကောင်းတယ် မဟုတ်လား ခင်ဗျ''

''အေး ကောင်းပါတယ်ကွာ ထိုင်ဦး မောင်သျှင်မင်းညို ခြော်[illegible]ထင်ရေ မောင်သျှင်မင်းညို ပစ္စည်းတွေ သူ့အတွက် ပြင်ထားတဲ့[illegible]ထပ်အခန်းမှာ ထားပြီးရင် အအေးလေး တစ်ခွက်လောက် လုပ်ခဲ့ပါ[illegible]''

''မယ်တင် နှင်လုပ်စရာရှိတာ လုပ်ပါ၊ အအေး ငါသွားယူလိုက်[illegible]''

မြခြူးယံက သျှင်မင်းညိုအတွက် လိမ္မော်ရည်တစ်ခွက် ကိုယ်[illegible] သွားဖျော်၍ ယူလာပေးသည်။

''ကိုညို အမောပြေ သုံးဆောင်လိုက်ပါဦး''

အခုချက်ချင်း ပြောင်းလဲသွားတဲ့ နာမ်စားတစ်ခုအတွက် သျှင်[illegible]ညိုက ရင်းနှီးမှုနှင့် မျက်ခုံးပင့်ကြည့်ပြီး အသိအမှတ်ပြုသည်။ မြခြူးယံ[illegible]ပန် အနားဝင်ထိုင်ပြီး လက်ကုတ်ကာ သတိပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အန်ကယ့် သမီး ဝန်တော်ဝင်၊ သမီး သူက သမီးနဲ့ လက်ထပ်ပေးမယ့် မောင်သျှင်မင်းညို၊ နှုတ်ဆက်လိုက်လေ သမီး"

"ဖေဖေကလည်း သိပြီးသားကြီးကို"

ပန်ပန်က သျှင်မင်းညိုကို လုံးဝ မော့မကြည့်။ သူမထက်စာရင် သူက အသက်အရွယ် အသိတရား ရင့်ကျက်နေပြီမို့ နားလည်မှုနှင့် ပြုံးနေလိုက်ရသည်။ ရောနှော၍ ပြုံးလိုက်မိသည်ဆိုက မမှား။

ကြည့်ပါဦး ပုံစံကိုက ခပ်နွမ်းနွမ်း စပန့်သား ရှော့ပန်အတို တီရှပ်အကျီနှင့်။ ဆံပင်တိုနံ့နံ့ကလည်း ပွရောင်းရောင်း။

မျက်နှာကလည်း ပတ်ခ်ရိုက်ထားခြင်း မရှိ ပေရေညစ်ပတ်လို့ တမင် စတန့်ထွင်ထားတယ်ဆိုတာ အသိသာကြီး။

"ကဲ ယံယံ မောင်သျှင်မင်းညိုအတွက် ထမင်းပွဲပြင်ချည်ကွယ် အန်ကယ်လည်း ရေချိုးလိုက်ဦးမယ်၊ မင်းတို့ မောင်နှမ စကားပြောရ ကြဦးနော် မောင်သျှင်မင်းညို"

"ဟုတ်ကဲ့ ခင်ဗျ"

ဖေဖေနှင့် မမယံ အလှိုလှို ထွက်သွားကြသည်။ တမင်ထ သွားသည်ဆိုတာ သိနေသည်မို့ ထိုလူကြီးကိုပဲ မျက်စောင်း ဖိထိုးမိ

"ဟိတ် မင်းလည်း ရေချိုးသင့်တယ် ထင်တယ်၊ ညစ်ပတ်နေ တာပဲ"





"အောင်မယ် ရေချိုးပြီးသား ဘာတွေလာပြောနေတာလဲ၊ လုပ်တွေ လုပ်ထားလို့ ဒီပုံဖြစ်နေတာ"

"ကိုယ့်အတွက် အပင်ပန်းခံပြီး ချက်ပြုတ်နေတယ်ပေါ့"

"ဝေးသေး အရေးမစိုက်လို့တောင် ရှင်ကြီးကို လာမကြိုတာပေါ့၊ လေးတောင် နားမလည်ဘူးလား"

"အင်း နောက်တော့ တဖြည်းဖြည်း နားလည်အောင် ကြိုးစား မယ်၊ ဒါနဲ့ မင်းခုချိန်ထိ ဆယ်တန်း မအောင်သေးဘူးဆို"

"အဲဒါ ဘာဖြစ်လဲ"

"ညံ့တာပေါ့ကွ ဟို အစားအသောက်လည်း မက်တယ်၊ ကစား တာ ဆော့ရတာလည်း မက်တယ်ဆို ဟုတ်လား"

သူ့ကို မျက်လုံးတစ်ချက် ပြူးကြည့်ပြီး နှုတ်ခမ်းက ရှေ့တစ်ထွာ တက် ထော်လာသည်။

"ဟုတ်တယ် အဲဒါ ဘာဖြစ်လဲ၊ ဒီထက်ပိုဆိုးတဲ့ အရည် အချင်းတွေလည်း ပန်ပန်မှာ ရှိတယ်၊ လက်မထပ်နိုင်ဘူးဆိုရင် အခု ချက်ချင်း ပြန်သွားလို့ရတယ် ဦးသျှင်မင်းညို"

"နိုး နိုး မင်းကို လက်မထပ်ဘဲ ပြန်သွားရင် ဒယ်ဒီက ကိုယ့်ကို အမွေဖြတ်မှာပေါ့ကွ၊ ကိုယ် မင်းကို လက်ထပ်မှဖြစ်မှာ"

"ဒါဆို ခင်ဗျားကြီး ပန်ပန်ကို မချစ်ချယ်ရဘူး၊ ပန်ပန်

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လုပ် ပိတ်ပင်တားဆီးတာတွေ မလုပ်ရဘူး။ ပူဆာသမျှလည်း ဖေဖေ့လို အလိုလိုက်ပြီး အကုန်ဝယ်ပေးရမယ် ပြီးတော့"

"မကုန်သေးဘူးလား"

"အဲဒါ နည်းနည်းပဲ ရှိသေးတယ်၊ နောက်အများကြီး"

"တော်ပြီကွာ မင်းက ကိုယ့်ထက် အငယ်မို့ လိုက်လျော ရမယ်ဆိုပေမယ့် အတိုင်းအတာတော့ ရှိတယ်၊ အိမ်ထောင်သည် ဘဝ ရောက်သွားရင် မင်းဖြစ်ချင်တာတွေ အကုန်ဖြစ်ချင်မှ ဖြစ်ရမယ်၊ အဲဒါ မင်းနားလည်ထား"

"အီးဟီးဟီး အဲဒါကြောင့် ပြောတာပေါ့ ယောကျ်ားယူရင် အဲလိုတွေ ဖြစ်မယ်ဆိုတာ သိလို့ ယောကျ်ားမယူချင်တာ၊ လူကို ယောကျ်ားဖွတ်အတင်း ပေးစားချင်နေတယ် မယူချင်ပါဘူး ဆိုမှ"

ပန်ပန်က ပြောရင်းဆိုရင်း အော်ငိုချသည်။ ပါးစပ်ပဲ လှမ်းပိတ်[...] ရနိုးနိုးနှင့် သျှင်မင်းညို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ ဘိုးတော်[...] တစ်မျိုးထင်သွားလျှင် ဘယ်ကောင်းမလဲ။

"ဟိတ် ဟိတ် ကောင်မလေး ဘာလို့ အော်ငိုတာလဲ၊ မင်း[...] ကိုယ် ဘာလုပ်လို့လဲ"

"ခင်ဗျားကြီးပဲ မင်း ဖြစ်ချင်တာတွေ ဖြစ်ချင်မှ ဖြစ်မယ်[...] ဘာလို့ ပြောလဲ"





"ဟ ကိုယ်က ဥပမာ ပြောပြတာလေ၊ ကဲပါကွာ ဖြစ်ရစေမယ်၊ [...]ဖြစ်ရစေမယ် တိတ်တိတ်၊ တော်ကြာ မင်းအဖေက ရောက်ရောက်ခြင်း [...]သမီး ဘာတွေ နှိပ်စက်နေလဲလို့ ထင်နေဦးမယ်"

"ပြီးရော ဒါဆို ညနေကျ ခင်ဗျားနဲ့ပန်ပန် ဒိုးပစ်တမ်း ဆော့ [...]မယ်"

"ဘာ"

"ဘာလို့ အလန့်တကြား အော်တာလဲ၊ ဒိုးပစ်တယ်ဆိုတာ [...]က်ဆံတွေကို သေချာခေါက်ပြီး ထောင်ပစ်တာ၊ ရှုံးတဲ့သူက ဘောလုံး [...]မ်းရမယ်"

"ဟင်"

"မအံ့သြနဲ့လေ၊ ခင်ဗျားလာရင် အဖေက အပြင်ထွက် မဆော့ [...]ဆိုလို့ ခင်ဗျားကို အဖော်စပ်နေတာ၊ မလုပ်ပေးနိုင်ဘူးဆိုရင် ခင်ဗျားနဲ့ [...]ထောင်တဲ့နေ့ကျ ပန်ပန် ထွက်ပြေးမှာပဲ"

"ဗုဒ္ဓေါ ဘုရားသခင် ကယ်ပါ"

အသံတိတ် ဘုရားတမိသည်။

ဒီလို မိန်းကလေးမျိုးကို သကောင့်သား သျှင်မင်းညို လက်ထပ် [...]ညီတဲ့။ ဘယ်လို အကုသိုလ်ကြိုဟ်ဆိုး ဝင်နေပြီမသိ။

ဒယ်ဒီ့ဆီသာ ကဆုန်ပေါက် ပြန်ပြေးလိုက်ချင်သည်။ ပြန်ပြေး



www.burmeseclassic.com

www.burmeseclassic.com



လျှင်လည်း ဒီထက်ပိုဆိုးနိုင်၏။

"မင်း အဲဒီ မိန်းကလေးကို သည်းခံ အောင့်အီးပြီး လက်ထပ် ရမယ်၊ ဘယ်လို အပြစ်အနာအဆာပဲ ရှိရှိ ခွင့်လွှတ်ပေးနိုင်ရမယ် ဒယ်ဒီတို့ လုပ်ငန်းကြီး သူ့အဖေကို လွှဲအပ်ထားရတဲ့ ကျေးဇူးတရား ဆိုတာ ရှိတယ်ကွ၊ လူဆိုတာ ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ရတယ် အေး ငါ့စကား နားမထောင်ဘဲ တစ်ခုခု ဖြစ်တယ် ကြားကြည့် မင်းနဲ့ငါနဲ့ အတွေ့ပဲ၊ အမွေဖြတ်ရုံမကဘူး ငါ့သမီးကွာနဲ့ ငါ့အရှက်ကို အသက်နဲ့ လဲပစ်မယ်"

ဘာကြောင့် ရည်ရွယ်ချက်တွေ ပြင်းထန်နေရတာလဲ။ သူ မေးကြည့်တော့ ကောင်မလေး အဖေက ဘေးကျပ်နံကျပ် ပြဿနာ တစ်ခုကြောင့် တောင်းပန်တိုးလျှိုး အကူအညီတောင်းလာလို့တဲ့။ ပိုင်ဆိုင် သမျှ အမွေတွေကိုလည်း လွှဲပြောင်းပေးချင်တာတဲ့။

မက်မောလို့ မဟုတ်ပေမယ့် ကျေးဇူးကြီးမားလှသော ဒယ်ဒီ့ မေတ္တာတရားကိုတော့ ထောက်ထားရမည်။

ဝင်္ကရှိသရွေ့ လည်စင်းပေးပေတော့ သျှင်မင်းညို။

■ ■ ■



## အခန်း (၆)

"ဟား ခင်ဗျား မညစ်ပတ်နဲ့လေ၊ ရွှေခြေတစ်လှမ်း စည်းနိုး ...ပြီ"

"ကိုယ်ချည်းပဲ ရှုံးနေတာ၊ ဒီလောက်တော့ သည်းခံပေးပေါ့ကွ"

"အောင်မာ ခင်ဗျားညံ့လို့ ခင်ဗျား ရှုံးတာပေါ့၊ ကလေးကလား ...နေတယ် ဆိုပေမယ့် စည်းကမ်းတော့ ထားရမှာပဲ၊ ခင်ဗျား လူကြီး ...ပြီး မညစ်ပတ်နဲ့"

"အေး ကိုယ်က ပိုက်ဆံတွေ အများကြီးလည်း ရှုံးတယ်၊ ...ည်း ဖမ်းရဦးမယ်၊ တရားမျှတအောင် ခင်ဗျားဆိုတဲ့ နာမ်စား ...ခုခု ပြောင်းခေါ်ကွာ၊ နားထဲမှာ ကိုးလိုးကန့်လန့်နဲ့ ရှိုင်းတယ်"

"အေးပါ ပိုက်ဆံတွေ အများကြီး နိုင်ထားပြီးပြီဆိုတော့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှောရမှာပေါ့၊ ခင်ဗျားက ပန်ပန်ထက် အသက်ကြီးတယ်၊ အဲဒီတော့ အိုးပါးလို့ ခေါ်မယ်''

''ဟိတ် အိုးမပါးဘူး အိုးထူတယ်''

''အာ ကိုရိုးယားလို အစ်ကိုလို့ ခေါ်နေတာ၊ မကြိုက်လည်း မခေါ်တော့ဘူး''

''အေး အေး ခေါ်ပါကွာ၊ မင်း ခေါ်တာ နားထောင်လို့ ကောင်းပါတယ် အိုးပါးနော်''

''အင်း ဟုတ်တယ် အဲဒါ အစ်ကိုလို့ ခေါ်တာပဲ''

''စမ်းခေါ်ကြည့်စမ်း''

''အိုးပါး''

အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်း ထိသလို မထိသလိုနှင့် ပန်ပန် ခေါ်ပုံလေးကို သဘောကျပြီး ဒိုးထုတာ လွဲသွားပြန်သည်။ ပန်ပန်က ခေါင်းသိမ်း အကုန်မှန် ပွဲသိမ်းသွားပြန်၏။

သူ့လက်ထဲ ပါလာတဲ့ ရာတန်တွေ အကုန်ကုန်သွားတော့ အုတ်ခဲနှစ်လုံး ဟိုဘက်ဒီဘက်ထားပြီး ဘောလုံးကိုးဖမ်းပေးဖို့ အလှည့် ကျရောက်လာ၏။

လှေကျင့်မှုတွေ များလို့လား မသိ။ ပန်ပန် ကန်ချက်တွေ ပြင်းလှသည်။ တစ်ဂိုးဝင်လျှင် ငါးဆယ်ပေးရဦးမည်တဲ့။ ဒယ်ဒီ ပေးလိုက်



တဲ့ ဒေါ်လာတွေအကုန် အကြွေလဲထားရမလို ဖြစ်နေသည်။

''အိုးပါး သေချာဖမ်းနော်၊ ငါးဆယ် ငါးဆယ်''

''အိုးပါး ညာဘက်''

''အိုးပါး ဘယ်ဘက်''

အိုးပါး တစ်ခွန်းခေါ်တိုင်း တစ်ဂိုးဝင်သည်။ ဘယ်လိုအစွမ်းတွေ ပြနေသည်လဲ မသိ။

ဝင်းဝါ ဖြူဖွေးနေသော ခြေတံလှလှလေးနှင့် ဘောလုံး တစ်ခါ ကန်လိုက်တိုင်း တစ်ခါ ဝေးမောမိ၍ ဂိုးတိုင်ထဲ ဘောလုံး ဝင်ဝင်သွားတာပဲ ဖြစ်မှာပါ။

ထိုနေ့က ပိုက်ဆံတွေ တော်တော်ကုန်သွားသည်။

ရင်းနှီးနွေးထွေးမှုနှင့် ပျော်ရွှင်ကြည်နူးမှုတွေ ဝယ်ယူလိုက်ရသည်ဟု သူ့ သဘောထားလိုက်၏။

အပြစ်ကင်း ရိုးသားဖြူစင်လှသော ပီတိ ကလေးငယ်လေး အတိုင်း။

''ကိုသျှင်မင်းညိုပါ ပန်ပန်နဲ့ ပေါင်းပြီး အရူးအပေါ် ဖြစ်တော့မယ် ထင်တယ် လေးလေး''

ခပ်လှမ်းလှမ်းကနေ ပန်ပန်နှင့် သျှင်မင်းညိုကို ကြည့်နေကြရင်း မြမြူးယံ နှုတ်က လွှတ်ခနဲ ထွက်သွားသည်။ ရင်းနှီးမှုကို မမြင်လိုတာ

www.burmeseclassic.com

www.burmeseclassic.com



လား။ မကြည့်လိုတာလား ရင်ထဲမှာ ဘာမှန်းတော့ မသိ။

"ကောင်းတာပေါ့ ယံယံ၊ ဒါမှ လိုက်ဖက်မှာ၊ သမီးလေး ပျော်တယ်ဆိုရင် လေးလေး စိတ်ချမ်းသာရတာပေါ့"

"လက်ထပ်ပြီးတဲ့အထိ အဲဒီစိတ်တွေ မပျောက်ရင် အိမ်ထောင်ရေး ပျက်ပြားလိမ့်မယ် လေးလေး၊ ကိုသျှင်မင်းညို ဘယ်လောက်ထိ စိတ်ရှည်သည်းခံနိုင်မှာလဲ၊ တကယ်ဆို ခုချိန်မှာ ပန်ပန် စိတ်တွေ အလေးအနက် မိန်းမ ပီပီသသ ဖြစ်နေရမှာ"

"ဒါကတော့ ယံယံ ညီမလေးကို ယံယံ ပြောဆို နားသွင်းဆုံးမရမှာပေါ့ကွယ်၊ လေးလေးလည်း အတတ်နိုင်ဆုံး နားဝင်အောင် ပြောပါ့မယ်၊ မောင်သျှင်မင်းညိုကလည်း သဘောထား ပြည့်ဝမယ့်ပုံပါ။ သူ့အဖေ မျက်နှာပျက်အောင် ဘယ်တော့မှ မလုပ်တူးလို့ လေးလေး ယုံကြည်တယ်၊ သမီးလေး ပန်ပန် ကံကောင်းမှာပါ"

မြခြူးယံ နှုတ်ဆိတ်သွားသည်။

ခြေလှမ်းတွေကလည်း ထိုမြင်ကွင်းကို မမြင်ရသည့် အိမ်မကြီးထဲကို ရွေ့လျားနေ၏။

ရင်ထဲမှာ ခိုးလို့ခုလုဖြင့် တဆစ်ဆစ် ကိုက်ခဲလာတာ ပန်ပန်ကို အားကျတာလား။ မနာလို ဖြစ်နေမိတာလား။

အရာရာ ပြည့်စုံနေသော ဘဝမှာ မိန်းမ မပီသ၊ ရင့်ကျက်မှု





ရှိတာတောင် အရေးတယူ လုပ်မယ့်သူက ရှိနေပြန်သည်။

သူမ ဘဝကတော့ ရေနည်းငါး။

အလှမွေးမယ့်သူ မရှိ။ မြစ်ထဲ ပင်လယ်ထဲကို တယုတယ ပြန်လွှတ်ပေးမယ့်သူ မရှိ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မှန်ပြတင်းပေါက်တွေကို ကာရံထားသော ဖြူလွလွ ခန်းဆီးလေးမှ တစ်ဆင့် မနက်ခင်းရဲ့ နေခြည်နုနု အလင်းရောင်ကြောင့် သျှင်မင်းညို အိပ်ရာမှ နိုးထလာခဲ့သည်။

အညောင်းအညာ ဆန့်ပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် သူ လက်ထပ်ရမည့် ပန်တော်ဝင်တို့ အိမ်ပါလားဟု ချက်ချင်း အတွေးရောက်၏။

မြန်မာပြည်ရဲ့ မနက်ခင်းတစ်ခုက သူ့စိတ်တွေကို ကြည်လင်လန်းဆန်းစေသည်။ ဟောမန္တရာသီ ဖြစ်ပေမယ့် အလွန်အကျွံ ချမ်းအေးနေတာ မဟုတ်၍ ရေမိုးချိုး အဝတ်အစားလဲပြီး သူ အောက်ထပ်ကို ဆင်းလာခဲ့၏။





"ဟော ကိုညို နိုးပြီလား၊ ဘရိတ်ဖတ် ဘာစားမလဲ"

"ရပါတယ် ရှိတာနဲ့ အဆင်ပြေသလို စားလို့ ဖြစ်ပါတယ်"

"မြန်မာပြည်က မုန့်ဟင်းခါး မစားရတာ ကြာပြီ မဟုတ်လား၊ ယံယံကတော့ မုန့်ဟင်းခါး ချက်ထားတယ်၊ ကိုညို စားတတ်ရင် စားပေါ့"

"ဟာ ကျွန်တော် မုန့်ဟင်းခါး အရမ်းကြိုက်တာ၊ အဲဒါ စားမယ် မြဲြူးယံ၊ ဟို ငပွေးမလေးရော မနိုးသေးဘူးလား"

"ပန်ပန်လား ပန်ပန်က ဒီအချိန်နဲ့ အိပ်ရာ မထတတ်ဘူး၊ သူများတွေရဲ့ နောက်ဆုံးမှ နိုးတတ်တာလေ၊ ဒါတောင် လေးလေး နဲ့ ယံယံ ကမ္ဘာ့သွားခင် အိပ်ရာက နိုးခဲ့ရတာ၊ ခုတော့ ကိုညို ရှိနေတာနဲ့ သူ့သမီးလေးကို လေးလေး သွားနှိုးလေရဲ့၊ ဟင်း ဟင်း ပန်ပန်က အိပ်ပုတ်လည်း ကြီးတယ်"

"အရည်အချင်းတစ်ခု ထပ်သိရတာ ဝမ်းသာစရာပေါ့၊ ဟာ မုန့်ဟင်းခါးနံ့လေးက မွှေးနေတာပဲ၊ ကျွန်တော့်ထဲကို နံနံပင်ရော ထည့်ပေးနော် ယံယံ၊ ရောက်သီးစိတ်လေးလည်း ညှစ်ပေးဦး၊ နှစ်ပန်းကန် သုံးပန်းကန်လောက် ဆွဲပစ်လိုက်မယ်"

ကလေးလေး တစ်ယောက်လို မြူးမြူးကြွကြွလေး ဖြစ်နေတဲ့ သျှင်မင်းညိုကို ကြည့်၍ အလိုလိုက် ဖြည့်ဆည်းပေးချင်တဲ့ အစ်မကြီး တစ်ယောက်လို မြဲြူးယံ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျကျနန ပြင်ဆင်၍လည်း ကျွေးမိ၏။

"ဟို အန်ကယ်ရော စားပြီးပြီလား ဟင်၊ ကျွန်တော်က ဦးဦး ဖျားဖျား စားနေသလို ဖြစ်နေပြီလား မသိဘူး"

"မဖြစ်ပါဘူး ကိုညိုရယ်၊ လေးလေးက လမ်းလျှောက်ပြန် လာပြီးတာနဲ့ တစ်ခါတည်း စားလိုက်ပြီ၊ ယံယံကသာ ကိုညိုကို စောင့်နေ တာ၊ ကိုညို အဖော်မရှိမှာ စိုးလို့"

မြခြူးယံက သူမအတွက် မုန့်တစ်ပွဲ ထပ်ပြင်ပြီး သျှင်မင်းညိုနှင့် မျက်နှာချင်းဆိုင် ခုံမှာ ထိုင်၍စားသည်။

ထိုအချိန်မှာ ပန်တော်ဝင် ညအိပ်ဝတ်စုံ ဂါဝန်ပန်းရောင် လေးနှင့် သူတို့အနား ရောက်လာသည်။

"အိုးပါး အညာဆရော်"

"ဘာလဲ အညာဆရော် ဆိုတာ"

"အိုးပါးကလည်း အရမ်းပိန်းတာပဲ၊ ကိုရီးယားကားတွေ မကြည့် ဘူးလား။ အညာဆရော် ဆိုတာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် တာပေါ့"

"ဟုတ်လား ဆောရီးပါ ခင်ဗျာ၊ ပြန်ပြီး နှုတ်ခွန်းဆက်ပါတယ်၊ ပန်တော်ဝင် အညာဆရော်"

"ခေါ်မတ်စမီးကား"

"လာပြန်ပြီ နောက်တစ်မျိုး"





"အိုးပါးကလည်း နောက်ဆို မှတ်ထားနော်၊ ခေါ်မတ်စမီးကား ဆိုတာ ကျေးဇူးတင်ပါတယ် တဲ့"

"ဟုတ်ကဲ့ နောက်ဆိုရင် လူကြီးလူကောင်း ပန်တော်ဝင်နဲ့ အတူတူ ကိုရီးယားကားတွေ ကြည့်ပေးပါ့မယ် ခင်ဗျာ"

"ခေါ်မတ်စမီးကား"

ဟု ပြောကာ သျှင်မင်းညိုနှင့် ကပ်ရက်ခုံမှာ ဝင်ထိုင်လိုက်သည်။

"မမယံ မုန့်ဟင်းခါး ချက်တာလား။ ပန်ပန်က နန်းကြီးသုပ်ပဲ စားချင်တာ"

"ပန်ပန်လေးအတွက် သီးသန့် လုပ်ထားပါတယ်၊ မမယံ သုပ်လိုက်မယ်နော်၊ ခဏလေးစောင့်"

မြခြူးယံက ပန်တော်ဝင် အတွက် နန်းကြီးသုပ် သုပ်ပေးဖို့ မုန့်ဟင်းခါး စားနေရင်းက ထသွားသည်။ ပန်တော်ဝင်က သျှင်မင်းညိုကို ခုံချင်း တိုက်လိုက်ကာ

"အိုးပါး မုန့်ဟင်းခါး စားတယ်ဆိုတာ ငရုတ်သီးမှုန့် ထည့်စားမှ အပါစုံတာ၊ အရသာကို ပီပီပြင်ပြင် သိရတာ၊ ရော့ နည်း နည်း ထည့်စား"

"ဟာ ပန်ပန် ကိုယ် မစားနိုင်ဘူးကွ၊ ငရုတ်သီးစပ်မှာ ကြောက် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ပန်ပန်က ဧရာတ်သီးကို အသေကြိုက်တာ၊ ပန်ပန်ကို ယူမယ်ဆိုရင် ဧရာတ်သီး စားနိုင်အောင် နည်းနည်းတော့ လေ့ကျင့်ထားရမှာပေါ့၊ စားနော် အိုးပါး အိုးပါးက လိမ္မာပါတယ်"

ပါးစပ်ရှေ့မှာ ခွတ်တိုး ထိုးပေးနေတော့ ဧရာတ်သီးမှုန့်တွေနှင့် နယ်ဖတ်ထားသော မုန့်ဟင်းခါးတွေကို မကြည့်ရဲသလို မျက်လုံး စုံမှိတ်ပြီး စားလိုက်ရသည်။

လျှာပေါ် ရောက်သွားသည်နှင့် ထွေးထုတ်ရမလို မြိုချရမလိုနှင့် မျက်နှာတပြင်လုံး နီရဲတွတ်လာကာ ဖျပ်ဖျပ်လူးနေသည်။

"အား အား စပ်တယ် စပ်တယ်၊ ပန်ပန် ရက်စက်တယ်ကွာ အား အောင်မယ်လေး သေပါပြီ"

"ဘီအားနယ် ဘီအားနယ် မမယ် ရေယူခဲ့ပါဦး၊ အိုးပါး အရမ်းစပ်နေပြီလား မမယ် ရေယူခဲ့ပါဦး၊ အိုးပါး မျက်နှာကြီးက ဘီလူး သံပုရာသီးစားတဲ့ ရုပ်ကြီး ပေါက်လာလို့ပါ"

သေပဲ့ နန္ဒိယ။ သူမ ကျွေးတဲ့ ဧရာတ်သီး စားမိလို့ ရုပ်ပျက် ဆင်းပျက် ဖြစ်နေရတာကို ဘီလူး သံပုရာသီးစားတဲ့ ရုပ်တဲ့။ မြခြူးယံ အပြေးအလွှားလာပြီး ရေတိုက်တော့မှ စပ်ဖျဉ်းဖျဉ်း ဖြစ်နေသော်လည်း လျှာကို ထုတ်ပြီး ယပ်ခတ်၍ နေသာထိုင်သာ ဖြစ်သွားသည်။

"ပန်ပန်ရယ် သူ ဧရာတ်သီး မစားနိုင်တာကို ဘာလို့ သွားကျွေး





ဘာလဲ၊ ကိုညို ရရဲ့လား၊ ဒီငှက်ပျောသီးပါ စားလိုက်ဦး"

ပျာလောင်ခတ်နေသော မမယ်နှင့် အဖြစ်သည်းနေသော သျှင် ...ညိုကို ကြည့်၍ ပန်ပန် နှာခေါင်းရှုံ့ မျက်စောင်းထိုးလိုက်သည်။

"ဟွန်း ယောကျ်ားကြီး ဖြစ်ပြီး ဒီလောက်တောင် ခံနိုင်ရည် ...ဘူးလား၊ ပန်တော်ဝင်တို့ ဘယ်လို အားကိုးရပါ့၊ အိုးပါးတို့ ကတော့ ...ာတည်း အံ့ပါရဲ့"

မင်းကရော ဘယ်လောက် အရည်အချင်းတွေနဲ့ ပြည့်စုံနေလို့ ...ဟု ပိုးခနဲ ပက်ခနဲ အိုးနင်းခွက်နင်း စွတ်ရွတ်ပြောပစ်လိုက် ချင်သော် ...ည်း ဒယ်ဒီ့စကားတွေကို ကြားယောင်ကာ မချိသွားဖြဲ ပြုံးပြလိုက်ရ ...ည်။

"အစမို့လို့ပါ နောက်တော့ ဧရာတ်သီး စားနိုင်အောင် ကိုယ် ...့ကျင့်မှာပေါ့၊ အဆင်ပြေသွားမှာပါ ပန်ပန်ရဲ့၊ ဘီအားနယ်"

"သိသွားပြီလား"

"ခုနက ပန်ပန် တောင်းပန်ပါတယ်ဆိုတဲ့ စကားနဲ့ ရောပြော ...းတော့ အဲဒါ ဖြစ်ရမယ်လို့ တွေးလိုက်တာ၊ ဘီအားနယ် ဆိုတာ ...တောင်းပန်တာ မဟုတ်ဘူးလား"

"ဟုတ်တယ် အိုးပါးက တော်တယ်၊ ဒီနေ့ ပန်ပန်ကို ...စား ...င်း လိုက်ပို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီနေ့ မင်္ဂလာဝတ်စုံတွေ ဝယ်ရမယ်လို့ အန်ကယ်က ပြောထားတယ်လေ၊ ကစားကွင်းသွားလို့ ဘယ်ဖြစ်မလဲ"

"အာ ပန်ပန် စိတ်မဝင်စားဘူး၊ မမယံ စီစဉ်ပေးလိမ့်မယ် နော်၊ မမယံ၊ ဒီနေ့ ကုမ္ပဏီ မသွားနဲ့တော့၊ ပန်ပန့်တို့အတွက် မင်္ဂလာဝတ်စုံ မမယံပဲ သွားဝယ်လိုက်တော့"

မြခြူးယံ ဘယ်လို ပြောရမည်လဲ၊ အသာအယာ ခေါင်းညိတ် ပြပြီး စားလက်စ မုန့်ဟင်းခါး ပန်းကန်ကို ဒီအတိုင်းထား၍ ဒေါ်သွယ်နှင့် မယ်တင်အတွက် မုန့်ဟင်းခါး ပြင်ပေးနေသလိုလို လုပ်ကာ ရှောင်နေ လိုက်၏။

မြင်မြင်ချင်း ချစ်လို့ ပန်ပန်ကို အလိုလိုက် နားလည်ပေ နေခြင်းလားဟု သျှင်မင်းညိုကို မေးကြည့်လိုက်ချင်သည်။ ငြင်မှု မရှိ။ အပြစ်မမြင် လိုက်လျောနွေးထွေးမှုတွေနှင့် အံ့သြစရာကောင်း ကောင်းနေသည်။

ဒါတွေကို မြခြူးယံ ဆိုတဲ့ သူမက ဘာလို့ မရရတာလဲ။

မိဘမဲ့လို့လား။ အခြေအနေချင်း မတူလို့လား။ ကံကြမ္မာ မကောင်းလို့ဆိုတာကတော့ သေချာပါသည်။

စားပွဲဝိုင်းက ရယ်သံလွင်လွင်တို့က နားထဲကို ခါးသက်စွာ ခလုတ်တိုက် တိုးခွေ့ဝင်လာသည်။





သူတို့တွေအတွက် မင်္ဂလာဝတ်စုံ ဝယ်ဖို့ အကြောင်းပြချက်နှင့် ထွက်လာခဲ့၏။

အပြင်ကို ရောက်သည်နှင့် အေးစက်သော လေပြည်နုနုကို အစ်ရှိုက်ရှူသွင်းလိုက်သော်လည်း သူမ ရင်ကို မလန်းဆန်းစေနိုင်။

အဲဒါ ဘာကြောင့်လဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒီလိုနှင့် သျှင်မင်းညိုနှင့်ပန်တော်ဝင်တို့ လက်ထပ် မင်္ဂလာပွဲကြီးက ကြီးကျယ်ခမ်းနားသော ဟိုတယ်ကြီးတစ်ခုမှာ ကျင်းပဖြစ်သည်။ ဂုဏ်ပကာသနတွေ ပြည့်စုံထည်ဝါနေသော ညှော်ပရိသတ် အပေါင်းရဲ့ ချီးကျူးထောပနာ ပြုသံတွေနှင့် လိုက်ဖက်အောင်လည်း သျှင်မင်းညိုနှင့် ပန်တော်ဝင်တို့နှစ်ယောက်က အတွဲညီလှသည်။

ချစ်ခြင်းနှင့် အစပြု၍ ဖွဲ့တည်ခဲ့သော လက်ထပ်မင်္ဂလာပွဲ မဟုတ်ခဲ့ပါဘဲ အခမ်းအနား ပြီးဆုံးသည်အထိ ကြန္တြေရ တင့်တယ်ခဲ့ပါသည်။

ဦးကျော့မောင်က တပြုံးပြုံးနှင့် ဦးအောင်မင်းညိုဆီ ဖုန်းဆက်ရတာလည်း အကြိမ်ကြိမ်။

"အားလုံး အဆင်ပြေတယ် သူငယ်ချင်း၊ ငါ ဖြစ်ချင်သလို





ဖြစ်သွားတဲ့အတွက် အရမ်း ဝမ်းသာတယ်၊ မင်းလည်း သားနဲ့ သမီးကို တစ်ခေါက်လောက်တော့ လာကြည့်ဦးလေကွာ"

"မြေးရမှ လာတော့မယ်ကွာ၊ ငါ့သားကို သေချာ ပြောလိုက်စမ်းပါ၊ ကလေး မြန်မြန်ရဖို့ အရေးကြီးတယ်လို့"

"ဟကောင် ငါက သမီးရှင်၊ မင်းသားကို ဘယ်လိုလုပ် ပြောထွက်မှာလဲဟ၊ မင်းဘာသာ ပြောချင် ပြောပေါ့"

"စိတ်ချ ငါ့သားကို ဒီမှာကတည်းက သေချာ မှာလိုက်ပြီးသား၊ ဖုန်းဆက်တိုင်းလည်း မြေးချီချင်တဲ့အကြောင်းပဲ ပြောဖြစ်တာ အဟေး ဟေး ဒါပဲနော် ကျော့မောင်၊ သားနဲ့သမီးက အိမ်ခွဲနေမှာဆိုတော့ ဆုံးမစကားလေး ပြောလိုက်ဦး၊ ငါ့သားက နည်းနည်း ဆိုးချင်ချင်ရယ်"

"အေးဆေးပါကွာ သားက ပညာတတ် လူရည်မွန်လေးပါ၊ ငါ့သမီး ဆိုးတာလေးကိုသာ တစ်သက်လုံး သည်းခံနိုင်အောင် ဆုတောင်းပေးပါ ဟား ဟား"

ဦးအောင်မင်းညိုနှင့် ဖုန်းဆက်ပြီးမှ သူ့ကို ကန်တော့ဖို့ ထိုင်စောင့်နေကြတဲ့ သားနဲ့သမီးရှေ့က ဆိုဖာခုံမှာ ဦးကျော့မောင် ဝင်ထိုင်လိုက်သည်။

"ကဲ သားနဲ့သမီး လိမ်လိမ်မာမာ သင့်သင့်မြတ်မြတ်နေကြနော်၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင် လင်နဲ့မယားဆိုတာ ဆွေးနွေး တိုင်ပင်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကြားလို့ သွေးတိုးလို့ မရအောင် ညှိနှိုင်းနားလည်မှု ယူရတယ်၊ သမီး မမယံလည်း သမီးအဖော်ရအောင် လိုက်နေမှာဆိုတော့ မမ ပြောဆို ဆုံးမတဲ့ စကားလည်း သမီးလေးက နားထောင်ရမယ်နော်၊ မောင်သျှင်မင်းညိုကလည်း သမီးထက် အသက်ကြီးတယ် ဆိုးကောင်း တိုင်း မဆိုးရဘူး၊ လင်ယောကျ်ားဆိုတာ အိမ်ဦးနတ်ပဲ၊ ရိုသေလေးစား ရမယ် ကြားလား သမီးလေး''

ဦးကျော့မောင် အရှည်ကြီး ဆုံးမသွန်သင်လို့ ပြီးဆုံးချိန်မှာတော့ ပန်ပန်က အသံလေးထွက်အောင် တအင့်အင့် ရှိုက်ငိုသည်။

''အားပူးကျဲ ပန်ပန် ခဏ ခဏ အိမ်ပြန်လာမှာနော်၊ အားပူ ကျဲ တစ်ယောက်တည်း ပန်ပန် စိတ်မချဘူး''

''ဖေဖေ့အတွက် ဘာမှ စိတ်မပူပါနဲ့ သမီး၊ နောက်ရက်တွေ ဆိုရင် ခရေမြိုင် ဖေဖေ့အိမ်ပေါ် ရောက်လာတော့မှာ၊ သမီးလေးကို မိထွေးနဲ့ မသင့်မမြတ် အဆင်မပြေ မဖြစ်စေချင်ဘူး၊ အငြိုငြင်မခံရ စေချင်ဘူး၊ လွမ်းတဲ့သတိရတဲ့အခါ ဖေဖေ လာတွေ့မှာပေါ့၊ အမြဲတမ်း ဖုန်းဆက်လို့လည်း ရတာပဲဥစ္စာ၊ ဖေ့သမီးလေးက လိမ္မာပါတယ် ကဲ ကဲ သွားကြတော့၊ မယ်တင်ရော ဘယ်ရောက်သွားလဲ၊ မယ်တင်ကိုပါ တစ်ခါတည်း ခေါ်သွား၊ ဟိုမှာ ချက်ဖို့ပြုတ်ဖို့ သန့်ရှင်းရေးလုပ်ဖို့ ယံယံက စီမံပေးလိုက်နော်၊ လေးလေး အားလုံးကို စိတ်ချမယ်''





ခရီးဝေးကြီး သွားရသလို ဦးကျော့မောင်က စိတ်မချဖြစ်ကာ အတွတ်တွတ် မှာသည်။

ပစ္စည်းတွေက ဟိုအိမ်မှာ နေရာချထားပြီးပြီမို့ များများစားစား သယ်စရာ ပိုးစရာ မရှိ။

ကားပေါ်ကို မြခြူးယံနှင့် မယ်တင်က သွားထိုင်နေပြီ ဖြစ်သော် လည်း ပန်တော်ဝင်က ဖအေ့ဆီမှာ အလွမ်းသယ်လို့ မပြီးနိုင်။

နောက်ဆုံး ဦးကျော့မောင် ကိုယ်တိုင် ကားနားအထိ ရောက် အောင် လိုက်ပို့ရသည်။

''ကဲ မောင်သျှင်မင်းညို သမီးကို ခေါ်သွားတော့၊ ဩော် ခင်တို့ ဟန်းနီးမွန်း ထွက်ဦးမယ်ဆိုရင် ကုမ္ပဏီကို တစ်ပတ် ဆယ်ရက် လောက်အထိ အလုပ်မဝင်ဘဲ နေလို့ရတယ်နော်၊ ယံယံလည်း ကုမ္ပဏီ သာဖို့ ကားအခက်အခဲ ဖြစ်တယ်ဆိုရင် မောင်သျှင် မင်းညို ကုမ္ပဏီလာမှ သူ့ကားနဲ့ လိုက်လာပေါ့၊ နောက်မှ လေးလေး ကားစီစဉ်ပေးမယ်၊ ဟုတ်ပြီလား''

''ဟုတ်ကဲ့ လေးလေးလည်း ကျန်းမာရေး ဂရုစိုက်ပါ၊ အကျိုး အကြောင်းရှိရင် ဖုန်းဆက်လိုက်နော်၊ သိပ်မှ မဝေးတာ ယံယံ လာခဲ့ပါ့ မယ်''

မှာတမ်းခြွေလို့ မပြီးမချင်း ပန်တော်ဝင် အငိုတိတ်မှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။ ဦးကျော့မောင်ကို လက်လေးပြပြီး သျှင်မင်းညို ကားလေး
ရှောခနဲ လိုမ့်ထွက်လိုက်သည်။

ခပ်ဝေးဝေး ရောက်မှ ပန်တော်ဝင် မျက်ရည်သုတ်ဖော်ရ
မင်္ဂလာ လက်ဖွဲ့အဖြစ်နှင့် နှစ်ဖက်မိဘ အမွေပေးထားသော အိမ်ကြီး
ရောက်တော့ တစ်နေကုန် ပင်ပန်းထားကြသော အရှိန်နှင့် အားလုံး
ခြေပစ်လက်ပစ် အနားယူကြသည်။

သျှင်မင်းညိုလည်း ဧည့်ခန်းဆိုဖာခုံမှာ မှေးခနဲ အိပ်ပျော်
သွား၏။ လူးကာလိမ့်ကာဖြင့် တစ်ရေးနိုးလို့ နာရီကြည့်လိုက်တော့
ညကိုးနာရီ။

သူ အိပ်မပျော်ခင် အနားမှာ မျက်ရည်စီးချောင်းနှင့် ထိုင်
ငိုက်နေသော ပန်တော်ဝင်လည်း မရှိ။

တစ်အိမ်လုံးလည်း တိတ်ဆိတ်နေသည်။

ပန်တော်ဝင် အိပ်ခန်းထဲ ဝင်အိပ်နေပြီအထင်နှင့် အပေါ်ထပ်
သူတို့အိပ်ခန်းထဲ တက်ရှာကြည့်တော့လည်း မတွေ့။

ရေချိုးခန်း အိမ်သာ ထမင်းစားခန်း တစ်ခန်းဝင် တစ်ခန်းထွက်
အပေါ်ထပ် အောက်ထပ် သူ ရှာကြည့်သည်။ ဘယ်မှာမှ မတွေ့။

သျှင်မင်းညို စိတ်ပူလာသည်။ စိုးရိမ်လာ၏။ မတော်သာသည်
အဆုံး မြခြူးယံနှင့် မယ်တင်ကို အခန်းတံခါးခေါက်ပြီး နှိုးလိုက်ရသည်





"ဟင် ဘာ ဘာဖြစ်လို့လဲ ကိုညို"

"အစ်ကိုလေး ဘာဖြစ်လို့လဲ"

"ပန်ပန်ကို မတွေ့လို့ တစ်အိမ်လုံး ရှာကြည့်ပြီးပြီ၊ ပန်ပန်
မရှိတော့ဘူး"

"အာ တစ်နေရာရာမှာ ရှိမှာပါ ကိုညိုရယ်၊ ပန်ပန် ဘယ်မှ
သွားလောက်ပါဘူး"

"မယ်တင်ကိုတော့ သွားမယ်လို့ ပြောသွားတယ်"

"ဟင် မယ်တင် နင့်ကို ပြောသွားတယ် ဟုတ်လား၊ ပြောစမ်း
ပြောစမ်း ပန်ပန် ဘယ်သွားမယ်လို့ ပြောလဲ"

မယ်တင်က အိပ်ချင်မူးတူးနှင့် တောင်တောင်အီအီ စဉ်းစားနေ
သေးသည်။ ပြီးမှ

"ဒီလမ်းထိပ်မှာ လွတ်လပ်ရေးနေ့အကြို ကစားပွဲတွေ ရှိတယ်
ဆိုလားပဲ အဲဒီကို သွားတယ်၊ ဟော အသံတွေ ကြားလား၊ ဆူဆူညံညံနဲ့"

မယ်တင် ပြောမှ လမ်းထိပ်က ဆူညံနေသော အသံတွေကို
နားစိုက်ထောင်ပြီး ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

"အဲဒီကို သွားမယ်ဆိုတာ နင် မတားလိုက်ဘူးလား မယ်တင်၊
ငါတို့ကိုရော ဘာလို့နှိုးပြီး မပြောရတာလဲ၊ ဒီရပ်ကွက်ကို ဒီနေ့မှ ရောက်
လာတယ်၊ ပန်ပန်က ရဲတင်းလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုမှ ပြောမနေနဲ့ မယ်တင်ကိုလည်း သွားအိပ်ချည် ဆိုပြီး နှိုင်းလို့ မယ်တင်လည်း မမလေးကို ကြောက်ပြီး အိပ်နေလိုက်တာပါ"

"အေး ဒီလိုနေရာမျိုးမှာ ကြောက်ပြီး ပါးစပ်ပိတ်နေ၊ ပန်ပန် တစ်ခုခု ဖြစ်လို့ကတော့ အန်ကယ့်ကို ဖုန်းဆက်ပြီး တိုင်မယ်"

မယ်တင် ခေါင်းကို ဒေါက်ခနဲ ခေါက်ကာ မာန်မဲလိုက်တော့ မယ်တင် ဇက်ကလေး ပုသွားသည်။

"ကိုညို ပန်ပန်နောက် လိုက်သွားမယ်ဆို ယံယံလည်း လိုက်ခဲ့မယ်လေ"

"ရတယ် ကျွန်တော် တစ်ယောက်တည်း လိုက်ရှာကြည့်လိုက်မယ်၊ ယံယံ အိမ်ကပဲ စောင့်နေပေးပါ၊ မယ်တင် နင် မအိပ်နဲ့ဦး၊ တံခါးဖွင့်ပေးဖို့ စောင့်နေ"

လမ်းထိပ်ကို သျှင်မင်းညို သုတ်ခြေတင် ထွက်လာခဲ့သည်။ ဟေးဟေး ဝါးဝါး အော်သံကြားရာ လူအုပ်ထဲ တိုးခွေ့ဝင်လာခဲ့တော့ ထုတ်စီးတိုးပွဲလေးက အရှိန်အမြင့်ဆုံး အချိန်ကို ရောက်နေလေ၏။

ဟော မြင်လိုက်ရပါပြီ မယ်မင်းကြီးမ၊

အားကောင်း မောင်းသန် စိတ်အားထက်သန်စွာ ခြေတကားကား လက်တကားကား။





သူ့ကိုလည်း မမြင်၊ အနိုင်ရဖို့သာ အာရုံစိုက်လျက် ပြူးတူးပြဲတဲကြီးစားနေသည်။

"ရွှတ်ရွှတ် ဟိတ် ပန်ပန် ပန်ပန်"

သူ ရှေ့ဆုံးကနေ ခပ်ကြိတ်ကြိတ် ခေါ်နေတာကိုလည်း ကြားမှာဖြစ်ပေမယ့် လှည့်မကြည့်။

သူမ တာက ကျော်မသွားအောင် အားကစားစိတ်ဓာတ် အပြည့်အဝနှင့် အကြိတ်အနယ် ယှဉ်ပြိုင်နေသည်။

"ဟေး နိုင်ပြီ နိုင်ပြီ ငါတို့အဖွဲ့နိုင်ပြီ"

သံပြိုင် အော်လိုက်တာ ဖြစ်သော်လည်း သူမ အသံက အကျယ်ဆုံး။

သူမတို့အဖွဲ့ထဲကို ဖွတ်တိုးဝင်ကာ ပန်ပန် လက်ကို ဆောင့်ဆွဲခေါ်လိုက်သည်။ သူမက ဟန်ပန် အမူအယာ မပျက်။

"အာ ဘာဖြစ်နေတာလဲ အိုးပါ၊ ပန်ပန်တို့အဖွဲ့ နိုင်လို့ ဆုကြေးယူရဦးမယ်"

"မင်းဆုကြေးက ဘယ်လောက်ရမှာမို့လဲ"

"အုပ်စုနဲ့ခွဲရမှာ ငါးရာတော့ ရမှာပေါ့"

"လာခဲ့ ငါးသောင်းယူမလား ငါးသိန်းယူမလား ကိုယ်ပေးမယ်၊ ခင်းနှယ်ကွာ မကြီးမငယ်နဲ့၊ ဒီရပ်ကွက်ကို ခုမှရောက်တာကို အသိ



www.burmeseclassic.com

www.burmeseclassic.com



အကျွမ်းက ချက်ချင်းပဲလား ကဲ မင်းဘယ်လောက် ယူချင်လဲပြော''

''အောင်မယ် လူကိုများ ငွေမက်လို့ ဝင်ပြိုင်နေတယ် အောင်မေ့နေလား၊ ကိုယ်နေမယ့်လမ်းက လူတွေနဲ့ ရင်းနှီးအောင် အနိုင်ကစားပေးနေတာ၊ ဆုကြေးငွေကလည်း ငါးရာဆိုပေမယ့် ကိုယ့်သွေးနဲ့ချွေးနဲ့ အားကစားစိတ်ဓာတ် အပြည့်အဝ ယှဉ်ပြိုင်နေတာ၊ တစ်ပြားမှမရလည်း တန်တယ် သိရဲ့လား''

''အေးပါ မင်း အဲဒီ ဆုကြေးယူပြီးရင် ပြန်ကြမယ်၊ အချိန်နာရီကိုလည်း ကြည့်ပါဦး ညဉ့်နက်နေပြီ''

''ပန်ပန် ပြန်လို့ မဖြစ်သေးဘူး၊ မုန့်စားပြိုင်ပွဲမှာ စာရင်းပေးထားသေးတယ်၊ ဒီအားကစားပွဲက မနက်ဖြန် လွှတ်လပ်ရေးနေ့ ဆိုတော့ ဒီနေ့ တစ်ညလုံးရော မနက်ဖြန် တစ်မနက်လုံးရောလုပ်မှာ၊ နောက်ရက်တွေဆို ကိုယ် ပြိုင်ချင်လို့တောင် ပြိုင်လို့မရဘူး၊ ဘီအားနယ်နော် အိုးပါး အိုးပါး ပြန်ချင် ပြန်လိုက်တော့''

ပြောပြီး လက်ကို ဆောင့်ရုန်းလျက် အုပ်စုထဲ တိုးခွေ့ဝင်သွားလိုက်တာ အမြီးတောင် မမြင်ရတော့။

သက်ပြင်းအကြိမ်ကြိမ် ချနေရတာလည်း လည်ပင်းတွေ ကွဲလုပြီ။ ထိုင်ငိုချလိုက်ချင်သည်အထိ စိတ်ပျက်မိတာလည်း အမှန်။ ဒါပေမဲ့ သူမ မုန့်စားပြိုင်တဲ့ အချိန်မှာတော့ စိတ်မကောင်း ဖြစ်ပြီး ကိုယ်တောင်





ည်ပင်းတွေ နင်လာသည်။

ကြည့်ပါဦး မုန့်တွေ တစ်ခုပြီးတစ်ခု သွပ်နေလိုက်တာ။ မျက်လုံးကြီးကပြူး၊ နှာခေါင်းကကျယ်၊ ပါးနှစ်ဖက်က အဆမတန် ဖောင်းကားလို့ ကျိန်စာတိုက်ခံထားရသလိုပင်။

အနိုင်ရအောင် ပြိုင်ပွဲဝင်နေခြင်းက ကိုယ့်ကိုယ်ကို ညှဉ်းပန်းနှိပ်စက်နေတာနှင့် တူနေ၏။

ထိုပြိုင်ပွဲပြီးတော့လည်း ရပ်တန့်မသွား။ အာလူးကောက်ပွဲဆိုတာကို ဝင်ပြိုင်သေးသည်။

ပြိုင်ပွဲတိုင်းမှာ ဆုရပြီး ကလေးငယ် တစ်ယောက်လို သူမ ခုန်ပေါက်ကာ ပျော်ရွှင်နေ၏။

သူကတော့ ပျားရည်လို ချိုမြိန်လှသော မင်္ဂလာဦးညရဲ့ အနှစ်သာရကို စိတ်ပျက်ညည်းညူကာ ဆလံအခါတစ်ရာ သ၍ သက်ပြင်းတွေ အကြိမ်ကြိမ် မှုတ်ထုတ်ရင်း . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အီး ဟီး ဟီး လူညစ်ပတ်ကြီး လူယုတ်မာကြီး၊ မဒီနီး ကောင်ကြီး"

"ဟိတ် ဟိတ် မင်းဘာလို့ အကျယ်ကြီး အော်ငိုနေတာလဲ ပန်ပန်၊ ယံယံတို့ မယ်ဝင်တို့ ကြားရင် တစ်မျိုးထင်တော့မှာပဲ မင်းကွာ"

"ကြားကြား အော်မှာပဲ၊ ရဲတိုင်ပြီးတို ဖမ်းခိုင်းမယ်၊ အီး ဟီး ဟီး အယုတ်တမာကောင်ကြီး လွှတ်ပေး ဖယ်ပေး၊ အိုးပါး မသာ ကောင်ကြီး"

အော်လည်းအော်၊ ငိုလည်းငို သူ့လက်တွင်းကလည်း ရုန်း အတင်း ရုန်းနှင့် အိပ်ရာခုတင်ပေါ်မှာ သူမနှင့်သူ ဝရုန်းသုန်းကား ဖြစ်နေသည်။





ယံယံနှင့်မယ်တင် ကြားလျှင် မတော်တရော်တွေ အထင်မှားပြီး အခန်းတွင်း ဝင်လာမှာစိုး၍ အခန်းတံခါးကိုလည်း lock ချထားရသည်။ သူမ ပါးစပ်ကိုလည်း သူ့လက်ဝါးကြီးနှင့် ဖိပိတ်၍ အပေါ်ကနေ စီးမိုး ဖိချုပ်ထားရသေး၏။

"ဖယ်ပေးလို့ ပြောနေတာ မကြားဘူးလား"

"မင်း မအော်တော့ဘူးဆိုရင် လွှတ်ပေးမယ်၊ မင်း ကတိပေး"

"ခင်ဗျားကြီး အင်္ကျီပြန်ဝတ်၊ အဲဒါဆို မအော်တော့ဘူး"

"အေး ပြီးရော"

သူ အင်္ကျီ မြန်မြန်ကောက်ဝတ်တော့ သူမကလည်း ဖရိုဖရဲ ဖြစ်နေတဲ့ အင်္ကျီတွေကို ဆွဲဆန့်လျက် ခေါင်းရင်းတိုင်မှာ ချိတ်ထားတဲ့ ဘဘက်ကို ယူကာ မျက်နှာကို ပတ်တီးစီးသလို ပတ်ထားသည်။

"အဲဒါ ဘာဖြစ်တာလဲ"

"ခင်ဗျား ရုပ်ကြီး မကြည့်ချင်လို့ပေါ့၊ လူယုတ်မာ မျက်နှာကြီး"

"မင်းကွာ ကိုယ်နဲ့မင်းနဲ့ လင်မယား ဖြစ်နေပြီလေ၊ အဲလိုကြီး ပြောစရာလား၊ ရှက်တတ်ရင် လဲသေဖို့တောင် ကောင်းတယ်၊ မင်း တို့ပြန်နေတဲ့ ပုံစံက"

"သိသားပဲ ခင်ဗျားကြီး မရှက်တတ်လို့ မျက်လုံးကြီး ပြူကြည့် နေတယ်ဆိုတာ၊ နောက်နေ့ကစပြီး ခင်ဗျားနဲ့ ဘယ်တော့မှ မအိပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရမလားကွ မင်းက ငါ့မိန်းမပဲ၊ ငါနဲ့မအိပ်လို့ ဘယ်သူနဲ့ အိပ်မှာလဲ၊ ငါကတော့ မင်းနဲ့အိပ်ရတဲ့ အရသာ တွေ့သွားပြီ၊ ဘယ်လိုမှ ခွဲမအိပ်တော့ဘူး မှတ်ထား"

တဘက်စောင် ပတ်ထားတဲ့ သူမ မျက်နှာလေးကို ရှုတ်ခနဲ နမ်းကာ သူ ရွှဲ့ပြောတော့ တဘက်စောင်ကို ဆွဲခွာ၍ သူ့လည်ပင်းကို ထညှစ်သည်။

"ဟ ဟ ဘာလုပ်တာလဲ အ အ သေတော့မှာပဲ ပန်ပန်"

"ခင်ဗျား လူညစ်ပတ်ကြီး ညစ်စုတ်ကောင်ကြီး သူများ သားသမီးကို အလိုမတူဘဲနဲ့ အနိုင်ကျင့်ချင်တယ်၊ သေအောင် သတ်မယ် သိလား"

သူမ လက်သေးသေးလေးနှင့် တအားညှစ်နေတာမို့ သူ့လည်ပင်းက အသက်ရှူမရအောင် တအစ်အစ် ဖြစ်လာသည်။ ဒီမိန်းမက ညာလို့ ညာမှန်းလည်း မသိ။

သူမ လက်ကို ခပ်နာနာ ဖိညှစ်ပြီး ဆွဲဖယ်လိုက်ကာ ပါးပြင် လည်တိုင်မကျန် တရှိုက်မက်မက် ခပ်ကြမ်းကြမ်း နမ်းပစ်လိုက်သည်။

ယောကျ်ားအားနှင့် မိန်းမအား သူမ အော်တောင် မအော်နိုင်တော့။ ပြင်းရှသော အသက်ရှူသံနှင့် သူလည်း လိုက်ဖိုမောပန်းလာသည်။





ရင်ခုန်သံတွေ မြန်ဆန်စွာနှင့် တိမ်တိုက်တွေပေါ် လွင့်မျောဝဲပျံဖို့ ကို အဖော်ခေါ်သွားမိ၏။

ခပ်တော့်တော့် ငြိမ်သက်တိတ်ဆိတ်စွာနှင့် သူ့အင်္ကျီစတွေကို တင်းတင်း ဆွဲဆုပ်ကိုင်ပြီး သူမလည်း အသက်ရှူသံတွေ မှုမမှန် ချေ။

ဝင်းဝါသောပါးပြင်၊ လည်တိုင်လေးမှ စိမ်းမြမြ သွေးကြောမျှင် တွေက စည်းချက်ညီစွာ တလှုပ်လှုပ်။

မင်္ဂလာဦးညမှာ ကစားပွဲနဲ့ အချိန်ဖြုန်းနေခဲ့တဲ့ မင်းကို အပြစ် လိုက်တာပဲ ပန်တော်ဝင်။

မင်းပျော်ခဲ့တယ် မဟုတ်လား။ ရှိုက်သံတွေနဲ့ အနားယူလိုက်

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"အဟင့် ဟင့် အီး"

"ဟဲ့ ဟဲ့ ဘာဖြစ်တာလဲ ပန်ပန် ဘာဖြစ်လို့လဲ"

မြခြူးယံ ခုတင်ပေါ် ဇွေ့ခနဲ ဝင်ထိုင်ပြီး ဒူးနှစ်ဖက်ကို ဖက်ပွေ့၍ ပန်ပန် ရှိုက်ငိုနေသည်မို့ မြခြူးယံ အထိတ်တလန့် မေးမိသည်။ ပန်ပန်က မျက်ရည်တွေကို ပခုံးစောင်းနှင့် ပွတ်တိုက်သုတ်ပြီးမှ

"ပန်ပန် ဒီည ဟိုလူကြီးနဲ့ မအိပ်တော့ဘူး၊ မမယံနဲ့ လာ အိပ်မယ်နော် နော် မမယံ"

"အို ဘယ်ဖြစ်မှာလဲကွယ်၊ ကိုယ် လက်ထပ်ထားတဲ့ ကိုယ့်လင် ယောကျ်ားနဲ့ပဲ အတူတူ အိပ်ရမှာပေါ့၊ ဒီကိစ္စက ပန်ပန် ကလေးလို ဆိုးနွဲ့ဂျီကျလို့ရတဲ့ အရာမဟုတ်ဘူး၊ လူကြားလို့လည်း မကောင်း





...ကွယ်"

"အာ မမယံ ဘာသိလို့လဲ အဲဒီလူကြီးကမှ တကယ် ဆိုးတာ ...နဲ့ သဘောမတူဘဲ ဖွတ်အတင်းနမ်း၊ ဖွတ်အတင်းဖက်နဲ့ လူဆိုးသူခိုး ...နဲ့ တူတယ်၊ ပန်ပန်ကတော့ အဲဒီလူကြီးနဲ့ လုံးဝ အတူတူ မအိပ်တော့ ...မယံ့ရင် မမယံ အိပ်ကြည့်ပါလား"

"ဟဲ့ ပန်ပန်"

ရှက်ရွံ့ ထူပူသွားပြီး မြခြူးယံ လွှတ်ခနဲ အော်လိုက်မိသည်။

ပန်ပန်တို့နှစ်ယောက် ဘာတွေ ဖြစ်ကြတယ်ဆိုတာ ယံယံ ... မနက်သုံးနာရီလောက်မှ ကိုညိုနှင့်ပန်ပန် အပြင်က ပြန်လာကြ ...လို့ တံခါးထဖွင့်ပေးရတဲ့ မယ်တင်က ပြောသည်။ နေ့လယ် ...နာရီလောက်ထိ သူတို့ ထမင်းစား ဆင်းမလာတော့ ဧည့်သည် ...ယောက်နှင့် ချိန်းထား၍ ကိုညိုကားကို ယူပြီး ယံယံ ထွက်သွား ...သည်။ အခု ပြန်ရောက်ရောက်ချင်း အခန်းထဲမှာ အဝတ်အစားလဲဖို့ ...နိုက် မရွှေချောက ငိုကြီးချက်မနှင့် ရောက်လာ၏။

ခုကိစ္စကရော ယံယံ ပြောဆို ဆုံးမသင့်ပါရဲ့လား။

ကိုယ်တောင် ဘာမှ မပြောရသေးဘဲနှင့် ပန်ပန် ရှေ့နောက် ...ည့် အလိုက်ကန်းဆိုးမသိ ပြောလိုက်တာ ပက်ခနဲ။ ဖြေစရာဖျ ...တ်လည်း မရှိတော့သဖြင့် ယံယံ အခန်းပြင်ထွက်ဖို့ ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမယ်ံ ဘယ်သွားမလို့လဲ၊ ပန်ပန် အနားမှာပဲနေ"

"သြော် မမယ်ံ ထမင်းသွားစားဦးမယ်လေ၊ ပန်ပန်ရော စားပြီးပြီလား။ တစ်ခါတည်း လိုက်စားပါလား"

"ဟင့်အင်း ဟိုလူကြီးနဲ့တွေ့မှာစိုးလို့ အခန်းထဲမှာ မုန့်တွေ ယူစားတာ ဗိုက်ပြည့်နေပြီ၊ ထမင်း မစားတော့ဘူး။ မမယ်ံလည်း ထမင်း စားပြီးတာနဲ့ မြန်မြန်ပြန်လာနော်"

"ပန်ပန်ရယ် ကိုယ့်အခန်းကိုယ် သွားနေတာ မဟုတ်ဘူး ကိုညိုက ပန်ပန် မမယ်ံ အခန်းမှာအိပ်ဖို့ ဘယ်လိုလုပ် ခွင့်ပြုမှာလဲ စိတ်ကောက်စရာမရှိ ကြိဖန်ကောက်မနေနဲ့၊ လက်ထပ်ထားတာဖြင့် တစ်ရက် တစ်ပိုင်းပဲ ရှိသေးတယ်၊ လေးလေးသိရင် စိတ်မကောင်း ဖြစ်နေမှာနော် ပန်ပန်"

"မမယ်ံက ကိုယ်ချင်းမှ မစာတာ၊ အဲဒီလူကြီးမှာ အမွှေးအမျှင် မရှိလို့ ထင်ပေမယ့် ငုတ်စိစိ အမွှေးတွေက သူ နမ်းရင် ယားလည်း ယားတယ်၊ စူးလည်း စူးတယ် မမယ်ံရဲ့၊ ပြီးတော့ အာ အဲဒီ လူကြီးနဲ့ မအိပ်ချင်ပါဘူး မမယ်ံရယ်၊ ဟိုလေ ပန်ပန်ကို နမ်းလည်း မနမ်းနဲ့ ဘာမှလည်း မလုပ်နဲ့ ဟို မဖက်နဲ့လို့ အဲဒီလူကြီးကို မမယ်ံ ပြောပေးမယ် ဆိုရင်တော့"

"ဟဲ့ အဲဒါကို မမယ်ံက ပြောပေးစရာလား၊ ကိုယ် မကျေနပ်ရင် ...ကို တိုက်ရိုက်ပြောပေါ့"

"ရမှ မရတာ ဖွတ်ကြီး"

ကိုယ့်ရင်ကိုယ် ထုပြီးသာ မြချူးယံ သေလိုက်ချင်သည်။ ဒီလို ...လေးစိတ် မကုန်သေးတဲ့ ပန်ပန်ကို ကိုညို ဘယ်လိုများ သည်းခံ ...င်းသင်းနေပါလိမ့်။

လင်ရယ် မယားရယ် ဖြစ်လာပြီးမှ ဒီကိစ္စက ရေးကြီး ခွင်ကျယ် ... လင်မယားကြားထဲ ထည့်ပေးလိုက်သည့် လေးလေးကိုသာ အပြစ် ...င်လိုက်ချင်သည်။

ကိုညိုရော ဘယ်လောက်တောင် စိတ်ဆင်းရဲနေရပြီလဲ၊ နောက် ...တော့ ပြောပေးမယ်ဟု ပန်ပန်ကို နှစ်သိမ့်ခဲ့ပြီး ထွက်လာခဲ့ရသည်။

ထမင်းစားခန်းထဲ ရောက်တော့ သွေ့ခြောက်စွာ ကိုညို တစ် ...ောက်တည်း ထမင်းစားဝိုင်းမှာ ထိုင်နေ၏။ ပန်ပန်ကလည်း ကိုယ့်လင် ...ာက်ျားကို ဂရုမစိုက်။ မယ်တင်ကလည်း ကလေးသာသာ အရွယ်မို့ ...မှ နားမလည်။ ဖွယ်ဖွယ်ရာရာ ပူပူနွေးနွေး ဖြစ်အောင် ထမင်းဟင်း ...ွ ပြန်နွေးပြီး ကိုညိုကို ယံယံ ကိုယ်တိုင် ခူးခပ်ကျွေးလိုက်ရသည်။

ကိုညိုက စိတ်မပါတပါဖြင့် ထမင်းကို ဇွန်းခက်ရင်းဖြင့် ဖြည်း ...ည်းချင်း နယ်ဖက်စားနေ၏။

"စားမကောင်းဘူးလား ကိုညို၊ နောက်နေ့ ဘာဟင်းနဲ့ စားချင်



www.burmeseclassic.com

www.burmeseclassic.com



လဲ ယံယံကို ပြောထားလေ၊ ယံယံ ကောင်းကောင်း ချက်ကျွေးပါ့မယ်

"ရပါတယ် ကျွန်တော်က ဘာနဲ့ဖြစ်ဖြစ် စားတတ်ပါတယ်"

"ပန်ပန်ကို စိတ်ပျက်နေတာလား"

"ဗျာ မ မဟုတ်ပါဘူး"

"မညာပါနဲ့ ကိုညို၊ ခုလည်း ကိုညိုနဲ့ မအိပ်ချင်ဘူးဆို ယံယံကို ပန်ပန် လာပြောနေတယ်၊ ကလေးစိတ် မကုန်ဘဲ အိပ်ထော ပြုလိုက်တာ တော်တော် ဆိုးတာပဲ"

ယံယံလည်း ဒီထက် ပိုပြီး မပြောရဲ၊ သျှင်မင်းညိုက ဖွန်း ရင်းတွေ ပန်းကန်ပြားပေါ် လွှတ်ချပြီး ထရပ်သည်။

"ပန်ပန် ယံယံ အခန်းထဲမှာလား"

ယံယံ ခေါင်းညိတ်ပြလိုက်တော့ သျှင်မင်းညို လှစ်ခနဲ ထွ သွားသည်။ ထိုင်ရမှာလား ထရမှာလား မသိ၊ ယံယံ မင်းသက် ကျန်ရစ်သည်။

လှေကားထစ်တစ်လျှောက် ခြေသံတဒုန်းဒုန်း မြည်အော သျှင်မင်းညို တက်လာခဲ့သည်။

ပန်ပန်ရှိနေတဲ့ ယံယံ အခန်းတံခါးကို ခပ်ကြမ်းကြမ်းပဲ တွန်း ဝင်ခဲ့၏။ ခုချိန်ထိ ဒူးနှစ်ဖက်ကို ပွေ့ပိုက်ထားဆဲ ရှိသည့် ပန်ပန် လန့်ဖျပ်ကာ ဆတ်ခနဲ တုန်သွားသည်။





"ကိုယ်ရေးကိုယ်တာ လင်မယားချင်း ကိစ္စကို မင်း အစ်မကို ပြောစရာလား ပန်ပန်"

"ဘာဖြစ်လဲ ပြောတော့၊ ကိုယ့်စိတ်ထဲရှိတာ အမှန်အတိုင်းပဲ ပြောလိုက်တာ"

"မင်းကွာ အေးပါ အခန်းထဲမှာ မင်း ဣန္ဒြေမပျက်သာ လာ နေပါ၊ မင်းကို ကိုယ် လက်ဖျားနဲ့တောင် မထိဘူး"

"ကတိပေးတာလား၊ ကလိန်ခွေခြွမ်းဆင်ပြီး ပလီပလာ ပြော နေတာလား၊ ခင်ဗျား ကြိမ်းဝါးထားတာကြီးကို ပန်ပန် ကြောက်တယ်"

"မယုံရင်လည်း လာမအိပ်နဲ့ကွာ၊ အန်ကယ့်ကို အကျိုး အကြောင်း ပြောပြပြီး ကိုယ်လည်း နိုင်ငံခြား ပြန်တော့မယ်"

"အောင်မယ် အောင်မယ် ပြောလိုက်တာ လွယ်လွယ်လေး၊ မိန်းမယူပြီး အဲလို ပစ်စလက်ခတ် လုပ်ပစ်ခဲ့လို့ ရမလား"

"ဒါတော့ မင်း နားလည်သားပဲ"

"နားမလည်လို့ ရမလား၊ ခင်ဗျားကြီး နမချင်း ကိုယ်ချင်းစာ ပေါ့၊ မိန်းကလေးဘက်က ဘယ်လောက် နစ်နာမယ်ဆိုတာ"

အဲလို မယ်မင်းကြီးမကို ဘယ်လို ဒုက္ခခံပြီး ပေါင်းသင်းရမလဲ၊ ဒယ်ဒီရေ သားအဖြစ်ကို မြင်လှည့်ပါဦးလို့ ကုန်းအော်ပြီးသာ ငိုလိုက်ချင် သည်။ မမြင်တွေ့ရသော ဒယ်ဒီကတော့ သူ့အဖြစ်ကို ဘယ်နားလည်



www.burmeseclassic.com

www.burmeseclassic.com

ပြောပြရင်လည်း မင်း အသုံးမကျလို့ပေါ့။ မိန်းမတစ်ယောက်ကို ဒီလောက်တောင် မစည်းရုံးနိုင်ဘူးလားလို့ သူ့ကိုပဲ အပြစ်ဖို့ပေလိမ့်မည်။

သက်ပြင်းရှိုက်ကာ မှုန်တေတေ ပေစောင်စောင် လုပ်နေသည့် ပန်တော်ဝင်ကို ခပ်စူးစူး စိုက်ကြည့်လိုက်သည်။

"ကိုယ့်ကို မင်း မြင်ရတွေ့ရ နည်းသွားအောင် မနက်ဖြန်ကစပြီး ကိုယ် ကုမ္ပဏီမှာ အလုပ်ဆင်းတော့မယ်၊ မင်း နေချင်သလိုနေ၊ ကြိုက်သလိုနေ ဟုတ်ပြီလား၊ ကိုယ့်ကိုတော့ လူယုတ်မာဆိုတဲ့ အတွေးနဲ့ ခင်ဗျားဆိုတဲ့ နာမ်စားကို ဖြုတ်ချပေးပါ"

သူ ဒါပဲပြောပြီး ပန်တော်ဝင်အနားက လှည့်ထွက်လာခဲ့သည်။ ညအိပ်ရာဝင်ချိန် ရောက်တော့ အခန်းထောင့် ဒရင်းဘတ်ပေါ်မှာ ခွေခွေလေး အိပ်နေတဲ့ သူ့ကို မွေ့ရာ ခုတင်ပေါ်ကနေ သူ ဘာလုပ်မလဲ မျက်လုံးပြူးကြီးနှင့် ပန်တော်ဝင် စောင့်ကြည့်နေ၏။

အချိန်ကြာလာမှ ပြူးနေတဲ့ မျက်လုံး တဖြည်းဖြည်း မှေးဆင်းလာကာ သူမ ဟန်မဆောင်နိုင်အောင် အိပ်ပျော်သွားခဲ့တာ ဖြစ်သည်။

ဘယ်လောက်ထိ အသည်းယားဖို့ကောင်းတဲ့ မိန်းမလဲ။

တစိမ့်စိမ့်ကြည့်ပြီး တစိမ့်စိမ့် ဒေါသတွေ ထွက်လာသည်။

သူက အလကားကောင်လား။



## အခန်း (၁၁)

"ဝါး ပျင်းဖို့ကောင်းလိုက်တာ၊ တစ်အိမ်လုံးမှာ နင်နဲ့ငါနဲ့ နှစ်ယောက်တည်း၊ ဂိမ်းဆော့ရအောင် မယ်တင်"

"ဟင် မယ်တင်မှ ဂိမ်းမဆော့တတ်တာ မမလေးရဲ့"

"ဒါဆိုရင် ဘောလုံးကန်မယ်၊ တစ်ယောက်တလဲ ဂိုးဖမ်းပြီး ငါးဆယ်ကြေး"

"မယ်တင်မှာ ပိုက်ဆံ မရှိဘူး မမလေးရဲ့၊ ရွာက အမေက လခ တစ်နှစ်စာ ကြိုထုတ်သွားတာ"

"မယ်တင် နင် ဘာမှ အသုံးမကျပါလားဟယ်၊ မလုပ်တတ်တာနဲ့ မရှိတာနဲ့ ကစားပွဲဆိုတာလည်း ပျင်းလို့ ကစားတယ်ဆိုပေမယ့် ကြေးပါမှ စိတ်ပျော်ရွှင် စိတ်အားထက်သန်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား မမလေးရဲ့၊ ဟိုအိမ်တုန်းက အတူတူ ဆော့ခဲ့တဲ့ သူငယ်ချင်းတွေကို ဖုန်းဆက်ခေါ်ပြီး ကစားပါလား"

မယ်တင်က သူ့ဘာက် မြားဦးမလှည့်အောင် ဝိနည်းလွတ်ရှော င်ကာ ပြောသည်။ ပန်ပန်က စမ်းသာအားရ ထခုန်လိုက်ကာ

"အေး ဟုတ်သားပဲ ခုမှ သတိရတယ်၊ သူတို့က တက္ကသိုလ်တက်နေကြပေမယ့် ကျောင်းပိတ်ထားတယ်၊ ခုလို သတိပေးတာ ခေါ်မတ်စမီကား မယ်တင်၊ ငါ ဖုန်းဆက်ကြည့်လိုက်ဦးမယ်"

သွက်လက် ရွှင်မြူးစွာ ပန်ထွာနှင့် သခ်ဆီ ပန်ပန် ဖုန်းဆက်လိုက်သည်။ သူတို့က သူငယ်တန်းမှ ဆယ်တန်းထိ အတူတူ ကစားခဲ့ကြ ကစားဖက် သူငယ်ချင်းတွေ။

ပန်ပန်က ငယ်ငယ်တုန်းက ဖျားနာ ချူချာလွန်းသူမို့ ဆယ်တန်းမှာ တစ်နေပြီး ဘယ်လိုမှ ပညာရေးကို အာရုံစိုက်လို့ မရ။ အောင် ချင်လွန်းလို့ ကြိုးစားလိုက်သည်နှင့် ဖျားနာနေလို့ စာမေးပွဲ မဖြေလိုက် ရတာနှင့် စာမေးပွဲခန်းထဲမှာ မူးမေ့လဲတာနှင့် တော်တော်လေး ပညာ ရေးမှာ အားနည်းခဲ့သည်။ ပန်ထွာနှင့် သခ်တောင် တက္ကသိုလ် ကျောင်းသူ ကျောင်းသားကြီးတွေ ဖြစ်လို့။

ဒါပေမဲ့ ကျောင်းပိတ်ရက်တိုင်း ပန်ပန်ဆီ အလည်လာကြသည်။ အိမ်မှာ သောင်းကျန်းလျှင် သောင်းကျန်း။ ဒါမှမဟုတ်လျှင် ကစားကွင်း





သွား၊ ရှော့ပင်ထွက်၊ ရုပ်ရှင်ကြည့် တစ်ခုခုတော့ အမြဲတမ်း လုပ်ဖြစ်ကြသည်။

ခုလည်း ပန်ပန် ဖုန်းဆက်လိုက်သည်နှင့် အပြေးအလွှား ရောက်အောင်လာဖို့ စိုင်းပြင်းနေကြပေလိမ့်မည်။

"ဘာတဲ့လဲ မမလေး"

ပန်ပန် ဖုန်းဆက်နေတာ အကြာကြီးမို့ မအောင့်နိုင်ဘဲ မယ်တင် မေးသည်။ ပန်ပန်က ဖုန်းခလုတ်လေး ဆတ်ခနဲ ပိတ်ပြီး ရွှတ်ခနဲ နမ်း၏။

"မိနစ် နှစ်ဆယ်အတွင်း ရောက်အောင် လာကြမယ်တဲ့၊ အတော်ပဲ အိမ်မှာက ရေကူးကန်လည်း ရှိတော့ ရေလည်းကူးမယ်၊ မယ်တင် ထမင်းဟင်းတွေရော အိမ်မှာ စားစရာရှိသမျှ အကုန်အဆင်သင့်ပြင်ထား"

"မ မမလေး ဟင်းတွေက မမယ် ညမနက်စာ ချက်သွားတာ၊ ထမင်းကတော့ ပေါင်းအိုးနဲ့ ပြန်ချက်လို့ ရပါတယ် ဟို"

"လျှာမရှည်နဲ့ ငါ ခိုင်းတာပဲလုပ်"

တစ်ချက်လွှတ် အမိန့်ပေးခဲ့ပြီး သူငယ်ချင်းတွေကို မျှော်ဆော်ယောင် လုပ်ဖို့ ခြံဝင်းတံခါးရှေ့ကို ကဆုန်ပေါက် ပြေးထွက်သွားသည်။

သခင်မ အမိန့်အတိုင်း ရှိသမျှ ထမင်းဟင်းတွေ စားပွဲနှင့်အပြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှူးခပ်။ ရေခဲသေတ္တာထဲက အသီးအနှံတွေ လှီးဖြတ်နှင့် မယ်တင် တော်တော် မောပန်းသွားသည်။

မမလေး သူငယ်ချင်းတွေ ရောက်လာတာနှင့် ဝရန်းသုန်းကား တစ်အိမ်လုံး ပြောင်းဆန်နေ၏။

ရေကူးကန်ထဲမှာ ဘောလုံးပုတ်တမ်း ကစားသလို ခြံဝင်းထဲက ဂျပန်မြက်ခင်း စိမ်းစိမ်းလေးတွေပေါ်မှာ မျက်နှာကို အဝတ်စည်းပြီး လိုက်ရိုက်ကြသည်။

ဧည့်ခန်းထဲမှာ ဆူညံ ပွက်လောရိုက်အောင် ဂိမ်းဆော့တာနှင့် အားမရတော့။ ဘောက်(စ်)သံ အကျယ်ကြီး ဖွင့်လျက် သီချင်းဆိုကြကကြသည်။

အစားအသောက်တွေ စားကြသောက်ကြတာလည်း တစ်အိမ်လုံးပေပွ ပျားပန်းခပ်နှင့် မယ်တင် ရှင်းလို့လည်း မနိုင်။ ဘဘကြီး ရှိတဲ့ ဟိုအိမ်မဟုတ်တော့ လွတ်လွတ်လပ်လပ်နှင့် ပိုတောင်ဆိုးသေး။

ညနေ သုံးနာရီခွဲလောက်မှ ရှော့ပင်ထွက်မည်ဆိုပြီး သုံးယောက်လုံး အပြင်ထွက်သွားကြသည်။ ဘဘကြီးက မမလေးအတွက် **sport** ကားလေး ဝယ်ပေးထားသည်ဆိုတော့ ရောက်ရာပေါက်ရာ လိုမ့်ပေမပေါ့။

တူမ ဆိုပေမယ့် မမြခြူးယံ အတွက်တော့ ဟိုအိမ်မှာက တည်းက ဘာကားမှလည်း ဝယ်မပေး။ ဒီနေ့လည်း အစ်ကိုလေး သျှင်မင်း





ညီ့ ကားနှင့် မမ မြခြူးယံ ကုမ္ပဏီအလုပ်ဆင်းရသည်။

ပြန်လာလျှင် ဒီအိမ်မှာ ဖြစ်ပျက်နေတဲ့ ပုံပန်းသဏ္ဍာန် မြင်ပြီး အစ်ကိုလေးရော မမ မြခြူးယံရော ဘာပြောကြမည် မသိ။ ကိုယ်လည်း ဘတ်နိုင်သလောက်တော့ ရှင်းလင်းနေတာပါပဲ၊ ဟင်းကတော့ မမြခြူးယံ ဘာမှ ကြည့်စီစဉ်ပေလိမ့်မည်။ ကိုယ်က ဟင်းကောင်းကောင်း မချက်တတ် ဘာ။ မမြခြူးယံကို ဘေးကနေ ဝိုင်းကူဖို့လောက်နှင့် သန့်ရှင်းရေးပဲ သုပ်တတ်သည်။

"တီ တီ"

ဟော ကားသံကြားတယ်။ ရီမုတ်နဲ့ ခြံတံခါးကို ဖွင့်ပြီး သူတို့ ဘာသာ ကားမောင်းဝင်လာလျက် ဧည့်ခန်းနှင့် ထမင်းစားခန်းရဲ့ ရှုခင်း သေးတွေ မြင်တွေ့ကြပေရော့မည်။

"ဟာ ဒါတွေက ဘယ်လိုဖြစ်နေတာလဲ၊ ဘောက်(စ်)ကြီး ဆွဲရော ရီမုတ်တွေရော ရှုပ်ယှက်ခတ်လို့"

"ဟဲ့ မယ်တင် အကုန်လုံး ပွစိတိုးလို့ မြင်မကောင်း ပန်ပန် ဖြားတာလား"

သျှင်မင်းညီနှင့် မြခြူးယံ အမေးကို မယ်တင် မျက်နှာလေး ပြီးသျှက် ဆောင့်ကြောင့်ထိုင်ချပစ်လိုက်ကာ

"ထမင်းစားခန်းထဲလည်း ဝင်သာကြည့်ပါတော့၊ မယ်တင်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ ဘယ်လိုမှ ရှင်းမနိုင်တော့လို့ပါ၊ လုပ်တော့ လုပ်နေတာပါပဲ၊ လူလည်း လူရုပ်နဲ့ မတူတော့ပါဘူး''

မယ်တင် စကားကြောင့် သျှင်မင်းညို ပြုံးချင်ချင် ဖြစ်သွားရသည်။ မြချိုးယံက စလင်းဘတ်အိတ်လေး ပစ်ချပြီး ထမင်းစားခန်းတွင်း တောက်လျှောက် ဝင်သွားသည်။

ပြန်ထွက်လာတော့ စိတ်ညစ်ညျုးသလို မျက်နှာလေး ပျက်ယွင်းလျက် ညှော်ခန်း ဆိုဖာခုံမှာ ဆောင့်ခနဲ မှီထိုင်ချ၏။

''ဟင်းတွေလည်း ဘာမှ မရှိတော့ဘူး၊ ရေခဲသေတ္တာထဲလည်း ဟောင်းလောင်းပေါက်၊ ပန်ပန် သူငယ်ချင်းတွေ ယာသွားတာလား မယ်တင်၊ အခု ပန်ပန် ဘယ်ရောက်သွားလဲ''

''သူငယ်ချင်းတွေရော အတူတူ ထွက်သွားကြတာပဲ မမလေး။ ဘာဝယ်စရာရှိလို့ဆိုလဲ မသိပါဘူး၊ ရေကူးကန်လည်း သန့်ရှင်းရေး လုပ်ရတော့မယ်''

''ကဲ ကဲ နင်က ညည်းမနေနဲ့တော့၊ ဟိုဘက်လမ်းက ညနေဈေးမှာ ဈေးသွားဝယ်ချည်၊ ပြန်လာမှ လုပ်စရာရှိတာလုပ်''

''ဟုတ်ကဲ့''

''ဒီလိုလုပ်ပါလား ယံယံ ဈေးဝယ်ပြီး ပြန်ချက်မနေနဲ့တော့လေ၊ ညစာတစ်ခုခု ဝယ်စားလိုက်ကြတာပေါ့ ယံယံလည်း ပင်ပန်းနေပြီဥစ္စာ''





''အမယ်လေး ပန်ပန်က အပြင်စာတွေ ဟိုတယ်စာတွေ စား...တာ မဟုတ်ဘူး၊ ဟိုဟာ ဒီဟာနဲ့ ဈေးက ခပ်များများရယ် တော်ကြာ...သနာ ရှာနေဦးမယ်''

''ဩော် ဒါကတော့ သူ့အပြစ်နဲ့သူပဲလေ၊ ချက်ထားတဲ့...င်းတွေကို ဘာလို့ စည်းကမ်းမရှိ လုပ်ပစ်လဲ၊ မယ်တင် ဈေးသွား...ယ်နဲ့၊ ဟိုတယ်ကိုပဲ ဖုန်းဆက်ပြီး ငါ မှာလိုက်မယ်''

သျှင်မင်းညို အတက်ချီကွေ့စ် ဆွဲလျက် အပေါ်ထပ်အခန်း...တ်လာခဲ့သည်။ ဟိုတယ်ကို ဟင်းသုံးလေးမျိုး ဖုန်းဆက်မှာပြီးမှ ရေမိုး... အနားယူလိုက်၏။

ညခုနစ်နာရီထိုးတဲ့အထိ ပန်ႏတော်ဝင် ပြန်မလာတော့ အောက်...ဆင်းပြီး မြချိုးယံနှင့် ထမင်းအတူတူ စားလိုက်သည်။ ပန်တော်ဝင်...ွက် ဟင်းခွဲချန်ကာ မယ်တင်ကိုလည်း ထမင်းတစ်ခါတည်း စားခိုင်း...က်သည်။

ထမင်းဝိုင်းမှာ ဆူဆူညံညံ ဂျိကျသံတွေ မကြားရတော့ တစ်ခုခု...နေသလို စားရတာ အာဟာရ မတွေ့။ အရသာမရှိ ဖြစ်နေသလိုပင်။

ငြိမ်သက်တိတ်ဆိတ်နေတဲ့ သူ့ကို မြချိုးယံက တကြည့်ကြည့်...ယ်တာ ဟင်းတွေခပ်ထည့်ပေးပြီး သက်ပြင်းချ၏။

''သူ့ကို ထမင်းစား မစောင့်လို့ ကိုညိုကို ကျိုင်ရှုံးရတော့မယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်''

''မတတ်နိုင်ဘူးလေ ထမင်းစားချိန် လွန်တဲ့အထိ ပြန်မှမလာတာ''

သူ ဒါပဲပြောပြီး ထမင်းတစ်ဝက်တစ်ပျက်နှင့် စားချင်စိတ်မရှိတော့ဘဲ ထလာခဲ့သည်။

ဘာမှန်းမသိ ရင်ထဲမှာ တင်းကျပ်နင့်သီးနေ၏။

မင်းကို ပြောချင်တဲ့ စကားလုံးတွေ စုစည်းနေရလို့ ဖြစ်မှာပါ ပန်တော်ဝင်။

■ ■ ■



## အခန်း (၁၂)

''ဘာတွေလဲ ဒါတွေက ပန်ပန်မှ မစားတာ၊ မယ်တင် အိမ်မှာ ဘာဟင်းမှ မချက်ဘူးလား''

အုပ်ဆောင်းကို လှပ်ကာ ဂလုံဂလွမ်နှင့် အသံခပ်ကျယ်ကျယ် အော်လိုက်တော့ ပန်တော်ဝင် အနား မယ်တင် ပျာပျာသလဲ ရောက်လာသည်။ ညွှန်းမှာ ကွန်ပျူတာတစ်လုံးနှင့် သျှင်မင်းညိုနှင့် မြခြူးယံလည်း အသံဗလံကြောင့် ထမင်းစားခန်းထဲ ထလာခဲ့ရသည်။

မယ်တင်က အသံတုန်တုန်လေးနှင့်

''မ မမြခြူးယံတို့ ကုမ္ပဏီက ပြန်ရောက်တော့ ဟင်းချက်ချိန်ရတာနဲ့ ဟိုတယ်က ဟင်းတွေ အစ်ကိုလေး မှာ မှာလိုက်တာပါ''

''ဘာလို့ အချိန်မရရမှာလဲ၊ အခုတောင် အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းမှာ ထိုင်နေကြသေးတာ၊ ဟိုတယ်စာတွေ အပြင်စာတွေ မစားဘူးဆိုတာ သိသိကြီးနဲ့ ငါကြောင့် ဟင်းတွေ ကုန်သွားတယ်ဆို ပညာပြလိုက်တာ နေမှာပေါ့''

''မ မဟုတ်ပါဘူး ပန်ပန်၊ မမယံ အဲလိုစိတ်မျိုး မရှိဘူးဆို ပန်ပန် သိပါတယ်၊ အခုဟာက ကို ကိုညို''

''ဟုတ်တယ် ပန်ပန် သူများတွေက အလုပ်လုပ်နေကြတာ မင်းက အိမ်မှာ အိမ်ထောင်ရှင်မကောင်း ပီသအောင် မနေဘဲ ထင်တ ကြဲထားပြီး ဘယ်သူ့ကိုမှ ရမ်းဖို့ မကြိုးစားနဲ့၊ ဒီဟင်းတွေကို ကို ဝယ်လိုက်တာ၊ အားလုံးလည်း ဒီဟင်းနဲ့ပဲ စားတာ၊ မင်းအတွက်လည ချန်ထားတယ်၊ စားနိုင်ရင်စား၊ မစားနိုင်ရင်လည်း မတတ်နိုင်ဘူး၊ အ မရှိမှ ပြန်လာပြီး လူစွာလုပ်နေတယ်''

''အိုးပါး''

ပန်ပန် အကျယ်ကြီးအော်လိုက်ကာ စားပွဲခုံကို ဒုန်းခနဲ သည်။

''ပန်ပန် ဘယ်လိုနေနေ ဘာမှမပြောဘူးဆိုပြီး အခု ဘာ လာပြောနေတာလဲ၊ ပန်ပန် အကြောင်း အိုးပါး မသိသေးပေမယ့် မ ရော မယ်တင်ရော ပန်ပန် ဘယ်လိုနေတယ်၊ ဘာကြိုက်တယ်ဆို အကုန် သိတယ်၊ အိုးပါးစကားကို နားထောင်ရမှာလား၊ ပန်ပန်အကြ





လုပ်ပေးရမှာလားဆိုတာလည်း သူတို့ သိနေရမှာပေါ့၊ သူများကို မရမ်းနဲ့ လေး ဘာလေးနဲ့ ကိုယ့်မိန်းမ ပါဝါကို ရိုက်ချိုးနေတာလား၊ ပန်ပန်က အိုးပါး မိန်းမ မဟုတ်ဘူးလား၊ မိန်းမထက် ဘယ်သူ့ကို ပိုချင်နေတာလဲ''

''ပန်ပန်''

မြခြူးယံ အထိတ်တလန့် အော်ပြီး လက်ကာတားသည်။ မြခြူးယံကို အားနာစိတ် ပန်ပန်ကို ဒေါသဖြစ်တဲ့စိတ်နှင့် သျှင်မင်းညို ရှေ့တစ်လှမ်းတိုးကာ ပန်ပန်ကို ခပ်စူးစူးကြည့်ပြီး တက်ခေါက်လိုက်သည်။

''ပန်ပန် မင်းပညာမဲ့ အသိမဲ့စကား မပြောနဲ့ ဦးနှောက်မရှိတိုင်း ကိုယ့်မှာ အပြစ်ရှိလား မရှိလား မဆန်းစစ်ဘဲ သူများကို ပုတ်ခတ်စော် ကားရသလား၊ လင်ယောက်ျား အလုပ်သွားတဲ့အချိန်လည်း အိပ်ရာက မထ၊ အိမ်မှုကိစ္စလည်း စီမံတာမျိုး မရှိ၊ အလေနတော ကလေးတစ် ယောက်လို ကစားဖို့လောက် စားဖို့လောက်ပဲ သိတယ်''

''နဂိုထဲက ပန်ပန် ဒီလိုပဲ နေခဲ့တာ၊ ခင်ဗျားကြီး ဘာမှဝေဖန် စရာ မလိုဘူး၊ ရှေ့လျှောက်လည်း ဒီအတိုင်းပဲ နေသွားမှာ ခင်ဗျား စောင့်ကြည့်''

''ဒီမှာ ပန်ပန် မင်းဘာသာ အရင်တုန်းက ဘယ်လိုပဲနေနေ အခု မင်းက အိမ်ထောင်ရှင်မ ဖြစ်နေပြီ၊ ကိုယ့်ရဲ့ ဇနီးမယား တစ်ယောက် ဖြစ်နေပြီ၊ ထိန်းသိမ်းသင့်တာ ဆင်ခြင်သင့်တာ နားလည်ရမှာပေါ့ကွ၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးလိုလို ခွေးလိုလို နေလို့ ဖြစ်တော့မလား''

''ခင်ဗျားကြီး ပန်ပန်ကို မိုက်မိုက်ရိုင်းရိုင်းတွေ မပြော

ပန်တော်ဝင်လို မိန်းမက ဘယ်သူပြောတာကိုမှ သည်းခံခဲ့တာ မဟုတ်

အုံနဲ့ကျင်းနဲ့ တိုက်ခိုက်ဖို့တော့ မစဉ်းစားနဲ့ အသက်နဲ့လဲပစ်မယ် သိလာ

ရင်ထဲရှိတာက တိုလောက်မက။ အိမ်ထဲကို လှမ်းဝင်လာ

တည်းက သျှင်မင်းညီနှင့်မမ မြခြူးယံရဲ့ မြင်ကွင်းက ရင်ထဲကို ဆူးချွန်

ထိုးသလို အနေခက်လျက် ခံရဆိုးလှသည်။

ဘာကြောင့် ဒီလို ဖြစ်သွားရသည်လဲဆိုတာ မိမိကိုယ်တိုင်လည်

မသိ။

မနက်ကလည်း ကုမ္ပဏီကို ကားတစ်စီးထဲစီးပြီး ပြုံးပြုံးပျော

ပျော်နှင့် သူမကိုတောင် နှုတ်မဆက်နိုင်ဘဲ အတူတူသွားကြတာ နေမှာ

ဆိုတဲ့ အတွေးက ဦးနှောက်ထဲ အလိုလို ဝင်ရောက်လာသည်။

ခုလည်း ကြည့်ပါဦး၊ အမြဲတမ်း သူမ အရိပ်အကဲ ကြည့်လျ

အလိုလိုက် ဦးစားပေးလာခဲ့တဲ့ မမယံက သျှင်မင်းညီ စကား နားထော

ပြီး ဘာဟင်းမှ ချက်မထားဘူးတဲ့၊ သျှင်မင်းညီကလည်း မမယံဘက်

ကာကွယ်ပြီး သူမကို အပုတ်ချ စော်ကားနေသည်။ သည်းခံသင့်သလာ

အလျှော့ပေးသင့်သလား။

လက်တံပြန်ပေါက်ကွဲပစ်လိုက်ရမှ သူမ ရင်ထဲပေါ့သွား ပေယ်





ညီ ဒါပေမဲ့ မျက်ရည်က မဖိတ်ခေါ်ရပါဘဲ ကျချင်လာသည်။ နှုတ်ခမ်း

ဒီကိုက် အံကြိတ်ထားပါလျက် အသံက တုန်ချင်နေ၏။

နှစ်ယောက်လုံးကို ဝေ့ဝဲကြည့်၍ ပေစောင်စောင် စိန်ခေါ်လိုက်

ညီ၊ နှုတ်သွက်လျှာသွက် မမယံက ခေါင်းကြီးငုံ့လို့၊ တစ်ခါမှ မမြင်ဘူး

သျှင်မင်းညီ့ ဆီက ဒေါသတွေကလည်း မျက်နှာတစ်ပြင်လုံး ရဲရဲနီလို့၊

''ဘာဖြစ်လို့လဲ ခင်ဗျားကြီးက ပန်ပန်ကို ရိုက်ချင်သေးလို့လား၊

ကြည့်လိုက်လေ လုပ်လိုက်ပါ''

တစ်လှမ်းချင်း တိုးလာပြီး သျှင်မင်းညီကို ပခုံးချင်း လာတိုက်နေ

ညီ သူမ မျက်နှာပေးနှင့် အပြုအမူကြောင့် ဒေါသတွေက ဘယ်ရောက်

မှန်းမသိ။

ရယ်ချင်ပတ်ကျိုနှင့် နောက်ဆုတ် နောက်ဆုတ်လုပ်နေရသည်။

မဲ့ နံရံကို ကျောကပ်သွားချိန်မှာတော့ သူမ အရှိန်တန့် သွားအောင်

ကိုမြှောက်၍ ရွယ်လိုက်မိသည်။

''အံမယ်လေး ဖေဖေရေ ဖေဖေ ပေးစားတဲ့ ယောကျ်ား

ကောင်းစားကြီးက ပန်ပန်ကို ရိုက်မလို့တဲ့၊ ပန်ပန်ကို မသနားတော့

သား ဖေဖေရဲ၊ ပန်ပန်ကို အနိုင်ကျင့်နေတယ် အီးဟီးဟီး ခင်ဗျားကြီး

ဖေဖေနဲ့ တိုင်ပြောမယ်၊ ဖေဖေ့ဆီ ခုသွားမယ်''

''ဟိတ် ဟိတ် ပန်ပန်''



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန် လှစ်ခနဲ ထွက်သွားတော့ သျှင်မင်းညို အထိတ်တလ
အော်လိုက်မိသည်။ မယ်တင်နှင့်မြခြူးယံလည်း မျက်လုံးအစုံ ပြူးကျယ
သွားချေ၏။

"လိုက် လိုက် မီအောင် လိုက်ချော့လိုက် ကိုညို၊ လေးလေး
တကယ် ဖုန်းဆက်ရင် မလွယ်ဘူး။ လေးလေးက သူ့သမီးမှ သူ့သမီး
ယံယံတို့ အကုန်လုံး အဆူခံထိလိမ့်မယ်"

တွန်းတွန်းထိုးထိုးနှင့် မြခြူးယံ စကားကြောင့် ပန်တော်ဝ
နောက် သျှင်မင်းညို အပြေးလိုက်ရသည်။

ပန်တော်ဝင်က တိုက်ကြီးရဲ့ ဂျပန်မြက်ခင်းစိမ်းလေးနားတော
ရောက်နေပြီ။ သူမ ကားလေးပေါ် မတက်ခင် အသံတိတ် အနားက
သွားပြီး မြက်ခင်းပေါ် ဆွဲလှဲပစ်လိုက်သည်။

"အာ လူယုတ်မာကြီး ဘာလုပ်တာလဲ ဖယ် လွှတ်"

"မလွှတ်ဘူး နေရာတကာ မင်းစိတ်ကြီးပဲ"

"ဘာဖြစ်လဲ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်"

"အဲဒီ ကလေးစိတ်တွေ ဖျောက်တော့ကွ၊ မင်းက ကိုယ့်မိန်း
ဖြစ်နေပြီ"

"အဲဒီကလေးကို ခင်ဗျား ယူထားတာလေ၊ သည်းခံပေ
အခုတော့ ခင်ဗျားက မမယံဘက်က နာပြီး လူကို ဆူလား ငေါက်





နဲ့ ဖေဖေနဲ့ တိုင်ပြောရမှ ကျေနပ်မယ်"

"ဟာကွာ မလုပ်ပါနဲ့ လူကြီးတွေ ဘာမှမဟုတ်တဲ့ စိတ်ဆင်းရဲ
လိမ့်မယ်၊ နောက်ဘာမှ မဖြစ်စေရဘူး၊ ကိုယ် ဆင်ခြင်မယ်ကွာနော်
န်လေးက လိမ္မာပါတယ်၊ ကိုယ် တောင်းပန်ပါတယ်ကွာ"

"ကဲ စကားကြီး ပြောမနေနဲ့၊ လူကိုလည်း လွှတ်ဦး၊ သူ့ကိုယ်
နဲ့ ဖိထားတာ လူက အီးထွက်ပြီး သေတော့မယ်"

"ဘီအားနယ် ဘီအားနယ် သတိလွှတ်သွားလို့ပါ"

သျှင်မင်းညို ပြောင်ချော်ချော် ပြောပြီး ဖယ်ပေးလိုက်တော့
လဲထကာ ဖုတ်ဖက်ခါ၍ ပန်တော်ဝင် မျက်စောင်းထိုးသည်။

"ခဏ ခဏ ကတိပေးတယ်၊ လူကြီးဖြစ်ပြီး ဘယ်တော့မှလည်း
တိမတည်ဘူး။ ဒီတစ်ခါ ပန်ပန်ဘာသာ ဘယ်လိုနေနေ ခင်ဗျား
ဘာမှပြောစရာ မလိုဘူး၊ မမယံနဲ့ မယ်တင်ကို ပန်ပန် ဘာပြောပြော
င်ဗျား ဝင်မပါနဲ့၊ ပန်တော်ဝင်က အောက်ခြေလူတန်းစား မဟုတ်ဘူး၊
ဘုံပေါ်မှာ စံနေတဲ့ ရွှေမင်းသမီး ပန်တော်ဝင်ရဲ့ အမိန့်ကို ဘယ်သူမှ
န်ဆန်လို့ မရဘူး သိလား"

ထိုစကား အစအဆုံး ကြားလိုက်ရတဲ့ မြခြူးယံ ရင်ထဲ တင်း
နဲ့ ဖြစ်ကာ စူးအောင့်သွားသည်။

ကျေးဇူးတရားကို ဝတ္တရားကျေအောင် ပေးဆပ်နေသူကိုမှ



www.burmeseclassic.com

www.burmeseclassic.com





ပန်တော်ဝင်ရဲ့ အမိန့်ကို ဘယ်သူမှ လွန်ဆန်လို့ မရဘူးဆိုတဲ့ အထဲမှာ မြခြူးယံကို ထည့်ပြောလိုက်ပြီဆိုတော့ အမျိုးအနွယ် သွေးသား သံယောဇဉ်ကြိုးတွေ မြောင်းထဲ လွှင့်ပစ်လိုက်ပြီပေါ့။

ဒါဆိုရင်. ။

■ ■ ■

အခန်း (၁၃)

"ဒါဆိုရင် နင့်ယောက်ျားကြီးကို နင် မချစ်ဘူးပေါ့"

"တစ်ခါမှ မမြင်ဘူးတဲ့ ယောက်ျားကို လက်ထပ်ပြီးပြီးချင်း အလောသုံးဆယ် ချစ်စရာလားဟဲ့၊ နောက်ကြာမှဆို တော်သေး"

"ဒါပေမဲ့ မင်္ဂလာဆောင်တုန်းက နင့်မျက်နှာကြီးက ပြုံးဖြီး နေပါ"

"အေးလေ ဣန္ဒြေကြီးတစ်ခွဲသားနဲ့ ငါတို့ကိုတောင် သူ့ ယောက်ျားကြီးနဲ့ အရေးတယူ မိတ်ဆက်မပေးဘူး"

ပန်ထွာ စကားကို သခ် မကျေမနပ် ထောက်ခံသည်။ ပန်ပန်က ဘူကြီးဟန်ပန် စတိုင်နှင့် မျက်နှာလေးကို မော့မော့လေး ထားပြီး

"ဒါကတော့ ဖေဖေ့စိတ်တိုင်းကျ ဖေဖေ့ဆန္ဒအရ ဖေဖေ့စကား



www.burmeseclassic.com

www.burmeseclassic.com



ကို နာခံပြီး အလျှင်းသင့်သလို နေနေရတာပေါ့၊ အဲဒီ အချိန်ကာ အဲဒ် လူကြီးက ငါ့ကို အလိုလိုက်နားလည်ပေးပြီး ငါနဲ့လည်း အတူတူ ကစား ပေးမယ်၊ ဂရုလည်း စိုက်တယ်၊ အခုမှသာ သူ့အချိုးက''

''ဟင် ရတာတောင် မကြာသေးဘူး အချိုးတွေ ပြောင်းနေပြီ လား။ ဘယ်ကောင်မလေးနဲ့ ရှုပ်ပွေနေလဲ၊ အရက်သောက်ပြီလား ဖဲရိုက်နေတာလား၊ KTV တွေ မာဆတ်တွေသွားပြီး နိုက်ကလပ်တွေ လည်း တက်နေတယ်ပေါ့''

သဉ္ဇာက ယောကျ်ားလေးဆိုတော့ ရှုးရှူးရှားရှား ဝင်ပြောသည်။ ပန်ထွာက သဉ္ဇာကို လက်ကုတ်သတိပေး၏။

မစ်ရှိုတ်ခွက်ကလေးကို ဆောင့်ခနဲချပြီး ပန်တော်ဝင် မျက်နှာ လေးက ရှုံ့ရှုံ့မဲ့မဲ့။

''အာ အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး၊ ဟိုနေ့က တခြားကိစ္စ တစ်ခုနဲ့ စကားများတာ၊ ငါ ကောပစ်လိုက်တာပေါ့။ ဘယ်ရမလဲ၊ တစ်ခါ တည်း အပိုးကျိုးပြီး ငိုင်ကျသွားတာပဲ''

သဉ္ဇာနှင့်ပန်ထွာ သူတို့နှစ်ယောက် လာတဲ့နေ့က ပြဿနာ ဖြစ်တာလို့ မပြောဘဲ လမ်းကြောင်းပြောင်း ပြောလိုက်သည်၊ သူတို့ကြောင့် ပါလို့ ပြောလိုက်မိလျှင် နောက်တစ်ခါ မလာဘဲနေမှ ပန်ပန် ကစားဖော် မရှိဘဲ နေတော့မှာပေါ့။





ပန်ထွာနှင့်သဉ္ဇာတို့ကလည်း မျိုးရိုးကြီး ဂုဏ်သိက္ခာရှိတဲ့ အသိုက် အဝန်းကမို့ အပြစ်ပြောတာ ခံမှာမဟုတ်၊ ပြီးတော့ သူတို့က တက္ကသိုလ် တက်နေကြတဲ့ အဆင့်အတန်းရှိသူတွေ။ ပန်ပန်ကို ခင်လို့ အချိန်ပေးပြီး လာနေကြတာ။ ပန်ပန် သူတို့ စိတ်ဆိုးမယ့် အဖြစ်မျိုးတော့ အဖြစ်မခံနိုင်။

''ဟဲ့ sunday ကျရင် ငါ့အိမ် လာခဲ့ကြဦးနော်၊ ဟိုနေ့ကလို ဒါတို့ဆော့ကြမယ်''

''အဲဒီနေ့က နင့်လူကြီး ကုမ္ပဏီပိတ်တယ် မဟုတ်လား၊ ငါက အိမ်မှာမရှိဘူး သဉ္ဇာက ယောကျ်ားလေးဆိုတော့ နင့်လူကြီး နာဝဲနေဦးမယ်''

''မိုင်နာတွေပါ ငါ ပိုင်ပါတယ်ဟာ၊ အားလုံး မီးသေပြီးသားပါ၊ ပန်တော်ဝင်ကို ဘယ်သူ မော်ကြည့်ရဲမှာလဲ''

''ဟင် နင့်ယောကျ်ားက နင့်ထက် အသက်ကြီးတယ်ဆို အဲလို အရှိအသေတန်ဖို့တော့ မကောင်းဘူး ထင်တယ်နော်''

သဉ္ဇာက ယောကျ်ားချင်းဆိုတော့ သျှင်မင်းညိုဘက်က ဝင်နာ ပေး၏။ ပန်တော်ဝင်က မဲ့မဲ့လေး ပြုံးလိုက်သည်။

''ဟွန်း နင်က ငါ့သူငယ်ချင်းပါ သဉ္ဇာရယ်၊ နာခြင်းနာ ငါ့ဘက်က နာပေးရမှာပေါ့၊ သျှင်မင်းညိုက နင့်ယောက်ဖမို့လား''

''ဟ ငါက အဲသလိုမျိုး နာပေးနေတာ မဟုတ်ဘူး၊ ယောကျ်ား ဆိုတာမျိုးက မိန်းမဆိုးဆိုး ရရင် အပြင်မှာ အပျော်ရှာတတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သည်းမခံနိုင်လို့ ကွဲကြကွာကြဆိုလည်း မိန်းကလေးဖြစ်တဲ့ နင်ပဲ နစ်နာမှာ၊ တကယ်တမ်းက တို့အရွယ်တွေဆိုတာ ရင့်ကျက် တည်ငြိမ်သင့်နေပြီ၊ နင် ဆယ်တန်း မအောင်ခဲ့လို့ ငါတို့က နင့်ကို သနားပြီး လာကစားပေး နေကြတာ၊ နင် စိတ်ပျော်ရွှင်အောင် လိုက်လျောနေကြတာ၊ ရောနှောပြီး အပြစ်မြင်ခံရရင် ငါတို့ ဘယ်ကောင်းမလဲဟ''

''သြော် နင်က ဒီစကားပြောပြီပေါ့၊ ငါ့ကို မေ့ထားလိုက်ကြတော့မယ် ဆိုတဲ့ သဘောလား၊ ရတယ် နင်တို့ မလာချင်လည်း နေပေါ့၊ ငါကတော့ ငါ့စိတ်က ငါ့ကိုယ်အတိုင်း နေချင်သလိုနေမှာပဲ''

ပန်တော်ဝင် သားရေပျော့အိတ်ရှုံ့လေးကို စလွယ်သိုင်းလွယ်ပြီး ဖြုန်းခနဲ ထရပ်သည်။

ပန်ထွာက ပျာပျာသလဲ ဆွဲထိုင်ခိုင်း၏။

''ဟယ် ပန်ပန်ရယ် သူငယ်ချင်းတွေ အဲလို သွေးမကွဲပါနဲ့၊ ထိုင်ပါဦး သခ်က နင့်အတွက် ပြောတာပါ၊ ငါတို့က နင့်ကို ခင်ပါတယ်ဟယ်၊ နင်ချိန်းတဲ့နေ့ကိုလည်း လာဖြစ်အောင် လာမှာပါ၊ ဒါပေမဲ့ နင့်လူကြီးနဲ့ မမယ်က အကြီးတွေလေ၊ သူတို့ပြောတာ ငါတို့ သည်းခံနိုင်တယ်၊ နင်က မခံချင်လို့ ဝရုန်းသုန်းကား ပွဲထကြမ်းရင် ငါတို့ ဘယ်ကောင်းမလဲ''

''အဲဒီကိစ္စ ငါပိုင်တယ်လို့ ပြောပြီးပြီပဲ၊ ဟိုအိမ်မှာတုန်းကတောင်





မမယ် ဘာပြောရဲလို့လဲ၊ ဖေဖေ့ရှေ့မှာ မျက်နှာလို မျက်နှာရနဲ့ နင်တို့ကို တောင် အစာမျိုးစုံ လုပ်ကျွေးသေးတာပဲ၊ ဘိုးတော်ကို ပါးစပ်ပိတ်အောင် လုပ်ထားတယ်၊ အားလုံး တာဝန်ယူတယ်ဟာ၊ နင်တို့ မလာရင် ငါပျင်းလို့ သေလိမ့်မယ်''

''အေးပါ နင်ကလေ နင့်အိမ်က လူတွေတင် ဗိုလ်ကျတာ မဟုတ်ဘူး၊ ငါတို့ သူငယ်ချင်းတွေကိုလည်း အနိုင်ကျင့်တာပဲနော်၊ နင့် ဓာတ် နင်နိုင်အောင်က၊ နင့်ပြဿနာ နင်ရှင်း၊ ငါတို့က ကဲပြီဆိုလည်း နောက်ဆံမတင်းဘူး၊ ပွဲသိမ်းပဲ''

''စိန်လိုက်စမ်း အိုကေ''

လက်ဝါးခြင်း ရိုက်၍ နဂိုအတိုင်း ပုံမှန်ပြန်ဖြစ်သွားကြသည်။ ပြီးခဲ့သော ပြဿနာအတွက် အသစ်က ပြန်စချင်နေသော ပန်တော်ဝင်က ဘယ်သူ ဘာပြောမလဲ၊ ဘာဖြစ်ဦးမလဲ သွေးတိုးစမ်းချင်နေသည်။

သျှင်မင်းညို စကား နားထောင်ပြီး သူမကို ဂရုစိုက်မှု လျော့ပါး သွားတဲ့ မမယ်ကိုလည်း မကျေနပ်၊ အနာပေါ် တုတ်ကျသွားသလို မမယ်ဘက်က ဆတ်ဆတ်ခါ နာပြီး သူမကို ပိုးစိုးပက်စက် ပြောရက်ခဲ့တဲ့ သျှင်မင်းညိုကိုလည်း မကျေနပ်။

ထိုနေ့က သူမ အိပ်မပျော်နိုင်အောင် ခံစားခဲ့ရသည်။ နောက်နေ့ သူမ အိပ်ရာနိုးတဲ့အချိန်မှာလည်း သျှင်မင်းညိုရော မမယ်ရော အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့။ ဘရိတ်ဖတ် အတူတူစားပြီး ကုမ္ပဏီသွားကြဖို့တဲ့။

မယ်တင်က ဘုမသိဘမသိ။ အစ်ကိုလေး မောင်းတဲ့ ကားပေါ်
မှာ ဘေးကနေ ထိုင်လိုက်ပြီး ပြုံးပျော်နေတဲ့ မမယ်ကို အရမ်း ချစ်လို့
တာတဲ့။ အရင်တုန်းက မမယ်ဆီမှာ ဒီလိုအပြုံးမျိုး တစ်ခါမှ မတွေ့
ဘူးဆိုဘဲ။

အမြဲတမ်း စေ့ပိတ်ထားတဲ့ နှုတ်ခမ်းပါးက အပြုံးဆိုတာ မြင်
တာ အမှန်။ တည်တင်း အေးစက်စွာနဲ့ လုပ်စရာရှိတာတွေကို ဝတ္တ
ကျေအောင် တာဝန်ကျေအောင် အကုန်လုပ်သည်။

ပန်ပန်အပေါ်လည်း ညီမသွေးသားဆိုတဲ့ စိတ်နဲ့ အလိုလို
အချစ်ပို သံယောဇဉ်ရှိချင်မှလည်း ရှိမှာပါ။ ဖေဖေ့ ကျေးဇူးတွေကြော
အနစ်နာခံနေခဲ့တာပဲ ဖြစ်လိမ့်မည်။ တကယ်တမ်းသာ ထိုအတိုင်း ဖြစ်
ပါက ပန်ပန်ကလည်း အရေးမစိုက်တော့ဖို့ ဆုံးဖြတ်လိုက်သည်။

sunday ကျရင် ဘယ်လိုအချိုးမျိုး လာမလဲ စောင့်ကြည့်
သေးတာပေါ့။

ပန်တော်ဝင် ဘယ်သူ့မှ ခွင့်လွှတ်မှာ မဟုတ်။

■ ■ ■



## အခန်း (၁၄)

စိတ်ထဲမှာ တေးထားသည့်အတိုင်း sunday နေ့လေးကို ရောက်လာသည့် အခါမှာတော့ အိပ်ရာစောစောထပြီး သျှင်မင်းညိုနှင့် မမယ် စားသောက်နေသည့် ဘရိတ်ဖတ်ဝိုင်းမှာ ဟိုဟာ ဒီဟာ ချေးများပြလိုက်သည်။

သူငယ်ချင်းတွေလာရင် အစားအသောက်မျိုးစုံ လုပ်ပေးဖို့လည်း ဂျီကျလိုက်၏။ သဘောကောင်းစွာနှင့် သျှင်မင်းညိုကလည်း ဘာမှမပြော။ မမယ်ကလည်း ခေါင်းတညိတ်ညိတ်နှင့် ဆင်ခြေမပေး။ မယ်တင်လည်း ပျာယာခတ်နေသည်။

ပြီးတော့ သျှင်မင်းညိုက အပေါ်ထပ် တက်သွားပြီး အခန်းတံခါးပိတ်၍ စာရင်းတွေ လုပ်နေသလို မမယ်နှင့်မယ်တင်လည်း ဈေးသွား ချက်ပြုတ် အသီးအနှံတွေ လှီးသင်စိတ်ခွဲနှင့် အလုပ်ရှုပ်နေကြသည်။

www.burmeseclassic.com



ပန်ပန်က ဘယ်သူ့ကိုမှ ဂရုမစိုက်။ သူငယ်ချင်းတွေ ရောက်လာ
သည်နှင့် ကစားနည်းမျိုးစုံနှင့် ဆူညံပွက်လောရိုက်နေသည်။ ဘောက်
တွေရွှေ့ပြီး အသံကုန်ဖွင့်၍ အော်ဟစ် သီချင်းဆိုတာတွေကလည်း
နားမခံသာအောင် လုပ်သည်။ မောလာလျှင် အစား အသောက်တွေ
ဖျော်ရည်တွေသောက်၊ ကော်ဖီတွေသောက် ထင်တိုင်းကျဲပစ်လိုက်
ညခုနစ်နာရီလောက်အထိ မရပ်မနား ဖြစ်နေချိန်မှာတော့
သျှင်မင်းညို ကားနှင့် အပြင်ထွက်သွားသည်။
မမယံကို ကြည့်လိုက်တော့ ခြံဝင်းထောင့်က စံပယ်ခြုံလေး
ဘေးမှာ စာအုပ်တစ်အုပ်နှင့် ငြိမ့်ညောင်းသာယာနေ၏။
နားမခံသာလို့ တစ်ယောက် တစ်မျိုးစီ ဆန္ဒပြနေကြတာလား
"ဘာလုပ်နေတာလဲ မမယံ"
"ဟင် ပန် ပန်ပန်လေး ဘာခိုင်းချင်လို့လဲ၊ မမယံ ဘာလု
ပေးရမလဲ"
"ဘာမှ လိုလို့မဟုတ်ဘူး၊ သူငယ်ချင်းတွေလည်း ပြန်သွားပြီ
မမယံက ဒီနားမှာ ထိုင်ပြီး ပန်ပန်တို့ကို နားမခံသာလို့ ဆန္ဒပြ နေတာ
လား"
"မဟုတ်ပါဘူးကွယ် ပန်ပန်တို့အိမ်ပဲ ပန်ပန် နေချင်သလိုနေ
ရပါတယ်၊ မမယံက အလုပ်လည်းပြီးလို့ ဒီနားမှာ လာထိုင်နေတာပါ





"ပြီးရော ဟိုလူကရော ဘယ်သွားတာလဲ"
"မသိဘူး ပန်မန်၊ မမယံ ဒီနားရောက်နေတော့ ဘာမှပြော
သွားဘူး မယ်တင်ကိုများ ပြောသွားသေးလား မသိဘူး၊ မေးကြည့်
ပါလား ဟို မမယံ မေးပေးရမလားဟင်"
"နေပါစေ ပန်ပန်ပဲ မေးလိုက်မယ်"
မမယံနားက ထွက်လာပြီး သန့်ရှင်းရေးလုပ်နေတဲ့ မယ်တင်
အနားကို ရောက်တော့ ခေါင်းကို ဒေါက်ခနဲ ခေါက်လိုက်ကာ
"ဘိုးတော် နင့်ကို ဘာပြောသွားလဲ"
"အားလာလာ ဘယ် ဘယ်ဘိုးတော်လဲ မမလေး"
"ဘယ်သူရှိရမလဲဟဲ့ သျှင်မင်းညိုဆိုတဲ့ ဟိုလူကြီးကို ပြော
တာပေါ့"
"မ မသိဘူး မမလေး ဘာမှပြောမသွားဘူး မျက်နှာကြီး
သုန်သုန်မှုန်မှုန်နဲ့ ကားကို ဝူးခနဲ မောင်းထွက်သွားတာပဲ"
"ဒီလူ ငါ့ကို အကြောနဲ့ ပညာပြသွားတာ၊ ပြန်လာရင် ငါနဲ့
တွေ့မယ်"
"မမလေးရယ် အစ်ကိုလေးက အဲလိုတော့ ဟုတ်မယ် မထင်ပါ
ဘူး၊ မနက်က ခေါင်းတွေကိုက်နေလို့ ဆေးသောက်ပြီး အိပ် ရရင်မှ
ဖြစ်မယ်လို့ မမယံကို အစ်ကိုလေး ပြောနေသံ ကြားတယ်၊ အဲဒါ မမ



www.burmeseclassic.com

www.burmeseclassic.com



လေးတို့ အသံဗလံတွေကြောင့် အိပ်မရလို့ တခြားမှာသွားပြီး အနာ ယူတာ ဖြစ်ပါလိမ့်မယ်''

''တော်ပါ ငါ့ကိုလာပြီး လျှာရှည်မနေနဲ့၊ နင် လုပ်စရာရှိတာ လုပ်''

မယ်တင်ကို အကြောင်းမဲ့သက်သက် မာန်မဲခဲ့ပြီး အပေါ်ထပ် တက်လာခဲ့သည်။ သူမ ရေမိုးချိုး စားသောက်ပြီးတဲ့အချိန်ထိ သျှင်မင်းညို ရောက်မလာ။

အခန်းထဲမှာ တီဗွီထိုင်ကြည့်ပြီး သူမ အိပ်ငိုက်လာသည့်မို့ ဆိုဖာခုံလေးမှာ ကွေးကွေးလေး လှဲနေလိုက်သည်။

''ပန်တော်ဝင်''

''ဟင် ခင်ဗျား ပြန်လာပြီလား၊ ဘယ်ချိန်ရှိနေပြီလဲ''

အရက်နံ့က နှာခေါင်းဝမှာ ရှူးခနဲ တိုးဝင်လာသည့်မို့ သူမ ဖြုန်းခနဲ ငုတ်တုတ်ထထိုင်လိုက်သည်။ ယိုင်ထိုးလဲပြိုကျနေတာ မဟုတ် ပေမယ့် ပြင်းရှရှ ရနံ့နှင့် ရီဝေမှေးဆင်းနေသော မျက်လုံးများကြောင့် အရက်သောက်ထားမှန်းတော့ သိသာနေသည်။ သျှင်မင်းညို သူမအနား ဖွေ့ခနဲ ဝင်ထိုင်လေ၏။

''ခင် ခင်ဗျား အရက်တွေ သောက်ထားပြီး ပန်ပန် အနား လာမထိုင်နဲ့ သွား''





''အရက် မဟုတ်ပါဘူးကွာ၊ ဘီယာသောက်တာပါ၊ မင်းက ဖြစ်တာလဲ၊ မင်းကျတော့ လုပ်ချင်ရာ လုပ်တယ်၊ ကိုယ့်ကိုတော့ ဖြစ်တင်မလို့လား၊ မင်း တရားမျှတဖို့တော့ လိုနေပြီနော်''

''အောင်မာ ခင်ဗျားက ဘာတွေကို နာနာကျင်ကျင် ခံစားနေရ ပြီး ပေးလိုက်တဲ့ ကတိတွေကတော့ နောက်မပြောတော့ပါဘူး၊ နောက် ဆိုတော့ပါဘူးနဲ့၊ ဒီနေ့ကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ပန်ပန်ကို မကျေ နေတာ မဟုတ်လား''

''ကျေနပ်စရာရော ရှိလို့လား၊ နေကုန်နေခမ်း ဝုန်းဒိုင်းကျဲ တယ်၊ ယောက်ျား အလုပ်နားရက်လေးမှာ အေးအေးဆေးဆေး အနား ယူပါစေဆိုတဲ့ ဆန္ဒမရှိဘူး၊ ကိုယ့်ယောက်ျား မျက်နှာမကောင်းလည်း ကောင်းလား မကောင်းလား မေးဖော်မရဘူး၊ မင်းက ကိုယ့်အတွက် ဘယ်နေရာမှာ အသုံးကျတဲ့ မိန်းမလဲ ပြောပါဦး''

ပန်ပန် ဆတ်ဆတ်ခါသွားသည်။ ဖြုန်းခနဲ ထရပ်ကာ သျှင်မင်း ညို မျက်လုံးထဲကို တည့်တည့် စူးစူးကြည့်ကာ ခါးထောက်လိုက်၏။

''ခင်ဗျား စကားပြောတိုင်း အလွတ်ကြီး ကန်ကန်ပစ်တယ်နော်၊ ဆိုနေ့ကလည်း ပညာမဲ့လေး ဦးနှောက်မဲ့လေးနဲ့၊ အခုလည်း ခင်ဗျား အတွက် အသုံးမကျဘူးတဲ့လား ခင်ဗျား နေမကောင်းဘူးဆိုတာ ရော ဘယ်သူ အပြုစု ခံချင်နေလို့ ဘယ်သူ့ကို ပြောပြတယ် ဆိုတာ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဆန်းစစ်မိရဲ့လား''

''ဘာကွ''

''ဟုတ်တယ်လေ ခင်ဗျား ခေါင်းကိုက်တာ ဖင်ကိုက်တာ မမ ကိုပဲ ပြောတာ မဟုတ်ဘူးလား၊ ပန်ပန်ကို ပြောမိလို့လား''

''မင်းကို ပြောတော့ရော မင်းက ဂရုစိုက်မှာမို့လား၊ မင်းသူငယ် ချင်းတွေနဲ့ လုံးထွေးနေတာ ကြားဝင်ချိန်တောင် မရှိဘူး''

''အဲဒါကြောင့် ရွံ့ပြီး အရက်သောက်တာပေါ့''

''ဟုတ်တယ် စိတ်ညစ်လို့ လက်မထပ်ခင်ကတည်းက မင် အကြောင်းတွေ ကြားသိနေရက်နဲ့ ငါ ဘာကြောင့် လက်ထပ်ခဲ့လဲ စဉ်းစ မရတော့ဘူး''

''နောင်တရနေပြီဆိုလည်း အချိန်မရွေးပဲ ဦးသျှင်မင်းညီ အချစ်မပါတဲ့ အိမ်ထောင်ရေးက ဒီအတိုင်းပဲ ရှေ့ဆက်သွားနေမှာ၊ အချိ မဖြုန်းဘဲ ရပ်တန်းက ရပ်လိုက်ကြတာပေါ့''

''ဘာ''

သူ့ ဘာသံ မဆုံးခင် ဆတ်ခနဲ လှည့်ထွက်သွားကာ ခုတင်ပေ မှာ စောင်ခေါင်းမြီးခြုံ၍ ငြိမ်သက်နေသည်။

ဖြုန်းခနဲ သူမအနား ရောက်သွားကာ စောင်ကို ဆွဲလှပ်လိုက် သည်။ သူမက ခပ်တင်းတင်း ပြန်ဆုပ်ဆွဲထား၏။





''ဘာဖြစ်နေတာလဲ ကိုယ့်ဘာသာ အေးအေးဆေးဆေးနေ''

''မနေနိုင်ဘူး မင်းပြောတဲ့ စကားကို ကိုယ် ပြန်ချေပရမှ မယ်၊ မင်းကို လက်ထပ်မိတာ နောင်တရတယ်လို့ ကိုယ် ပြော သို့လား၊ ကိုယ်နဲ့မင်းက မိဘတွေ မသေခင်မှာ မိဘတွေကို စိတ်ချမ်း အောင် ကျေးဇူးဆပ်ချင်လို့ လက်ထပ်လိုက်ကြတာ မှန်တယ်၊ ဒါပေမဲ့ မိထောင်ရေးတစ်ခု တည်ဆောက်ပြီးရင် အလွယ်တကူ ပျက်စီးခံလို့ မလားကွ၊ အဲသလိုပဲ အဲဒီ အိမ်ထောင်ရေး ခိုင်မြဲအောင် သာယာ ထွေးမှုရှိအောင် မင်းရော ကိုယ်ရော တာဝန်ရှိတယ် သိလား''

''မသိဘူး မသိချင်ဘူး သိအောင်လည်း ဘယ်တော့မှ မလုပ် အဲဒါ ခင်ဗျား မြဲမြဲမှတ်ထား၊ ပန်ပန် နေချင်သလို နေလို့ ခင်ဗျား ည်း နေချင်သလိုနေမယ်ဆိုရင် ခင်ဗျား သဘော၊ ပန်ပန် ဘာမှ သိတ်ပင်ဘူး မတားဆီးဘူး ရှင်းလား''

စောင်ခြုံထဲက သူမ ပြောချင်ရာတွေ ပြောသည်။ ခေါင်းက စောင်စကို ဆွဲလှပ်မရတော့ ခြေဖျားက စောင်စကို ဆွဲလှပ်ကာ စောင်ခြုံ ထဲကို မချင့်မရဲစိတ်နှင့် ပစ်ဝင်လိုက်သည်။ သူမ ဂူးဂူးဝါးဝါး အော်ကာ ကို ကုတ်ဖဲ့ထုရိုက်နေ၏။

''လူယုတ်မာကြီး ဘာလုပ်တာလဲ ဖယ်လေ ခင်ဗျားကြီးနော်''

''အေး ကိုယ့်ကို လူယုတ်မာလို့ ပြောတာ၊ ခင်ဗျားကြီးလို့

www.burmeseclassic.com

www.burmeseclassic.com



အော်နေတာ ဘာဖြစ်လို့ ဖယ်ရမှာလဲ၊ မင်းခေါ်တဲ့ နာမ်စားအတိုင်း

ဖြစ်အောင် လုပ်မယ်"

"ဟိတ်လူ"

အော်နေတဲ့ ပါးစပ်ကလေး တိခနဲ ပိတ်ကျသွားအောင်

ဖိကပ်၍ နမ်းပစ်လိုက်သည်။

စောင်ရော သူရော သူမရော လုံးထွေးရစ်ပတ်နေ၏။

"မင်းခေါ်သံ မပြင်ရင် ဒီအတိုင်း တစ်ညလုံးပဲ ပန်ပန်"

သူ စိန်ခေါ်လိုက်တော့ ခေါင်းလေးကို ဟိုတိမ်း ဒီယ

အင်အားသုံး ရုန်းကန်ရင်းက ငိုသံပါကြီးနှင့်

"အိုးပါး အိုးပါးလို့ ခေါ်နေတယ် ဖယ်ပေးတော့"

"အေး စိတ်ဆိုး စိတ်ကောက်တဲ့ အချိန်မှာရော အဲဒီအတိုင်း

ခေါ်မှာလား ပြော၊ မခေါ်ဘူးဆိုရင်တော့"

"ခေါ်မယ် ခေါ်မယ် မြန်မြန်ဖယ်ပါတော့ ဒီမှာ မွန်းနေ

အသက်ရှူလို့ မဝတော့ဘူး အိုးပါး"

အသံစူးစူးလေးနှင့် အော်လိုက်တော့ စောင်တွေနှင့်အတူ

သေးကို လိမ့်ချလိုက်သည်။

အပေးအယူမျှတဲ့ နူးညံ့နွေးထွေးသော ရင်ခုန်သံတွေ မဟုတ်

ပေမယ့် ဝုန်းဒိုင်းကျဲ ပေါက်ကွဲထွက်တော့မယ့် အကြမ်းပတမ်း ရင်ခုန်





တွေကတော့ ရင်နှင့်မဆံ့တော့ချေ။

ရှိုက်သံတွေ ရပ်တန့်သွားတဲ့အထိ သူ ဘာမှမလုပ်တော့ဘဲ သူမ မျက်နှာလေးကို ဘေးစောင်းလေး ငေးမော၍ ကြည့်နေမိသည်။ သူမကလည်း သူ့မျက်နှာကို မျက်ရည်တွေနှင့် စူးငေးငေးလေး ပြူးကြည့်နေရင်းက တဖြည်းဖြည်း မျက်လုံးလေး မှေးစင်းလျက် အိပ်ပျော်သွားခဲ့တာ ဖြစ်သည်။

ဒရင်းဘတ်ပေါ် ဆင်းအိပ်လို့ သူ့ကို ပြောဖို့ မေ့သွားခဲ့သည်ထင်၏။ အိပ်ပျော်နေသော သူမ ကိုယ်လေးကို ခပ်ဖွဖွ ထွေးဖက်ကာ သူလည်း မေ့ချင်ယောင်ဆောင်၍ ခုတင်ပေါ်မှာပဲ အိပ်လိုက်သည်။

ငြိမ်ငြိမ်သက်သက် တိတ်ဆိတ်စွာ အိပ်ပျော်နေတဲ့ အချိန်လေးမှာတော့ မင်းက အရမ်းချစ်စရာကောင်းပါတယ် ပန်တော်ဝင်။

အဲဒီ အချိန်လေးကိုပဲ ..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟင်"

ကိုယ်ခန္ဓာပေါ်မှာ လေးပင်သော အရာတစ်ခု စီးစီးပိုးပိုး ရှိနေသည့် အဖြစ်ကြောင့် သူမ မျက်လုံးဖျတ်ခနဲ ပွင့်လာသည်။ သျှင်မင်း ညို့ လက်မောင်းကြီးကို သူမ ခေါင်းအုံးအိပ်နေမိကာ သူ့လက် တစ်ဖက် က သူမ ကိုယ်ပေါ် သိုင်းဖက်ထားသည်။ သူမ ခြေထောက် တစ်ဖက် ကလည်း ဖက်လုံးကြီးသဖွယ် သူ့ကိုယ်ပေါ်မှာ ခွလို့။

ရုက်လန့်တုန်လှုပ်သွားကာ မျက်လုံးကို ဖျတ်ခနဲ ပြန်မှိတ်ချ လိုက်မိသည်။

သူမ ဘယ်အချိန်တုန်းက အိပ်ပျော်သွားခဲ့တာလဲ။

သူကရော ဘယ်အချိန်ကတည်းက သူမဘေးမှာ လာအိပ် နေခဲ့တာလဲ။





ဩော် ညတုန်းက သူ့ရဲ့ အကြမ်းဖက်မှုကြောင့် ငိုရှိုက်နေမိရင်း ချက်နဲ့ ခပ်စူးစူးနှင့် သူ့ကိုယ်သင်းနံ့ရောပြွမ်းနေသော ထူးခြားသော နံ့တစ်ခု ရှူရှိုက်မိသည့်မို့ သူ့မျက်နှာကို မော့မော့လေး ငေးကြည့်ရင်း အိပ်ပျော်သွားခဲ့တာ ဖြစ်ပေလိမ့်မည်။

ဒါဆိုရင် သူကရော အဲဒီအချိန်ကတည်းက သူမ အနားမှာ ဆက်မတွေးရဲ။ သူမကို ငေးကြည့်နေခဲ့သလား။ နမ်းနေခဲ့သလား။

လိုက်ခနဲ ရင်ခုန်သွားမိတာတော့ အမှန်ပင်။ ဘာကြောင့် ခံစားမှုက ရင်ထဲမှာ လှုပ်လှုပ်ခပ်ခပ် ဖြစ်သွားရတာလဲ။ အချစ်မပါ တဲ့ လူရမ်းကားရဲ့ အပြုအမူကို သူမ ဒီလို မဖြစ်သင့်ဘူး ထင်သည်။ ကြွယ်ချင်စိတ်နှင့် လွန့်လွန့်လေး ရုန်းလိုက်မိ၏။ အင်းခနဲ ညည်းညူမှု ဘာ တိုးဖက်ခြင်း ခံလိုက်ရသည်။

တွန်းထိုးရုန်းကန်ပြီး ထွက်လာဖို့ စဉ်းစားလိုက်သေးသော်လည်း သက်ရှူသံ ရပ်သွားလောက်တဲ့အထိ ငြိမ်ငြိမ်လေး နေလိုက်မိတာ ဘာကြောင့်မှန်း မသိ။

သူ့ရင်ခွင်ထဲ ရောက်နေရခြင်းက နွေးထွေး ရှိန်းမြလို့ကိုမို ခဲ့သလိုပင်။ ခန်းစီးစလေးမှ တစ်ဆင့် အိပ်ခန်းထဲကို နေရောင်ခြည် သား လင်းလက်လာတဲ့ အချိန်ထိ သူမ ထိုအတိုင်း မျက်လုံးလေး ဖွင့်ရဲခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ သူ့ဘက်က လှုပ်လှုပ်ရှရှ အခြေအနေလေးကြော
ပို၍ ငြိမ်သက်နေလိုက်မိသည်။ သူမ ကိုယ်ပေါ်မှာ ဖက်တွယ်ထား
*သူ့လက်ကို သာသာလေး ရုပ်ပြီး သူ့ကိုယ်ပေါ်မှာ ခွထားတဲ့ သူ*
ခြေထောက်ကိုတော့ ညင်သာဖွဖွလေး ဘေးကို ဆွဲဖယ်လေ၏။

ပြီးတော့ သူမ နဖူးလေးကို သူ့နှုတ်ခမ်းနှင့် ထိသည်ဆိုရုံလေ
ထိကာ ခုတင်ပေါ်က ဆင်းသွားသည်။

ရေချိုးခန်းဝင် ရေအိမ်ဝင်၊ အဝတ်အစားလဲ၊ ဘရိတ်ဖတ်စာ
ကမ္ဘာသွား။ ထုံးစံအတိုင်း သူမကို မနိုးတော့ဘဲ တွေးထားသည်
အတိုင်း အခန်းတံခါးကို အသံမမြည်အောင် ပြန်ပိတ်ပေးခဲ့လျက် သူ
ထွက်သွားသည်။

မျက်ရည်တွေ ရစ်ဝိုင်းလာ၏။ ရင်ထဲမှာ တင်းကျပ်နေသည်
ဘာကြောင့်လဲ သူထားခဲ့တဲ့အတိုင်း မနေချင်တော့တာ ဘာကြောင့်လဲ

မျက်နှာ ကပျာကယာ ထသစ်၍ ညဝတ်စုံ မလဲတော့ဘဲ
လေ့ကားထစ်တွေကို ခြေသံမကြားအောင် ဖွဖွနင်းလျက် အောက်ထပ်
ဆင်းလာခဲ့သည်။

ထမင်းစားခန်းထဲက မမယံရဲ့ ရယ်သံလွင်လွင်ကို စတင်ကြား
ရ၏။ သူလည်း ပြုံးနေပေလိမ့်မည်။

ထိုအသံတွေကို မကြားချင်။ ထိုမျက်နှာတွေကို မမြင်ချင်





အပေါ်ထပ်ပြန်တက်၍ ဝရန်တာဘက် ထွက်ခဲ့သည်။

အချိန်ကြာကြာ ခြံဝင်းထဲ ငေးနေမိချိန်မှာတော့ အတက်ချိုကွေ့စ်
ဆွဲထွက်လာတဲ့ သူ့နောက်က စလင်းဘတ်အိတ်လေး လွယ်လျက် မမယံ
ပါလာသည်။

မယ်တင်က ထမင်းချိုင့်ထည့်တဲ့ ဆွဲခြင်းလေးကို ကားနောက်
ခန်းမှာ ထည့်ပေးသည်။

သူဖွင့်ပေးတဲ့ ကားတံခါးကနေ မမယံ ကြော့ကြော့လေး ကားရှေ့
ခန်းမှာ ဝင်ထိုင်၏။ ကုန်းကွကာ စကားတွေ တွတ်ထိုးပြီးမှ မောင်းသူ
နေရာမှာ ဝင်ထိုင်၍ ကားလေးကို ရှောခနဲ မောင်းထွက်သွားသည်။

လိုက်ဖက်ညီသည့် အတွဲလေးအဖြစ် မယ်တင်တောင် ချီးမွမ်းခဲ့
သေးတာပဲ။ ခုလည်း

"တောက်"

တက်ခေါက်မိခြင်းက ကိုယ့်နားကိုယ်တောင် အူသွားစေသည်။
တလိပ်လိပ် တက်လာတဲ့ ဒေါသတွေက ခြေစုံတောင်ရပ် မနေချင်တော့။

ခြေလှမ်းတွေက ခွေယိုင်ချင်နေသည်။

ဒါပေမဲ့ ဦးတည်ရာတော့ ရှိရမည်သာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဘာပြောတယ် သမီး ဒီအိမ်မှာ ပြန်နေချင်တယ် ဟုတ်လား"

"ဟုတ်တယ် ဖေဖေ၊ ပန်ပန် ဟိုမှာ မပျော်ဘူး"

"သမီးရယ် ကိုယ့်အိမ်ထောင်နဲ့ကိုယ် ပျင်းတယ် ပျော်တယ် ခံစားနေလို့ ဖြစ်မလား၊ ကိုယ့်လင်ယောကျ်ားနဲ့ပဲ ပျော်ရာမှာ မနေ့ တော်ရာမှာ တော်သလို နေရမှာပေါ့"

"ဟင့်အင်း ပန်ပန် မနေချင်ဘူး လုံးဝ မနေချင်ဘူး ဖေဖေ"

"သမီး"

ခပ်ကြိတ်ကြိတ် ခေါ်လိုက်ကာ သမီး ဘေးနား ထိုင်ခုံမှာ တိုးရွှေ့ကပ်ထိုင်လိုက်ရသည်။ သုန်မှုန် ညှိုးနွမ်းနေသော သမီးမျက်နှာ လေးကို မြင်ရတာ စိတ်မကောင်းပေမယ့် ကလေးဘဝကတည်းက အနိုင်





ငှ့်တတ်တဲ့ စိတ်ကလေးကြောင့် သမီးရဲ့ တစ်ဖက်သတ် အမှားပဲ ဖြစ်ရမည်ဆိုတာ ကိုယ်က သိနေ၏။

မောင်သျှင်မင်းညို အနေနှင့် သမီးကို ဘယ်လိုမှ စိတ်ဆင်းရဲ အောင် လုပ်မှာမဟုတ်။

လိုက်လျောမှု နည်းပါးချင် နည်းပါးဦးတော့ အတင်းအကျပ် ဆိုတာမျိုးလည်း ရှိမည် မထင်။

သမီးဆိုးလေးက မျက်ရည်တွေတောင် လည်နေသည်။ ဘာတွေ ဘယ်လောက် ခံစားနေရလဲလို့ မမေးချင်တော့ပါ။

"သမီးလေးကို ဖေဖေ့မျက်စိရှေ့ ဖေဖေ့မေတ္တာရိပ်အောက်မှာ ထားချင်လို့ မဟုတ်ဘူးဆိုတာ သမီးကို နားလည်အောင် ပြောပြီးသား ခဲ့ကွယ်၊ ခုဆို ခရေမြိုင် အိမ်မှာရောက်လာပြီး သမီးစိတ်နဲ့ ဘယ်လိုမှ ဖြစ်မှာ မဟုတ်ဘူး၊ သဟဇာတ မဖြစ်နိုင်ဘူးဆိုတာ ဖေဖေ သိနေတယ်၊ ဒါကြောင့်လည်း ကိုယ့်အိမ်ထောင်နဲ့ကိုယ် ကိုယ်လင်သားရဲ့အရိပ်ကို ဖေဖေ က နိုးစေချင်တာ"

"ပန်ပန် မပျော်တာ စိတ်မချမ်းသာတာ ဘယ်လိုလုပ်ရမလဲ ဖေဖေ၊ ပန်ပန်ကို မလာစေချင်ဘူးဆိုရင်တောင် မမယ်ကို ဖေဖေ ပြန် ခေါ်ထားပါလား"

"ဪ သမီးလေးက ဖေဖေ့ကို စိတ်မချဖြစ်နေတာပဲ၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒေါ်သွယ်ရှိတယ်လေ၊ ခရေမြိုင်လည်း အိမ်မှာ ဘယ်သူမှ မရှိဘူး ဆိုတော့ ဖေဖေ့ကို ပြုစုဖို့အတွက် တွယ်ကပ်နေစရာ မလိုဘူးပေါ့''

ဟင့်အင်း မဟုတ်ပါဘူး။ ဖေဖေ့ကြောင့် မမယံကို ပြန်လွှတ်ချင်တာ မဟုတ်ဘူး။ သျှင်မင်းညိုနဲ့ တတွဲတွဲ ဖြစ်နေတာကို ပန်ပန် မကြည့်ချင်တာဟု ဘယ်လိုပြောထွက်အောင် ကြိုးစားရမည်လဲ။

ပန်ပန် ခေါင်းလေး ခပ်ဖွဖွ ပွတ်သပ်နေတဲ့ ဖေဖေ့ရင်ခွင်မှာ ခေါင်းတိုးခိုဝင်လိုက်ပြီး ပန်ပန် တစ်ချက် ပင့်သက်ရှိုက်လိုက်သည်။

''ဒေါ်ခရေမြိုင် ဘယ်သွားလဲ ဖေဖေ''

''သူလိုအပ်တာလေးတွေ ရှိလို့တဲ့ ဈေးဝယ်ထွက်သွားတယ်''

''အဲဒါကြောင့် ပြောတာပေါ့ ဖေဖေ၊ ဖေဖေ့အနားမှာ မမယံ အမြဲတမ်း ရှိနေသင့်ပါတယ်၊ ဒေါ်ခရေမြိုင်ကြီးက သူ့အကြောင်းနဲ့သူ''

''ကိစ္စမရှိပါဘူး သမီးရယ်၊ တစ်ခါတလေပါ၊ သမီးအတွက်သာ သမီး မမယံ မရှိလို့ မဖြစ်တာ၊ ဟိုအရင်ကတည်းက သမီးကို အလိုလိုက် ဖြည့်ဆည်းပြီး ဂရုစိုက်ချစ်ခဲ့တာ၊ ပြီးတော့ ယံယံလေးက ဖေဖေ့တူမ အရင်းကြီးလေ၊ သူ့ကိုလည်း သမီးလိုပဲ ဘေးသူစိမ်းရဲ့ အငြိုငြင်မခံရ စေချင်ဘူး၊ ယံယံအပေါ်ထားတဲ့ ဖေဖေ့ စေတနာ၊ သမီးအပေါ်ထားတဲ့ ဖေဖေ့မေတ္တာကို အသိအမှတ်ပြုပေးပါကွယ်''

''ဟော ကိုကြီး သမီးလေး ရောက်နေတာလား''





ဒေါ်သွယ် အကူအညီနှင့် အထုပ်အပိုးတွေ ဆွဲလာတဲ့ ဒေါ်ခရေမြိုင်က အသံပြာပြာလေး ရှုးနေအောင် အော်ပြီး ပြုံးပြုံးကြီး ဖေဖေ့ ားနားမှာ ဝင်ထိုင်လိုက်သည်။ အထုပ်အပိုးတွေက နည်းနည်းနောနော ဟုတ်။

ဒေါ်သွယ်က လက်ဆင့်ကမ်း သယ်ပြီး ဒေါ်ခရေမြိုင် အခန်းထဲ ားထည့်ပေးသည်။

''ဒေါ်သွယ် အအေးလေးတစ်ခွက်လောက် ယူခဲ့ပါဦး၊ မြိုင် ာနေလို့၊ ဪ သမီးလည်း ဘာမှ မစားမသောက်ရသေးဘူး ထင် ယ်၊ ဘာသောက်မလဲ သမီး''

ပန်ပန် ဘာမှမဖြေမိ။ မော့ကြည့်ဖို့လည်း မစဉ်းစားမိ။

ကိုယ်က ဒီအိမ်ကြီးရဲ့ သမီးပဲဥစ္စာ။ ဧည့်သည်ဖြစ်တဲ့ ဒေါ်ခရေ မြိုင်က ဘာဧည့်ဝတ်ပြုစရာ လိုလို့လဲ။

ကြားထဲက အားတုံ့အားနာ ဖြစ်နေသော ဖေဖေက

''ကိုယ်လည်း သမီးလေး စရောက်ကတည်းက ဘာစားမလဲ ာသောက်မလဲ မေးနေတာပါကွာ၊ သမီးလေးက ဘာမှမစားချင်ဘူး သောက်ချင်ဘူး ပြောနေလို့ ဒီအတိုင်း ထားလိုက်တာပါ''

''အို ဘယ်ဟုတ်မလဲ အိမ်ထောင်ကျသွားတယ်ဆိုပေမယ့် ကိုယ့် ိမ်ကိုယ့်ရာလို သဘောထားပြီး ဘာမှအားနာစရာ မလိုပါဘူးကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



နှြသြော် သမီးတို့ အိမ်ထောင်ရေး အဆင်ပြေတယ် မဟုတ်လား''

''အန်တီနဲ့ ဘာဆိုင်လို့ စပ်စုနေရတာလဲ''

ဒေါ်ခရေမြိုင် စကားလုံးတွေ မနှစ်မြို့၍ ပန်ပန် ပက်ခနဲ ပြန်ပြောလိုက်သည်။ ဒေါ်ခရေမြိုင် မျက်နှာကြီး မည်းပုပ်သွား၏။ ဒါပေမဲ့ နှုတ်ခမ်းဖျားလေးကတော့ ချိုညက်နေပါသည်။

''ကိုကြီးနဲ့ပတ်သက်နေတာဆိုတော့ အန်တီ သမီးလေးလို သဘောထားပြီး စေတနာနဲ့ မေးတာပါကွယ်၊ ယောက်ျား ကျေနပ်အောင် ဘယ်လိုချော့မြူ စည်းရုံးရတယ်၊ ဂရုစိုက်ကြင်နာပြုစုရတယ်ဆိုတာ သမီးလေး နားလည်အောင် လိုအပ်ရင် သင်ပြပေးချင်လို့ပါ''

''မလိုပါဘူး ပန်ပန်တို့က ယောက်ျားတစ်ယောက်ကို အဲလို တွယ်ကပ်မှီခိုဖို့ လုံးဝ မစဉ်းစားဘူး၊ ပန်ပန်တို့ အိမ်ထောင်ရေးကို အန်တီလည်း စိတ်မဝင်စားပါနဲ့၊ ဖေဖေ ပန်ပန် ပြန်မယ်၊ ဒီအိမ်ကို ပြန်မလာနဲ့လို့ ပြောခဲ့တဲ့ ဖေဖေ့စကားကိုလည်း ပန်ပန် ကျေးဇူးတင်ပါ တယ်''

စလင်းဘတ် ကောက်လွယ်ပြီး အားမနာတမ်း ဖြုန်းခနဲ ထ ထွက်လာခဲ့သည်။ နှုတ်ခမ်းဆိုးဆေး ရဲရဲတင်ထားတဲ့ ဒေါ်ခရေမြိုင် မျက်နှာ ကြီး မဲ့ရွဲ့ကာ ကျန်ခဲ့၏။

လေသံက အသံပြာနှင့် နှုတ်ခမ်းထူထူတို့က စိုးမိုးတင်စီးလို





ဟန်တွေ အပြည့်။ မိထွေးနေရာ ယူထားသော်လည်း အိမ်ကြီးရှင် စတိုင် အမ်းကာ အမိန့်ပေးချင်နေသည်လား မသိ။ ပန်တော်ဝင်ကို ဒါမျိုး လာ ကြောလို့ ရမလား။

ဒါကြောင့် ဖေဖေက ဒီအိမ်မှာ လာနေလို့ မဖြစ်ဘူးလို့ ပြော တာနေမှာ။ သူ့မိန်းမအကြောင်းလည်းသိ၊ ပန်ပန်အကြောင်းလည်း သိနေ တော့ အိမ်မှာ ဘီလူးဆိုင်းတီးပြီး ဘီလူးက ကမှာ မြင်ယောင်နေပေ လိမ့်မည်။

ပန်ပန်ကလည်း နောက်တစ်ခါ လာဖို့ တော်တော်ခဲယဉ်းသွား ခဲ့ပြီဆိုတာ ကိုယ့်ကိုယ်ကို သိနေ၏။

ဒီမိန်းမကြီးက ဘာကြောင့် သူနဲ့မဆိုင်တဲ့ စကားတွေ ဝင်ပြော ရတာလဲ။ သူများ အိမ်ထောင်ရေး ဘာဖြစ်ဖြစ်ပေါ့။

ဖေဖေ ဘာပြောထားလို့ ဘာတွေသိထားပြီး ဝေဖန်ရတာလဲ။ ခကျေမချမ်းစိတ်နှင့် ကားလေးက လျင်လျင်မြန်မြန် ပြေးနေသည်။

အိမ်ကိုလည်း မပြန်ချင်သေးတာမို့ ကားကို ဘယ်ကို ဦးတည် ရမှန်းမသိ လျှောက်မောင်းနေမိ၏။

ပန်ထွာနှင့် သဉ်ကို ဖုန်းဆက်ချိန်းဖို့ကလည်း ကျောင်းတက်နေ ကြပြီဖြစ်၍ စနေ တနင်္ဂနွေရက်တွေသာ တွေ့ဆုံခွင့် ရှိနိုင်တော့သည်။

''အခုဆို ကုမ္ပဏီကို အန်ကယ်က လာတော့တာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ ယံယံပဲ ဂရုစိုက်ပြီး လုပ်နေရတာ ယံယံက ကိုယ် နားမလည်တာ တွေရော၊ သင်ပြပေးနေရတဲ့အတွက် ပိုပင်ပန်းတယ်၊ အိမ်ရောက်တော့ လည်း မင်းတာဝန်တွေနဲ့ နည်းနည်းပါးပါး မင်းကိုယ်ချင်းစာမှပေါ့ ယံယံ

ထိုစကားအရ ဒီအချိန် သျှင်မင်းညိုနှင့် မမယံ ကုမ္ပဏီမှာ ဘာတွေလုပ်နေကြမလဲ အတွေးရောက်ကာ သိချင်စိတ်နှင့် ကုမ္ပဏီ သွားရကောင်းမလား စဉ်းစားလိုက်သေးသည်။

ဒါပေမဲ့ ဖေဖေ ရှိတုန်းကတောင် သုံးလေးခါက်သာ ရောက် ဖူးသော ကုမ္ပဏီကို အကြောင်းပြချက် မရှိဘဲ မသွားချင်ပေ။

သျှင်မင်းညို ဆိုတဲ့သူက သူ့ကို သဝန်တိုပြီး မယုံသင်္ကာ လိုက်ချောင်းနေတယ်လို့ ထင်သွားလျှင် မခက်ပါလား။

မသင့်တော်တာကို ကိုယ်က တားဆီးနေတာထက် သူကိုယ် တိုင် ဆင်ခြင်မှုရှိလျှင် မကောင်းဘူးလား။

ခုတော့ အရာရာ မမယံကိုသာ နားလည်ပေးချင်နေသည် သူမကိုတော့ နေရာတကာ အပြစ်ကျူးလွန်တဲ့ တရားခံတစ်ယောက်လို သတ်မှတ်ချင်နေ၏။

ခင်ဗျားအနမ်းတွေကို ရင်ခုန်တယ်။

ဒါပေမဲ့ ခင်ဗျားကို မုန်းကာယ် ဦးသျှင်မင်းညို။

မမယံတက်က ကာကွယ်ပေးတတ်လွန်းလို့ မမယံနဲ့အတူ ရှိနေ





ချိန်တွေမှာ ခင်ဗျား အပြုံးတွေက နူးညံ့လွန်းလို့။

ပြီးတော့ သိမ်မွေ့ယုယ ညံ့သက်ခြင်းတွေ မပါဘဲ ပန်ပန်ကို ကြမ်းကြမ်းတမ်းတမ်း နမ်းတတ်လွန်းလို့

အဲဒါ တကယ်ပြောတာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"အဆင်ပြေလား ကိုညို"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် ယံယံ၊ ကျွန်တော် စဉ်းစားမိ
လေးတစ်ခု ယံယံကို ပြောပြချင်လို့ ပြီးမှ အန်ကယ်နဲ့ တိုင်ပင်ကြည့်
ကောင်းမလားလို့ပါ"

"အိုလေ ကုမ္ပဏီ တိုးတက်ဖို့ပဲ မဟုတ်လား၊ ကိုညိုတို့
အလုပ်ဝင်တာ နောက်ကျလို့သာပဲ၊ ရှေ့သုံးနှစ်လောက်သာ စောလျှ
မြန်မာပြည်က လုပ်ငန်းရှင်တွေ ထိုင်ငိုရလောက်တယ်"

အပြုံးနှင့် ပြောရင်း သျှင်မင်းညို ကောင်တာ စားပွဲရှေ့
ထိုင်ခုံမှာ မြခြူးယံ ဝင်ထိုင်လိုက်သည်။

သျှင်မင်းညိုက မြခြူးယံရဲ့ ချီးကျူးစကားကို နှုတ်ခမ်းမဖွင့်





ပိတ်ကာ ပြုံးသည်။

"ကျွန်တော်က မလုပ်ရင် မလုပ်ဘူး၊ လုပ်ပြီဆိုရင်လည်း အဆုံး
ထိ အကောင်းဆုံး လုပ်ဖို့ ဆုံးဖြတ်ထားလို့ပါ၊ ဒီလို ယံယံရဲ့ ကျွန်တော်
ို့ ကုမ္ပဏီက နိုင်ငံခြား အိတ်စပို့တစ်ခုပဲ စောက်ချလုပ်နေမယ့်အစား
င်ပို့အလုပ်ပါ တွဲလုပ်ရင် ကောင်းမလားလို့၊ တခြားဟာတော့ မဟုတ်ပါ
ူး မြန်မာပြည်မှာ လူသုံးများနေတဲ့ အီလက်ထရောနစ် ပစ္စည်းတွေပါပဲ၊
ျွန်တော်တို့က ပြည်တွင်းဖောက်သည်တွေ တော်တော်များများ ရနေပြီ
သ၊ လူတိုင်း လုပ်နေပေမယ့် သူများနဲ့ မတူအောင် မိတ်စင်တာ
ယ်ကျယ်ပြန့်ပြန့် လုပ်လိုက်မယ်၊ နှစ်ပတ်လည် ဒစ်စကောင့်တွေ၊
ပတ်ပြပွဲ အခန်းကဏ္ဍတွေနဲ့ ကာစတန်မာတွေကို ဆွဲဆောင်မယ်၊
ကြော်ငြာကဏ္ဍကိုလည်း မင်းသား မင်းသမီးနဲ့ မလုပ်ဘဲ ပြပွဲလာတဲ့
ာစတန်မာတွေကို လက်တွေ့တိုက်ရိုက် တီဗွီမှာ မြင်လို့ရအောင် မဂ္ဂဇင်း
ာမျက်နှာတွေမှာ ကိုယ့်ရုပ်ကိုယ် မြင်နိုင်အောင် လုပ်ပေးမယ်၊ အဲဒါဆို
င် ထူးခြားမှုနဲ့ သူများတွေထက် ဆန်းသစ်သွားမယ်၊ ကာစတန်မာတွေ
လည်း သဘောကျလိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

"မဆိုးပါဘူး စိတ်ဝင်စားစရာ ကောင်းပါတယ်၊ လုပ်ငန်းတူ
ဖြစ်နေရင်တောင် ကွာလတီ သာရမယ်၊ အရည်အချင်းရှိရမယ်၊ ဒါနဲ့
လေးလေးကို ဘယ်အချိန် တိုင်ပင်မှာလဲ ကိုညို"



www.burmeseclassic.com

www.burmeseclassic.com



"ညနေ ရုံးဆင်းချိန် အန်ကယ့်ဆီ ဝင်လိုက်မယ်လေ ယံယံ"

" ဪ နေ့လယ်ထမင်းစားချိန်တောင် လွန်နေပြီ ကန်တင်းသွားကြမလား ကိုညို"

"ဟင့်အင်း ကျွန်တော် တစ်ခုချိန်းထားလို့ ရုံးခန်းထဲမှာ စားလိုက်တော့မယ်"

"ယံယံ ပြင်ဆင်လိုက်မယ်လေ ကိုညိုလည်း တစ်ခါတည်း စားလိုက်တော့"

သျှင်မင်းညို ခေါင်းညိတ်ပြလိုက်တော့ မြခြူးယံ ပြင်ပေးသည့် ထမင်းဗိုင်းကလေးမှာ ဝင်ထိုင်လိုက်သည်။ စတီးချိုင့်နှင့် ထည့်ယူလာတာဆိုသော်လည်း ယံယံက ဖွယ်ဖွယ်ရာရာ စားချင်စရာ ချက်ပြုတ် ကြော်လှော်လာသည်။

ဘာစားစား အရသာရှိ စားလို့ကောင်းတာလည်း အမှန်။ သျှင်မင်းညိုက ပူပူနွေးနွေး စားတတ်တာမို့ မိုက်ခရိုဝေ့နှင့် ဟင်းတွေကို ပြန်နွေးပေးတတ်၍ ယံယံရဲ့ ဂရုစိုက်မှုကို အသိအမှတ်ပြုရသည်။

အိမ်မှာဆိုလည်း ငြိမ်ငြိမ်နေတယ်ဆိုတာ မရှိ။ သူ့အတွက် ပန်ပန်အတွက် အလုပ်နှင့်လက် မပြတ်။ မိန်းမပီပီသသ အလေးအနက် ပုံစံမျိုးပင်။

ဒါကိုတောင် ပန်ပန်က အကောင်းမြင်ဝါဒနှင့် မဆက်ဆံ





ချွေမျိုးနီးစပ် အစ်မ တစ်ဝမ်းကွဲ တော်သော်လည်း မြခြူးယံက အိမ်ဖော်သာသာ အလုပ်လုပ်သည်။ ပန်ပန်က အနိုင်းအခေ တစ်ယောက်လို အနိုင်ကျင့်ချင်၏။

သူ မရောက်ခင် အချိန်က ဘယ်လိုတွေ ဆက်ဆံ နေထိုင်ကြသည်ဆိုပေမယ့် အခု အနေအထားကတော့ ပန်ပန် ပုံစံက အချိုးမပြေ ဆိုးသွမ်းလွန်းသည်။

နေရာတကာ ဝေဖန်ပြီး တားဆီးလို့လည်း မဖြစ်နှင့် မြခြူးယံကို အားနာ သနားမိသည်။ မိဘမဲ့လေးမို့ စာနာစိတ်နှင့် ဖေးမအားပေးချင်သည်။ သူ့အပေါ် အလေးအနက် ဂရုစိုက်ပေးတတ်တာလေးတွေကိုလည်း ကျေးဇူးတင်သည်။

အိပ်ချိန် စားချိန် အလုပ်လုပ်ချိန်၊ နားနေချိန်လေးတွေမှာ ဇနီးမယားဖြစ်တဲ့ ပန်တော်ဝင်က သူ့ကို ဘာတွေများ အရေးတယူ အလိုက်တသိ ရှိခဲ့ဖူးလို့လဲ။

အမျိုးမျိုး ဂိုကျ၍ အပြစ်မြင်ပြီး လင်မယားဆိုတဲ့ အသိတောင် သူမဆီမှာ ရှိပါရဲ့လား မသိ။

ဟင်းခန့် သက်ပြင်းတွေ အကြိမ်ကြိမ်ချပြီး ထမင်းလုပ်တွေက လည်ချောင်းထဲသို့ ရှောရှောရှူရှူ မဝင်။

"အဟင့် အဟွတ် အဟွတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ကိုညို ထမင်းသီးသွားပြီထင်တယ်၊ ရေ ရေသောက်လိုက်ဦး ကိုညို"

ပျာပျာသလဲ မြခြူးယံပုံစံက စိုးရိမ်တကြီး။

မြခြူးယံ ပေးတဲ့ ရေတစ်ခွက် ကုန်အောင် သောက်ပြီး သျှင်မင်းညို မျက်ရည်တွေ ထွက်လာသည်။

"ဘယ်လို ဖြစ်ရတာလဲ ကိုညိုရယ်၊ ရော့ တစ်သျှူးနဲ့ သုတ်လိုက်ဦး၊ ဘာလဲ ထမင်းစားရင်း ပန်ပန် အကြောင်းတွေးမိလို့လား"

မျက်ရည်တွေ သုတ်ပြီး ခေါင်းညိတ်ပြကာ ရယ်လိုက်မိသည်။

"အကြားအမြင် ပညာလည်း ယံယံက တော်သားပဲ၊ ဟုတ်တယ် ပန်ပန်ကို ဘယ်လိုနားဝင်အောင် ပြောရမလဲလို့ ကျွန်တော် စဉ်းစားနေတာ"

"သူ့အတိုင်း လွှတ်ထားလိုက်တာက ကိုညို ပိုပြီး စိတ်ချမ်းသာပါတယ်၊ ယံယံနဲ့ပတ်သက်ပြီး ကိုညို ဘာမှ ဝင်မပြောနဲ့၊ ယံယံက ကိုယ့်တာဝ ဝဋ်ကြွေးနဲ့ကိုယ် ပေးဆပ်နေတာ၊ ဝဋ်ကြွေးကုန်တဲ့နေ့ဆိုတာလည်း ရှိလာဦးမှာပါ"

"ဟို ကျွန်တော် နားမလည်နိုင်လို့ မေးကြည့်တာပါ၊ ဆွေမျိုးနီးစပ်ဖြစ်ပြီး ယံယံနဲ့ပန်ပန်တို့ မိသားစုက ဘာလို့ ဒီလောက်တောင် အခြေအနေ ကွာခြားရတာလဲ၊ အဲ ပြောနိုင်မှ ပြောပြပါနော်"





"မပြောပြနိုင်စရာ မရှိပါဘူး ကိုညိုရယ်၊ ရှက်စရာမှ မဟုတ်တာ
အကျိုးပေးလို့ပဲ ယံယံ အောင်းမေ့ပါတယ်၊ ယံယံ အဖေက လေးလေး
အသက်အောက် ညီအစ်ကို၊ မိဘအမွေကိုလည်း ညီတူညီမျှ ရခဲ့ကြ
တဲ့ ဒါပေမဲ့ လေးလေးက စည်းစနစ်ကြီးတယ်၊ ငွေတွေကို လုပ်ငန်း
တ်မှာ ရင်းနှီးပြီး အလုပ်ကြိုးစားတယ်၊ ဖေဖေက အရက်သောက်
ယ်၊ လောင်းကစားလုပ်တယ်၊ မိန်းမကိစ္စ အရှုပ်အရှင်းတွေလည်း
ယ်၊ အဲဒီလိုနဲ့ ဖေဖေက ရောဂါဆိုးတစ်ခုနဲ့ ဆုံးပါးသွားတယ်၊ မေမေ
ဖေဖေ့စိတ်နဲ့ လုံးပါးပါး စိတ္တဇဖြစ်ပြီး သေတယ်၊ မကောင်းတဲ့မိဘရဲ့
ည်းစက်က မျက်နှာငယ် သိမ်ငယ်ပြီး ကျန်ရစ်ခဲ့ရတဲ့ ယံယံကို
ယ်ခံဘဝထိ တွန်းပို့ခဲ့တယ်"

"ဘာ ဘာကြောင့်လဲ ယံယံ"

"ဖေဖေ ရောဂါဆိုးကြောင့် ဘယ်ဆွေမျိုးကမှ အသိအမှတ်
ချင်ကြတော့တာလေ၊ လေးလေးကပဲ ယံယံဘဝကို ကယ်တင်ခဲ့တာ၊
ယ်သူ အနိမ့်ခံမှ မဖြစ်အောင် ပညာတွေ သင်ပေးခဲ့တာ၊ အဲဒါကြောင့်
င်လာတဲ့ ကျေးဇူးတွေကို ယံယံ ပေးဆပ်နေတာပါ၊ ဒါပေမဲ့ ပန်ပန်"

ရှေ့ဆက်ဖို့ တွန့်ဆုတ်နေသလိုဖြင့် ဖွန်းခက်ရင်းလေးကို ယံယံ
တ်ခနဲ ချလိုက်သည်။ သျှင်မင်းညိုအတွက် ရေသန့်ဘူး [illegible] နောက်တစ်
ကို ထည့်ပေးရင်း သက်ပြင်းရှိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပန်ပန်နဲ့ပတ်သက်ပြီး နာကျင်နေရတယ် မဟုတ်လား ယံယံ"

"စိတ်ဆိုတာ လူတိုင်းမှာ ရှိတာပဲလေ ကိုညို့ရယ်၊ အတိုင်း အတာထက် လွန်လာတဲ့ကိစ္စတွေမှာ တုံ့ပြန်ပစ်လိုက်ချင်တယ်၊ ဒါပေမဲ့ ယံယံဘဝက ဘယ်သူ့ကိုမှ တွန်းလှန်နိုင်တဲ့ အင်အားမရှိပါဘူး၊ ခံစား သမျှ မျိုသိပ်ရတာလည်း ရင်ထဲမှာ အစိုင်အခဲ ထုထည်ကြီးမားနေပြီ"

"အဲဒီအချိန်တိုင်း ကျွန်တော့်ကို ရင်ဖွင့်လို့ ရပါတယ် ယံယံ ကျွန်တော် ယံယံကို နားလည်ပါတယ်၊ ပြီးတော့ ပန်ပန် ကိုယ်စား ကျွန်တော် တောင်းပန်ပါတယ်၊ ကလေးစိတ်လို ဆိုးနွဲ့နေတယ်လို့ ယူဆ ထားရပေမယ့် တစ်ခါတစ်ရံ ပန်ပန် အရမ်းဆိုးတာ ကျွန်တော် သိတယ် ဒါပေမဲ့ ကျွန်တော့်ဘက်က မတားဆီးနိုင်တဲ့ အခြေအနေတွေကိုလည်း ယံယံ နားလည်မှာပါ"

ယံယံက လေးပင်တဲ့ သက်ပြင်းကို ရှိုက်ပြီး ခေါင်းညိတ်ပြရင်း နှင့် ထမင်းချိုင့်တွေကို ပြန်ဆင့်နေသည်။

"ကိုညို့ စိတ်ရင်းအမှန်ကိုလည်း ယံယံ လေးစားပါတယ် ကိုညို့ကို ယံယံ နားလည်ပေးသလို ကိုညို့ ယံယံကို နားလည်ပေးတယ် ဆိုတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ နောက် ဘာပဲဖြစ်ဖြစ် ကိုညို ကို ယံယံ တိုင်ပင်ပါရစေနော်"

"ရဲဘော်ရဲဘက်လို သဘောထားပါဗျာ၊ ကျွန်တော်တို့နှစ်ယောက်





က အမြဲတမ်း အနီးကပ် နားလည်မှု ရှိနေမှ ဖြစ်မှာမဟုတ်လား၊ အဲဒါမှ ပန်ပန် တိုက်ခိုက်တဲ့အခါ ခံနိုင်ရည် ရှိမှာပေါ့"

အဲဒါပဲ ပန်တော်ဝင်။ ငါလိုချင်တာ နင့်ယောကျ်ားဖြစ်တဲ့ သျှင်မင်းညိုဆီက အဲဒီစိတ်ကိုပဲ လိုချင်တာ။

ဒါမှ နင့်ကို နိုင်ဖို့ လက်ကိုင်တုတ်အဖြစ် အသုံးပြုလို့ ရမှာပေါ့။ ခံစားရတာတွေ ထုထည်ကြီးမားလာတဲ့အခါ ခံစစ်က တုံ့ပြန်ရတာလည်း အရသာရှိရှိ သေပျော်ပါတယ်။

ငါ့ကို မခြောက်လှန့်နဲ့ နင်ကြောက်ရတဲ့ အလှည့်ဆိုတာလည်း ရှိလာမှာပါ။

နဖူးစပ်က ချွေးစတွေကို အဲကွန်းအအေးဓာတ်က စုပ်ယူမသွား နိုင်ပါလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မောင်သျှင်မင်းညို အိုင်ဒီယာ ကောင်းပါတယ်၊ ဒီလို အတွေး အခေါ်မျိုးနဲ့ဆိုရင် အန်ကယ်တို့ စီးပွားရေး လောကမှာ မောင်သျှင်မင်းညို က သိပ်မကြာခင် ပေါ်ပြူလာ ဖြစ်လာမှာ အမှန်ပဲ၊ မင်းနဲ့ယံယံပဲ အောင်မြင်အောင် ကြိုးစားပါ၊ အန်ကယ်ကတော့ ကုမ္ပဏီကိစ္စကို အား ပေးတဲ့အလုပ်ပဲ လုပ်တော့မယ်၊ လူငယ်တွေလို အတွေးတွေ မလန်းတော့ ဘူးကွဲ၊ အခု သူငယ်ချင်းတစ်ယောက် ဘဏ်လုပ်ငန်းမှာ ရှယ်ယာဝင် ထားတဲ့ အလုပ်ကလေးကိုပဲ အန်ကယ် စိတ်ဝင်စားတော့မယ်၊ ကုမ္ပဏီ လုပ်ငန်းက မင်းတို့အတွက် အမွေအနှစ်ပဲ၊ တိုးတက်ကြီးပွားအောင် ကြိုးစားကြပေါ့"

ဆွေးနွေးတိုင်ပင်ကြရင်း ဦးကျော့မောင်က သူ့ဆန္ဒကို အတိ





အလင်း အသိပေးသည်။ သျှင်မင်းညိုနှင့် မြခြူးယံကလည်း ရင်းနှီး မြုပ်နှံမှု ပထားမကို တင်ပြပြီး လုပ်ငန်းကိစ္စ အစအဆုံး ပြောပြခဲ့သည်။ မလိုအပ်ဘူးဆိုပေမယ့် လေးစားမှုတော့ ရှိရမည် မဟုတ်ပါလား။

အားလုံး ပြီးဆုံးလို့ အိမ်ပြန်လာခဲ့ကြတော့ လမ်းမှာတင် ည ရှစ်နာရီ ထိုးနေလေပြီ။ ခုမှ မယ်တင် ကိုင်တဲ့အိမ်ဖုန်းကို ဆက်ပြီး အိမ်ပြန်နောက်ကျမည့်အကြောင်း ပြောပြထားခဲ့ပေမယ့် ပန်ပန် ဟန်းဖုန်း ကိုဆက်ပြီး အသိမပေးခဲ့ရတာ သတိရတော့သည်။

ဘယ်လို ရွှေစိတ်တော်ညိုပြီး အပြစ်မြင်ဦးမှာလဲ မသိ။ အိမ် ခြံဝင်းထဲကို ကားဝင်ဝင်ခြင်း ရေကူးကန်ဘောင်လေးမှာ လက်ကို အပေါ် အောက် လွှဲမြှောက်လျက် လမ်းသလားနေသော ပန်ပန်ကို လှမ်းတွေ့ ရသည်။

ကားကို ပေါ်တီကိုရှေ့ ရပ်လိုက်ကာ မြခြူးယံ အိမ်ထဲ ဝင်သွားသည်နှင့် ပန်ပန်ရှိတဲ့ ရေကူးကန်ဘက် သျှင်မင်းညို ထွက်လာ ခဲ့သည်။

"ပန်ပန်"

"အချိန်မရှိမှ ပြန်ရောက်လာပြီး တော်တော် ပျော်လာခဲ့သလား"

မျက်နှာချင်းဆိုင် တည့်တည့်ရပ်လိုက်ချိန်မှာ မေးခွန်းက စိမ်း ဆတ်ပြတ်တောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လို အဓိပ္ပါယ်မျိုး သက်ရောက်တဲ့ မေးခွန်းတွေ မေးနေတာလဲ ပန်ပန်၊ ကိုယ်တို့ လုပ်ငန်းကိစ္စနဲ့ အနက်ကယ်ဆီသွားရ မယ်လို့ မယ်တင်ဆီ ဖုန်းဆက်လိုက်သားပဲ၊ မယ်တင် မင်းကို ပြောမပြ ဘူးလား"

"သိချင်လောက်အောင် စိတ်ဝင်စားမှု မရှိပါဘူး၊ ဒါပေမဲ့ ပန်ပန် ဖုန်းကို ဆက်ပြီး မပြောနိုင်လောက်အောင် ပန်ပန် တားမှာ ကြောက်လို့ လား"

"ပန်ပန် မင်းစကားပြောရင် အမြဲတမ်း တစ်ဖက်သတ် တွေး ယူတယ်၊ ကိုယ်တို့က ကစားကွင်းသွားနေတာ ရှော့ပင်ထွက်နေတာ၊ သူငယ်ချင်းတွေနဲ့ အပျော်အပါးအတွက် အချိန်ဖြုန်းနေတာ မဟုတ်ဘူး"

"ယောက်ျားကြီးဖြစ်ပြီး ရွဲ့ပြောနေတာက ကောင်းတဲ့ အကျင့် လား၊ ဒီမယ် ရှင့်ကို ချစ်လွန်းလို့ သဝန်တိုပြီး ရှင်းပြနေတာ မဟုတ်ဘူး၊ ပတ်ဝန်းကျင်မှာ ရတာက တခြား တွဲနေတာက တခြားလို့ ဝေဖန်တဲ့ အသံတွေ ထွက်နေလို့ သတိပေးနေတာ၊ ပန်ပန် မျက်ကွယ်ရာမှာ ရှင် တို့ ဘယ်လိုနေနေကြလဲမှ မသိတာ"

"ပန်ပန်"

ပြောစရာ စကားတွေ ပျောက်ဆုံးအောင် ပန်ပန် မျက်နှာက မဲ့ရွဲ့နေသည်။ မထီမဲ့မြင်နှင့် လက်လွှဲလမ်းလျှောက်တဲ့ အလုပ်ကို အေး





အေးသက်သာ ပြန်လုပ်နေ၏။

ထိုမျက်နှာ ထိုအပြုအမူမျိုးနှင့် ပန်ပန်ကို ရေကန်ထဲ တွန်းချ ပြီး ဝူးဝူးဝါးဝါး အော်အောင် လုပ်ပစ်လိုက်ချင်သည်။ ကိုယ်က အလုပ် ဝင်စမို့ မြဲမြဲယံ အကူအညီ ရသော်လည်း စိတ်ရောလူရော ပင်ပန်း သည်။

နောက် ပရောဂျက်တစ်ခုအတွက်လည်း အကောင်အထည်ဖော် ဖို့ ဆုံးဖြတ်ထားပြီး သေချာသလောက်လည်း ဖြစ်နေပြီ။

သူမက လုပ်ငန်းကိစ္စလည်း ဆွေးနွေးတိုင်ပင်လို့လည်း မရ။ အကြံပေးတာ ညှိနှိုင်းတာမျိုးလည်း မရှိ။ အကူအညီ ပေးဖို့ဝေးလို့ စီးပွားရေးကိုလည်း လုံးဝ စိတ်ဝင်စားမှု မရှိချေ။

အခုလည်း သူမရဲ့ ထုံးစံအတိုင်း ပူပူညံညံ ပွစိပွစိ လုပ်နေ သည်။ စိတ်ပျက်ညစ်ညူးစွာ ကန်ဘောင်က ဒရင်းဘတ်မှာ လေပူတွေ မှုတ်ထုတ်ပြီး အသာလဲလျောင်းလိုက်သည်။

ပန်ပန်က သူ့ကို မျက်စောင်းတစ်ချက် လှည့်ထိုးပြီး ဘောက် ဆတ်ဘောက်ဆတ်နှင့် အိမ်မကြီးဘက် ဝင်သွားလေ၏။

"ညစာစားဖို့ ဘာလို့ အချိန်နဲ့အခါနဲ့ ပြန်မလာတာလဲ မယ်မယ်"

"ဟင် ပန်ပန် မစားရသေးဘူးလား၊ ဖုန်းဆက်တုန်းက မယ် ဘယ်ကို သေချာ မှာလိုက်ပါတယ်၊ ပန်ပန် ထမင်းစားရင် သေချာလုပ်

www.burmeseclassic.com



ပေးလိုက်ပါလို့ ဟို ပန်ပန် စားမယ်ဆို ခဏစောင့်နော်၊ ဒီဟင်းတွေ
နွှေးပြီးတာနဲ့ စားလို့ ရပါပြီ၊ မယ်တင် ထမင်းတွေ ခူးထားလိုက်တော့

"တော်ပါပြီ မစားတော့ဘူး ပန်ပန် ထမင်းဟင်းပူရင် မစာ
တတ်မှန်း သိရက်သားနဲ့ ဘယ်သူ့အတွက် နွှေးနေတယ်ဆိုတာ သိသာ
ပဲ"

"ခွမ်း ဂလွမ်"

"ဟယ် ပန်ပန်"

"မမလေး"

မယ်တင် လက်ထဲက ထမင်းပန်ကန်ကို လက်ပြန်ရိုက်ချလိုက်
၍ ပန်းကန်ကျကွဲသံနှင့် တစ်ဆက်တည်း မြခြူးယံရော မယ်တင်ရော
အံ့ဩတကြီးနှင့် အာမေဍိတ်သံ ပြိုင်တူ လွှတ်ခနဲ ထွက်သွားကြသည်

မှဲ့ပြီးနှင့် ပန်ပန်ကို မြခြူးယံ ခပ်စူးစူး စိုက်ကြည့်လိုက်သ

"ပန်ပန် အပြုအမူတွေ တရားလွန်နေပြီ ပန်ပန်၊ မမ
ဘက်က အတတ်နိုင်ဆုံး လိုက်လျော သည်းခံပေးနေခဲ့တာ လေးလေ
ကျေးဇူးတရားတွေကြောင့်"

"သြော် ညီမလေးတစ်ယောက်လို ချစ်လို့ အလိုလိုက်ခဲ့တာ
မဟုတ်ဘူးပေါ့၊ ပန်ပန်ကတော့ အစ်မ တစ်ယောက်အပေါ် ဆိုးနွဲ့အနိုင်
နေမိတာလို့ပဲ သဘောထားနေတာ"





"အဲဒါ တကယ့် စိတ်ရင်းအမှန် မဟုတ်ဘူးမဟုတ်လား ပန်ပန်
ရာရာ ငါ့အမိန့်အတိုင်း ဖြစ်ရမယ်ဆိုတဲ့ သီအိုရီက သံယောဇဉ်
ကြောင့် မဖြစ်နိုင်ပါဘူး၊ ငါ့အိမ်မှာ ခိုကပ်နေတဲ့သူ ငါခိုင်းတာ လုပ်ရမယ်၊
ပြောတာ နားထောင်ရမယ်၊ တစ်ခုခု ချွတ်ယွင်းတာနဲ့ အပြစ်ပေးမယ်
တ်ခတ်မယ်၊ ပြောချင်သလို ပြောမယ်၊ ခံနိုင်ရည်မရှိရင် သေချင်သေ
တဲ့ သဘောပဲ မဟုတ်လား၊ ပွင့်ပွင့်လင်းလင်း ပြောပါ ပန်ပန်၊ မမ
ကို မမြင်ချင်ဘူးဆိုရင် အခုချက်ချင်း ထွက်သွားပေးပါ့မယ်"

ဒီလိုဆိုတော့ နှုတ်ခမ်းနှစ်လွှာ စေ့ပိတ်လျက် စကားလုံးတွေ
ာက်ဆုံးနေသည်။ မမယ်ကို အဲသလို ပစ်ပစ်ခါခါကြီးတော့ မဖြစ်စေ
င်ပါ။

မမယ် မျက်ဝန်းအိမ်မှာ မျက်ရည်တွေ မတွေ့ရသော်လည်း
သံတွေကတော့ တုန်ယင်အက်ရှနေသည်။

ဘယ်အချိန်အခါမှ ပန်ပန်ကို ဒီလို လေသံမာမာ မပြောဘူး၍
ည်း ပန်ပန် ကြောင်အ မင်သက်သွားတာ အမှန်ပင်။

ဒါပေမဲ့ အနိုင်ယူရမှ ကျေနပ်တတ်သော ပန်ပန် ဗီဇစိတ်
လေးက အလျှော့ပေးလိုက်ဖို့လည်း စိတ်ကူးမဝင်။

မမယ်ကို မျက်နှာချင်းဆိုင် တည့်တည့်လှည့်ကာ ရင်ဆိုင်လိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်ပန်က မမယံကို ဒီအိမ်ပေါ်က ဆင်းသွားဆိုတဲ့ စကား
တစ်ခွန်းမှ မပြောရသေးဘူးနော်၊ မမယံ ဆုံးဖြတ်ချက်နဲ့ မမယံ လုပ်
တဲ့ ဆန္ဒရှိတယ်ဆိုရင်တော့ ကြိုက်သလိုသာလုပ်၊ ပန်ပန် ဘက်က
ဘာတစ်ခုမှ ပြုပြင်ပြောင်းလဲလာမှာ မဟုတ်ဘူး"

"ကောင်းပြီလေ လေးလေးနဲ့ တိုင်ပင်ကြည့်လိုက်ပါ့မယ်၊ လေး
လေးက သူ့အိမ်မှာ လက်ခံမယ်ဆိုလည်း နေရုံပေါ့၊ လက်မခံဘူးဆိုလည်း
အဆောင်တစ်ခုခုမှာ ပြောင်းနေပါ့မယ်၊ ဝဋ်ကြွေးတစ်ခု ကျေသွားတယ်
လို့ အောင်းမေ့ရမှာပေါ့"

ဆုံးဖြတ်ချက်အတိုင်း ဒီတစ်ညလွန်မြောက်တာနှင့် မိုးလင်း
ခြင်း လေးလေးအိမ်ကို မြခြူးယံ ရောက်လာခဲ့သည်။ အိပ်ရာနိုးထ
လေးလေးက မြခြူးယံကို မြင်လိုက်သည်နှင့် အံ့ဩတကြီးဖြစ်ကာ
စာကြည့်ခန်းထဲကို ဆွဲခေါ်သွားသည်။

အိမ်တွင်းရေးကိစ္စဆိုလျှင် သူ့မိန်းမ မသိစေချင်၍ ထင်သည်။

"ဘာဖြစ်လာတာလဲ ယံယံ၊ မျက်နှာလည်း မကောင်းဘူး"

"ဟုတ်ကဲ့ လေးလေး လေးလေးကို ယံယံ ပြောစရာရှိလို့"

"အေး အေး အကြောင်းကိစ္စရှိလို့ဆိုတာ လေးလေး သိပါတယ်
ဟိုနေ့ကလည်း သမီး ပန်ပန် လာသွားသေးတယ်"

"ပန်ပန် ဘာပြောသွားသေးလဲ လေးလေး"





"ဘာ ဘာမှတော့ မပြောသွားဘူးကွဲ့၊ အခုရော ဘာဖြစ်ကြလို့
လဲ ဟို သမီးနဲ့ အဆင်မပြေဖြစ်လာခဲ့တယ် မဟုတ်လား၊ အဲဒါကြောင့်
သမီးကို သည်းခံပေးဖို့ လေးလေး တောင်းဆိုရတာပါ"

"သည်းမခံနိုင်တော့တဲ့အထိ ပန်ပန် စော်ကားလာလို့ပါ လေး
လေး၊ ယံယံ ဒီအချိန်ထိ အရှုံးပေး သည်းခံလာခဲ့တဲ့ အတိုင်းအတာကို
လေးလေး သိပါတယ်"

ဦးကျော့မောင် ခေါင်းတဆတ်ဆတ် ညိတ်ပြ၍ ဘာပြောရမှန်း
လည်း မသိချေ။ ယံယံ ဆယ်နှစ် သမီးအရွယ်ကတည်းက ဒီအိမ်မှာ
ခေါ်တင်ထားခဲ့တာ။ အဲဒီအချိန်က သမီးလေး ပန်ပန်က ခြောက်နှစ်
သမီးအရွယ် သူငယ်တန်း တက်နေတဲ့အချိန်။

လေးတန်းကျောင်းသူ မြခြူးယံလေးက ပန်ပန် အန္တိုကို
ခံပြီး ချိုပိုး ချော့မြူရတာတွေလည်း ရှိသည်။ ထိပ်ပေါက် ခေါင်းကွဲ
အရိုက်လို့ ငိုရတဲ့ အခါတွေလည်း ရှိသည်။ နီးစပ်ရာ ဆွေမျိုးတွေရဲ့
အပါယ်ခံ ဘဝလေးနှင့် မြခြူးယံက ထိုအချိန်ကတည်းက သိမ်သိမ်ငယ်
ငယ် နွမ်းနွမ်းဖတ်ဖတ်ကလေး။

ပန်ပန် အမေ ကိုယ့်ရဲ့ ဇနီးသည်ကအစ ယံယံလေးအပေါ်
ကြည်ဖြူသည်မို့ ကိုယ်တိုင်လည်း ယံယံလေးဘက်က ခွန်အားပြည့်
ရပ်တည်နိုင်ခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် အရွယ်လေးတွေ ရလာတဲ့ သမီး ဆိုးနွဲ့ဂျီကျသ
ယံယံ သည်းခံရသည်။ ဖြည့်ဆည်း အလိုလိုက်ရသည်။

ငယ်နိုင်လို ဖြစ်နေသည်မို့ ပန်ပန် ဆိုးနွဲ့မှုတွေက အနိုင်က
သလို ဖြစ်နေခဲ့တာ ကိုယ်လည်း အသိပင်။

အခုကိစ္စမှာလည်း ယံယံ ဖွင့်မပြောသေးပေမယ့် ပန်ပန် အ
ပဲ ဖြစ်မည်ဆိုတာ ကြိုတွက်ထားပြီးသားပါ။

ဒါပေမဲ့ တစ်သက်လုံး အောက်ကျို့ခံ သည်းညည်းခံလာခဲ့
ယံယံက ဘယ်လို ခံစားချက်တွေ ပြင်းထန်ဘာခဲ့ရလို့လဲ။

မကြားချင်ပေမယ့် သိသင့်သည် ထင်သည်။ ကိုယ့်ရဲ့ တ
အရင်းအချာမို့ တာဝန်ရှိသည်ဟုလည်း ယူဆမိ၏။

"ဖြစ်ပျက်ခဲ့တဲ့ ပြဿနာ ကြီးသလား သေးသလား လေးလေး
မမေးတော့ပါဘူး။ ယံယံ ဘာဖြစ်ချင်သလဲဆိုတာပဲ လေးလေးကို ပြော
ပါ"

"ပန်ပန်နဲ့ မနေချင်တော့ဘူး လေးလေး"

"အဲ အဲသလောက်ထိ လိုအပ်လို့လားကွယ်၊ တစ်သက်လုံး
အတူတူနေခဲ့ကြပြီးမှ"

"လူလွတ်တစ်ယောက်အနေနဲ့ အိမ်ထောင်သည်တွေနဲ့ အတူ
မနေသင့်တာလည်း လေးလေး သိမှာပါ၊ ဒီအိမ်မှာ လေးလေး လက်မခံ





ဘူးဆိုရင်တောင် ယံယံ တခြားမှာ သွားနေဖို့ ဆုံးဖြတ်ထားပါတယ်၊
တော့ အလုပ်ကိုလည်း"

"ဟို ခဏလေး ယံယံ"

ဦးကျော့မောင် လက်ကာ တားလိုက်ပြီး သက်ပြင်းရှိုက်ကာ
ယံ ပခုံးလေးကို ခပ်ဖိဖိ ဆုပ်ညှစ်လိုက်သည်။

"ယံယံ ဆုံးဖြတ်ချက်တွေက လေးလေးကို တာဝန်မဲ့အောင်
တော့ မဖြစ်ပါစေနဲ့ကွယ်၊ ယံယံကို လေးလေး လက်လွှတ်စပယ်
ကွာမပြုရက်ပါဘူး။ ဒီအိမ်မှာ နေလို့ မဖြစ်ဘူးဆိုတာတော့ သမီးနဲ့
ကို ဘေးတစ်မီး အငြိုငြင်မခံစေချင်တဲ့ စေတနဆိုတာ ယံယံ နားလည်
ပါ၊ ဒါပေမဲ့ ယံယံကို လေးလေး မေတ္တာရိပ်မှာပဲ ထားပါရစေ"

ပြောရင်းနှင့် ဦးကျော့မောင် မှတ်တမ်းစာအုပ်ကို လှန်လှော
ကြည့်ကာ ဝရန်တာ ထွက်၍ ဖုန်းပြောသည်။ ပြီးတော့ ပြန်ဝင်လာ၏။

"လှိုင်သာယာဘက်က နဝဒေးအိမ်ယာမှာ လေးလေး မိတ်ဆွေ
တစ်ယောက်ရဲ့ တိုက်လုံးချင်းလေး ရှိတယ်တဲ့ ယံယံ၊ ယံယံ အဲဒီမှာ
သွားနေ၊ တစ်ယောက်တည်း မသင့်တော်ဘူးဆိုတော့ အဖော် တစ်
ယောက်လောက် ရမှ သွားနေပေါ့၊ ပြီးရင် ဂိုထောင်ထဲက စလွန်းကား
လေးကို ဝပ်ရှော့ပ်မှာ လေးလေး သေချာပြင်ပေးမယ်"

"ဟို ယံယံအတွက် အဲဒီလောက် မလိုပါဘူး လေးလေး"



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး စိစဉ်တာကို မငြင်းပါနဲ့ကွယ်၊ အလုပ်အကိုင်

ဆိုတာကလည်း တခြားမှာ အလွယ်တကူရဖို့ဆိုတာ မလွယ်ကူပါဘူ

မောင်သျှင်မင်းညိုကိုလည်း အကူအညီ ပေးလို့ရအောင် ကုမ္ပဏီမှာ

လုပ်ပါ၊ ပန်ပန်လည်း ကုမ္ပဏီလာတာ မဟုတ်တော့ ပြဿနာ ထပ်ဖြ

စရာ မရှိပါဘူး၊ ယံယံကို လခကောင်းကောင်း ပေးဖို့ မောင်သျှင်မင်းည

ကို လေးလေး ပြောပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် လေးလေး၊ လေးလေးက ယံယံ မိဘ

တွေထက် ယံယံအပေါ် ပိုကောင်းနိုင်တဲ့သူပါ၊ မိဘတွေကို မစော်ကာ

ချင်ပေမယ့် ဒီလိုမျိုး စိတ်ဒုက္ခတွေ ခံစားရတိုင်း ယံယံ အရမ်းဝမ်းနည်

တယ်၊ သမီးတစ်ယောက်ရဲ့ ဘဝရေးရေးကို ထည့်မစဉ်းစားခဲ့တဲ့ မိုက်ထ

ကြီးခဲ့တဲ့သူအဖြစ် အဖေ့ကို အပြစ်တင်ချင်တယ်၊ ဒါပေမဲ့ တိုင်တည်

လို့လည်း ကိုယ့်ရှေ့ကို ရောက်လာပြီး စောင့်ရှောက်ပေးနိုင်တော့မှာ

မဟုတ်တာ၊ ယံယံဘဝနဲ့ ယံယံပဲ ရှိပါစေတော့"

အဆုံးသတ်မှာ မျက်ရည်ပေါက်တွေက အတားအဆီးမဲ့ ပြုဆင်

လာသည်။ ရင်ထဲမချိစွာ ယံယံ ပခုံးလေးကို ဦးကျော့မောင် ထွေးဖက်

လိုက်သည်။

မိဘမဲ့ရှာတဲ့ တူမလေး ရင်ထဲမှာ စိတ်ဒဏ်ရာတွေ ဘယ်

လောက်တောင် ထုထည်ကြီးမားနေမလဲဆိုတာ ဦးကျော့မောင် မခန့်မှန်





...ချင်း

တတ်နိုင်သမျှ ဖြည့်ဆည်းပြီး တာဝန်ကျေအောင် ပေးဆပ်ချင်

...ည်။ မျက်နှာငယ် အနေကျုံ့စွာ နေရတဲ့ အချိန်တွေ များလာတော့

...ျက်ပေါက်ရှာချင်သည် ထင်ပါရဲ့။

ကိုယ့်ဘဝကိုယ် ရောင်ရဲ ကျေနပ်နိုင်ပါစေလို့သာ ဆုတောင်း

...ပေးလိုက်ပါသည်။

ညီမျှမှု မရှိတာကို ဘဝလို့ ခေါ်တယ်ဆိုတာ ယံယံ နားလည်

...ပါစေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မင်း သိပ်မှားတယ် အရမ်းလွန်တယ် ပန်ပန်၊ ယံယံ
မင်းအဖေရဲ့ တူမအရင်း၊ မင်းရဲ့ အစ်မမဟုတ်ဘူးလား"

"ခင်ဗျားကြီး ဆွေမျိုးစပ်ပြမနေပါနဲ့၊ ပန်ပန် သိသားပဲ"

"ဟ သိရင်လည်း နည်းနည်းပါးပါး ဆင်ခြင်မှပေါ့ကွ၊ အ
တော့ အိမ်ပေါ်ကတောင် ဆင်းသွားရတဲ့ အဖြစ်၊ အံ့ဩစရာကော
လိုက်တာကွာ၊ ပန်ပန့်မင်းကို အဲလောက်ထိ စိတ်သဘောထား သေး
ညံ့ဖျင်းလိမ့်မယ်လို့ ထင်မထားဘူး"

"ခင်ဗျားက သူနဲ့ ဘယ်လိုပတ်သက်မှုရှိလို့ ဝင်နာနေရတာ
ခင်ဗျားတို့ နှစ်ယောက် ရိုးရော ရိုးကြရဲ့လား"

"ပန်ပန်"





စူးခနဲ အော်ကာ ပန်ပန် ပခုံးလေးကို ဆုပ်ကိုင်လှုပ်ယမ်းပစ်လိုက်သည်။ နာကျင်သွားသဖြင့် ပန်ပန် မျက်နှာလေး ရှုံ့မဲ့သွားကာ ဖွတ်အတင်း ရုန်းထွက်နေ၏။

လွှတ်မပေးဖြစ်ဘဲ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိခြင်းက ဒေါသကြောင့်ပဲ ဖြစ်ပေလိမ့်မည်။

"အဲဒီလို စကားလုံးမျိုးတွေနဲ့ ရှုတ်ချသမုတ်နေလို့ ယံယံ သည်းမခံနိုင်တော့ဘဲ ထွက်သွားခဲ့ရတာ၊ မင်းက ကိုယ်တို့ရဲ့ ကိုယ်ကျင့်တရားနဲ့သိက္ခာကို ဘယ်လောက်ထိ စော်ကားပြစ်တင်ဖို့ စဉ်းစားထားလဲ ပန်ပန်၊ ဒီမှာ မင်းလို မိန်းမမျိုးကို လက်ထပ်မိတဲ့အတွက် ကိုယ် ဒီနေ့ နောင်တရသွားပြီ သိလား၊ ကိုယ့်ကို မချစ်ပါဘူး မုန်းပါတယ်လို့ လေလံတင်ခံနေရတဲ့ မိန်းမက ချစ်လို့ သဝန်တိုတာ မဟုတ်ဘဲ အထင်သေး စော်ကားခံရတဲ့အတွက် ရင်နာတယ်၊ နာကြည်းတယ်၊ မင်းရဲ့စိတ်ဓာတ်ကိုလည်း စက်ဆုပ်ရွံရှာသွားပြီ ပန်ပန်၊ အေး အလှည့်ဆိုတာ ရှိပါတယ်၊ မင်း ဘယ်တော့မှ မျက်ရည်မကျပါစေနဲ့လို့ ဆုတောင်းထား"

ဒေါသကြောင့် အသားတွေ တဆတ်ဆတ် တုန်နေတာကို ထိန်းချုပ်ကာ မာကျောအေးခဲစွာ အပြတ်ပြောခဲ့ပြီး ပန်ပန် ကိုယ်ခန္ဓာလေးကို အိပ်ရာခုတင်ပေါ်မှာ တွန်းလှဲ၍ ခြေလှမ်းကျဲကြီးတွေနှင့် သူ ဧည့်ခန်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန် ဘယ်လိုဖြစ်ကျန်ခဲ့မလဲ သူ ဂရုမစိုက်။ စည်းမစောင့်သော သူမ နှုတ်ခမ်းနှစ်လွှာကို အပြစ်ပေးချင်တဲ့ ရင်ခုန်မှုတွေလည်း ရှိမနေ။

စိတ်ကုန်သွားတာလား၊ စိတ်နာသွားတာလား မဝေခွဲတတ်သော မသိစိတ်တွေက ညှော်ခန်းစားပွဲပေါ်က အတက်ချိုကွေ့စ် ဆွဲ၍ ကားပေါ်တက်ကာ မောင်းထွက်လာခဲ့မိသည်။

အသားလေး ဝင်းဝင်းဝါဝါ မျက်နှာလေးက နုနုဖတ်ဖတ်နှင့် ဘာလို့ သူမ စကားလုံးတွေ ဒီလောက် ကြမ်းတမ်းရတာလဲ၊ အတွင်းစိတ်က ပုပ်ပွန်စော်နေရတာလဲ။

ချစ်လို့ သဝန်တိုတာ မဟုတ်ဘူးဆိုပြီး အတိအလင်း ကြေညာခံထားရပြီးမှ ပေါ်တင်ကြီး စွပ်စွဲတိုက်ခိုက်ခံရတော့ ဘယ်လို ကြည်နူးမှု မျိုးနှင့် ရင်ခုန်ရမည်လဲ။

မျှတမှု နားလည်မှုမရှိတဲ့ မိန်းမကိုရတာ သူ့လောက် ကံဆိုးတဲ့သူ ရှိတော့မည် မထင်။

ကားလေးက လေးညို့က လွှတ်လိုက်တဲ့ မြားလို အရှိန်ပြင်းပြင်းနှင့် ကုမ္ပဏီကို ခဏခြင်း ရောက်လာသည်။

သုန်မှုန်တင်းမာနေတဲ့ သူ့မျက်နှာက ရုံးခန်းထဲမှာ ထိုင်လိုက်သည့်အချိန်ထိ နော်မယ်-ပြန်ဖြစ်မလာချေ။





မနက်စောက ဦးကျော့မောင် အကျိုးအကြောင်း ဖုန်းဆက်ထားသည့်အတွက် ဒီကုမ္ပဏီမှာ မြခြူးယံ ရှိနေလိမ့်မည်ဆိုတာ သိထားပေမယ့် မျက်လုံးဝေ့ရှာဖို့လည်း သတိမေ့နေသည်။

အမြင်အာရုံအကြားအာရုံထဲမှာ ပန်တော်ဝင် အပြုအမူနှင့် စကားတွေကိုသာ မြင်ယောင်ကြားယောင်နေ၏။

သူ ပြောခဲ့တာတွေ မမှားဘူးဟုလည်း ကိုယ့်တာသာ အားတင်း၍ တွေးနေဖြစ်သည်။

"ကိုညို ဘာဖြစ်နေတာလဲ"

"ဟင် ဩော် ထိုင်လေ ယံယံ၊ ဘာရယ်မဟုတ်ပါဘူး၊ ပန်ပန်နဲ့ ပြဿနာဖြစ်လာလို့ပါ"

"ယံယံကြောင့် မဟုတ်လား။ ယံယံ ဒီလို ထွက်လာခဲ့တာတောင် သူ့မှာ ပြောစရာ ရှိနေသေးလား"

"ထွက်သွားရတဲ့ အကြောင်းအရင်းကို ကျွန်တော်က မခံချင်ဖြစ်ပြီး စကားများရတာပါ၊ ထားပါလေ ယံယံ အဆင်ပြေတယ် မဟုတ်လား။ မနက်က အန်ကယ် ကျွန်တော့်ဆီ ဖုန်းဆက်ပြောတယ်"

"အဆင်ပြေပါတယ် စိတ်ပေါ့ပါးသွားပေမယ့် စိတ်ထိခိုက်နေတုန်းပဲ"

"ကျွန်တော် ဘာလုပ်ပေးရမလဲ ယံယံ၊ ကျွန်တော်လည်း ယံယံ

www.burmeseclassic.com

www.burmeseclassic.com



ကို ကူညီခွင့် ရချင်ပါတယ်''

''အဟင်း ကျေးဇူးတင်ပါတယ် ကိုညို့ ဆီက ဒီစကားကြားရ တာနဲ့တင် ယံယံ့ စိတ်တစ်ဝက် ကျန်းမာလာပါပြီ၊ ညကရော မနက်က ရော ဘာမှမစားလို့လား မသိဘူး၊ အစာအိမ်က ဆန္ဒပြလာပြီး ကျွန်မ တစ်ခုခု ထွက်စားလိုက်ဦးမယ် ကိုညို့''

''ဟို ကျွန်တော်လည်း ဘာမှ စားမလာခဲ့ရသေးဘူး၊ ကျွန်တော် လည်း လိုက်မယ် ယံယံ''

သျှင်မင်းညိုက ကပျာကယာ ထ၍ မြခြူးယံ နောက်က လိုက် လာသည်။

အောက်ဆုံးထပ် ညာဘက်ခြမ်းက ကော်ဖီဘားလေးထဲမှာ နှစ်ယောက်သား ဝင်ထိုင်လိုက်ကြ၏။

မြခြူးယံက စာစာနှင့် ဖက်ထုပ်ကြော်ရော ဆီချက်ရော နှစ်ခု ဆွဲသည်။ ပြီးတော့ ကော်ဖီတစ်ခွက်ပါ သောက်၏။ သျှင်မင်းညိုကတော့ ရှမ်းခေါက်ဆွဲတစ်ပွဲတောင် မကုန်ချင်။ တစ်ဝက်ချန်ထားပြီး လက်ဖက် ရည်တစ်ခွက်ကို ဖိမ်ဆွဲသောက်နေ၏။

''လည်နင်နေတုန်းလား ကိုညို့''

''ရင်ခံနေတာတော့ အမှန်ပဲ၊ ပန်ပန်နဲ့ပတ်သက်ပြီး ကျွန်တော့် ရင်ဘတ်ထဲလည်း ဒဏ်ရာတွေ ရနေပြီ၊ ကုသလို့ ရမယ့် ဆေးဝါးလည်း





ရှိတော့မယ် မထင်ပါဘူး''

''ကိုညို့က ယောကျ်ားလေးပဲ အဲလောက် စိတ်ညစ်မခံသင့်ဘူး ထင်တယ်၊ ပျော်စရာတွေ အများကြီးပဲဟာ၊ စိတ်ထွက်ပေါက်ပေါ့''

''ဟင့်အင်း ကျွန်တော် အဲလို ပေါ့ပျက်ပျက်ကောင် မဟုတ်ဘူး၊ မိန်းမတစ်ယောက်အတွက် ကိုယ့်တဝကို တန်ဖိုးမဲ့တဲ့သူလည်း မဖြစ်ချင် ဘူး။ ပန်ပန်နဲ့ ပတ်သက်တဲ့ ဝေဒနာဆိုတာ အရည်ပျော်မကျနိုင်ပေမယ့် အစိုင်အခဲလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ရင်ထဲမှာ အဖုအထစ်တွေ ရှိနေပြီဆိုတာတော့ သေချာတယ်''

''ပန်ပန်ကို ချစ်နေပြီလား ကိုညို့''

အမေးက စိမ်းဆတ်သည်။ သူ ဘာပြန်ဖြေရမှန်း မသိ။

ကြည်နူးနွေးထွေးမှု မရှိတဲ့ အတွေ့မှာ စွဲလန်းနေမိပြီလား ကိုယ်တိုင်တောင် ဝေခွဲကြည့်ချိန် မရသေး။

''အဖြေ မရှိတာက ဘာကို ဝန်ခံချင်တာလဲ''

''ဘာကို ဝန်ခံရမလဲ မသေချာသေးတာ၊ နာကျင်စရာတွေ ရှိနေပေမယ့် မျက်လုံးထဲ အသိထဲက ဆွဲထုတ်မရတာတော့အမှန်ပဲ၊ ဒါပေမဲ့ ချစ်နေခဲ့ပြီဆိုရင်တောင် ကျွန်တော်[illegible]ချစ်တွေနဲ့ သူနဲ့ မတန်ပါဘူး ယံယံရယ်''

အားပျော့ တိမ်ဝင်သွားသော အသံက ခြောက်ကပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မတာန်ဘူးဆိုရင် မချစ်မိအောင် ကြိုးစားပေါ့လို့ ပြောလိုက်ချင်တဲ့ စကားလုံးတွေက လည်ချောင်းဝက လျှံထွက်နေချင်သည်မို့ ကော်ဖီတစ်ငုံနှင့် ပြန်မျိုချလိုက်ရသည်။

သျှင်မင်းညို အတွင်းစိတ်ကို ယံယံ သိအောင် မကြိုးစားချင် ရင်ထဲက ဆန္ဒအမှန်က မဖြူစင်မှန်း သိပေမယ့် ရှေ့တိုးဖို့ စဉ်းစားဖြစ်တာ အာဃာတ တစ်ခုကြောင့်ပဲ ဖြစ်ပေလိမ့်မည်။ အချိုးဆုံး အပြုံးမှာ အနာတရ ရဟန်ဆောင်ထားလိုက်၏။

"ယံယံ ဘာပြုံးနေတာလဲ"

"နာကျင်စရာကောင်းတဲ့ ကိုယ့်ဘဝကိုယ် တွေးမိလို့ပါ"

"ဟင် နာကျင်စရာကောင်းတာကို ပြုံးနေတယ်"

"ငိုနေလို့ရော ဘဝက အကောင်းအတိုင်း ဖြစ်မှာမို့လား။ ရောင့်ရဲနေတာမျိုး မဟုတ်ပေမယ့် တွေးမိတိုင်းလည်း ပြုံးချင်တယ် ပန်ပန်က အရမ်းကံကောင်းပြီး ယံယံက ဘာလို့ ဒီလောက် ကံဆိုးရတာလဲလို့လေ ဟင်း ဟင်း ကိုယ့် အကြောင်းပြချက်နဲ့ သူများအကြောင်းတွေ ပါကုန်တော့မယ်၊ ကဲပါ ကိုညို အကြောင်း ပြောမယ်၊ ကိုညိုကို ပန်ပန်က ထမင်းချိုင့် ထည့်မပေးလိုက်ဘူးလား"

"ဟင့်အင်း အိပ်ရာက မနိုးသေးတဲ့ မိန်းမက ကျွန်တော် ကုမ္ပဏီကို သွားတာတောင် သိလိုက်မှာ မဟုတ်ဘူး၊ မယ်တင်ကလည်း





ဘာမှ သိပ်ပြီး ချက်တတ် ပြုတ်တတ်တာ မဟုတ်ဘူးလေ၊ ဂရုစိုက်ပြီး စီစဉ်ပေးမယ့် ယံယံလည်း မရှိတော့ ဘရိတ်ဖတ်တောင် မစားတော့ဘဲ ထွက်လာခဲ့တာ၊ ညစာလည်း ဖြစ်သလိုပေါ့"

"စိတ်မကောင်းပါဘူး ကိုညို၊ နောက်ရက်တွေဆိုရင်တော့ ကိုညိုအတွက် နေ့လယ်စာ စီစဉ်လာခဲ့ပါမယ်၊ ဟို ကိုညို ကြိုက်တတ်တာလေးတွေ ယံယံ သိနေတာပဲ၊ ကိုညို စားချင်တာလေးတွေ ရှိရင်လည်း ပြောလေ ယံယံ ချက်လာခဲ့ပါမယ်၊ ဒါပေမဲ့ ပန်ပန် ကိစ္စကိုတော့ ကိုညို ရှင်းနိုင်ရမယ်နော်"

သျှင်မင်းညို ခေါင်းကုတ်ကာ မျက်နှာကြီး ရှုံ့မဲ့သွားသည်။ မိခြူးယံက မျက်နှာပေါ် ဝေ့ဝဲကျနေတဲ့ ဆံနွယ်လေးတွေ လွှင့်ခနဲ ခါ၍ ခစ်ခစ် ရယ်သည်။

"ဘယ်လိုဖြစ်လို့ မျက်နှာကြီး ရှုံ့မဲ့သွားရတာလဲ၊ ပန်ပန်ကို တောတော် ကြောက်တယ် ထင်တယ်၊ ကဲပါ ထိတ်ထိတ်လန့်လန့်နဲ့ သိပ်ကြောက်ပြမနေပါနဲ့၊ ကိုညိုဘက်က ကတိတစ်ခုပဲ ပေးပါ"

"ဘာ ဘာပေးရမှာလဲ"

"ပန်ပန် မျက်စေ့အောက်ကနေ ကျွန်မ ထွက်လာခဲ့ပြီ ဖြစ်တဲ့အတွက် သူ ဘာပြောပြော ဘာလုပ်လုပ် ကျွန်မ သည်းခံတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ထိပ်တိုက်တွေ့လာနိုင်တဲ့ အဲဒီအချိန်ကျရင် ကို



www.burmeseclassic.com

www.burmeseclassic.com



သျှင်မင်းညို ပွဲကြည့် ပရိသတ် တစ်ယောက်လို ဘေးထွက်ရပ်နေပေးပါ။ အနှိမ်ခံဘဝနဲ့ ရှင်သန်လာခဲ့ရတဲ့ ကျွန်မ ဘဝအတွက် တစ်ချိန်လောက်တော့ ထွက်ပေါက်ရသင့်သေးတယ် မဟုတ်လား၊ ယံယံကို တကယ်စာနာမှုရှိတယ်ဆိုရင် ပြောတာပါ''

သူ မြန်မြန် ခေါင်းညိတ်ပြလိုက်မိခြင်းက တကယ့် စိတ်ရင်းအမှန်နှင့် စာနာမိလို့ပဲ ဖြစ်သည်။

မြခြူးယံ အပြုံးမှာ အဓိပ္ပါယ်တွေ အများကြီးနှင့်ဆိုတာ သူသတိမထားမိ။

''ဒါဆိုရင် ကျွန်မကို အခင်မင်ရဆုံး မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်တယ်ပေါ့နော်၊ ကျေးဇူးတင်ပါတယ် ကိုညို၊ ကျွန်မလည်းကိုညိုကို စတွေ့ရတဲ့ အချိန်ကတည်းက သံယောဇဉ် ဖြစ်မိပါတယ်နားလည်မှု မရှိတဲ့ ပန်ပန်နဲ့ လက်ထပ်လိုက်တော့ ညီမ တစ်ယောက်ဘက်က အားလည်းနာတယ်၊ သနားလည်း သနားမိတယ်၊ ဟိုလေကိုညို ညစာစားဖို့ အရမ်း အခက်အခဲ ဖြစ်နေရင်လည်း ယံယံ ဖိတ်ခေါ်ပါတယ်၊ အိမ်မှာ စားရသောက်ရတာ အဆင်မပြေတဲ့ အချိန်၊ အပြင်စာတွေ ဟိုတယ်စာတွေ စားရတာ ငြီးငွေ့လာတဲ့အချိန် ယံယံ အိမ်မှာလိုက်စားပါ၊ အဲဒီအိမ်မှာ တာဝန်မကျေရတဲ့အတွက်လို့ အောင်းမေ့ပေါ့''

''ကျေးဇူးတင်ပါတယ် ကျွန်တော်လည်း ယံယံ နေတဲ့ အိမ်လေး





...ို ရောက်ဖူးအောင် တစ်ခေါက်လောက် လာမယ်လို့ စိတ်ကူးထားပါ...ယ်''

တစ်ခေါက်လောက်လို့ နှုတ်က ထုတ်ပြောလိုက်ပေမယ့် တကယ်...မ်းတော့ လှိုင်သာယာ စက်မှုဇုံ အထည်ချုပ်မှာ စာရေးမ လုပ်နေသော...ငယ်ချင်းမလေးနှင့် အတူတူနေသည့် ယံယံ အိမ်လေးကို တစ်ပတ်...စ်ခါ ပုံမှန်ရောက်ဖြစ်နေခဲ့သည်။

ဖြစ်သလို ချက်ပြုတ်ထားတဲ့ မယ်တင် လက်ရာတွေကို သူ...ာ၍ ရက်ဆက် မစားနိုင်။ ဟိုတယ်စာ အပြင်စာတွေကိုလည်း ရွံရွံမြိမြိ...ားတတ်။

ပန်ပန်ကလည်း ဂရုစိုက်မှု အလေးထားမှု မရှိ၍ သူ စိတ်သက်...အောင် ထွက်နေမိသည်ဆိုက အမှန်ပင်။

နေ့လယ်စာအတွက် ယံယံထည့်ယူလာတဲ့ ထမင်းဟင်းတွေကို...သည်။ ကုမ္ပဏီ ပိတ်ရက် မဟုတ်တဲ့ ညစာတွေကိုတော့ ဖြစ်သလိုပဲ...မှာ စားလိုက်ပြီး sunday ဖြစ်တဲ့ ကုမ္ပဏီပိတ်ရက်မှာတော့ နေ့လယ်...ရော ညစာရော ယံယံ ဆီမှာ စားသောက်ပြီးမှ အိမ်ပြန်သည်။

မယ်မင်းကြီးမ ပန်တော်ဝင်က မေးမြန်းခြင်း မပြုသေးပေမယ့်...ု အိမ်ပြန်ရောက်တိုင်း မျက်စောင်းတခဲခဲ။ သူကလည်း အခြေအနေ...မှ မဖြစ်ချင်တာနှင့် အိမ်ရောက်လျှင် အလုပ်များနေဟန်ဆောင်၍



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာ ရှေ့က မစ္စာဖြစ်။ ဘယ်နေ့မှာ ဘယ်လိုတွေ သိသွား
ဘာတွေ ဖြစ်မယ်ဆိုတာလည်း ကြိုမတွေးချင်။

ခုချိန်လေးမှာ မြခြူးယံကို နှစ်သိမ့်အားပေးရာလည်း ရော
သည်။ သူ့အတွက်လည်း ပန်တော်ဝင်အကြောင်း သိပ်မတွေးဖြစ်တော့
ဘဲ စိတ်ဖြေသာသည်ဟု ခံယူထားမိ၏။

ဒါပေမဲ့ အိပ်ရာဝင်ချိန်တိုင်း သူမ မျက်နှာလေးကို မြတ်မြ
နိုးနိုး တဝကြီး ငေးမောကြည့်ပြီးမှ အိပ်ပျော်တတ်ခဲ့တာ အကျင့်
နေပြီ ဖြစ်သည်။

ပန်တော်ဝင်က အိပ်ပျော်နေချိန် ခဏလေးမှာတော့ အပြ
ကင်းပြီး အရမ်းချစ်စရာ ကောင်းနေခဲ့သည်လေ။

■ ■ ■



## အခန်း (၂၀)

"အဲဒါ မကောင်းဘူး ပန်မန်၊ ဥပေက္ခာပြုထားလို့ ရတဲ့
ယောကျ်ားမို့ ဥပေက္ခာပြုထားတယ် ဆိုပေမယ့် တစ်ချိန်ချိန်မှာ ကိုယ့်အ
ပ် အဆိုးဝါးဆုံး အခြေအနေတွေ ဖြစ်လာလိမ့်မယ်"

"နင် ဘာပြောတာလဲ ပန်ထွာ"

"ဟုတ်တယ် နင့်ယောကျ်ားကို နင် ချစ်လား မချစ်လား ငါ
စပ်ချင်ပါဘူး၊ ဒါပေမဲ့ သူဟာ နင့်ရဲ့ တရားဝင် လင်ယောကျ်ား
သိပြည်သိ ဆွေမျိုးအသိုက်အဝန်း မိတ်ဆွေတွေ ရှေ့မှာ လက်မှတ်
လက်ထပ်ထားတဲ့သူ၊ လင်မယားအရာလည်း မြောက်ခဲ့ပြီးပြီ၊ နင်
ကို စွန့်လွှတ်နိုင်သလား ပန်မန်"

ဟင့်အင်းလို့ ဖြေမိတော့မယ် နှုတ်ကို အချိန်မီ ဘရိတ်အုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မရလိုက်။ ခေါင်းကို ဆတ်ခနဲ ခါပစ်ကာ

"ဘာလို့ စွန့်လွှတ်ရမှာလဲ၊ မချစ်ဘူးဆိုရင်တောင် ငါတို့ အ

အနွယ်ထဲမှာ လင်ကွာ မယားကွာ အဖြစ်မျိုး ဘယ်သူမှ မရှိဘူး"

"ဒါဆို သူ့ကို ပိုင်ဆိုင်အောင် နင် ဘာလို့ မကြိုးစားတာ

ပန်ပန်"

ကြာဝင် ပြောလိုက်တဲ့ သံ စကားကြောင့် ပန်ပန် နားမလ

နိုင်အောင် မျက်လုံးလေး ပြူးလည်သွားသည်။

"ဟဲ့ တစ်အိမ်တည်း အတူနေတယ်၊ တစ်ခန်းထဲ အိပ်တ

ဘာလို့ မပိုင်ဆိုင်ရမှာလဲ အထူးအဆန်း"

"အေး အချဉ်ယောင်ဆောင်နေတာ ဆိုရင်တော့ ငါ တည့်တ

ပြောမယ်၊ ဟိုနေ့က နင်နဲ့ ပန်ထွာ နှစ်ယောက်တည်း တွေ့တဲ့အချိန်

အဲဒီလူက နင့်ကို ဟိုအရင်ကလို မနမ်းတော့ဘူး၊ အသိအမှတ်ပြု အ

ထားတာတွေ မလုပ်တော့ဘူးလို့ နင် ဘာလို့ ပြောတာလဲ၊ အဲဒီအကြေ

အရာက နင့်ကို စိတ်ကုန်သွားလို့ စိတ်ပျက်သွားလို့ နေမှာပေါ့၊' ဒီထ

ပိုဆိုးသွားရင် ကွာရှင်းခွင့်တောင် တောင်းချင်တောင်းနေမှာ"

"ဟဲ့ ပါးစပ်ပုတ်ကြီးနဲ့ အဲလို ဖြစ်စရာလားဟဲ့၊ သူလ

လုပ်ငန်းတိုးချဲ့ဖို့ အလုပ်ရှုပ်နေတာ၊ ငါ့မျက်မြင်ပဲ၊ ကွန်ပျူတာရှေ့

တောင် မခွာဘူး၊ ပြီးတော့ ငါနဲ့ စကားမများချင်လို့ ရှောင်နေတာ ဖြ





သေး"

"အေး အဲဒါကို နင်ပြန်ပြီး ဥပေက္ခာပြု ခံနေရတာ ပန်ပန်၊

ယောကျ်ားတစ်ယောက် အဲလို သွေးအေးပြီဆိုရင် ကြောက်စရာ အကောင်း

ဆုံးပဲ၊ သူ ကုမ္ပဏီပိတ်ရက်မှာ တစ်နေကုန် အိမ်မှာမရှိတဲ့ ကိစ္စကရော

တို့အားလုံး လွှတ်လွှတ်လပ်လပ် ပျော်ပါစေဆိုပြီး စေတနာနဲ့ အိမ်မှာ

နေဘဲ ရှောင်ပေးနေတယ် အောင်းမေ့နေလား၊ တစ်နေရာရာမှာ ခို

အောင်းစရာ မရှိဘဲ ယောကျ်ားတွေ သဘောမကောင်းတတ်ကြပါဘူး"

ပန်ထွာ စကားကြောင့် ပန်တော်ဝင် ပြူးပြူးပျာပျာ ဖြစ်သွား

သည်။ လည်ချောင်းထဲက အသံတွေတောင် ခလုတ်တိုက်ပြီး ကတုန်က

သင်။

"အဲ အဲဒါဆို သူ သူ ဘယ်သွားနေတာ ဖြစ်နိုင်မလဲဟင်"

"နင့်အစ်မ မြခြူးယံ ဘယ်မှာနေလဲ၊ အဲဒီမှာ ဖြစ်နိုင်မှာပေါ့၊

အိမ်မှာကတည်းက နင့်အစ်မနဲ့ပတ်သက်ပြီးပဲ နင်တို့ လင်မယား ရန်

ဖြစ်ကြတာ မဟုတ်လား"

ပန်ထွာ ပြောမှ သတိရကာ မမယံ ဘယ်မှာနေတာလဲ ဖေဖေ့ကို

နှန်းဆက် မေးကြည့်ရသည်။

လှုပ်လှုပ်ရှားရှား ရင်ဘတ်ကြီးက သွေးခုန်နှုန်းတွေတောင် မြန်

ချင်။ ဒါဟာ အချစ်ကြောင့်လား။ သံယောဇဉ်ကြောင့်လား။



www.burmeseclassic.com

www.burmeseclassic.com



အနေနီးတဲ့ အတွေ့အထိကြောင့်လား။ ရန့်ပြင်းတဲ့ သူ့အနမ်းတွေကြောင့်လား။

သူမ ဝေခွဲမရခင်မှာ ဖေဖေနှင့် စကားပြောလိုက်ရတာ ပြီးပြတ်သွားသည်။

"ဘာတဲ့လဲ"

သခ်နှင့်ပန်ထွာ သိချင်စိတ်နှင့် ပြိုင်တူ မေးလိုက်ကြသည်။ ပန်ပန်က ဆိုဖာခုံပေါ်မှာ အရုပ်ကြိုးပြတ်။

"ဟုတ်တယ် မမယံဆီ သူသွားနေတာ၊ ဖေဖေက ပြောတယ် မမယံ လှိုင်သာယာဘက်မှာ နေတာ အားမငယ်အောင်လို့ မောင်သျှင်မင်းညှိုကတော့ သွားပြီး အားပေးရှာပါတယ်တဲ့လေ၊ ငါ့ကိုလည်း အပြစ်ပြောတယ်၊ မောင်သျှင်မင်းညှို စားဖို့သောက်ဖို့ သမီးက ဘာလို့ စီစဉ်မပေးတာလဲတဲ့၊ မမယံက ချက်ပြုတ်ပြီး ကုမ္ပဏီကို ထမင်းချိုင့်ထည့်ယူလာရတယ်တဲ့လေ"

"သွားပြီ နင် ဒီအတိုင်း နေနေရင် နင့်ယောကျ်ား လက်သာရာပါသွားတော့မယ်၊ နင် စွန့်လွှတ်နိုင်သလား ပန်ပန်၊ ပြီးတော့ နင် အဲဒီယောကျ်ားကို ချစ်သလား"

"ချစ်တာ မချစ်တာ ငါ မဝေခွဲနိုင်သေးပေမယ့် ကိုယ့်ယောကျ်ားဟာ အဲသလို ဖြစ်ခွင့်တော့ မရှိစေရဘူး ပန်ထွာ၊ ခြေပုန်းခုတ်ဖို့ ကြိုးစား





...င် အဲဒီခြေထောက်ကို ရိုက်ချိုးပစ်မယ်၊ အခွင့်အရေး ပေးနေတဲ့သူကို ...န်နဲ့အားနဲ့ ခွန်အားနဲ့ တိုက်ထုတ်ပစ်မယ်"

"နင့်ဘက်က ပြောင်းလဲဖို့ရော မကြိုးစားတော့ဘူးလား ပန်...

သခ်က သွေးတိုးစမ်းပြီးမေးသည်။ ပန်တော်ဝင်က ခပ်မဲ့မဲ့ပြုံး၏။

"ငါ့ရဲ့ပြိုင်ဘက်ဟာ မမယံ မဟုတ်တဲ့ တခြားတယောက် ဆိုရင် ...ော့ ငါပြောင်းလဲချင် ပြောင်းလဲမှာပေါ့ မမယံ ဖြစ်နေတဲ့ အတွက် ...ည်းနဲ့ ငါအရှုံးပေးလို့ မဖြစ်ဘူး မမယံ က ငါ့အကြောင်းကို သိနေပြီး ...းလေ သျှင်မင်းညှိုကို အလျှော့ပေးလိုက်ရင် မမယံ ကို အရှုံးပေး ...က်တာနဲ့ အတူတူပဲ၊ မမယံ ငါ့ကို ယှဉ်လို့မရဘူး ပြိုင်လို့လည်း မရ ...း သူဟာ ငါအနိုင်ယူသမျှ သည်းခံပေးရမယ့် လူတစ်ယောက် သူ့ဘဝ ...ာ အမြဲတမ်း နားလည်နေရမယ်"

"အဲဒီလောက်ကြီးတော့ အတ္တမကြီးသင့်ဘူး ထင်တယ် ပန်ပန် ...သျှင်မင်းညှိုက နင်တို့ နှစ်ယောက်ကြားမှာ မြေစာပင် ဖြစ်သွားလိမ့် ...ယ် အဲသလို ဖြစ်သွားတာနဲ့ ကိုသျှင်မင်းညှို နင့်ဘက်မှာ ဘယ်တော့မှ ...ာမဟုတ်ဘူး၊ ဘာကြောင့်လဲလို့ မမေးနဲ့ ယောကျ်ားအချင်းချင်း ကိုသျှ... ...ညှိုကို ငါနားလည်တယ် သာယာမှုရှာချင်တာ အဆင်မပြေမှ အိမ်...ာင်ရေးက ထွက်ပေါက်ရှာချင်တာ သူ့မှာ အပြစ်မှမရှိဘဲ"

www.burmeseclassic.com

www.burmeseclassic.com



သခ် စကားကြောင့် ပန်ပန် တွေခနဲဖြစ်ကာ မျက်မှောင်ကြု
သည်။

ယောက်ျားတိုင်းက ဒီလိုပဲလား။တခြားယောက်ျားတွေ ဘယ်
ပဲနေနေ ပန်တော်ဝင် ယောက်ျား ဒီလိုမဖြစ်ရ။

ခြံခုန်တတ်တဲ့ နွားဆိုရင် တိုင်မှာ ကြိုးနဲ့ချည်ထားရမည်
ရှန်းကန်ပြီး ထွက်ပြေးဖို့ ကြိုးစားလျှင်တော့ ရိုက်သတ်ဖို့ ဝန်မလေ
ကြောင်း ခြိမ်းခြောက်ရမည်ပေါ့။

ဒါမှ လက်မခံ သဘောမပေါက်လျှင် . . . ။

■ ■ ■

## အခန်း (၂၁)

"ဒါ ဘယ်က ပြန်လာတာလဲ"

"မင်းကို အစီရင်ခံရမှာလား၊ ဘယ်ကိုသွားမယ် ဆိုတာရော
ခါမစ်တောင်းဖို့ လိုလို့လား"

"လင်မယားအချင်းချင်းပဲ လိုအပ်ရင် ပြောရမှာပေါ့"

"မင်းဘာလုပ်လုပ် ဟိုအရင်က ထားတော့ အခု ငါပြောမိလို့
လား"

အမေးနှင့်အဖြေက ညင်သာမှုမရှိ။

မာကျောနေတာမဟုတ်သလို ပျော့ပြောင်း၍လည်း မနေ။ မျက်
လုံးတစ်ချက် ပင့်ကြည့်ပြီးမှ အပေါ်ထပ် အိပ်ခန်းရှိရာ တက်သွားသည့်
သျှင်မင်းညိုနောက်က တောက်လျှောက်လိုက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေကုန် အိမ်မှာ သူငယ်ချင်းတွေနှင့် ကစားနေရတာလည်း စိတ်မပါ အရင်လို အစား အသောက်ကို မက်မောတဲ့စိတ် လည်းမရှိ။

ဆန်းဒေး ကုမ္ပဏီပိတ်ရက်မှာ နေ့လယ်ကတည်းက ပျောက်သွားခဲ့သည့် သျှင်မင်းညို ဆီသာ စိတ်ကရောက်နေသည်။

ဘယ်သွားသလဲ၊ ဘာလုပ်သလဲ ဟိုအရင်နေ့တွေက စိတ်မဝင်စားပေမယ့် ဒီနေ့တော့ သေသေချာချာ သိရမှ ဖြစ်မည်လို့ သန္နိဋ္ဌာန်ချထားမိ၏။ နေဝင်ချိန်ထိ ရောက်မလာတော့ စိတ်က ဂနာမငြိမ်။

သူငယ်ချင်းတွေ ပြန်သွားကတည်းက ခြံဝင်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားရင်း သွေးတွေက တဖျဉ်းဖျဉ်း ဆူပွက်လာသည်။

ကားမီးရောင် ဝင်းကနဲထိုးပြီး သျှင်မင်းညို ပြန်ရောက်လာချိန်မှာလည်း အရင်ကတည်း လှျပ်ခနဲဖြစ်ကာ ချွေးစေးတွေ စိမ့်ထွက်လာတာ ဘာကြောင့်မှန်းမသိ။

သျှင်မင်းညိုကတော့ သူမကိုတောင် ဂရုမစိုက် ပေါ်တီကိုအောက်မှာ ကားရပ်ပြီး အိမ်ထဲ တန်းခနဲ ဝင်သွားသည်။ နောက်ကအပြေးလိုက်ပြီး မေးပြန်တော့လည်း ဘုဂလန့်ဖြေလျက် ခြေသံပြင်းပြင်းနှင့် အပေါ်ထပ် တက်သွား ပြန်၏။ အခု သူမက အရှက်မရှိ လိုက်မေးရတော့မည့် အဖြစ်မျိုးလား။

မခံချင်စိတ်က တင်းခနဲ ဖြစ်သွားသော်လည်း အိပ်ခန်းတံခါးကို





ဖြန်းခနဲ ဆွဲဖွင့်ကာ သျှင်မင်းညို မျက်နှာရှေ့မှာ ခပ်တောင့် တောင့် ရပ်လိုက်သည်။

"ဘာလဲ မင်းဘာပြဿနာ ရှာချင်ပြန်ပြီလဲ"

"ပန်ပန်မေးတာ ဖြေမှာလား ခင်ဗျားဘာသာ ဝန်ခံမှာလား"

"ဘာကိုလဲ"

"ပိတ်ရက်တိုင်း မမယ် ဆီ သွားနေတဲ့ကိစ္စ"

"ဟ အဲဒါ ကိုယ့်အလုပ်ကိစ္စနှင့်ကိုယ် ကိုယ့်အကြောင်းနဲ့ကိုယ်"

"မဖြစ်သင့်ဘူးလေ မသွားသင့်ဘူးလေ ဒီအိမ်မှာ ရှိနေတုန်းကတောင် အမြင်မတော်လို့ ပိတ်ပင် တားဆီးနေတာ ခင်ဗျားတို့ လွတ်လွတ်လပ်လပ် သွားတွေ့ဖို့ ပန်ပန်က အခွင့်အရေး ပေးလိုက်တယ်များထင်နေလား ကိုယ့်ဂုဏ်သိက္ခာနဲ့ကိုယ် ထိန်းသိမ်းစမ်းပါဦး"

"ပြောပြန်ပြီ စည်းလွတ် ဝါးလွတ် အမြင်မတော်ရအောင် ကိုယ်တို့က ဘာတွေဖြစ်နေကြလို့လဲ ရိုးရိုးသားသား အလုပ်ကိစ္စ တိုင်ပင်ကြတာ ဆွေးနွေးကြတာ"

"ဟွန်း စီးပွားရေးကို အကြောင်းပြတာ ဆင်ခြေပေးတာ ပန်ပန်က ယုံရမှာလား၊ ဘယ်သူ ဖိနပ်ပါးစီးတယ် နှံမြင့်စီးတယ် ဆိုတာလောက်တော့ ပန်တော်ဝင် တို့ မြင်ပါသေးတယ်"

"အေး ပညာမတတ်တော့ ဉာဏ်အမြော်အမြင်နဲ့ မကြည့်တတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဆိုတာလည်း ကိုယ်ယုံကြည်ပါတယ်၊ မင်းအမြင် အာရုံမှာ ပိတ်ဖုံး တာတွေ ကိုယ့်ဘာသာ အရင်ခွာကြည့်လိုက်ပါဦး ကိုယ်ကတော့ ကိုယ့် ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို စော်ကားလာရင် ဘယ်သူပဲဖြစ်ဖြစ် သည်းခံမှာ မဟုတ်ဘူး၊ အဲဒါ မင်းမြဲမြဲမှတ်ထား''

ပြောပြီးတာနှင့် ကိုယ်ကို ရှို့ခနဲ ရှောင်တိမ်းပြီး ဒရင်းဘတ်မှာ စောင်ခေါင်းမြီးခြုံ၍ ပစ်လှဲလိုက်သည်။

ပန်တော်ဝင်ဆီက အသက်ရှူသံပြင်းပြင်းကို နားနားမှာ ကြား လျက် ခဏအကြာမှာ ခေါင်းအုံးနှင့် မျက်နှာတစ်ဝိုက် တဘုန်းဘုန်း ထုခြင်း ခံလိုက်ရသည်။

''ဟ ဟ ပန်တော် မင်းကွာ ဒါဘာလုပ်တာလဲ''

''ရိုက်နေတာလေ မသိဘူးလား၊ ကိုယ့်ယောကျ်ား ကုတ်ကမြင်း လုပ်နေတာကို ဘယ်မိန်းမက သည်းခံမှာလဲ၊ လုပ်တော့ လူကြီးလူကောင်း ထည်ထည်ဝါဝါ အလုပ်၊ ဖြစ်နေတာက အဆင့်အတန်းမရှိ အောက်တန်း ကျတဲ့အလုပ်၊ အဲ့ဒါပါရဲ့ လိုက်လျာတဲ့သူကလည်း ကိုယ့်အစ်မတဲ့ ရှက်စရာကောင်းလိုက်တာ''

''ပန်တော်ဝင် မင်းတော်တော့ ဆက်မပြောနဲ့တော့၊ သည်းခံ တယ်ဆိုတာ မင်းအနိုင်ယူဖို့ မဟုတ်ဘူးကွ၊ တုံ့ပြန်တိုင်း မကောင်းလို့ ငြိမ်ခံနေတာ၊ စကားနောက် တရားပါ၊ မဟုတ်တမ်း တရားတွေ မစွပ်စွဲနဲ့





သင်ယောကျ်ားတဲ့ ပြောပဲပြောတတ်သေးတယ်၊ မင်း ကိုယ့်ကို ဘယ်အချိန် ဘုန်းက လင်ယောကျ်ား တစ်ယောက်လို ရှိသေကိုင်းရှိုင်းခဲ့လို့လဲ၊ အန်ဖိုးထား လေးစားခဲ့လို့လဲ၊ ဒါပေမဲ့ မင်းကို ကိုယ်ဘာမှ မပြော ဆောဘူးလို့ ဥပေက္ခာပြုထားပြီးပြီ၊ မင်းပြောခဲ့ဖူးတယ်လေ၊ မင်းဘာ လုပ်လုပ် ဘာမှ မပြောနဲ့ ကိုယ့်ကိုလည်း မပိတ်ပင်ဘူး၊ မတားဆီးဘူးဆို အဲဒီအတိုင်းပဲ နေလိုက်ပါ ဒေါ်ပန်တော်ဝင်၊ ကိုယ်လည်း စိတ်ချမ်းသာ တယ် ဒီအတိုင်းပဲ''

စိမ်းသက်သော စကားတွေနှင့် ပြတ်တောက်စွာ ပြောပြီး စောင် ကို ခေါင်းမြီးခြုံ၍ ပြန်လှဲလိုက်သည်။

အနားမှာ ပန်တော်ဝင် ရပ်နေသေးမှန်းသိပေမယ့် ရင်ခုန်သံ တွေ တိတ်ဆိတ်နေ၏။ တန်ဖိုးမဲ့ခံရ၍ အေးစက်သွားခဲ့တာပဲ ဖြစ်လိမ့်မည်။

ခပ်ပြင်းပြင်း ခြေသံတစ်စုံ အဝေးကို ရောက်သွားမှ သက်ပြင်းချ ၍ မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

အိပ်မပျော်မှာတော့ သေချာပါတယ် ပန်တော်ဝင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ညည့်နက်နက်မှာ လပျောက်နေသည်။ ပြိုးပြက်လင်းလက်နေသော ကြယ်ကလေးတွေကြောင့် မှောင်မိုက်ခြင်းတော့ မရှိ။

ဝရန်တာမှာ အချိန်အတော်ကြာအောင် ရပ်နေမိပြီးမှ ခြံဝင်းထဲကို ဆင်းလာခဲ့သည်။ ခြံဝင်းတစ်ခုလုံးရဲ့ မီးတွေအားလုံး ပိတ်ထား၍ ကြယ်ကလေးတွေရဲ့ အလင်းရောင်နှင့်သာ ဖျိုးဖျိုးဖျပ်ဖျပ် ရေကူးကန်အနီးရှိ ဒရင်းဘတ်မှာ ပက်လက်လှန်လှဲ၍ မှိတ်တုတ် မှိတ်တုတ် ကြယ်ကလေးတွေကို အားကိုးတကြီး မော့ကြည့်မိ၏။ ရင်ဝမှာ တဆစ်ဆစ်နှင့် ခံရဆိုးသည်။

ဥပေက္ခာဆိုတဲ့ ဗြဟ်ဆိုးတစ်ကောင်ရဲ့ လိုက်စားခြင်းကို တမြေ့မြေ့နှင့် သူမ ခံစားနေရပြီလား။





ဒီယောက်ျားကို သူမ ဥပေက္ခာပြုမိတဲ့ အချိန်တွေတုန်းကတော့ ...နေခဲ့သည်။ စိတ်ပေါ့ပါးစွာ ဘာမှလည်း အလေးအနက် မရှိ။

ဒါပေမဲ့ သျှင်မင်းညိုရဲ့ ဥပေက္ခာများကိုတော့ သူမ မခံစား...ပါလား။ ဒီအတိုင်းပဲ နေလိုက်ပါတဲ့။ ဟင့်အင်း မနေနိုင်ဘူး။

သူမအပေါ်မှာ အနေစိမ်းပြီး မမယ်နှင့် ပတ်သက်နေမှာ လုံးဝ...ကပ်မခံနိုင်။ ကိုယ့်ရဲ့ အရိပ်မှာ မှီခိုနေခဲ့ရသူနှင့် ရင်းနှီးမှုကို လျစ်လျူရှု...နေရမှာလား။

သူငယ်ချင်းတွေကလည်း နင့်ယောက်ျား ထွက်ပေါက်ရှာမှာ ...နိုင်သလား လက်သင့်ခံနိုင်သလားတဲ့။

ထိုအချိန်တုန်းက ဘာကြောင့် ခေါင်းတွင်တွင် မရမ်းမိခဲ့သလဲ။

အခုရော သျှင်မင်းညိုကို စွန့်လွှတ်နိုင်တာ သေချာပြီလား။ ...ကိုယ့်ကိုယ်ကို ပြန်မေးကြည့်တော့ ရင်ထဲက တလှပ်လှပ်နှင့် ဖျပ်ဖျပ်ခါ...နေ၏။

ဒါဟာ အချစ်လား။ သျှင်မင်းညိုကို သူမ ချစ်နေမိပြီလား။ ...ကြည်နူးစွာ အတူအိပ်ရာဝင်ခဲ့ဖူးတဲ့ နေ့တွေ မရှိသော်လည်း လိုက်မော...ခိုနစ်စွာ ကျော်ဖြတ်ခဲ့ရတဲ့ နေ့ရက်တွေက ကြိုးတစ်ချောင်းရဲ့ ဆက်ထုံး...တွေပဲ မဟုတ်လား။

မှုးယစ်ရီဝေပြီး စိုစွတ်တောက်ပနေသော ခပ်ညိုညို့ သူ့အပြုံး

www.burmeseclassic.com

www.burmeseclassic.com



တွေကို မလွန်ဆန်နိုင်စွာ ပေးဆပ်ခဲ့သော သူမရဲ့ အပျိုစင်ဘဝ။ ဒါတွေကို အိမ်ထောင်တစ်ခုရဲ့ နိုင်မြဲခြင်းတွေဟု သျှင်မင်းညို မှတ်ယူသင့်သည်။

အချစ်ကြောင့်ပါလို့ ရဲဝံ့စွာ မဟ္လာပ်တိုင် တက်ပြမိရင်ရော သျှင်မင်းညိုက တစ်ခါမှ သူမကို ချစ်တယ်လို့ မပြောဘူးဆဲနှင့် အရှက်ရ ဖြစ်ပေတော့မည် ထင်၏။

မရေမရာ အတွေးတွေက တစ်ညလုံး အိပ်စက်မရအောင် နှိပ်စက်နေကြသည်။

မိုးလင်းခါနီးမှ သူမအပေါ်ထပ် ပြန်တက်လာကာ အခန်းတံခါး ဖွင့်လိုက်တော့ ဒရင်းဘတ်ပေါ်မှာ သျှင်မင်းညို ဘေးစောင်း ကွေးကွေး လေး အိပ်ပျော်နေဆဲပင်။

သျှင်မင်းညို မျက်နှာကို ခဏသာ ငေးမောကြည့်ပြီး အသာ အယာ ခုတင်ပေါ်တက်ကာ လှဲနေလိုက်သည်။

သျှင်မင်းညို နိုးထလာတဲ့ အချိန်တွေမှာ သူ့လှုပ်ရှားမှုတွေကို တိတ်ဆိတ်စွာ စောင့်ကြည့်နေချင်၏။

မနက် ခုနစ်နာရီလောက်မှာ သျှင်မင်းညို အိပ်ရာထပြီး သူမ နောက်နားမှာ အကြာကြီး ရပ်နေခဲ့သည်ဟု ခံစားမိသည်။

ပြီးတော့ တွံ့ငင်းလက်ဝင်၊ ရေချိုးခန်းဝင်၊ အဝတ်အစားလဲနှင့် သူ လုပ်စရာရှိတာ အစီအစဉ်အတိုင်း စည်းချက်မှန်မှန် လုပ်နေခဲ့၏။





အကျီပဲဝတ်ဝတ် နက်ခ်တိုင် စီးလေ့မရှိသော သျှင်မင်းညိုက စတိုင် အောင် မှန်တင်ခုံရှေ့မှာ ရုပ်အကျီကြယ်သီးတွေကို အထက်အောက် စ်လုံးချင်း တပ်နေသည်။

တကယ်ဆို အိမ်ထောင်ရှင်မကောင်းပီသစွာ ထိုကြယ်သီးလေး တွေကို တယုတယ ပြုံးပြုံးလေး သူ့မျက်နှာကို မော့ကြည့်ပြီး သူမ ပ်ပေးရမှာပါလားဟု အသိဝင်၏။

ဒါပေမဲ့ ငြိမ်သက်နေမိခြင်းက သူမ အသက်တောင် ပြင်းပြင်း ရှူမိခဲ့ချေ။

အတက်ချိုကေ့စ် ဆွဲထွက်သွားတဲ့အထိ သူမ ဒီအတိုင်း။

အချိန်အတော်ကြာသည့်အခါ ကားသံသဲ့သဲ့ ကြားမှ သူမ အိပ်ရာက လူးလဲထလိုက်သည်။ ဦးတည်ချက် မရှိသေးပေမယ့် ရေမြန် မြန်ချိုးပြီး အဝတ်အစားလဲ၍ အောက်ထပ် ဆင်းလာခဲ့၏။

"ဟယ် မမရလေး အစောကြီး နိုးနေတယ်၊ ဘယ်သွားစရာရှိလို့ လဲ မမလေး"

"မသိသေးဘူး သွားစရာတော့ ရှိနေတယ်၊ မယ်တင် ဘရိတ် ဖတ် အတွက် ဘာရှိလဲ"

"ပေါင်မုန့်မီးကင်နဲ့ ကိတ်ပဲ ရှိတယ် မမလေးရဲ့၊ အစ်ကိုလေး ကတော့ ပေါင်မုန့်မီးက တစ်ချပ်တောင် ကုန်အောင် စားသွားဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီသောက်ပြီး လစ်တော့တာပဲ''

''ဟင် သူ ဘာစားချင်လဲ မေးပြီး လုပ်မပေးလိုက်ဘူးလား''

''ဩော် အစ်ကိုလေးကလည်း သူစားချင်တာ မပြောဘူး မယ်တင်ကလည်း အစ်ကိုလေး ဘာကြိုက်တတ်မှန်း မသိဘူးလေ၊ အိမ် မှာ ရှိတာတော့ ကောင်းကောင်းမွန်မွန်လေး လုပ်ပေးတာပါပဲ၊ ဒါပေမဲ့ အစ်ကိုလေးက မမယံ ရှိတုန်းကလို စားရသောက်ရတာ အဆင်မပြေဘူး လို့ အမြဲတမ်း ညည်းတယ်''

''ဘာ''

''ဟုတ် ဟုတ်တယ် မမလေး၊ မယ်တင်တောင် ကိုယ်ချက်တာ ကိုယ်စားပြီး မမယံ ချက်ကျွေးတဲ့ ဟင်းလောက် အရသာ မတွေ့ဘူး အစ်ကိုလေးလည်း ဘယ်စားနိုင်ပါ့မလဲ၊ မမလေးဆို ပိုဆိုး အိမ်မှာစား တယ်ဆိုတာ မရှိတော့ဘူး မဟုတ်လား''

မယ်တင်ပြောတာ ဟုတ်တော့လည်း ဟုတ်သည်။

မမယံ ရှိကတည်းက အိမ်မှာ ဟိုဟာချက် ဒီဟာလုပ်လို့ စား တာမျိုး မရှိဘဲ ဟိုတယ်စာတွေ မကြိုက်ပေမယ့် သူမ အပြင်မှာပဲ စာ လာခဲ့တာ များသည်။

မယ်တင်ကို ဈေးဖိုးပေးထားပြီး သျှင်မင်းညို ဘယ်လိုစား သောက်နေသလဲဆိုတာပင် ဂရုမစိုက်ခဲ့။ နေ့လယ်စာ စားချိန်လောက်





ပ်ရာနိုးတတ်ပြီး မေးမြန်းပြောဆိုခြင်း မရှိ။ ရေမိုးချိုး အဝတ်အစား ကာ သူမ အပြင်မှာပဲ အချိန်ကုန်နေတတ်သည်။

ဒါတွေကို ဒီနေ့မှ သတိထားမိကာ ပြုပြင်သင့်သလားဟုလည်း ဘူးမိ၏။

''မမလေး ဘာစားမလဲ၊ ဟို ခေါက်ဆွဲထုပ်တွေလည်း ရှိတယ်၊ ယ်တင် မြှုတ်ပေးရမလား''

အင်းလို့ နှုတ်က မပြောမိပေမယ့် ခေါင်းညိတ်ပြကာ ထိုင်ခုံမှာ ထိုင်ရင်း စိတ်က ဂနာမငြိမ်ချေ။

သူမဘက်က ချွတ်ယွင်းချက်တွေကြောင့် မမယံ ညွှတ်ကွင်းမှာ ျင်မင်းညို သာယာနေခဲ့တာလား။

သူမဆီက အပြစ်များစွာကို ထောက်ပြပြီး သိမ်းသွင်းဖြား ာင်းနေခဲ့တာဆိုလျှင်. . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဒီနေ့တော့ ကိုညို ကြိုက်တဲ့ ငါးသလောက်ပေါင်း အဖြ
ကို ကြက်သွန်စိမ်းနဲ့ သံပုရာရည်ညှစ်ပြီး သုပ်လာခဲ့တယ် ကို
ကြက်သားကြော်လေးလည်း ထည့်လာတယ်၊ ချဉ်ရည်ဟင်းကတော့
စာရေးမလေးကို အောက်ထပ် ထမင်းဆိုင်က ပူပူနွေးနွေးလေး ဝယ်
လိုက်တာ၊ စားကြည့်ပါဦး ကိုညို ကြိုက်ရဲ့လားလို့"

"ယံယံ လက်ရာက ကောင်းပြီးသားပါ၊ ဘာစားစား အ
ပြောတယ်၊ အဟင်း ကျွန်တော်က နေ့တိုင်း စားနေရတော့ အားနာ
တာ၊ အလုပ်ပိတ်ရက်မှာတောင် အိမ်ကို လိုက်ပြီး နှိပ်စက်နေ
ယံယံ စိတ်ကုန်နေမှာပဲနော်"

အသံလုံသော ရုံးခန်းလေးထဲမှာ မြခြူးယံ ရယ်သံလေး ထွ





သည်။

"ကိုညိုအတွက် အမြဲ တံခါးဖွင့်ထားတာ ဘာလို့ စိတ်ကုန်ရမှာ
ကိုညိုရဲ့၊ ညီမတစ်ယောက်ရဲ့ တာဝန်မဲ့မှုအပေါ်မှာ တာဝန်ကျေခွင့်
တာပဲ ယံယံ ဝမ်းသာနေပါပြီ၊ ဒြော် စားလေ ကိုညို ပြီးရင်တော့
အောက်ထပ်က ကော်ဖီဘားမှာ ကော်ဖီလိုက်တိုက်ရမှာနော်"

"ထမင်းဖိုးပေါ့ ဟုတ်လား"

"တန်ရာတန်ကြေးတော့ ရမှဖြစ်မှာပေါ့ အနာမခံနိုင်ပါဘူး
နော်"

— ဒီတစ်ခါတော့ နှစ်ယောက်လုံး ရယ်မိကြသည်၊ ရင်းနှီးမှု အတိုင်း
ဆကိုလည်း ပိုပြီး အသက်ဝင်စေ၏။

ကောင်တာစားပွဲခုံရှည်လေးပေါ်မှာ အိမ်မှာ စားသလို ထမင်း
င်း ဖွယ်ဖွယ်ရာရာလေးနှင့် ရေသန့်ဘူး လက်သုတ်ပဝါကအစ မြခြူးယံ
သေသေသပ်သပ် လုပ်ပေးထားသည်။

ကုမ္ပဏီက ဝန်ထမ်းတွေက ထမင်းစားခန်းလေးမှာ စုပြီး စား
ကြသည်မို့ သျှင်မင်းညိုတို့ ရုံးခန်းနားမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

မြခြူးယံက သျှင်မင်းညိုအပေါ် လိုအင်ဘာထက် ပိုဂရုစိုက်
နေတာကို တစ်ရုံးလုံး သတိထားမိကြသည်။

သျှင်မင်းညိုက မြခြူးယံကို အရေးပေး ဆက်ဆံတာလည်း



www.burmeseclassic.com

www.burmeseclassic.com



အားလုံး သိကြတာပင်။ ဒါပေမဲ့ သူ့ဒွေးရဲ့ အမျိုးအနွယ်ဆိုတော့ 
မှ ဝေဖန်ရဲခြင်း မရှိကြ။

ရှေ့မှာတစ်မျိုး ကွယ်ရာတစ်မျိုးလည်း မလုပ်ရဲကြပါ။ အ
အတိုက် ဆက်ဆံကြပြီး အကြောင်းရင်း မသိတော့ ပန်တော်ဝင် အ
စိတ်မကောင်း ဖြစ်နေကြတာတော့ အမှန်ပင်။

ဒါတွေကို မြခြူးယံ သိချင်သိနေလိမ့်မည် ဖြစ်သော
သျှင်မင်းညိုကတော့ လုံးဝ မသိခဲ့ချေ။

သူ့ဘက်က ရိုးသားနေခဲ့၍ပဲလား။ ကိုယ့်ယောက္ခမရဲ့ 
တစ်ယောက်အဖြစ် ကိုယ့်ဇနီးမယားရဲ့ အစ်မတစ်ယောက်အဖြစ် 
မှ ရှိသည်။ ဘဝအခြေ ညှိုးနွမ်းသူလေးမို့ စာနာသနားစိတ်လေး
ဖြစ်မိသည်။

ပြီးတော့ မြခြူးယံဘက်က ဂရုစိုက်မှုလေးတွေကို ကျေး
မိတာက အဖြူထည်သက်သက်ပင်။

ခုလို လိုလေသေးမရှိ ဂရုစိုက်မှုလေးတွေကိုတော့ အား
မယ့် မငြင်းဆန်နိုင်ခြင်းက အိမ်မှာ စားရသောက်ရ နေရထိုင်
အဆင်မပြေ၍ ဖြစ်သည်။

"ဟင် ကိုညို ဒီတစ်ခါ ထမင်းစားတာ ကြာလှချည်
ဘာတွေ စဉ်းစားနေတာလဲ၊ ပန်ပန်ဆီ စိတ်ရောက်သွားပြန်ပြီလား



"မ မဟုတ်ပါဘူး ယံယံ အိမ်မှာ မနေတော့ပေမယ့် ကျွန်တော့် အတွက် စားရေးသောက်ရေး အဆင်ပြေနေလို့ ယံယံကို ကျေးဇူးတင် သင့်တဲ့အကြောင်း တွေးနေတာပါ"

"အို ယံယံက ကိုညို အလေးထား တွေးနေရတဲ့ ခင်မင်မှုမျိုး ကိုတောင် ရနေပြီဆိုတော့ ကံကောင်းတာပေါ့၊ ကျေးမစွပ်ဘူးဆိုရင်ပဲ ယံယံ ပင်ပန်းရကျိုး နပ်နေပါပြီ"

"ကျွန်တော်က အဲလို လုပ်မယ့်ရုပ်မျိုး ပေါက်နေလို့လား"

"ဟင်း ဟင်း မဟုတ်ပါဘူး တည်တည်ငြိမ်ငြိမ်နဲ့ ခန့်ချောကြီး ပါ"

လွင့်လွင့်လေး စီးမျောနေသော ညှင်းသွဲ့သွဲ့ ရယ်သံလေး အဆုံးမှာ ရုံးခန်းတံခါး ပြန့်ခနဲ ဆောင့်တွန်းဖွင့်သံနှင့်အတူ စူးရဲတောက်ပ နေသော မျက်ဝန်းတစ်စုံနှင့် ပန်တော်ဝင် ထမင်းစားပွဲနား လှစ်ခနဲ ရောက်လာခဲ့သည်။

သျှင်မင်းညိုနှင့် မြခြူးယံ အံ့အားသင့်ပြီး မင်သက်နေကြ၏။

"တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရုံးခန်းထဲမှာ နှစ်ယောက်တည်း ကြည်နူးနေကြတယ်ပေါ့"

"ပန်ပန် မင်း"

"ကိုညို တစ်ဆိတ်လောက် ဒေါသမကြီးလိုက်ပါနဲ့ ဒီအခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



က ခဏလောက် ထွက်သွားပေးပါ''

ဒေါသနှင့် ဖြုန်းခနဲ ထရပ်လိုက်မိပေမယ့် မြခြူးယံရဲ့ တားဆီးမှုကြောင့် ရှေ့မတိုးသာဘဲ နေရာမှာ ရပ်တန့်သွားခဲ့ရသည်။ ဒါပေမဲ့ အသံတို့က တုန်ယင် အက်ရှစွာနှင့်

''ပန်ပန် မင်းဘာကိစ္စ ကုမ္ပဏီကို လိုက်လာရတာလဲ၊ လူအများရှေ့ ကုမ္ပဏီက ဝန်ထမ်းတွေရှေ့ထိ မင်း အရှက်ခွဲဖို့ ရောက်လာခဲ့တာလား''

''ရှိသားတယ် မှုမှန်တယ်ဆိုရင် ရှက်စရာကိစ္စဆိုတာ ဖြစ်မလာနိုင်ပါဘူး။ ပန်ပန် လက်မခံနိုင်တဲ့ ကိစ္စကြီးကို ခင်ဗျားတို့နှစ်ယောက် ဆက်ပြီး ကျူးလွန်နေကြတယ်ဆိုကတည်းက အဖြူရောင် ရိုးစင်းမှုတွေ လုံးဝ မဖြစ်နိုင်ဘူး ဟုတ်တယ် မဟုတ်လား''

''တောက် မင်းကွာ မင်းလောက် မိုက်ရိုင်းအောက်တန်းကျတဲ့ မိန်းမ ဘယ်မှာ သွားရှာရမှန်းကို မသိတော့ဘူး''

''ကိုညို သည်းခံလိုက်ပါ၊ ပန်ပန် ပြောချင်တာ ကိုညိုကို မဖြစ်နိုင်လောက်ဘူး။ ယံယံနဲ့ ဆွေးနွေးချင်တာ ဖြစ်ပါလိမ့်မယ်၊ ကိုညို စိတ်သက်သာအောင် အပြင်ထွက်နေလိုက်ပါ''

ရှူးရှူးရှားရှားနှင့် သျှင်မင်းညို ရုံးခန်းအပြင် ထွက်သွားတော့ နှုတ်ခမ်းတစ်စုံလုံး ကွေးညွတ်သွားအောင် မဲ့ပြုံးပြုံးလိုက်သည်။





မြခြူးယံကလည်း ကောင်တာခုံကို နောက်ပြန်မှီလျက် လက်ပိုက် မဖြုတ်ဘဲ ခပ်ထွေ့ထွေ့ ပြုံးသည်။

''အဲလောက် ပိုင်နိုင်နေတာ အံ့ဩစရာပဲ၊ သွားဆိုသွား လာဆိုလာ မြွေစွယ်တွေကျိုးလို့ မိန်းမ တစ်ယောက်ထက်တောင် အာဏာတွေ ပြင်းထန်နေပါလား''

''အဟင်း မင်းတွေးယူတတ်သားပဲ ပန်ပန်၊ အဲလောက် သဘောပေါက်နေရင်လည်း မင်းနေရာ မင်း သိသင့်ပြီပေါ့''

''နေရာ ဘာနေရာလဲ၊ ပန်တော်ဝင်က သျှင်မင်းညိုရဲ့ မယားကြီးဆိုတာ လူတိုင်း သိတယ်၊ မမယံသာ အငယ်အနှောင်းနေရာကို သိုချင်လို့ သျှင်မင်းညိုကို မြူဆွယ်ဖြားယောင်းနေတာ''

''အဲဒါလည်း မင်းသိနေတယ်၊ မင်း မဆိုးဘူး ပန်တော်ဝင်၊ အကြားအမြင်တွေ အတိအကျကို ရနေတော့တာပါပဲလား၊ ဟုတ်တယ် သျှင်မင်းညိုကို ငါရရင် အငယ်အနှောင်းဖြစ်မှာ အမှန်ပဲ၊ ဒါပေမဲ့ အရာခင် မိဘမဲ့နေတဲ့ ငါ့ဘဝနဲ့တော့ ထိုက်တန်တယ် မဟုတ်လား။ နစ်နာယ်ဆိုလည်း ငါ့ရဲ့ အပျိုစင်ဘဝပေါ့၊ သျှင်မင်းညိုလို ပညာတတ် လူချမ်းသာကို ရမှ ငါ့ဘဝက ပြောင်းလဲသွားမှာ၊ မင်းရဲ့ အနိမ့်ခံဘဝကလည်း ပျောက်ပြောက်သွားမယ်လေ၊ အဲဒါ အသေအချာပဲ မဟုတ်လား ပန်တော်ဝင်''



www.burmeseclassic.com

www.burmeseclassic.com



ပန်တော်ဝင် ပါးစပ်အဟောင်းသားနှင့် အံ့သြသွားသည်။ တ
အပ် စွပ်စွဲနေမိပေမယ့် မသေချာသေးဘူးလို့ စိတ်က ယုံကြည်နေဆဲ

သူမအပေါ် မမယ်ရော သျှင်မင်းညိုရော ဒီလို လုပ်ရက်လိ
မည် မဟုတ်ဟု တွေးထင်ထားဆဲ။

"မ မမယ် ပြောနေတာက သျှင်မင်းညိုကို ယူမယ် အဲလိုလာ
အဲ အဲဒီလူကရော"

"သွေးလန့်ပြီး ကယောင်ချောက်ချားတော့ မဖြစ်နဲ့ ပန်တော်
မင်းလို ဇနီးမယား မပီသတဲ့ မိန်းမမျိုးကို ခြေစုံကန်ပြီး ငါလို သူ့အပေ
ဂရုစိုက် ကြင်နာပေးနေတဲ့ မိန်းမမျိုးဆီမှာ တွယ်ကပ်နေချင်တာ ဆန်း
မဆန်းဘဲ၊ သိပ်မကြာတော့တဲ့ ကာလလေးမှာ သျှင်မင်းညို ငါ့ဘဝ
ကို ရောက်လာစေရမယ် သိလား ပန်တော်ဝင်"

"ဟင့် ဟင့်အင်း အဲလို မလုပ်ရဘူး၊ မဖြစ်ရဘူး မမယ်၊ သ
ပန်ပန်ကို မုန်းသည်ဖြစ်စေ ချစ်သည်ဖြစ်စေ အဲဒီလို ခြိုးနှိမ်မကူးရဘူ"

"မင်း အဲလို ကိုယ့်ယောကျ်ားကို တိရစ္ဆာန်နဲ့ နှိုင်းနေသရွေ့
ဘယ်ယောကျ်ားကမှ မင်းကို ကြာရှည်သည်းခံမှာ မဟုတ်ပါဘူး
ယောကျ်ားဆိုတာ အချိုကြိုက်တဲ့ သာယာမှုကြိုက်တဲ့ အမျိုးပဲကွ၊ ထော
ထားစရာတွေ ရှိလို့ ပေါင်းသင်းပေးနေတယ်ဆိုရင်တောင် အဲဒီ မိန်း
ကိုတော့ ဘာတန်ဖိုးမှ ထားမှာ မဟုတ်ဘူး။ ဥပေက္ခာတွေနဲ့ တဖြည်းဖြည်





မှုန်းမသတ်ဘူးဆိုရင်တောင် ကံကောင်းပေါ့"

"ဟင် အဲဒီ အခြေအနေထိရောက်အောင်တောင် မမယ်တို့
ပန်ပန်ကို လုပ်ကြဖို့ တိုင်ပင်ထားကြတယ်ပေါ့လေ၊ ပန်တော်ဝင် လွယ်
လွယ်နဲ့ အရှုံးမပေးတတ်တာ မမယ် သိပါတယ်၊ ဒီအခြေအနေကိုရော
ပန်ပန် သည်းခံနေမယ်လို့ ထင်သလား၊ ရှေ့ခြေတစ်လှမ်း တိုးကြည့်
လိုက်ကြ ပန်ပန် အသက်နဲ့ လဲပစ်မယ် သိလား"

ပန်ပန်ကို မျက်ခုံးပင့်ကြည့်ပြီး ခနိုးခနဲ့ ပြုံးနေပုံက အမြင်
ကပ်စရာ ကောင်းသည်။ ဒီလို အပြုအမူမျိုး ဟိုအရင်က မမယ်ဆီမှာ
မမြင်တွေ့ခဲ့ရပါဘဲ အခုတော့ သျှင်မင်းညို ဆိုတဲ့ လူကို အားကိုးရသွား
ပြီဆိုတဲ့ သဘောလား။

ကောင်တာခုံကို ဆတ်ခနဲ ခွာ၍ ပန်တော်ဝင်ရှေ့ မမယ် ခြေ
တစ်လှမ်းတိုးပြီး စေ့စေ့ကြည့်သည်။

"မင်းရဲ့ စိန်ခေါ်မှုကို ငါ မတုန်လှုပ်တော့ဘူး ပန်တော်ဝင်၊
ငါ့လို အစေခံ အနှိမ်ခံ တစ်ကောင်ကြွက် တစ်ယောက်နဲ့ မင်းပြိုင်ချင်သေး
တယ်ဆိုရင် တိမ်ပေါ်ထိ ထဘီခါးတောင်းကျိုက်ပြီး လိုက်ခဲ့မယ်၊ မတူတန်
ဘူးထင်ရင်တော့ သျှင်မင်းညိုကို မင်း စွန့်လွှတ်လိုက်ပေါ့"

"ဖြန်း"

ပန်တော်ဝင် လက်တစ်ဖက် မမယ် ပါးလေးပေါ် အရှိန်ပြင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်သွားသည့်မို့ မမယံ ယိုင်နဲ့ လည်ထွက်သွားရင်းက သူမကို စူးစူးဝါးဝါး ကြည့်သည်။

ဝန်ထမ်းတချို့လည်း ထမင်းစားခန်းက ပြန်ရောက်လာကြပြီး ရုံးခန်းကို ကာရံထားသော မှန်တံခါးမှတစ်ဆင့် ကွက်ကြည့်ကွက်ကြည့် လုပ်နေကြ၏။

''ပတ်ဝန်းကျင် သိအောင် ငါ့ကို နာကျင်အောင် တုံ့ပြန်လိုက်တဲ့အတွက် မင်း နောင်တရစေရမယ် ပန်တော်ဝင်၊ ဒီနေ့ကစပြီး မင်းတို့ အရိုင်အာဝါသအောက်မှာ ငါ မနေတော့ဘူး။ ငါ့ခြေထောက်ပေါ် ငါရပ်ပြီး မင်းကို ပြန်တိုက်ခိုက်ပြမယ်၊ မင်း စောင့်ကြည့်နေ''

စလင်းဘတ်အိတ် ကောက်လွယ်လျက် ရုံးခန်းထဲက ဝရုန်းသုန်းကား ထွက်လာခဲ့သည်။

လှေကားထစ် အတက်အဆင်းမှာ ဆုံတဲ့ သျှင်မင်းညို့က မြခြူးယံ နောက်က ပြေးလိုက်လာ၏။

''ယံ ယံယံ ဘာဖြစ်တာလဲ၊ ဝန်ပန်နဲ့ ဘာဖြစ်လာတာလဲ''

''ဘာမှ မေးမနေနဲ့၊ ရှင်သိချင်ရင် ကျွန်မနောက်က လိုက်ခဲ့''

''အဲ အဲဒါဆို ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးမယ် ယံယံ ယံယံ သွားချင်တဲ့နေရာ သွားပါ''

ဘာမှမပြောတော့ဘဲ ကားပါကင်မှာ ရပ်ထားတဲ့ သျှင်မင်းညို့





ကားလေးပေါ် ဇွတ်ခနဲ ဝင်ထိုင်လိုက်သည်။

သျှင်မင်းညို့က မြခြူးယံကို တစ်ချက်ငဲ့ကြည့်ပြီး ကားလေးကို ရှောခနဲ လိမ့်ထွက်ကာ သက်ပြင်းရှိုက်၏။

အဆိုးဝါးဆုံး အခြေအနေတစ်ခုကို ပန်ပန် ဖန်တီးလိုက်ပြီလား။ ရုံးဝန်ထမ်းတချို့ရဲ့ မျက်လုံးအကြည့်တွေကို သူနားမလည်၊ ဘာကြောင့်များ ခုလို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဘာကြောင့် ခုလို ပြောပစ်ခဲ့ရတာလဲ ယံယံရယ်၊ ယံယံနဲ့ ကျွန်တော်က"

"အရင်က ပတ်သက်မှု မရှိဘူးဆိုရင်တောင် အခု ပတ်သက်မှု ဖြစ်တော့မယ် ကိုညို၊ ကိုယ်ထိလက်ရောက် ပါးရိုက်ခံလိုက်ရတဲ့ ယံယံက ဒီလောက်တောင် သွေးဆူပေါက်ကွဲခွင့် မရှိဘူးလား၊ စကားလုံးနဲ့တောင် အနိုင်ယူခွင့် မရှိရတော့ဘူးလား"

"ကျွန်တော် ယံယံ ခံစားမှုကို နားလည်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ဒီစကားတွေက ကျွန်တော်တို့ နှစ်ယောက်လုံးရဲ့ ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို ထိခိုက်နေပြီဆိုတာ ယံယံ သိသင့်တာပေါ့၊ ပြီးတော့ ပန်ပန် ကျွန်တော့်ကို အထင်လွဲတော့မှာ ရှုတ်ချတော့မှာ"





ပါးတစ်ဖက်ကို ခပ်ဖွဖွ ပွတ်ပြီး မြခြူးယံ နှမ်းယဲ့စွာ ပြုံးသည်။ အိမ်ကြီးထဲမှာ စက်ရုံသွားနေတဲ့ သူငယ်ချင်း မရှိ၍ သျှင်မင်းညိုနှင့် ခြူးယံ နှစ်ယောက်တည်းပင်။

ဒါပေမဲ့ ဂုဏ်သိက္ခာကြောင့်လား၊ ပန်တော်ဝင်ကြောင့်လား မသိ၊ ခြူးယံနှင့် ခပ်လှမ်းလှမ်း ဆက်တီခုံမှာ သွားထိုင်ပြီး သျှင်မင်းညို လှပ်မယှက် ဖြစ်နေသည်။

တစ်လှမ်းချင်း ရှေ့တိုးကာ သျှင်မင်းညို ထိုင်နေတဲ့ ဆက်တီခုံ တစ်ဖက်ခြမ်းမှာ မြခြူးယံ ဝင်ထိုင်လိုက်သည်။

"ဘယ်အချိန်တုန်းက ကိုညိုကို ပန်တော်ဝင် တန်ဖိုးထား အထင်ကြီးခဲ့လို့လဲ၊ အလေးအနက် ဂရုစိုက်ပြီး ကြင်နာခဲ့တာရော ရှိခဲ့ လို့လား"

"ဒါပေမဲ့ ကျွန်တော်က ပန်ပန်ရဲ့ ကာမပိုင် လင်ယောကျ်ား တစ်ယောက်ပဲလေ၊ သူက ကျွန်တော့်ရဲ့ တရားဝင် ဇနီးမယား တစ် ယောက်ပဲဟာ၊ သူ့ရဲ့ ငယ်ရွယ်တဲ့ အသိက တဖြည်းဖြည်း ရင့်ကျက်လာ မှာပါ"

"ရှင် မျှော်လင့်နေသေးတယ်ပေါ့ ကိုညို၊ ပန်တော်ဝင် ဘယ်လို နေ့ကလေးလဲဆိုတာ ရှင် ခုချိန်ထိ မမြင်နိုင်သေးတာက မျက်လုံးမှာ ဘယ်လို အမှောင်တွေ ဖုံးနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သျှင်မင်းညို သက်ပြင်းရှိုက်ကာ မြခြူးယံရဲ့ ခပ်ရူးရူး မျက်ဝန်းတွေကို အကြည့်လွှဲလိုက်သည်။

"ကံတရားကို အပြစ်ပုံချရင် ကျွန်တော်လည်း လူပျော့လူညံ့ ဖြစ်သွားလိမ့်မယ် ထင်တယ်၊ တကယ်တမ်းက မိန်းမ တစ်ယောက်ကို ကိုယ့်တက်ပါအောင် စည်းရုံးသိမ်းသွင်းနိုင်တဲ့ အတတ်ပညာ ကျွန်တော် မတတ်ခဲ့လို့ပါ၊ ကျွန်တော်က လိုအပ်မှုတွေ ရှိနေသေးလို့ ဖြစ်ပါလိမ့်မယ်"

ရင်ထဲမှာ တက်တစ်ချက် ခပ်ကြိတ်ကြိတ် ခေါက်လိုက်သည်။ တည်ငြိမ်ရင့်ကျက်လွန်းသော ယောကျ်ားကောင်းတစ်ယောက်ပါလား။ သျှင်မင်းညိုကို နားလည်ပေးလို့ မရ။

ပန်တော်ဝင်ကို အရှုံးပေးဖို့ သံတမန်လွှတ်လိုက်သလို ခံစားရသည်။ ဒါပေမဲ့ ရင်ထဲက အမုန်းစိတ်ကို မျိုသိပ်သင့်သေးသည်ဆိုတာ မြခြူးယံ သဘောပေါက်လိုက်၏။

"ကဲပါ ဒါတွေက အရေးမကြီးပါဘူး၊ အခု ပန်တော်ဝင်ဟာ အရိပ်အာဝါသအောက်က ထွက်ခဲ့ပြီဆိုတော့ လေးလေး ထားပေးတဲ့ ဒီအိမ်မှာလည်း မနေသင့်တော့ဘူး ထင်တယ်၊ သူငယ်ချင်းကတော့ ပြောပါတယ်၊ အဆင့်မြင့် ရပ်ကွက်ထဲမှာ ပေနှစ်ဆယ် သွပ်မိုးပျဉ်ထောင် လုံးချင်းလေး ငှားဖို့ရှိတယ်၊ တစ်လ သုံးသောင်း၊ စပေါ် နှစ်သိန်း ခြောက်လ စာချုပ်ရမယ်တဲ့၊ လောလောဆယ် ယံယံ လက်ထဲမှာ ငွေ





လုံလောက်အောင် မရှိဘူးဖြစ်နေတယ် ကိုညို ကူညီနိုင်မလားဟင်"

"ငွေရေးကြေးရေးနဲ့ လိုအပ်တာကို ကျွန်တော် ကူညီနိုင်ပါတယ်၊ ဒါပေမဲ့ ဒီလိုမျိုးကြီး ယံယံ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တာ အန်ကယ်သိရင်"

"စိတ်မကောင်းဖြစ်မှာ သေချာတယ်၊ ဒါပေမဲ့ ဒီလို ဆုံးဖြတ်မှ ဖြစ်တော့မယ် ကိုညို၊ လေးလေး အရိပ်မှာ ခိုကပ်နေဦးမယ်ဆိုရင် တစ်နေ့နေ့မှာ ပန်တော်ဝင်နဲ့ ထိပ်တိုက်ရင်ဆိုင်ရဦးမှာ အသေအချာပဲ၊ အဲဒီအချိန်ကျရင် ယံယံ ဒီထက်ပိုပြီး သည်းမခံနိုင်မှာ စိုးတယ်၊ အားနည်းချက်နဲ့ လူဆိုပေမယ့် အမြဲတမ်း ခေါင်းငုံ့နေဖို့တော့ မဖြစ်နိုင်ဘူးလေ၊ လက်ရှိအချိန်လေးမှာ ကိုညိုကို ယံယံ အားကိုးပါတယ်၊ ရေနစ်သူကို ဝါးကူထိုးရက်တယ်ဆိုလည်း ကိုညို သဘောပါပဲ"

နှုတ်ရေးကြွယ်သော မြခြူးယံက သျှင်မင်းညို၏ အညှာကို ဆုပ်ကိုင်လိုက်၏။

သျှင်မင်းညို ပျာပျာသလဲ မြခြူးယံဘက် လှည့်လိုက်သည်။

"ကျွန်တော် ကိုယ်ချင်းစာစိတ် ကင်းမဲ့တဲ့သူတစ်ယောက် မဟုတ်ပါဘူး ယံယံ၊ ကျွန်တော် ယံယံကို ကူညီမှာပါ၊ လိုအပ်တာကိုပြော၊ ကျွန်တော် အစွမ်းကုန် ဖြည့်ဆည်းပေးမယ်၊ ပြီးတော့ အန်ကယ်ကို လည်း ကျွန်တော် နားလည်အောင် ပြောလိုက်ပါ့မယ်၊ အန်ကယ် တကယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်း ဖြစ်နေမှာ''

''စိတ်မကောင်း ဖြစ်လည်း ဆန်ရင်းနဲ့ ဆန်ဖျား၊ ဆန်ဖျားကို လွှင့်ပြီး ဆန်ရင်းကို သိုလှောင်ထားကြမှာ မဟုတ်ဘူးပဲ ကိုညို၊ ဒါကြောင့်လည်း ဒီတစ်ခေါက်ဖြစ်တဲ့ ပြဿနာမှာ လေးလေးကို ဘာမှ သွားမပြော တော့တာ ကိုညိုလည်း မလိုအပ်ဘဲ လေးလေးဆီမှာ စကားလုံးတွေ မဖောင်းပွပါစေနဲ့၊ ပန်တော်ဝင် ဖွင့်ပြောခဲ့ရင်တော့ အလိုက်အထိုက် ဆက်လိုမ့်ပေးပါ ကိုညို''

''စိတ်ချပါ ယံယံ ဟိုအလုပ်အကိုင်ရော အဆင်ပြေပါ့မလား ဟင်''

''ဟုတ်ကဲ့ ဒီစက်မှုစုံမှာ ယံယံရဲ့ လုပ်ငန်း အတွေ့အကြုံနဲ့ဆိုရင် စာရေးမဖြစ်ဖြစ် မန်နေဂျာဖြစ်ဖြစ် ရနိုင်မယ်လို့ သူငယ်ချင်းက ပြောပါတယ်၊ မရလည်း ဆုံးဖြတ်ထားတဲ့အတိုင်း ခံနိုင်ရည်ရှိအောင် ကြိုးစားရမှာပေါ့၊ ကမ္ဘာကြီးက လူတွေသိသွားလို့ ရှက်လို့သာ အလုပ်မဆင်းရဲတော့တာ ကိုညိုနဲ့ ထမင်းအတူတူစားတဲ့ အချိန်လေးတွေရယ်၊ အလုပ်တွေ ရှုပ်တဲ့အခါ မမောနိုင် မပန်းနိုင် တာဝန်ကျေအောင် ကြိုးစားခဲ့ရတဲ့ အချိန်လေးတွေရယ် ယံယံ နေ့ရှိသရွေ့ လွမ်းနေဖြစ်မှာ သေချာတယ်''

ယံယံရယ်လို့ မညည်းညူဖြစ်လိုက်ပါ။

စည်းတစ်ခုကို ချိုးဖောက်လိုတဲ့ ယံယံ စကားတွေကို အထိတ်





...လန့် ဖြစ်ပြီး ယံယံနှင့်ပတ်သက်သမျှ ဆင်ခြင်သင့်ပြီလို့ တွေးမိသည်။

အဖြူရောင်သက်သက် ကြိုးတစ်ချောင်းကို ဘယ်သူ အရောင် ...ဆိုး ကြိုးစားခဲ့တာလဲ။

ပန်ပန်လား။

ကိုယ်လား။

မြခြူးယံလား။

စေစားလိုသော တစ်စုံတစ်ဦးဟာ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟင့်အင်း မဟုတ်ဘူး အဲလိုဖြစ်အောင် ငါ ရည်ရွယ်ခဲ့တာ မဟုတ်ဘူး၊ မမယံကို ကိုယ်ထိလက်ရောက် စော်ကားမိတဲ့ အခြေအနေမျိုးထိ ရောက်သွားလိမ့်မယ်လို့ ငါ မထင်မိဘူး"

"ရည်ရွယ်ချက်နဲ့ ရောက်သွားမယ်ဆိုလည်း နင့်လက်ထဲ... သေစေနိုင်တဲ့ လက်နက်တစ်ခုခု ယူသွားမယ်ဆိုတာ အသိသာကြီး... အခုဟာက ရည်ရွယ်ချက်မရှိပေမယ့် နင့်အစ်မကိုရော ကိုသျှင်မင်း... ကိုရော နင် အရှက်ခွဲလိုက်တာ မဟုတ်ဘူးလား၊ သွေးဆူတယ် ဒေါ... ဖြစ်လွယ်တယ်ဆိုတာ နေရာဒေသရွေးဖို့တော့ နင် ဦးနှောက် ရှိဦးမှ... ပန်ပန်၊ သူတို့ကို တပ်အပ်စွပ်စွဲခဲ့တာကရော နင့်ဘက်က သေချာ... သက်သေရှိလို့လား၊ ဥပမာ သူတို့ ·ကိုင်နေတာ၊ နမ်းနေတာ၊ တစ်နေ... ရာမှာ ချိန်းတွေ့တာ"





"အဲလိုကြီး လက်တွေ့ တွေ့လို့ကတော့ နှစ်ယောက်လုံးကို ...န်ပန် သတ်ပစ်မှာပေါ့"

"ကဲ ကြည့် မဖြစ်ချင်ဘူးပြောပြီး ခုထိ သွေးဆူတုန်း၊ နင် ...ဘာကို ကြောက်နေတာလဲ ပန်ပန်"

သခ် အမေးကို ပန်ပန် ချက်ချင်း မဖြေ။

ရေကူးကန်အနီးမှာ ပလက်စတစ် စားပွဲခုံလေးတွေ ကော်ခုံ ...လေးတွေချ၍ ထိုင်ကြရင်း မယ်တင် သုပ်ပေးတဲ့ လက်ဖက်သုပ်ကို ...တိုင်းလို အလုအယက် မစားဖြစ်ကြဘဲ ပန်ပန်အတွက် ဝိုင်းပြီး ပူပန် ...နေကြသည်။

ပန်တော်ဝင်ကို အပြစ်တင်ချင်ကြပေမယ့် မရှုနိုင်မကယ်နိုင် ...စားနေရတဲ့ ပန်တော်ဝင် အဖြစ်ကိုကြည့်ပြီး ထိန်းထိန်းသိမ်းသိမ်း ...ဖန်နေရလေ၏။

"ငါ မေးတာ ဖြေဦးလေ ပန်ပန်၊ နင် ဘာကို စိုးရိမ်ကြောက် ...နေလို့ ဒီလောက်ထိ သွေးပျက်နေရတာလဲ"

"ငါ ငါ သျှင်မင်းညိုကို ချစ်တယ်၊ မမယံရယ် မဟုတ်ဘူး ...ယ်သူ့ကိုမှ မပေးနိုင်တော့ဘူး၊ စွန့်လွှတ်ရမှာ ကြောက်တယ်"

"အဲဒါ အသေအချာဆုံး နင့်ခံစားချက်လား ပန်ပန်၊ မမယံနဲ့ ...တ်သက်သွားမှာစိုးလို့ သွေးရူးသွေးတန်း ထအော်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ပန်ထွာ အမေးက အရှိုက်တည့်တည့် ထိသည်။

လှိုက်ဖိုနေသော ရင်အစုံက ဝန်ခံရမှာတောင် ကတုန်ယ

"မိန်းကလေးတန်မဲ့ ငါက လိမ်ညာပြောစရာလား ပန်ထွာ ငါ သူ့ကို တကယ်ချစ်သွားတာပါ၊ ဘယ်ချိန်တုန်းကလဲ ဘယ်နေ့က ဆိုတာတော့ ငါ့ကိုယ်ငါတောင် ပြန်မေးမကြည့်ရသေးဘူး"

"ဒါဆိုရင်တော့ နင့်ဘက်က ပြုပြင်ပြောင်းလဲရမှာတွေ အ ကြီးပဲ ပန်ပန်၊ နင့်အမှားတွေ နင့်အပြစ်တွေက ခွင့်လွှတ်နိုင်စရာ မရှိ ရုံးခန်းမှာ ဖြစ်သွားတဲ့ကိစ္စအတွက် ကိုသျှင်မင်းညို နင့်ကို နာကြ ချင်လည်း နာကြည်းနေနိုင်တယ်၊ ဟို အဲဒီနေ့က အိမ်ပြန်ရောက်ေ နင့်ကိုသူ ဘာမှမပြောဘူးလား"

"ပြောတယ် အဲဒီနေ့က မမယံ ရုံးခန်းထဲက ထွက်သွားတာ သူလည်း နောက်ကနေ တောက်လျှောက်လိုက်သွားတယ်၊ သူ့က မမယံကို ခေါ်တင်သွားတယ်လေ၊ ဘယ်သွားပြီး ဘာလုပ်ကြမယ်ဆို ငါ မသိဘူး၊ မိန်းမတစ်ယောက်လုံးကို ဥပေက္ခာပြုပြီး ထားရစ်ခဲ့ နင်တို့ ငါ့ဘက်က စဉ်းစားကြည့်ကြပါဦး၊ ညဆယ်နာရီလောက်မှ ပြ ရောက်လာတဲ့ သူ့ကို ငါမပေါက်ကွဲသင့်ဘူးလား"

ပြောရင်းနှင့် မျက်ရည်တွေ ရစ်ဝိုင်းလျက် ပန်တော်ဝင် အ လေးတွေ အက်သံပေါက်လာသည်။





ထိုတစ်ညကို မျက်ဝန်းထဲမှာ မြင်ယောင်ကာ ပြတ်သား လွန်း သော သျှင်မင်းညို စကားလုံးတွေကိုလည်း ပြန်လည် ကြားယောင် မိ၏။

"မင်းက ကိုယ့်ရဲ့ ဂုဏ်သိက္ခာတွေကို မြေပေါ်မှာ ချနင်းဖို့ ကြိုးစားနေတဲ့ မကောင်းဆိုးဝါး တစ်ကောင်ပဲ ပန်တော်ဝင်၊ မင်း အဲ လောက်ထိ အောက်တန်းကျလိမ့်မယ်လို့ မထင်မိဘူး၊ ကိုယ်နဲ့ယံယံရဲ့ ချစ်ခင်မှုတွေကို မင်းအရောင်ဆိုးနေတာ၊ မင်း ထင်သလို ကိုယ်တို့နှစ် ယောက်လုံး ကိုယ်ကျင့်တရား မပျက်ပြားကြဘူး၊ ကိုယ်လိုအပ်နေတဲ့ ရွက်လပ်တွေကို သူက ဖြည့်ဆည်းပေးဟယ်၊ သူ့ဘဝကို ကိုယ်က နားလည်ပေးတယ်၊ ဒီလောက်ပဲ ကိုယ်တို့နှစ်ယောက်ကြားမှာ ရှိတဲ့ သက်ဆုံ "ဘ ဒီလောက်ပဲ"

"ဒါဆိုရင် မမယံက ဘာလို့ ဝန်ခံရတာလဲ၊ ပန်ပန်ကို ဘာလို့ အသိပေးရတာလဲ"

"ဒါကတော့ အမြဲတမ်း မယုံသင်္ကာ မျက်လုံးနဲ့ ကြည့်နေ ပြောနေ တိုက်ခိုက်နေတဲ့ မင်းကို မခံချင်အောင် ထိုးနှက်လိုက်တာ ဖြစ်မှာပေါ့၊ အေး ဒါပေမဲ့ မင်းဘက်က ဒီပုံစံအတိုင်း ဆက်ဖြစ်နေမယ် ဆိုရင်တော့ အာမ မခံနိုင်ဘူးနော်၊ သူရော ကိုယ်ရော ပြောင်းလဲမှုတွေ နဲ့ချင် ရှိလာနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ သျှင်မင်းညို ပြောတဲ့ စကားတွေ သခ်နှင့်ပန်ထွာ
ပြောပြပြီးချိန်မှာ မျက်ရည်တွေက ပါးပြင်လေးတစ်လျှောက် လိမ့်ဆင်း
ပြိုကျလာသည်။

ပန့်ထွာက တစ်သျှုးစလေးယူကာ ဖွဖွသုတ်ပေး၏။

"ငါရဲ့အပြစ်တွေက သူတို့နှစ်ယောက် အဲဒီ အမှားတွေ
ကျူးလွန်ဖို့အထိ ကြီးမားခဲ့လို့လား၊ ငါ သူ့ကို ချစ်မိလာလို့ ပေါက်
မိတာတွေကိုရော သူ ငါ့ကို နားလည်မပေးတော့ဘူးလား"

"ဒါကတော့ နင် ချစ်နေတာ သူမှမသိဘဲ ပန်ပန်ရယ်၊ နင်
သူသိအောင် ပြောပြဖူးလို့လား၊ နင်က အစကတည်းက မှားလာခဲ့တာ
ခုချိန်ထိ ညင်ညင်သာသာ မှားတဲ့အမှားမျိုးမှ မဟုတ်ဘာ၊ ဂုရုန်းသုန်း
ကား ကမူးရှူးထိုး ကိစ္စတွေချည်းပဲ"

"နင့်အမှားကို နင်သိရင် အချိန်တွေ မလွန်ခင် အမြန်ဆုံး
ပြုပြင်လိုက်ပါဟာ၊ အိမ်ထောင်တစ်ခုက အလွယ်တကူ မပျက်စီးကောင်း
ပါဘူး၊ ငါတို့ သူငယ်ချင်းဖြစ်တဲ့ နင့်ကို ပိုပြီးတော့ အကောင်းဆုံး ဖြစ်
စေချင်တယ်၊ ဒီနေ့ကစပြီး ငါတို့လည်း နင့်ဆီမလာတော့ဘူး၊ နင်လည်း
လျှောက်လိမ့်နေတာတွေကို လျှော့လိုက်တော့၊ အိမ်ထောင်သည်က အိမ်
ထောင်သည်ပီသအောင် နေမှ အိမ်ထောင်ရေး သာယာမှာပေါ့၊ မဟုတ်
ဘူးလား"





သခ်နှင့်ပန်ထွာက လူကြီးလေးတွေလို ပန်ပန်ကို ဆုံးမ နားချ
ကြသည်။ ပန်ပန်က ခေါင်းလေးညိတ်ပြပြီး ပန်ထွာ ပခုံးစွန်းမှာ မှီနွဲ့
လိုက်၏။

"နင်တို့ ပြောတဲ့စကားတွေကို ငါ နားထောင်မှာပါဟာ၊ ဒါပေမဲ့
ငါ့ကို အဲလိုကြီးတော့ ပစ်မထားကြပါနဲ့၊ ရင်ဖွင့်တိုင်ပင်စရာဆိုလို့ နင်တို့
နှစ်ယောက်ပဲ ရှိတာပါ"

"အေး နင် အဲလို ပြောနေလည်း ပန်ထွာက စာမေးပွဲ ဖြေပြီး
တာနဲ့ စင်ကာပူက သူ့အစ်မ မင်္ဂလာဆောင်ကို သွားတော့မှာ၊ လေယာဉ်
လက်မှတ်တောင် ဝယ်ပြီးပြီ၊ နင့်ဒုက္ခကိုခံဖို့ ငါ တစ်ယောက်ပဲ ကျန်တော့
တယ်"

"ဟယ် ပန်ထွာက ဟိုမှာ အကြာကြီး နေမှာလား"

"စင်ကာပူမှာတော့ တစ်လလောက်ပဲ ကြာမှာပါ၊ မမတို့က
တခြားနိုင်ငံတွေကို အလည်အပတ် ပို့ဦးမယ်ဆိုတော့ အနည်းဆုံး သုံးလ
လောက်တော့ ကြာမယ်ထင်တယ်၊ စိတ်မပူပါနဲ့ဟယ်၊ သခ်တစ်ယောက်
လုံးကို နားပူလို့လည်း ရတယ်၊ တိုင်ပင်လို့လည်း ရတယ်၊ ဒုက္ခပေးလို့
လည်း ရတယ်၊ နင့်ကို အကောင်းဆုံး အကြံဉာဏ်တွေ ပေးပါလိမ့်မယ်
ဟုတ်တယ် မဟုတ်လား သခ်"

"ဝဋ်ရှိသရွေ့ပေါ့ တက္ကသိုလ်ကျောင်းသား ဖြစ်နေတာတောင်



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ အတူတူ လိုက်ရှုးပေးနေရတာ နည်းတဲ့ဒုက္ခလား ဟား ဟား''

သခ်က ပွင့်ပွင့်လင်းလင်း သမားမို့ အော်ဟစ် ရယ်သည် ပန်ထွာနှင့် ပန်ပန်လည်း ရောယောင် ရယ်လိုက်မိကြ၏။ ထိုရယ်သံလေး တွေကြောင့် လေးပင်နေသော ပန်ပန် စိတ်ထဲ တော်တော်လေး ပေါ့ပါး လန်းဆန်းသွားခဲ့သည်။

ဒီနေ့လေးက ဟိုအရင်နေ့တွေလို အော်ဟစ်ခုန်ပေါက် ဆော့ ကစားခြင်း မရှိ၊ သီချင်းတွေဆိုပြီး ဝုန်းဒိုင်းကြဲ ကခုန်ခြင်းလည်း မရှိ ရေကူးကန်ကြီးလည်း ညစ်ပတ်မနေ၊ အစားအသောက်တွေ တစ်မျိုးပြီး တစ်မျိုး လုပ်နိုင်းတာမျိုး မရှိ၍ မယ်တင်လည်း စိတ်မညစ်ရ။

ကွန်မြူရစ္စာနှင့် တည်တည်ငြိမ်ငြိမ် နေဝင်သွားခဲ့သည်။

ထိုပြောင်းလဲမှုတွေက အချစ်ကြောင့် ဆိုပါလျှင်. . .။

■ ■ ■



## အခန်း (၂၆)

''ဘာ မင်းတို့ စီစဉ်ထားတဲ့ အဲဒီအလုပ်က မလုပ်ဖြစ်တော့ဘူး ဟုတ်လား''

''ဟုတ်ကဲ့ အန်ကယ် နေ့လယ်က အစည်းအဝေးခေါ်ပြီး ဖျက် သိမ်းလိုက်ပါပြီ၊ နောက်မှ အချိန်တစ်ခုယူပြီး ပြောင်းလဲစဉ်းစားပါ့မယ်''

''အကြောင်းရင်းက ဈေးကွက်ကို ဝင်မတိုးနိုင်လို့လား၊ သူများ ထက် နောက်ကျမှ ဝင်တိုးရမှာမို့ လန့်နေတာလား''

''အဲလိုမျိုး မဟုတ်ပါဘူး အန်ကယ်၊ စီးပွားရေးလောကမှာ သူများ လုပ်လို့ မဖြစ်ဘူး မလုပ်ရဲဘူးဆိုပြီး နောက်ဆုတ်နေရင် မြန်မာ ပြည်မှာ ဆန်ကုန်သည်၊ ဆီကုန်သည်၊ လျှပ်စစ်ပစ္စည်းဖြစ်ဖြစ် သည်လို ကုန်ပစ္စည်း အမျိုးအစားမဆို တစ်ဦး တစ်ယောက်တည်း ရောင်းဝယ်



www.burmeseclassic.com

တဲ့သူ ရှိတော့မှာပေါ့၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ကုန်ပစ္စည်းဈေးကွက်ဝင်ဖို့ ကြော်ငြာအားနဲ့ လူအား နည်းအမျိုးမျိုးနဲ့ ဈေးကွက်ဝင်အောင် ကြိုးစားနေကြတာပါပဲ"

"ဒါဆို အကောင်အထည် ဖော်တော့မယ့် လုပ်ငန်းတစ်ခုကို ဘာကြောင့် နောက်ဆုတ်လိုက်ရတာလဲ မောင်သျှင်မင်းညို"

သျှင်မင်းညို နှုတ်ဆိတ်ကာ သက်ပြင်းရှိုက်မိသည်။ အမှန်အတိုင်း ပြောလိုက်လျှင် အကျိုးဆက်တွေ ဘာတွေ ဖြစ်လာနိုင်သနည်း။ ဖြစ်လာနိုင်တဲ့ အပေါ်မှာရော ဦးကျော့မောင် သူ့ကို ယုံကြည်ပါ့မလား။

ဘာပဲဖြစ်ဖြစ် လုပ်ဖြစ်မယ်ဆိုတုန်းက ဖွင့်ဟတိုင်ပင်ထားသည့်အတွက် အောင်မြင်မှု ရခါနီးအချိန်မှာ လုပ်ငန်းရပ်တန့်လိုက်ရတဲ့ အကြောင်းကို ပြောရမှာတော့ အမှန်ပဲ ဖြစ်သည်။

"ဒီလိုပါ အန်ကယ် ကုမ္ပဏီမှာ မြခြူးယံ မရှိတော့ဘူး။ ဒီလုပ်ငန်းက မြခြူးယံနဲ့ကျွန်တော် နှစ်ယောက်တိုင်ပင်ပြီး အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့တာ၊ ကုမ္ပဏီမှာက တခြားရှယ်ယာရှင်တွေလည်း မရှိဘူး မဟုတ်လား၊ ကျွန်တော် တစ်ယောက်တည်း လုပ်လို့မဖြစ်ဘူးလားဆိုတော့လည်း လုပ်လို့ ဖြစ်ပါတယ်၊ ဒါပေမဲ့ သူများတွေထက် ကွာလတီမြင့်အောင် နိုင်ငံခြားထိ မြခြူးယံ ဖြစ်ဖြစ် ကျွန်တော်ဖြစ်ဖြစ် နှစ်လလောက် အီလက်ထရွန်းနစ် ပညာကို လေ့လာသင်ယူဖို့





ဆုံးဖြတ်ထားခဲ့ကြတာ၊ အသုံးပြုရင်းလည်း အရည်အသွေး ကောင်းရမယ်၊ ဒီဇိုင်းဆန်းရမယ်၊ ဈေးကွက်ဖြန့်တဲ့သူကလည်း အရည်အချင်းရှိရမယ်၊ အဲလိုမျိုး သတ်မှတ်ခဲ့ကြတာပေါ့နော်"

"နေပါဦး ယံယံက ကုမ္ပဏီက ဘာလို့ ထွက်သွားရတာလဲ၊ အန်ကယ့်ကိုလည်း ဘာမှမပြောပါလား"

"ဟို အန်ကယ် စိတ်မကောင်းဖြစ်မှာစိုးလို့ပါ၊ အခုတောင် ကျွန်တော် မပြောမဖြစ်လို့ ပြောရတာပါ၊ အခြေအနေက မြန်မြန်ဆန်ဆန်ကြီး အပြောင်းအလဲ ဖြစ်သွားတော့ ကျွန်တော့်ကို အန်ကယ် အယုံအကြည် နည်းသွားမှာစိုးရိမ်တယ်၊ ဟို ကျွန်တော် သိပ်မကြာခင်မှာ ဒီလုပ်ငန်းလေးကို ပြန်ပြီး အကောင်အထည်ဖော်နိုင်အောင် ကြိုးစားမှာပါ"

ဦးကျော့မောင် မျက်နှာမှာ စိတ်ရှုပ်ထွေးသွားသော အရိပ်အရောင်တွေ ဖြတ်ပြေးသွားသည်။

လုပ်ငန်းအတွက် စိတ်မကောင်းခြင်းလား။ ယံယံအတွက် စိတ်ထိခိုက်နေသည်လားဆိုတာတော့ သူလည်း မခန့်မှန်းတတ်။ မယ်တင်လာချပေးတဲ့ လိမ္မော်ရည်ကိုသာ တစ်ကျိုက်နှစ်ကျိုက် မော့သောက်ပြီး ငြိမ်နေလိုက်မိသည်။

ဦးကျော့မောင်က သက်ပြင်းရှိုက်၍ သူ့ကို စေ့စေ့ကြည့်ကာ

"လုပ်ငန်းကိစ္စကို အန်တယ် ခေါင်းထဲ မထည့်ဘူး မောင်သျှင်

www.burmeseclassic.com



မင်းညို၊ လက်ရှိလုပ်ငန်းကလည်း အောင်မြင်နေတာပဲဥစ္စာ၊ အခုဟာက ယံယံ ဘာကြောင့် ကုမ္ပဏီက ထွက်သွားခဲ့ရတာလဲ၊ အန်ကယ့်ကိုရော ဘာအကြောင်းမှ အသိမပေးတာလဲ၊ ဘယ်မှာနေပြီး ဘာလုပ်မယ် စိတ်ကူးထားလို့လဲ၊ ဟိုတစ်ခါလည်း သမီးနဲ့ပြဿနာ တက်တယ်ဆိုလို့ အန်ကယ် သူငယ်ချင်းအိမ်မှာ နေခိုင်းတယ်''

''အခု အဲဒီအိမ်မှာလည်း သူ မနေတော့ပါဘူး အန်ကယ် ပန်ပန်နဲ့ လွတ်လွတ်ကင်းကင်းပဲ နေချင်တော့တယ် ထင်ပါတယ် ဟို ကုမ္ပဏီထိ ပန်ပန် လိုက်လာပြီး ပြဿနာရှာတယ်''

''ဟား ဆိုးလိုက်တာ သမီးက အလိုလိုက်မှန်းသိလို့ မိုက်လိုက်တာကွာ၊ ယံယံ အရှက်ရတဲ့အထိ ဖြစ်သွားသလား မောင်သျှင်မင်းညို ဘာအကြောင်းကိစ္စကြောင့်လဲ''

''ဗျာ ဟို ဟို''

သျှင်မင်းညို ဘာပြောရမှန်းမသိ။

ကိုယ်က အဓိက နေရာမှာ ဦးတည်ခံနေရတာပါလို့ သိသွားရင် ဦးကျော့မောင် သူ့ကို နားလည်ပါ့မလား။ ယုံကြည်ပါ့မလား။

''သမီးက ငယ်ငယ်ကတည်းက အနိုင်ယူတတ်တာ၊ နွဲ့ဆိုးဆိုးတတ်တာမျိုး ရှိပေမယ့် အကြောင်းမဲ့သက်သက် ပြဿနာ ရှာနေတတ်တာမျိုးတော့ မဟုတ်ဘူးကွ၊ ဘာကြောင့် ဒီအခြေအနေထိ ဖြစ်သွားတယ်ဆိုတာ အန်ကယ့်ကို အမှန်အတိုင်း ပြောပြပေးပါလား မောင်သျှင်မင်းညို''

''ဟို ကျွန် ကျွန်တော်နဲ့ ယံယံကို အထင်လွဲနေတာပါ အန်ကယ်၊ ကျွန်တော်တို့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာတွေလည်း သူ့ကြောင့် အပြတ်ဆယ်လို့တောင် ရတော့မယ် မထင်ပါဘူး၊ ကလေးတစ်ယောက်လို ဆိုးနွဲ့အနိုင်ယူချင်တာမျိုး မဟုတ်ဘဲ အနိုင်ကျင့်တိုက်ခိုက်နေတာမျိုးနဲ့ တူနေပါတယ်''

တိုင်တာတောတာမျိုး မဟုတ်ပေမယ့် ရင်ထဲရှိတဲ့အတိုင်း ပြောင်လိုက်မိသည်။ စိတ်လည်းကုန် ရှက်လည်းရှက်နှင့် ဦးကျော့မောင် မျက်နှာသာ ထောက်ထားစရာမရှိဘူးဆိုလျှင် ကွာရှင်းဖို့အထိတောင် ပြတ်ပြတ်ချက် ချပစ်လိုက်ချင်သည်။ ဦးကျော့မောင် မျက်နှာကလည်း ညှိုးမှုန်အေးခဲနေ၏။

''ဒီကိစ္စကို အန်ကယ် ဂဃနဏ မသိပေမယ့် မောင်သျှင်မင်းညို သူ့တူမလေး ယံယံကို အန်ကယ် ယုံကြည်ပါတယ်၊ သမီးလေး အလွန်အကျွံဖြစ်နေလိမ့်မယ်ဆိုတာလည်း သိနေတယ်၊ ဘာပဲဖြစ်ဖြစ် သမီးလေးကို မောင်သျှင်မင်းညို နားလည်ပေးလိုက်ပါ၊ ယံယံအတွက်လည်း အန်ကယ် စိတ်မကောင်းဘူး၊ သူ့ကိုလည်း ကူညီစောင့်ရှောက်ပေးပါ မောင်သျှင်မင်းညို''







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော်လည်း ယံယံကို အားနာနေပါတယ် ပန်ပန်အစားလည်း ကျွန်တော် တောင်းပန်ထားတယ်"

"ကျေးဇူးတင်ပါတယ် မောင်သျှင်မင်းညို မောင်သျှင်မင်းည စိတ်သဘောထား ပြည့်ဝမှန်းသိလို့ သမီးလေးကို စိတ်ချယုံကြည် မျက်နှာလွှဲထားတာပါကွယ်၊ အန်ကယ့်တက်က အားနည်းချက်တွေလည် အများကြီး ရှိခဲ့ပါတယ်၊ ဒါနဲ့ ယံယံ နေဖို့ထိုင်ဖို့ လုပ်ငန်းကိစ္စ ဘယ်လို လုပ်ထားသလဲ"

"စက်မှုစုံမှာ စာရေးမ အလုပ်ရတယ်လို့ ပြောပါတယ်၊ အ လခနဲ့ အသုံးစရိတ်တော့ ကျွန်တော် ထုတ်ပေးထားတယ်၊ အန်က ကျွန်တော့်ကို နားလည်တယ်ဆိုရင် သူ့ကို ဆက်ပြီး ကူညီပေးဖြစ်မှာ"

"နားလည်ပါတယ် အန်ကယ် မောင်သျှင်မင်းညိုကို နားလ ပါတယ်၊ ယံယံအတွက် လုပ်ပေးထားတဲ့ ဘဏ်စုစာအုပ်လေးကိုလည် လိုအပ်ရင် ထုတ်သုံးလို့ရတယ်လို့ ပြောပေးပါ၊ ပြီးတော့ အန်ကယ် လာတွေ့ပါဦးလို့"

"ဟုတ်ကဲ့ အန်ကယ် ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဦးကျော့မောင် အပြုံးယဲ့ယဲ့နှင့် ခေါင်းညိတ်ပြမှ သျှင်မင်း ပြန်သွားခဲ့သည်။ သမီးအတွက် တူမအတွက်.ရင်ထဲမှာ လေးပင်ကျ ကာ ကျန်ရစ်ခဲ့၏။





"ဟင်း ကိုကို့တူမတွေ သမီးတွေ သားမက်တွေက ဘာတွေမှန်း သိဘူး ရှုပ်နေတာပဲနော်"

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ ခရေမြိုင်"

အနားက ဆိုဖာခုံမှာ ဝင်ထိုင်ရင်း ရှုံ့ရှုံ့မဲ့မဲ့ ပြောနေတဲ့ ဒေါ် ရေမြိုင်ကို ဦးကျော့မောင် ဘုတောလိုက်သည်။

ဒေါ်ခရေမြိုင် နှုတ်ခမ်းအစုံကို အမြင်ကပ်အောင် ပိုမဲ့ရွဲ့ပစ်၏။

"မဆိုင်လို့ နေသာတယ်ဆိုပေမယ့် ဒီလို ဗရုတ်သုတ်ခ ဖြစ်နေ င် ကိုကို့ ဂုဏ်သိက္ခာ ထိခိုက်မှာကိုတော့ မြိုင် မလိုလားဘူး ကိုကို၊ မှုဏီကို ကိုကို ပြန်ပြီး တာဝန်ယူ ဦးဆောင်သင့်တယ်"

"တော်စမ်းပါ လုပ်ငန်းထိခိုက်တဲ့အထိ ဘာမှမဖြစ်သေးဘူး၊ ဖြစ်သွားလည်း သူတို့ကို အမွေပေးပြီးသား၊ ကံတရားပဲ"

"မြိုင်က စေတနာနဲ့ ပြောတာပါ ကိုကို၊ လူငယ်တွေဆိုတာ အထိန်းအကွပ် မရှိရင် ဗရမ်းဗတာ ဖြစ်တတ်တယ်၊ ဟို မြိုင် အဲဒီ တာဝန်တွေ ယူပေးရမလား ကိုကို"

"ခရေမြိုင် မင်းကိစ္စ မင်းအကြောင်း မဟုတ်ဘူး၊ ငြိမ်ငြိမ်လေး နေပေးပါ၊ ငါ ပြည့်စုံအောင် ထားနေရက်နဲ့ မတင်းတိမ်ရင် မင်းကြိုက်တဲ့ သမီးက ကြွ၊ ငါ ဒါပဲ ပြောမယ်"

ဦးကျော့မောင် လေသံမာမာနှင့် ခပ်ပြတ်ပြတ် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



မှ ဒေါ်ခရေမြိုင် ငြိမ်သက်သွားသည်။

ဒါတောင် တစ်ဖက်လှည့်ပြီး ပွစိပွစိနှင့် ဘာတွေ ရေရွတ်နေ မှန်းမသိ။

အဲဒီ အချိုးတွေကြောင့် သမီးနှင့်တူမကို ဒီအိမ်မှာ မရှိစေ တာ။ လောဘက အတောမသတ်နိုင်အောင် ဟိုဟာတောင်း ဒီဟာ တောင်း။ ဘဏ်စာရင်းဖွင့်ခိုင်းထားတာက တစ်မျိုး။

ဈေးဝယ်သွားပြီဆို တစ်သက်စာ ဝယ်ထားသလား အောင်း ရအောင် မနိုင်မနင်း တပွေ့တပိုက်။

ဒါပေမဲ့ ကိုယ့်ကိုစေတနာပါပါနှင့် ပြုစုယုယ ဂရုစိုက်ပေးသည့် အတွက်တော့ ကျေးဇူးတင်ရသည်။

အပြောအဆို မဆင်ခြင်တတ်ပေမယ့် ကြမ်းတမ်းခြင်းတော့ မရှိ။ အိမ်မှုကိစ္စကိုလည်း မလစ်ဟင်းရအောင် တာဝန်ယူသည်။

အဆိုးနှင့်အကောင်း ဒွန်တွဲနေသည့် မိန်းမဟု ဦးကျော် သတ်မှတ်ထား၏။

ကိုယ့်အတွက်က အလျှော့အတင်း အပေးအယူ မျှတအောင် နေလို့ရပေမယ့် သမီးတို့ အိမ်ထောင်ရေးအတွက်တော့ စိတ်ပူမိသည်။

ဆေးမင်ရည်စုတ်ထိုး ပွဲမှားခြင်းရှိလို့ မင်ရည်ကျဲနေခဲ့ သလား။

အခန်း (၂၇)

ဟုတ်တော့ ဟုတ်နေပြီ။ မသေချာလို့ စောင့်ကြည့်နေခဲ့တာ ဒီနေ့ သုံးရက်မြောက်နေ့။

**sunday** ကုမ္ပဏီပိတ်ရက်မို့ ဒီနေ့တစ်နေ့လုံး ပန်ပန် အခြေ အနေကို စောင့်ကြည့်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။ ဒီသုံးရက် အတွင်း ပန်ပန် အချိုးတွေ ပြောင်းနေ၏။ မနက် သူ အိပ်ရာမထခင် စောစီးစွာ အိပ်ရာထပြီး သူ့အတွက် ကောင်းနိုးရာရာ ဘရိတ်ဖတ် စီစဉ်ထား တတ်သည်။ နေ့လယ်စာကိုလည်း ချိုင့်ကြီးချိုင့်ငယ်နှင့် ကုမ္ပဏီကို မယ် ထင် လာပို့တတ်သည်။

"မမလေး ကိုယ်တိုင် ဟင်းချက်နည်းစာအုပ်တွေ ကြည့်ပြီး ချက်ထားတာ အစ်ကိုလေးရဲ့၊ အားလုံး ပူပူနွေးနွေးပဲ စားလိုက်နော် အစ်ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



မယ်တင်ပြောတော့ မယုံနိုင်အောင် အံ့သြနေပြီး ချိုင့်...
အကုန်ဖွင့်ကာ ထမင်းစားပွဲမှာ ထိုင်စားမိသည်။ အစပ်အဟပ် မ...
ပေမယ့် ဟင်းအမယ်တွေ များနေသည်မို့ သူမ တော်တော် ပင်ပန်းမှာပဲ...
တွေးကာ စိတ်မကောင်း ဖြစ်မိသေး၏။

ညပိုင်းရောက်တော့လည်း သူ့ကို အရိပ်တကြည့်ကြည့်လုပ်...
ထမင်းစားမည်ပြင်တော့ ဟင်းတွေ ကပျာကသီ နွှေး၍ သူနှင့်အတူ...
ထမင်းဝိုင်း ထိုင်စားသည်။

အိပ်ချိန်ရောက်တော့လည်း သူ မအိပ်မချင်း စာအုပ်တစ်အုပ်...
ယောင်လည်လည် လုပ်ရင်း မအိပ်ဘဲ နေသည်။ ဒရင်းဘတ်ပေါ်...
တက်အိပ်မှ သူမလည်း ခုတင်ပေါ် ဝင်လှဲလေ၏။

သူမရဲ့ ပြောင်းလဲမှုတွေက အထူးအဆန်း ဖြစ်နေသော်လည်း...
ဘာကြောင့်လဲဟု သူ မမေးဖြစ်။ သူမကလည်း ဟိုဟာ ဒီဟာ ဘာမှမ...
ဘဲ တာဝန်ကျေအောင် ဝတ္တရားကျေအောင် ကြိုးစားဆောင်ရွ...
နေသလိုမျိုးဖြင့် ဣန္ဒြေရနေသည်။

ဒါပေမဲ့ သူမ အပြစ်တွေ အများတွေကို နားလည်ပြီး အကော...
ဆုံး အခြေအနေဘက်ကို ပြောင်းလဲလာတာဆိုလျှင် သူ ဝမ်းသာကြည်...
မိမည်မှာ အမှန်ပင်။

လင်ရယ် မယားရယ် ဖြစ်လာပြီးမှ သူမကို ရန်သူတစ်ယော...





...ဒီ အငြိုးအတေး အာဃာတတွေ ထားမနေချင်။

နာကြည်းမှုတွေ ထပ်ပေးလာလျှင်တော့ ဒီတစ်ခါ ဘယ်လိုကိစ္စ
...မဆို ခွင့်မလွှတ်တော့ဟု ဆုံးဖြတ်ထားသည်။ ဒါကြောင့်လည်း သူမရဲ့
...ုပ်ရပ်ကို မသိနိုးနား အကဲခတ် စောင့်ကြည့်ရမည်။

"မမလေး ဒီနေ့ ဘာချက်မှာလဲ၊ အစ်ကိုလေး ကုမ္ပဏီပိတ်ရက်
...နော် ကောင်းကောင်းလေးချက်"

"အေးပါ ဆရာမလုပ်ပါနဲ့ စာအုပ်ကြည့်ပြီး စဉ်းစားနေပါတယ်"

"ဟင် မမလေးကလည်း နေ့ရောညရော ဒီဟင်းချက်နည်း
...နဲ့လုပ်နည်း စာအုပ်ကြီး တကြည့်ကြည့် တကိုင်ကိုင် လုပ်နေတာတောင်
...လွှတ်မရသေးဘူးလား၊ မမယ်ဆို ဘာစာအုပ်မှ ကြည့်စရာမလိုဘူး၊
...ဆင်ကို ချောလို့"

"ဟဲ့ တူမလေးဟဲ့ ငါက ပန်းတော်ဝင်၊ သူက မြခြူးယံပဲ၊ ငါ
ဘယ်အချိန်တုန်းက ဒီအလုပ်တွေ လုပ်ဖူးလို့လဲ၊ အလေ့အကျင့် ရသွား
...င် ဘာမဆို လွယ်လွယ်လေး"

"ဟို မမလေး ဒီလောက် ဒုက္ခခံပြီး ပြောင်းလဲလာတာ အစ်ကို
လေးကို ချစ်လို့လားဟင်"

"အဲဒါ နင် မေးစရာလား မယ်တင်၊ ကလေးက ကလေးလို
နေတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သြော် မမလေးကလည်း မယ်တင် သိချင်လို့ပါ၊ ဟိုအရင် မမလေးနဲ့ အခု မမလေးက လုံးဝ မတူလို့ မယ်တင် အံ့သြနေတာ အစ်ကိုလေးလည်း အံ့သြနေတာပဲ"

"ဟမ် သူ သူက ဘာပြောလို့လဲ ဘာတဲ့လဲဟင် မယ်တင်"

သိချင်စိတ်ဖြင့် လျှာခလုတ်တိုက်မတတ် မယ်တင် ပခုံး ကိုင်လှုပ်ပြီး မေးမိသည်။

သူမရဲ့ ပြောင်းလဲမှုတွေကို သျှင်မင်းညို သတိထားမိမှာ အမှန် ပါ။ အပြုနှင့်အမည်း မိုးနဲ့မြေလို ကွာခြားသွားတော့ သိသိသာသာ မယုံနိုင်အောင်လည်း ဖြစ်နေလိမ့်မည်။

မိမိကိုယ် မိမိလည်း ချက်ချင်းကြီး ပြောင်းလဲပစ်နိုင်တာ အံ့သြနေမိ၏။

အချစ်၏ တန်ခိုးက အဲလောက်တောင် အစွမ်းထက်ပါလား တွေးကာ ရင်တွေလည်း ခုန်သည်။ ဒါပေမဲ့ သျှင်မင်းညို ကအော မသိချင်ယောင်ဆောင်ကာ အေးစက်တည်ငြိမ်လွန်းသည်။

သူမ အပြုအမူတွေအပေါ် ဆိုးသည်လည်း မပြော။ ကောင်း သည်လည်း မပြော ဥပေက္ခာပြုရက်လွန်း၏။

မမယ်နှင့် ပတ်သက်တဲ့ ပြဿနာကနေ အနေစိမ်းခြင်း အကျင့်ပါသွားခဲ့လေသလား။





ဘာပဲဖြစ်ဖြစ် သူမဘက်က လွန်ကျူးမှုတွေအတွက် တစ်လုည့် ပြန်ကာ သည်းခံနားလည်ပေးရမည်ဟု သူမ ကြံတွေးထားသည်။ ခုတော့ မယ်တင် စကားကြောင့် မျှော်လင့်ချက် ရေးရေးလေးဖြင့် ရင်ခုန်မြန် နေခဲ့၏။

အကဲပိုသည်ဟု မယ်တင် ယူဆမှာစိုး၍ လှုပ်ရှား တုန်ယင် နေသော အသံကို ထိန်းချုပ်ရတာလည်း ပင်ပန်းလွန်းသည်။

"ဟဲ့ ပြောလေ မယ်တင် သူက ဘာပြောလဲလို့"

"သြော် ဟင်းအမယ်တွေ အများကြီး ချက်နေတာ နှင့်မမလေး ပင်ပန်းမှာပေါ့တဲ့၊ နှစ်ခွက် သုံးခွက်ဆို စားလို့ဖြစ်တာပဲ၊ ပိုက်ဆံလည်း အပိုကုန်တာပေါ့တဲ့၊ ပြီးတော့ နှင့်မမလေး ငါ့ကို ဂရုစိုက်လာတယ် ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါတဲ့"

ဗုဒ္ဓေါ ဒီစကားတွေ သူလည်း မပြောဘူးပါလား။ မယ်တင် ချွတ်မက ရောယောင် ပင်ပန်းနေလို့ ချွန်တွန်းလုပ်ပြောနေတာ ဖြစ်လိမ့် မည်။

ထမင်းစားခန်းအပြင်မှာ ချောင်းနားထောင်ရင်း လိပ်ပြာမလုံ ဖြစ်ကာ ရှေ့တိုးရအခက် နောက်ဆုတ်ရအခက်။

ပန်ပန်ကတော့ သိမ်သိမ်မွေ့မွေ့လေး ပြုံးလို့ မယ်တင့်ခေါင်း ကိုတောင် ချစ်စနိုးနဲ့ ဖွဖွလေးပုတ်နေသည်၊ သူမရဲ့အပြုံးကို သူ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ရှိကာဖွဲ့ပြရမှန်းပင် မသိတော့ချေ။

"နင်က ပြန်ပြောလိုက်ပါလား မယ်တင်ရယ် ဒီလိုလုပ်ေ တာတောင် အချိန်တွေ နောက်ကျခဲ့လို့ လုံလောက်တယ်လို့ မထ ဘူး။ ပင်ပန်းတယ်လို့လည်း မယူဆပါဘူး။ အသိအမှတ်ပြုရင်ပဲ ကျေ ပါပြီလို့"

မြူးချိုချို သူမ စကားလုံးလေးတွေက သူ့ရင်ထဲကို ငြိမ့်ညော င်စွာ စီးမျောတိုးတိုက်ဝင်လာခဲ့သည်။ ရင်မှာ ကြည်နူးခြင်းနှင့် သူ မျက်နှာလေးကို တမေ့တမော ငေးကြည့်နေမိရင်း ရင်တွေ တလှပ်လှ တဖျပ်ဖျပ် လှိုက်ဖြာပွင့်အွေးလာခဲ့သည်။

ထမင်းဟင်း ချက်ဖို့ အေပရွန်လေး ခါးမှာ ပတ်ချည်ထား သူမ ဟန်ပန်လေးက တကယ့် အိမ်ထောင်ရှင်မလေး အတိုင်း တင့်တ ခြင်းတွေနှင့် ကျက်သရေ ရှိနေလေ၏။

ညို့ယူဖမ်းစားထားသလို နေရာက ရွေ့လို့မရအောင် ရပ်ထ နေမိဆဲ

"ဟယ် အစ်ကိုလေး ဘာရိတ်ဖတ် စားမလို့လား၊ ဝင်ေ အစ်ကိုလေးရဲ့ ဘာလို့ အခန်းဝမှာ ရပ်နေရတာလဲ"

"ဩော် အေး အေး ဘာရှိလဲ၊ ငါ ဗိုက်ဆာလို့ ဆင်းလာတာ"

အလိုက်ကန်းဆိုးမသိတဲ့ မယ်တင်ကြောင့် စကားတွေ ထစ်ေ





ယောင်မှားလျက် ခုံတစ်လုံး ဆွဲ၍ ရှက်ကိုးရှက်ကန်း ဝင်ထိုင် လိုက်ရ သည်။

"မယ်တင် ငါ ဟင်းစားကိုင်နေလို့ မုန့်ဟင်းခါးပွဲ ပြင်ပေးလိုက်၊ နံနံပင်လည်းထည့်၊ သံပုရာသီးစိတ်လည်း ညှစ်ပေးလိုက်နော်"

သူမကလည်း ဒါပဲပြော၍ ဘေစင်ဘက်မှာ မျက်နှာမူပြီး သူ့ကို ကျောခိုင်းထားသည်။

"အစ်ကိုလေး လျှာလည်သွားမယ် စားကြည့်ပါဦး၊ မမလေး လက်ရာ အစ်ကိုလေးရဲ့၊ ဟို အစ်ကိုလေး အလုပ်ပိတ်ရက်မှာ ပူပူနွေးနွေး စားစေချင်လို့တဲ့ စောစော အိပ်ရာထပြီး ချက်ထားတာ၊ နေ့လယ်စာလည်း ရှယ်နော် အစ်ကိုလေး"

"ဟဲ့ မယ်တင် စကားတွေ များလိုက်တာ၊ ပြီးရင် ကြက်သွန် အဖြူအနီ လာထောင်းတော့ လာ"

အသံစူးစူးလေးက မာထန်နေတာလည်း မဟုတ်၊ အော်ငေါက် သံလည်း မပေါက်။ လှည့်ပြောလိုက်တဲ့ နှုတ်ခမ်းနှစ်လွှာမှာ အပြုံးရိပ် ထင်လျက် မျက်ဝန်းထောင့်စွန်းလေးက သူ့ဘက်ကို မသိမသာ ရောက် ရောက်လာသည်။

သူကလည်း မုန့်ဟင်းခါး ပန်းကန်မှာ အာရုံမရောက်ဘဲ သူမ ကျောပြင်လေးကိုသာ စူးငေးစွာ ကြည့်နေချင်သည်။ ထိုခံစားမှုမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ကလည်း ဖြစ်ခဲ့ဖူးပေမယ့် နာကျင်စရာတွေကြောင့် ဥပေက္ခာတွေနှင့် နေခဲ့ရသည်။

အေးစက်သော ဆက်ဆံမှုတွေနှင့် အနေစိမ်းခဲ့ကြသည်။ အခုတော့ နွေးထွေးရှိန်းမြလာသော နှလုံးသား တစ်စုံက ရင်ခုန်သံ လတ်လတ်ဆတ်ဆတ်နှင့် အသစ်အဆန်း ဖြစ်နေ၏။

ထိုခံစားမှုလေး မေ့မှိန်မသွားချင်။

မင်းက ဓာတ်လိုက်ပါ ပန်တော်ဝင်။

■ ■ ■



## အခန်း (၂၈)

“အိုးပါး”

“ဟင်”

ဝရန်တာမှာ ကြယ်ပွင့်လေးတွေကို ငေးမောလျက် အချိန်ကြာမြင့်စွာ ထိုင်နေမိစဉ် မွှေးထုံသင်းပျံ့နေသော ရနံ့တစ်မျိုးနှင့် ပန်တော်ဝင် သူ့အနားမှာ နွဲ့နွဲ့လေးရပ်၍ ညင်းသွဲ့သွဲ့လေး သူ့ကိုခေါ်လိုက်သည်။

သူကလည်း ယောင်ယမ်း အံ့သြစွာ ကတိုက်ကရိုက် ထူးလိုက်မိသည်ထင်၏။

ပန်းနုရောင် ညဝတ်စုံ ဂါဝန်လေးနှင့် ကြွကြွရွရွလေး လှပနေသော ပန်တော်ဝင်က နတ်သမီးလေးတစ်ပါး နတ်သက်ကြွေ ကျလာသလို ထင်ယောင်ထင်မှား ဖြစ်စရာပင်။

www.burmeseclassic.com

www.burmeseclassic.com



ဆံနွယ်လေးတွေကို မမိမကမ်း ခေါက်ကလစ်လေးနှင့် ညှပ်တင်ထားတာက ကပိုကရို နူးညံ့ညင်သာလျက်။

"ပန်ပန် ပြောစရာ ရှိလို့လား"

ကပျာကယာ မတ်တပ်ရပ်လျက် ဝရန်တာ လက်ရန်းကို ကိုင်ပြီး ဖြူဝင်းနုဖတ်နေသော ပန်ပန် မျက်နှာလေးကို ရူးငေးငေး လေး ကြည့်မိသည်။

မေးခွန်းတစ်ခုမှာတောင် ဒေါသတွေ အာဃာတတွေ ကင်းလျက် ညံ့သက်လှိုက်မောနေ၏။

သူမက သူ့မျက်နှာကို မော့မကြည့်ဘဲ သူ့ရှပ်အင်္ကျီက ကြယ်သီးလေးတွေကိုသာ ရီဝေဝေ အကြည့်ရောက်သည်။

"ပန်ပန် အမှားတွေအတွက် အိုးပါး နားလည် ခွင့်လွှတ်ပေးနိုင်မလားလို့ မေးကြည့်ချင်လို့ပါ"

"မေးစရာ မလိုပါဘူး ပန်ပန်ရယ်၊ လင်မယားချင်းတွေဲ ကတောက်ကဆ အခန့်မသင့်တဲ့အခါတွေလည်း ရှိမှာပေါ့"

"ဟို ပန်ပန်က အစကတည်းက ဆိုးခဲ့တာ မဟုတ်လား အိုးပါးအပေါ် မယားဝတ္တရားလည်း မကျေခဲ့ဘူးလေ"

"ပန်ပန်ရယ် ပန်ပန်မှာ အဲဒီ အသိလေး ရှိနေသေးတယ်ဆိုရင် ကိုယ် ကျေနပ်ပါတယ်၊ ပန်ပန်ဘက်ကရော ယံယံနဲ့ကိုယ့်ကို အမြင်ရှင်းခဲ့လား"





သူ မေးတော့ ပန်ပန် ခေါင်းလေး ဆတ်ခနဲ ထောင်လာသည်။ မျက်ဝန်းစူးစူးလေးမှာလည်း အရိပ်အယောင်တချို့နှင့် လက်ဆက်တောက်နေ၏။

"အမြင်ရှင်းစေချင်ရင် ယုံကြည်စေချင်ရင် ဒီနေ့ကစပြီး သက်သေပြရမယ်"

"ဟင် ကိုယ်က ဘာသက်သေပြရမှာလဲ"

သူ အထိတ်တလန့် မေးမိတော့ သူမက လွှတ်လွှတ်လေး ပြုံးသည်။

"မမယံနဲ့ မပတ်သက် မဆက်ဆံမိအောင် နေပြရမယ့် သက်သေပေါ့၊ ဖြစ်ပြီးခဲ့သမျှ မှားသည် မှန်သည် ပန်ပန် မဝေဖန်ဘူး၊ မစပ်စုတော့ဘူး၊ ပန်ပန်ဘက်ကိုရော အိုးပါးဘက်ကိုရော နောက်ပြန် မကြည့်ကြေး၊ လွန်ခဲ့တဲ့ နေ့ရက် နာရီအချိန်တွေ အားလုံး ကြွင်းကျန်ရစ်သမျှ ထားခဲ့ရမယ်၊ ဘယ့်နှယ်လဲ"

"အဲဒီအတွက် မင်း ကိုယ့်ကို ဘာတွေပြန်ပေးမှာလဲ"

"ဇနီး မယားကောင်းပီသအောင် ပန်ပန် နေမယ်၊ အိုးပါးဘက်ကလည်း"

"ဘာ ဘာလဲ ပြောလေ"

စကား တစ်ဝက်တစ်ပျက်နှင့် ခေါင်းလေး ငုံ့လို့သွားသည်မို့



www.burmeseclassic.com

www.burmeseclassic.com



သူမ မေးဖျားလေးကို လက်ညှိုးလေးနှင့် ပင့်မော့ရင်း အလောတကြီး မေးမိသည်။

သူမက မပွင့်တပွင့် လေသံသဲ့သဲ့လေးဖြင့်

"ပန် ပန်ပန် တစ်ယောက်တည်းကိုပဲ ဂရုစိုက်ရမယ်၊ အငဲ လိုက်ရမယ် ပြီး ပြီးတော့"

"မင်းတစ်ယောက်တည်းကိုပဲ ကိုယ့်တစ်ဘဝလုံး ပုံပြီး ချစ် စေချင်တာ မဟုတ်လား ပန်ပန်"

သူမ ကိုယ်လေးကို ရင်ခွင်မှာ ဆွဲကပ်ပြီး လှိုက်မြူး ရွတ်စွာ သူ ပြောလိုက်တော့ ရင်ခွင်ထဲမှာ ခေါင်းလေး တိုးဖက်ပြီး အင်းဟု ညည်းညူသံလေး ပြု၍ ခေါင်းတဆတ်ဆတ် ညိတ်သည်။

မြတ်နိုးလွန်းစွာ ဆံနွယ်တွေကို နမ်းရှိုက်ပြီး ခပ်တင်းတင်း ပွေ့ဖက်မိသည်။ ငြင်းဆန်ခြင်း ရုန်းကန်ခြင်း ကင်းမဲ့နေသော သူမ ကိုယ်ခန္ဓာလေးက သူ့ရင်ခွင်မှာ ညွတ်နူးပျော့ခွေ ခိုကပ်မှီနွဲ့နေ၏။

"ပန်ပန်ရယ် ဟိုအရင်ကတည်းက ဒီလို အခြေအနေမျိုးလေး ဆိုရင် ဘယ်လောက်များ ကောင်းမလဲ"

"အရမ်းနောက်ကျနေပြီလား ဟင်"

"ဟင့်အင်း ကိုယ်ဆိုလိုတာ အဲဒီသဘော မဟုတ်ပါဘူး၊ ကိုယ်တို့ နှစ်ယောက်ရဲ့ ဘဝက အချစ်နဲ့တည်ဆောက်ခဲ့ကြတာ မဟုတ်တော့





အခက်အခဲ ရှိလိမ့်မယ်ဆိုတာ ကိုယ် သိပါတယ်၊ ဒါပေမဲ့ နားလည်မှု သွဲ့နေကြတဲ့ အချိန်တွေအတွက် ကိုယ် နှမြောတာ၊ ပြီးတော့ ယံယံ အတွက်လည်း ကိုယ် စိတ်မကောင်းဘူး၊ သူက မိဘမဲ့ တစ်ကောင်ကြွက် အနိမ့်ခံဘဝနဲ့ ရှင်သန်လာခဲ့ရတာ၊ ပန်ပန်ရဲ့ အထင်မြင်လွဲမှားမှုနဲ့ တိုက်ခိုက်တာကိုလည်း ခံခဲ့ရတယ်လေ၊ ကိုယ်တို့နှစ်ယောက် တကယ် မိုးသားခဲ့ ဖြူစင်ခဲ့ကြပါတယ် ပန်ပန်၊ ပန်ပန် ယုံကြည်ပေးပါ ယုံလိုက် ပါနော်"

"အာ ပန်ပန် အိုးပါးကိုပဲ ယုံတယ်၊ မမယံကို မယုံဘူး"

"ဘာ ဘာလို့လဲ"

သူမ နားသယ်စပ်ကလေးတွေကို ခပ်ဖွဖွ နမ်းမွှေးကာ သူ ဖွတ်အတင်း မေးနေပေမယ့် လက်ခနဲ ကြွေဆင်းသွားတဲ့ ကြယ်ကလေး ကို လိုက်ငေးကြည့်ရင်း ဘိတ်ဆိတ်နေသည်။

ရင်ဘတ်ကလေး မို့မောက်လာသည်မှ့ သက်ပြင်းရှိုက်နေသ လားဟုလည်း ထင်မိသည်။ သူမ အဖြေကို စိတ်ရှည်ရှည် စောင့်နေချင် စိတ်မရှိ။

အိပ်ရာခုတင်ရှိရာ သူမကို ပွေ့ခေါ်သွားမိသည်။

"အိုးပါး ဘာလုပ်တာလဲ လွှတ်ပါ ပန်ပန် ဘာသံ လမ်း လျှောက်သွားမယ် အိုးပါး"



www.burmeseclassic.com

www.burmeseclassic.com



ရှက်လန့်တကြား ရုန်းကန်ရင်း သူ့ရင်ဘတ်ကြီးကို သူမ လ
သီးဆုပ် နုနုလေးနှင့် ဖွဖွလေး ထုနေသည်။ အိစက် ညက်ညော
မွေ့ရာကြီးပေါ် ညင်သာစွာ သူမကို ချပေးလိုက်ပြီး သူလည်း
လှဲလိုက်သည်။

''ဒီနေ့တော့ မင်္ဂလာဦးည အစစ်ကို ပိုင်ဆိုင်ရတော့မယ် ထ
တယ်နော် ပန်ပန်''

''အာ အိုးပါးနော် ဘာတွေ ပြောနေမှန်းမသိဘူး၊ ဒီခုတ
ပေါ်မှာ အိုးပါး ဘယ်နှခါ အိပ်ဖူးတယ်ဆိုတာ မမှတ်မိတော့ဘူးလား

''မတူဘူးကွ အရင်ခါတွေ အိပ်တဲ့အချိန်တုန်းက ကိုယ့်ရင်ခ
သံတွေ အရိုင်းအစိုင်း ဆန်ခဲ့တယ်၊ အနမ်းတွေက ပြင်းပြင်းထန်ထန်
အရမ္မဆန်ခဲ့တယ်၊ ခုတော့ နူးညံ့သိမ်မွေ့ ညံ့သက်မှုတွေနဲ့ ပန်ပန်
ကိုယ့်ရင်ခွင်မှာ ထွေးပိုက်ထားမယ်၊ နွေးထွေးယုယစေတဲ့ အနမ်းနု
လေးတွေ ပေးမယ် ပြီးတော့''

''အိုးပါး တော်ပြီကွာ အိုးပါး ပြောတာတွေ နားထောင်နေရတာ
နားထဲမှာ ကျလိ ကျလိ၊ ဗိုက်ထဲမှာလည်း လေတင်္ဂိုဂိုနဲ့ ဘယ်လိုကြီးမှန်း
မသိဘူး''

''ဗိုက်ဆာလို့လား ဘာစားမလဲဟင်၊ မယ်တင်ကို ကိုယ် တစ်ခု
လုပ်နိုင်းလိုက်ရမလား''





''အာ မဟုတ်ပါဘူး ခုနလေးကပဲ ထမင်းစားထားတဲ့ဟာကို
ဲ တစ်မျိုးကြီး အိုးပါးရ''

''ဘယ်လို တစ်မျိုးကြီးလဲ''

ကိုယ့်ရင်ခုန်သံတောင် မဆန်းစစ်တတ်သော ဓောင်မလေးကို
ခ်တင်းတင်း ပွေ့ဖက်ပြီး ညစ်ကျယ်ကျယ်နှင့် သူ မေးလိုက်သည်။
သူမက အတည်ပေါက်နှင့် တကယ် စဉ်းစားနေဟန် မျက်တောင်လေးကို
တ်ခတ်ပုတ်ခတ် လုပ်ရင်း

''ခံ ခံစားမှု တစ်မျိုးပေါ့ အိုးပါးရာ၊ ဟိုလေ ခုနက အိုးပါး
ပြာသလို ရင်ခုန်မှုမျိုးပေါ့၊ အဲ ဟိုအရင်ကနဲ့ အခုနဲ့လည်း မတူဘူး၊
ဒါပေမဲ့ ရင်ကတော့ အတူတူ ခုန်တာပဲ ထင်တယ်''

''ဟုတ်လား ကိုယ် နားထောင်ကြည့်မယ် ပြီးရင် ပန်ပန်က
ကိုယ့်ရင်ခုန်သံကို ပြန်နားထောင်''

နှစ်ယောက် သဘောတူညီမှုနှင့် ထိုညက တစ်ယောက်ရင်ခုန်သံ
တစ်ယောက် နားထောင်ဖြစ်ကြသည်။ ပြီးတော့ ရင်ခုန်သံနောက်ကို
းမျောလိုက်ပါကြရင်း မြူနိုးတိမ်တိုက်တွေပေါ် အလည်သွားခဲ့ကြ၏။

ညှင်းသွဲ့သွဲ့ ရှိုက်ဖိုမောပန်းနေသော အိုးပါးလို့ ညည်းညူသံ
လေးက နှလုံးသားထဲထိ သာယာငြိမ့်ညောင်းစွာ စီးဆင်းနေခဲ့သည်။

တစ်ဘဝစာပါ ချစ်သူ။

www.burmeseclassic.com



ချစ်သူရဲ့ ပါးကို နမ်းတော့ ပန်းတွေက မျက်စောင်းထိုးတယ် ချစ်သူရဲ့ ဩဝါဒကို နားထောင်တော့ လှပတဲ့ ရေတံခွန်နဲ့ စိမ့်စမ်း ရေတွေက လျှင်လျှင်မြန်မြန် စီးဆင်းသွားကြတယ်။

ချစ်သူရဲ့ အိပ်ရာကို ခိုနားတော့ ကျေးငှက်ကလေးတွေ ကချေ ပေါက်ပြီး အိပ်တန်းပြန်ကြတယ်။

ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ချစ်သူရဲ့ အနားမှာပဲ. . .။

■ ■ ■

## အခန်း (၂၉)

"ဘာအချိုးချိုးတာလဲလို့ မေးကြည့်ချင်တယ် ပြောရအောင် နဲ့သူရဲ့ ပတ်သက်မှုက ဘယ်အတိုင်းအတာထိ ရှိလို့လဲ ယံယံ"

"သူ့ရဲ့ လိုအပ်မှုတွေကို ဂရုစိုက် ဖြည့်ဆည်းပေးခဲ့တဲ့ သံယော နဲ့ ငါ့ဘဝကို နားလည်ပေးခဲ့တဲ့ စာနာပေးခဲ့တဲ့ သူ့ဘက်က လိုက်လျော ကြီးတွေက အများကြီးပါပဲ၊ ဘယ်လို ချည့်နှောင်ရမလဲဆိုတာပဲ ငါ စားမရတာ"

"သူ့ဘက်က ခံစားမှုက အဖြူထည်သက်သက်ဆိုရင် နင့်ရဲ့ လင့်ချက်တွေက အချည်းနှီး ဖြစ်မှာပဲ ယံယံ၊ သူက အိမ် ထောင်နဲ့ ဘာကြောင့် မလာတော့တာလဲ ဆိုတာ တွေးမနေဘဲ သူ ဘာတွေ နေလဲဆိုတာ အရင် စုံစမ်းကြည့်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပင့်သက်ရှိုက်သံလည်း မဟုတ်။ ညည်းညူမှု ပြုတာလည်း မဟုတ်။ ကြမ်းရှသော အာမေဋိတ်သံ တစ်မျိုးနှင့် ဆက်တိုက်မှာ မြ ဆောင့်ခနဲ မှီတိုင်ချသည်။

"သူ ကုမ္ပဏီမှာ ရှိတဲ့အချိန် ဖုန်းဆက်ကြည့်တယ်၊ အာ အဆင်ပြေတယ်တဲ့၊ အင်းအဲနဲ့ ဟိုဟာဒီဟာ ရှည်ရှည်ဝေးဝေး မပြော ဖုန်းချပစ်တယ်လေ၊ ငါ့ဆီကို လာခဲ့ပါဦးလို့ ပြောဖို့တောင် အချိန် လိုက်ဘူး"

"သူ့မိန်းမ ငြိုငြင်မှာစိုးလို့နေမှာပေါ့၊ ကုမ္ပဏီမှာရော အိ ရော နင် မရှိတော့ သူတို့ လင်မယား အေးအေးချမ်းချမ်း အဆ သွားကြတာ ဖြစ်လိမ့်မယ်"

"အဲလို ဖြစ်သွားတယ်ဆိုရင် ငါ ပိုပြီး မကျေနပ်နိုင်ဘူး မာလာ

"ဟင် နင့်ညီမ အိမ်ထောင်ရေး အဆင်ပြေသွားတာ ဘာလို့ မုဒိတာ မပွားနိုင်ရတာလဲ"

နားမလည်နိုင်အောင် မျက်လုံးလေး ပြူးလည်လျက် မေး မေးတော့ ဟွန့်ခနဲ မဲ့ကာ မြခြူးယံ မျက်မှောင်ကြုတ်သည်။

"ငါ ပေးဆပ်ခဲ့ရတာ တိုက်အိမ်ကြီးပေါ်ကဆင်း၊ ကုမ္ပဏီ အလုပ်ထွက်၊ ဒီလို အိမ်မျိုးမှာနေ၊ ပ ်း သူများတွေရဲ့ အထင် သေးခြင်းကိုခံ၊ ပြီးတော့ တစ်သက်လုံး အောက်ကျို့ခံ၊ သည်း



ခဲ့ရတဲ့ ငါ့ဘ၀ နောက်ဆုံးတော့လည်း တစ်ခုမှ မပိုင်ဆိုင်လိုက်ရဘဲ အတိုင်း ကျေအေးလိုက်ရမှာလား မာလာ၊ တစ်ခါလောက်တော့ အနိုင်ရ ကြည့်ချင်သေးတယ်"

"နင် ဘာလုပ်နိုင်မှာမို့လဲ ယံယံရယ်၊ ဥစ္စာခနေ ငွေကြေးကြွယ်ဝ တဲ့ သူတွေက စေတစ်လုံး ပိုင်ရှင်တွေ၊ အရှုံးပေးရတယ်ဆိုတာ နာမည်ဆိုး မယ့် အနိုင်ရတဲ့သူထက် အကုသိုလ် ကင်းပါတယ်ဟာ"

မာလာရဲ့ ဖျောင်းဖျမှုတွေက မြခြူးယံအတွက် အရာဝင် အသုံး ည့်မှာ မဟုတ်ချေ။

တွန့်ချိုးထားသော မျက်ခုံးနှစ်ခုနှင့် တင်းတင်းစေ့ထားသော ခမ်းနှစ်လွှာကြားမှာ အာဃာတ တရားတို့နှင့် မှုန်မှိုင်းသော အရောင် တွေ ပြောင်းနေခဲ့သည်။

စားပွဲခုံကို ဒုန်းခနဲ ထုလိုက်ခြင်းက မာလာကိုတောင် လန့်ဖျပ် သွားစေ၏။

"အဲဒီ အကုသိုလ်တွေကင်းအောင် ကြိုးစားရင်းနဲ့ ငါ့ဘ၀ သန်မထူနိုင်ခဲ့ပါဘူး၊ ခုတော့ အဲဒီ အကုသိုလ်တွေကို ရတဲ့ဈေးနဲ့ ယ်ပြီး အသုံးချတော့မယ်လို့ ငါ စဉ်းစားထားတယ်၊ နင်လည်း ငါ့ကို ကူအညီပေးပါ မာလာ"

"ငါ ငါက ဘာလုပ်ပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားထားတာ အကောင်အထည်ဖော်တဲ့ အချိန်ကျ
နင့်ကို ပြောမှာပေါ့ မာလာ"

မာလာ ပြုံးကြောင်ကြောင်လေး ခေါင်းညိတ်ပြပြီး
အဆိပ်ရည်တွေ သုတ်လိမ်းထားသော နှုတ်ခမ်းပါးက ခနိုးခနဲ့ တွန့်
ကာ ပြုံးလိုက်မိ၏။

သျှင်မင်းညို ရောက်မလာတော့တဲ့ အချိန်တွေ နေ့ရက်
ညတွေကို ကျော်ဖြတ်ဖို့ သူမအတွက် ပင်ပန်းခက်ခဲနေတာ အကြော
တရား များစွာရှိသည်။

အချစ်တစ်ခုတည်းကြောင့်ပါလို့ အမည်တပ်လို့ မရ
သွေးစွန်းတဲ့ ဓားကို ကိုင်ဖို့ လက်တစ်ဖက်တော့ အငှားလိုချင်သည
သူမ ကျခဲ့ရတဲ့ မျက်ရည်တွေ ငိုကြွေးခဲ့ရတဲ့ ရှိုက်သံတွေ ပေးဆပ်ခဲ့
အချိန်နဲ့ တန်ဖိုးအတွက် ပန်တော်ဝင်ဆီက အစား ပြန်လိုချင်နေ

သူမနှင့်သျှင်မင်းညိုကို မနာလို သဝန်တို သမုတ်ခဲ့တဲ့ ပန်
ဝင်ရဲ့ ရင်ထဲမှာ သျှင်မင်းညိုကို သိပ်ချစ်နေကြောင်း ပေါ်လွင်သိသာ
သည်။

ထိုအချစ်ကို အသေသတ်နိုင်မှ သူမ နိုင်မှာ မဟုတ်ဘူးလာ
ထိုအတွေးနှင့် သျှင်မင်းညိုကို ဂရုစိုက်ပြသည်။ အလေးထား ပြသည်
ပေးဆပ် စွန့်လွှတ်မှုတွေနှင့် သနားအောင် ငိုပြသည်။





သူမအပေါ် သျှင်မင်းညို ညွှတ်နူး အာရုံစိုက်လာမှ ပန်ပန်ရဲ့
ပြောင်းလဲမှုတွေက အံ့ဩစရာ ကောင်းအောင် လိုက်လှဲမှုတွေနှင့် အိမ်
ထောင်ရေး သာယာလာခဲ့သည်တဲ့။

"ပန်ပန် ကျွန်တော့်အပေါ် အရမ်းကို ပြောင်းလဲလာတယ်
ယံယံ၊ အခု အစစအရာရာ အဆင်ပြေတယ်၊ စားတာ သောက်တာ
နေတာ ထိုင်တာ လူမှုဆက်ဆံရေး အားလုံးပဲ၊ ယံယံ ဝမ်းသာအောင်
ဖုန်းဆက်ပြောချင်ပေမယ့် ကျွန်တော့်မှာ အလုပ်ဟာစ်ဖက် ပန်ပန် တစ်ဖက်
နဲ့ မအားလပ်ဘူး ဖြစ်နေတယ်"

ကြားရတော ချိုမြိန်မှု မရှိပေမယ့် ဖုန်းထဲကနေ ကြည်နူးပီတိ
ဖြစ်နေတဲ့ အသံနှင့် ဟန်ဆောင်ကာ ခပ်မြူးမြူးလေး ဝမ်းသာတဲ့ အ
ကြောင်း မချိတင်ကဲ အကြောင်းပြန်ခဲ့ရသည်။

ပန်တော်ဝင်နှင့် အဆင်မပြေတဲ့ အချိန်တွေတုန်းက သူမဆီကို
ချောင်းပေါက်မတတ် လာခဲ့သော သျှင်မင်းညိုက ခုတော့ သူမဘက်က
ဖုန်းစဆက်ခဲ့တာတောင် ဝတ္တရားကျေအောင် ဖုန်းမပြောချင်။

သူမ ဘဝကို စာနာပါသည်။ သနားပါသည် အကူအညီတွေ
ပေးပါမည်လို့ ပြောခဲ့တဲ့သူက ပန်တော်ဝင်ရဲ့ မှိုင်းမိသွားခဲ့ပြီတဲ့လား။
သူမ သျှင်မင်းညို ဆီက ပန်တော်ဝင်ဆီက ဘာတွေများ ရလိုက်ပါသည်။

နာကျင်မှုတွေနှင့် ခါးသီးမှု၊ ဥပေက္ခာတွေနှင့် ခွဲခြားမှု။ ဘာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မှ အကောင်းမကျန်ခဲ့တဲ့ သူမ ဘဝမှာ အရှုံးတွေချည်းပဲ ဆက်တိုက်

ဟင့်အင်း ပန်တော်ဝင် မျက်ရည်တွေကို သူမ မြင်ချင်သည်။ အရှုံးရဲ့ အရသာဟာ ဘယ်လိုလဲလို့ ပန်တော်ဝင်ကို ခံစားစေချင်

ရယ်မောဖို့ အခွင့်အရေး မရခဲ့တဲ့ မြခြူးယံအတွက် ဟားတိုက် ရယ်မောနိုင်တဲ့ တစ်နေ့နေ့ဆိုတာ ရှိလာဦးမှာပါ။

အဲဒီနေ့ကျရင် နင့်မျက်ရည်တွေ ဘယ်လောက်လှပမလဲ စ စောင့်ကြည့်မယ် ပန်တော်ဝင်။

■ ■ ■

## အခန်း (၃၀)

ထမင်းချိုင့်တွေ စားစရာတွေ သယ်ဆောင်၍ ကုမ္ပဏီကို ရောက်လာတတ်သော ပန်တော်ဝင်ရဲ့ အပြုံးလေးက အနုပညာ မြောက်စွာ လှပနေသည်။

ဖနီးမယားကောင်း အိမ်ထောင်ရှင်မကောင်း ပီသအောင် ကြိုး စားနေတဲ့ ချစ်သူလေးကို မြတ်နိုးမဝစွာ သျှင်မင်းညို ငေးကြည့်နေမိ၏။

"အိုးပါး ကြက်ခြေမဲ့နဲ့လေ ဝန်ထမ်းတွေ ရှိတယ်"

"ဟုတ်ကဲ့ ခင်ဗျ အရမ်း ကဗျာဆန်နေတော့ မျက်လုံးတွေ လွှဲပစ်ရမှာ တော်တော် နှမြောနေမိလို့ပါ ခင်ဗျာ"

"တော်ပါ အဲလို နှာဘူးဂျရင် ကုမ္ပဏီကို နောက်နေ့လိုက် မလာတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နိုး နိုး အဲလို အတည်ပေါက်ကြီးနဲ့တော့ မနောက်ပြောင် ပါနဲ့ကွာ၊ ကိုယ့်မိန်းမလေးကို အရမ်းချစ်လို့ စတာပါ၊ ဪ မိန်းမလား ပြောမယ်ဆိုတဲ့ စကားတောင် မေ့သွားတော့မယ်"

"ဘာလဲ ညနေ အိမ်စောစောပြန်လာခဲ့မယ်ဆိုတဲ့ အကြောင်း လား"

"မဟုတ်ဘူးကွ ပန်ပန် အခု ထမင်းပို့ပြီး မပြန်ဘဲနဲ့ ညနေ ကိုယ်နဲ့အတူတူ ပြန်ပါလားလို့ ပြောမလို့"

"အကြောင်းပြချက်က"

"ကိုယ်တို့နှစ်ယောက်ရဲ့ ပြေလည်မှု အခြေအနေလေးတွေ ကိုယ်တို့နှစ်ယောက် အတူတူ သွားပြောလိုက်ရင် အန်ကယ် ဝမ်းသာသွား မှာကွ၊ ပန်ပန် မသွားချင်ဘူးလားဟင်"

"သွားတော့ သွားချင်ပါတယ်၊ ဒါပေမဲ့ ဖေဖေ့ မိန်းမကြီး အမြင်ကပ်တယ်"

နှာခေါင်းရှုံ့ရှုံ့လေး ပြောနေသော ပန်ပန်ခေါင်းလေးကို သူ့ ညို ဖွဖွလေး ပုတ်လိုက်သည်။

"အဲလို မပြောရဘူးကွ၊ သူက ကိုယ့်အဖေ ယူထားတာဆိုတော့ ကိုယ့်အမေပဲ ဥစ္စာ၊ သူများ အငယ်အနှောင်း ဘယ်သူဖြစ်ချင်မှာ လူတစ်ယောက်နဲ့တစ်ယောက်ဟာ ရေစက်ဆုံကြတာ





ကြောင့် ရေစက်ဆုံကြတာ၊ အတုံ့အလှည့်ရှိရင် ပေးဆပ်ရစမြဲပဲလေ၊ မိခင်ရင်း မဟုတ်လို့ အမေ မခေါ်ချင်ဘူးဆိုရင်တောင် ကိုယ့်အဖေရဲ့ မိန်းမ တစ်ယောက်အနေနဲ့ အရိုအသေ မတန်ရဘူး ခုလည်း သူ့ဆီကို ဦးတည်သွားမှာမှ မဟုတ်တာ၊ အန်ကယ်ဆီကို သွားမယ်၊ တွေ့တော့လည်း နှုတ်ဆက်လိုက်ပေါ့"

"ဟင်းဟင်း အိုးပါးက ဆရာကြီးကျနေတာပဲ၊ အရမ်း အပြော ကောင်းတယ်၊ အဲဒါကြောင့် မမယ် ကြွေသွားတာ နေမှာ"

"ဟိတ် ဒီအချိန်မှာ အဲ့ဒါတွေ မပြောနဲ့ မတွေးနဲ့၊ အချစ်ပေါ့ လိုက်မယ်နော်"

သူ ခြိမ်းခြောက်လိုက်ရော့ ပန်ပန် လျှာလေးထုတ်ပြီး ဖက် ကလေးပုဝင်သွားသည်။

ဝေးကွာဖို့ဆိုတာ ဘယ်လိုမှ မကြားနိုင်တော့သည့် အဖြစ်မျိုး။ ကြားလေသွေးမှာလည်း မခံနိုင်။

ဟိုအရင်က အချိန်တွေအတွက် ဆတိုးကာ အဖြစ်သည်းခဲ့ကြ သည်။

နေ့နေ့ညည ပြဿနာဆိုတာလည်း မရှိ၊ အမုန်းဆိုတာလဲခွင်း မရှိ။ သူတို့ကိုကြည့်ပြီး မယ်တင်လည်း ပျော်နေသည်။ ဦးကျော်မောင် စိတ်ချမ်းသာအောင်လည်း သွားပြောဖို့ တိုင်ပင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်အတိုင်း ညနေရုံးဆင်းချိန်မှာ ဦးကျော့မောင်ဆီ ဝင်ခဲ့ကြသည်။ ခြံထဲကို ဝင်လိုက်ရင်ပဲ ပန်းပင်တွေရေလောင်းနေသော ဒေါ်ခရေမြိုင်ကို အရင်ဆုံး တွေ့ကြရသည်။

သျှင်မင်းညိုက ကားပေါ်က ဆင်းပြီး ပဋိသန္ဓာရ စကားနှုတ်ဆက်လိုက်၏။

"အန်တီ အိမ်မှာ အန်ကယ်ရှိပါသလား ခင်ဗျာ"

"ဩော် အေးအေးရှိတယ်ကွဲ့၊ ညှော်ခန်းထဲမှာ သတင်းစာဖတ်နေလား ဂျာနယ်ဖတ်နေလား မသိဘူး"

"ဟုတ်ကဲ့ ကျွန်တော်တို့ သွားတွေ့လိုက်ပါဦးမယ်၊ ခွင့်ပြုပါဦး အန်တီ"

ဒေါ်ခရေမြိုင်က ပြုံးပြုံးကြီး ခေါင်းညိတ်ပြသည်။

"အိုးပါးကလည်း ဘာလို့ တကူးတက သွားနှုတ်ဆက်နေတာလဲ ကိုယ့်အိမ်ပဲ ဥစ္စာ အိမ်ထဲဝင်ရင် ဖေဖေနဲ့တွေ့ရမှာပေါ့"

"ဩော် အဲလို မယူဆရဘူး ပန်ပန်ရဲ့၊ လူဆိုတဲ့ သဘောက သူ့ကို လေးစားမှ ကိုယ့်ကို ပြန်လေးစားခံရတယ်၊ မေတ္တာဆိုတာ ရောင်ပြန် ဟပ်တယ်လေ၊ သူ့ကို မလိုလားလို့ အမုန်းနဲ့ဆက်ဆံရင် အမုန်းပဲ ပြန်ရမှာ၊ သံသရာ ရှည်တာပေါ့၊ လူတစ်ယောက်ဆီက ကိုယ် ဘာလိုချင်လဲ အရင် စဉ်းစား အမုန်းလိုချင် အမုန်းပေး၊ အပြုံးလိုချင်





အပြုံးပေး၊ ကိုယ့်ကို ဂရုစိုက်ခံချင်ရင် သူများကို ဥပေက္ခာမပြုနဲ့ပေါ့"

"အံမယ် အိုးပါး ပန်ပန်ကို ရွဲ့ပြောနေတာပေါ့လေ"

"မဟုတ်ပါဘူးကွာ အတွေးအခေါ် ရင့်ကျက်မှု မရှိသေးတဲ့ ကိုယ့်မိန်းမကို နားလည်သဘောပေါက်စေချင်တာပါ၊ ခုပဲ ကြည့်ပါလား၊ ပန်ပန်က ကိုယ့်ကို အချစ်တွေ ပေးတော့ ကိုယ်ကလည်း ပန်ပန်ကို အချစ်တွေ အများကြီး ပြန်ပေးတယ်"

လက်ဖဝါးနုနုဖတ်ဖတ်လေးကို ခပ်နာနာလေး ဆုပ်ညှစ်ပြီး သူ ပြောတော့ ပန်ပန်က ဆတ်ခနဲ ပြန်ရုန်းသည်။

"ဘာဖြစ်နေတာလဲ ညှော်ခန်းမှာ ဖေဖေ ငုတ်တုတ်ကြီးထိုင်လို့"

"ဟော သမီးလေးတို့ အလည်လာကြတာလား၊ လာကွာ မောင်သျှင်မင်းညို ထိုင်ဟေ့၊ ဒီတစ်ခါတော့ နှစ်ယောက်စလုံး အတူတူမြင်ရတော့ ဝမ်းသာစရာ သတင်းပါလာမယ် ထင်တယ်၊ ဘယ်လိုလဲ မင်း ဒယ်ဒီဆီကို မြေးရတော့မယ်လို့ ကြွားလိုက်ရတော့မလား"

"ဟာ ဖေဖေ ဖေဖေနော် အဲဒီကိစ္စထိ မရောက်သေးဘူး၊ ပန်ပန်တို့ ပြေပြေလည်လည် ဖြစ်သွားပြီဆိုတာ ဖေဖေ စိတ်ချမ်းသာအောင် လာပြောတာ ပန်ပန် မဆိုးတော့ဘူး"

"အဟေး ဟေး ဒီသတင်းကလည်း မင်္ဂလာသတင်းပါ၊ မကြာခင် မြေးချီရတော့မယ်ဆိုတဲ့ အတိတ်နိမိတ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနော် ပန်ပန် ရှက်လာပြီ ခုပဲ ထပြန်တော့မှာ"

ပန်ပန် မျက်နှာလေး နီမြန်းလျက် အရှက်သည်းနေတာကို ဦးကျော့မောင်နှင့် သျှင်မင်းညို သဘောကျစွာ ရယ်နေမိကြသည်။

ပန်းပင်တွေ ရေလောင်းပြီး ပြန်လာတဲ့ ဒေါ်ခရေမြိုင်က ဦးကျော့မောင်ဘေးမှာ ပြုံးပြုံးလေး ဝင်ထိုင်လိုက်ကာ

"မပြန်ကြပါနဲ့ဦးကွယ်၊ အန်တီ ထမင်းဟင်း ချက်ကျွေးပါရစေ၊ လူစုံတုန်း ပျော်ပျော်ပါးပါးပေါ့"

"ဖဟ မြိုင်လည်း သဘောထားတွေ ပြောင်းလို့ပါလား။ ကောင်းကွာ ဒီနေ့တော့ ကျော့မောင်တို့ စိတ်လွတ်ကိုယ်လွတ်ကို ပျော်သွားပြီ သမီးကရော သမီး အန်တီအပေါ်"

"အန်တီနဲ့ ထမင်းဟင်း အတူတူ ချက်လိုက်ပါ့မယ် ဖေဖေ"

"သိုင်းကျူး သိုင်းကျူး သမီး ဖေဖေ့သမီးလေးက အလိမ္မာလေးပါ၊ မောင်သျှင်မင်းညို ပုံသွင်းဖန်တီးမှုတွေ ထင်ပါရဲ့၊ လူလိမ္မာ သားယဉ်ပါး မိဘဂုဏ်တက်အောင် အမျိုးမြတ်တဲ့ သားကွ၊ အန်ကယ် သားကိုလည်း ကျေးဇူးတင်ပါတယ်"

ဦးကျော့မောင် အူမြူးကာ ပျော်ရွှင်နေသည်။ ထမင်းဟင်း ချက်ဖို့ ဒေါ်ခရေမြိုင်နှင့်ပန်ပန် ထထွက်သွားမှ ဦးကျော့မောင် သျှင်မင်းညို အနားက ထိုင်ခုံမှာ ရွှေ့ပြောင်းထိုင်ရင်း





"ယံယံလေးရော အဆင်ပြေလား မောင်သျှင်မင်းညို"

"ကျွန်တော်လည်း မသိဘူး အန်ကယ်၊ သူ့ဆီ မရောက်တာ တော်တော်ကြာပြီ"

"အေး တို့မိသားစုက စည်းစည်းလုံးလုံးနဲ့ အဆင်ပြေပြီး သူ့ကိုတော့ တစ်ယောက်တည်း ခွဲထုတ်ထားသလို အဆင်မပြေဖြစ်မှာ စိုးရိမ်သားကွ၊ မြေးမျိုးယံက ငယ်ငယ်ကတည်းက မာနလေးတော့ ရှိတယ်၊ ဝမ်းနည်းနေမှန်း သိရက်နဲ့တောင် သူ့မျက်နှာမှာ မျက်ရည်ဆိုတာ သိပ်တွေ့ရတာ မဟုတ်ဘူး၊ အံကြိတ်ပြီး တင်းခံနေတာ၊ မျိုသိပ်နိုင်လွန်းတဲ့ သူက တစ်ခါတစ်ရံမှာ တစ်ဖက်စွန်း ရောက်တတ်တယ်၊ ခုလည်း သူ ဒုက္ခရောက်နေသလောက်တော့ ဖွင့်ပြောမှာ မဟုတ်ဘူး၊ တကယ်ကို တင်းမခံနိုင်လို့ မောင်သျှင်မင်းညိုဆီ အကူအညီ တောင်းလာခဲ့ရင်တော့ တတ်နိုင်သလောက် ကူညီပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ ဒါပေမဲ့ ပန်ပန်က မကြိုက်ဘူး အန်ကယ်၊ ယံယံနဲ့ သိပ်မဆက်ဆံစေချင်ဘူး"

"ဪ ဒါကတော့ ယံယံက ဓလေ့ဆိုးသား မတော်စပ်တဲ့ သူ တစ်မိန်းမ မဟုတ်တာ၊ ကလေးဘဝကတည်းက ကျွေးမွေးစောင့်ရှောက် လာခဲ့ရတာ၊ လက်လွှတ်စပယ်ကြီး ဥပေက္ခာပြုလို့တော့ မဖြစ်ဘူးလေ၊ မာနနဲ့ အန်ကယ်ဆီမှာ ပန်ပန်ဆီမှာ ဒူးထောက် အောင်ကျို့မခံချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ရင်တောင် မောင်သျှင်မင်းညိုဆီတော့ ဖွင့်ဟတိုင်ပင်ချင်တဲ့ ဆန္ဒလေးတွေ ရှိချင်ရှိမှာပါ၊ ဘာပဲဖြစ်ဖြစ် ယံယံနဲ့ပတ်သက်ပြီး အန်ကယ်ကိုလည်း အသိပေးပါ၊ မောင်သျှင်မင်းညိုလည်း ဂရုစိုက်ပေးပါကွယ်"

သျှင်မင်းညို လေးလေးပင်ပင် ခေါင်းညိတ်ပြလိုက်မိသည်။ ဆင်ခြင်သင့်ပြီလို့ တွေးထားကတည်းက မြခြူးယံဆီ မသွားဖြစ်တော့တာ ဒီနေ့ထိ။

ပန်တော်ဝင်အတွက် ယောကျ်ားကောင်း ဖြစ်ချင်သလို မြခြူးယံအတွက်လည်း အဖြူထည်မိတ်ဆွေကောင်းတစ်ယောက်သာ ဖြစ်ချင်ခဲ့သည်။

ပြီးတော့ ပန်တော်ဝင်ရဲ့ အငြိုငြင်ကို မခံချင်တော့တာ အရာအားလုံးကို စွန့်လွှတ်နိုင်တဲ့အထိ သက်သေပြချင်သည်။

ဒါဟာ တကယ့် အချစ်စစ် ဖြစ်ခဲ့ပါလျှင်။

"ကိုကိုနဲ့ မောင်သျှင်မင်းညို ထမင်းပွဲပြင်ပြီးပြီ စားလိုက်အောင်လေ"

ဒေါ်ခရေမြိုင် အသံကြောင့် အတွေးတွေ ပြတ်တောက်သွားလျက် ဦးကျော့မောင်နှင့်အတူ ထမင်းပွဲရှိရာ ရောက်ခဲ့ရသည်။

ကိုယ့်ရဲ့ အလေးထားမှုအပေါ်မှာ ဒေါ်ခရေမြိုင်ရဲ့ တုံ့ပြန်မှုက လေးစားစရာ ကောင်းနေ၏။





ထမင်းဝိုင်းလေးက မိသားစုလေးသဖွယ် စနောက်ပျော်ရွှင်စရာများဖြင့် စိုပြည်အသက်ဝင်ခဲ့သည်။

ထိုအချိန်လေးမှာ တသီးတခြား ဖြစ်နေသော မြခြူးယံအကြောင်း ဘယ်သူမှ တစ်စွန်းတစ်စ မပြောမိကြချေ။

သူကတော့ ဟိုအရင်က မြခြူးယံ ပုံရိပ်တို့ကို မြင်ယောင်ကာ စိတ်မကောင်း ဖြစ်မိသေးသည်။

ဒီလို ထမင်းဝိုင်းမျိုးမှာ မြခြူးယံရဲ့ ဂရုစိုက် အလေးထားမှုတွေနှင့် အချိန်ကြာကြာ သူ့ရဲ့ လိုအပ်ချက်တွေ ပြည့်စုံခဲ့သည် မဟုတ်ပါလား။

ခုတော့ သူ့ဘဝအတွက် အသေးစိတ်ကအစ ပန်တော်ဝင်က ခရီမဖြစ် နေရာယူ စိုးမိုးလာခဲ့သည်။

သူကလည်း ထိုခံစားမှုလေးအပေါ် ဆွတ်ပျံ့ကြည်နူးစွာ တလိုက်လိုက် ရင်ခုန်ခဲ့သည်။

ဘဝတစ်ခုလုံး ပုံအပ်စွာ ချစ်ရပါသည့် ပန်တော်ဝင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဆရာ မာလာ ဆိုတဲ့ အမျိုးသမီး ဖုန်းဆက်ပါတယ်၊ အရေး ကြီးလို့ ဖုန်းပြန်ဆက်ပေးပါတဲ့ ဆရာ"

အစည်းအဝေးခန်းက ထွက်ထွက်ခြင်း စက္ကုထရီ ကောင်မလေး ရဲ့ စကားကြောင့် သူ တော်တော်လေး စဉ်းစားယူရသည်။

မာလာတဲ့။ မြခြူးယံရဲ့ သူငယ်ချင်း ကောင်မလေး ဖြစ်ရမည်။ ဘယ်လို အရေးအကြောင်းရှိလို့ မြခြူးယံက ဖုန်းမဆက်ဘဲ မာလာ ဆက်ရတာလဲ။

အတွေးနှင့် တစ်ဆက်တည်း မြခြူးယံ ဟန်းဖုန်းနံပါတ်ကဲ့လေး တွေ နှိပ်လိုက်၏။ တစ်ဖက်က ဖုန်းကိုင်သူမှာ မြခြူးယံ မဟုတ်ဘဲ မာလာပဲ ဖြစ်နေသည်။



"ဟယ်လို ကိုသျှင်မင်းညိုလား"

"ဟုတ်ကဲ့ ကျွန်တော် သျှင်မင်းညိုပါ၊ မာလာ ဘာကိစ္စရှိလို့ လဲ ဟို မြခြူးယံရော"

"အဲဒီ မြခြူးယံကိစ္စပါပဲ ကိုသျှင်မင်းညို၊ အခု မြခြူးယံ အရမ်း နေမကောင်းဖြစ်နေတယ်၊ ညက ညတွင်းချင်း ဆေးခန်းပြေးရ တာ၊ ဒီနေ့လယ်အထိလည်း မသက်သာဘူး။ ဆရာဝန်က ဒီထက် ပိုဆိုး ရင်တော့ ဆေးရုံတင်ရမယ်လို့ ပြောတယ်၊ အဲဒါ ကိုသျှင်မင်းညို ခဏ လောက် လာကြည့်ပေးပါလားဟင်"

"ဗျာ ဟို သူ့လေးလေးနဲ့ ပန်တော်ဝင်ဆီ ဖုန်းဆက်ကြည့်လိုက် ရင် ပိုအဆင်ပြေမယ်၊ ကျွန်တော်ကလည်း ဘာမှ မလုပ်တတ် မကိုင် တတ်နဲ့"

မာလာဘက်က သက်ပြင်းရှိုက်သံ သဲ့သဲ့ကြားလိုက်ရပြီးမှ

"ကျွန်မလည်း အဲလို ပြောပြတယ် ကိုသျှင်မင်းညို၊ ဒါပေမဲ့ ယံယံက ခေါင်းမာတယ်၊ ဒီလောက် ဖြစ်ရုံလေးနဲ့ အသိမပေးချင်ဘူးတဲ့၊ သူ့ဒုက္ခ သူခံမယ်လို့ချည်း ပြောနေတာ၊ ကျွန်မကသာ မနေနိုင်လို့ ကိုသျှင်မင်းညိုကို လာကြည့်စေချင်တာပါ၊ ဟို ဘာမှ လုပ်ကိုင်ပေးစရာ မလိုပါဘူး ကျွန်မ အလုပ်နားပြီးကို ပြုစုပေးနေတာပါ"

"ဟုတ် ဟုတ်ကဲ့ ကျွန်တော် လာခဲ့ပါ့မယ်၊ မြခြူးယံကို ဂရုစိုက်

www.burmeseclassic.com

www.burmeseclassic.com



ထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်''

ဖုန်းပြောပြီး နာရီကြည့်လိုက်တော့ နေ့လယ် နှစ်နာရီခွဲ။

ပန်ပန် ထမင်းပို့ပြီး ပြန်သွားတာနှင့် အစည်းအဝေး တက်ရော

ခုမှပြီးသည်။ လုပ်ငန်းလျာထားချက်နှင့် နှစ်ပတ်လည် စည်းဝေးခြင်း

အချိန်က တော်တော်လေး ကြာသွား၏။

ပန်ပန်ကို ဖုန်းဆက် အသိပေးဖို့ စဉ်းစားလိုက်သေးသော်လည်း

သဝန်တိုတာတွေ စိတ်ပူတာတွေ စိတ်တိုင်းမကျတာတွေနှင့် သူမ

မခံစားစေချင်။

အသွားအပြန် ကြာမြင့်ချိန်ကို ခန့်မှန်းပြီး လိုအပ်တာ မေးမြ

ပြီးတာနှင့် ရုံးဆင်းချိန် အမီပြန်နိုင်အောင် ကြိုးစားရမည်။ ပြန်လာ

အခိုးအကောင်း အခြေအနေ ဦးကျော့မောင်ကို အသိပေး။ ပန်တော်

ကို နားလည်အောင်ပြော။ အဲဒါ အကောင်းဆုံးပဲဟု တွေးကာ မန်နေ

ကို အသေးစိတ် မှာစရာရှိတာ မှာ၍ မြခြူးယံတို့ဆီ ထွက်လာခဲ့သည်

ရောက်ဖူးနေကျ မြခြူးယံတို့ သံပန်းခြံဝင်းတံခါးပေါက်လေး

ဖွင့်လျက်သားပင်။

လမ်းဘေးချကာ ကားကို ရပ်ထားခဲ့ပြီး အိမ်ဝင်းထဲကို ဝင်လိုက်

တော့ မာလာက ခရီးဦးကြိုပြုသည်

''လာမှ လာပါ့မလားလို့ အခုလေးတင် ကိုသျှင်မင်းညို



ဖုန်းဆက်ထားတဲ့အကြောင်း မြခြူးယံကို ပြောပြနေတာ၊ လာ ကိုသျှင်

မင်းညို ဆက်တီခုံမှာ ထိုင်ဦးနော်၊ မြခြူးယံက အခန်းထဲ လှဲနေတာ

ကျွန်မ သွားခေါ်လိုက်မယ်''

သူ ခေါင်းညိတ်ပြလိုက်ရင်း ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည်။

ထိုက်၍ ချွေးစို့နေသည်မို့ ရှပ်အင်္ကျီအပေါ် ကြယ်သီးနှစ်လုံးဖြုတ်ကာ

လေတွေ မှုတ်သွင်းလိုက်၏။

ထိုစဉ်မှာ မာလာကို မှီတွယ်လျက် အပေါ်ထပ် အနွေးထည်

လေးနှင့် နွမ်းယဲ့ယဲ့လေး မြခြူးယံ ထွက်လာသည်။

''အလုပ်မအားဘူး မဟုတ်လား၊ ဘာလို့ လာတာလဲ အားနာ

ရော''

''ရပါတယ် မြခြူးယံရဲ့၊ အခုတလော ဖုန်းဆက်လို့သာ ကျွန်

တော် သိရတာ၊ ဒီလောက်ကြီး နေမကောင်းနေတာ၊ အန်ကယ်နဲ့ ပန်ပန်

ဆီ ဖုန်းဆက်အကြောင်းကြားသင့်တာပေါ့''

''နေပါစေ ကိုညိုရယ် နေမကောင်းတာ အကြောင်းပြုပြီး အခွင့်

အရေးယူ ပတ်သက်ချင်တဲ့ သဘောမျိုးလည်း မလုပ်ချင်တော့ပါဘူး''

''အဲလိုလည်း ဘယ်ဟုတ်မလဲ ယံယံရယ်၊ သွေးသားရင်းချာ

ဆိုလို့ ယံယံ ဘဝမှာ သူတို့နှစ်ယောက်ပဲ ရှိတော့တာ မဟုတ်လား

အရေးကြီးရင်သွေးနီးတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ယံယံ ထပ်မရှုံးချင်တော့ဘူး"

"ဟာ ယံယံ ယံယံ မာလာ ယံယံ ဘာဖြစ်တာလဲ"

မာလာ ပခုံးလေးပေါ်ကနေ စောင်းငုံ့လဲပြိုသွားသည်မို့ သူ အထိတ်တလန့် အော်လိုက်မိသည်။

မာလာက စိုးရိမ်တကြီး ပွေ့လိုက်ကာ

"ကို ကိုသျှင်မင်းညို ယံယံကို အခန်းထဲ ပွေ့ခေါ်ပေးပါနော် ကျွန်မ ဆရာဝန် သွားခေါ်လိုက်မယ်၊ ဆရာဝန်က ဆေးရုံတင်သင့်ရင် လည်း တင်ရမယ်လို့ ပြောထားလို့ပါ"

"ဗျာ ဟုတ် ဟုတ်ကဲ့"

မာလာ လက်ထဲက လွှဲပြောင်းယူပြီး ယံယံကို အိပ်ခန်းထဲ ပွေ့ခေါ်ခဲ့ရသည်။

ညည်းညူမှုပြုနေတဲ့ ယံယံ အနားက ခွာလို့ မရအောင် စိုးရိမ် နေမိ၏။ ဒီလိုနှင့် အချိန်တွေ တော်တော်ကြာသည့်တိုင်အောင် မာလာ ပြန်ရောက်မလာ။

မြခြူးယံက ရင်ထဲက ပူလို့ဆိုပြီး စောင်တွေကို ဆွဲခွာ၊ အပေါ် ထပ်အကျႌတွေကို ဆွဲချွတ်နှင့် ဘယ်လို ဖေးမပြုစုရမှန်းမသိအောင် သူ လည်း စိတ်ဦးနှောက်တွေ ရှုပ်ထွေးနောက်ကျိနေသည်။

"မာလာရယ် မြန်မြန်ပြန်လာပါတော့"





လွတ်ခနဲ အသံထွက်ပြီးတောင် ညည်းညူမိသည်။ အချိန်တွေ နောက်ကျလျှင် ပန်တော်ဝင် စိတ်ပူမှာလည်း စိုးရိမ်နေ၏။

ထိုအချိန်မှာ ဝရန်းသုန်းကား များပြားလှသော ခြေသံတွေနှင့် အတူ

"ကဲ ဒီက သူငယ်နဲ့ မြခြူးယံ အပြင်ထွက်လာခဲ့ကြပါကွယ်"

"ဟင် ဘာ ဘာလဲ"

"လူကြီးတွေက ခေါ်နေတာ အပြင်ထွက်တွေ့လိုက်ပါ ကိုညို သူတို့ ကိစ္စရှိလို့ နေမှာပေါ့"

လူကောင်း ပကတိလို အသံရော ဟန်အမူအယာရော ပြောင်း လဲသွားတဲ့ မြခြူးယံ နောက်က ယောင်တောင်တောင်နှင့် သျှင်မင်းညို လိုက်လာခဲ့ရသည်။

ဧည့်ခန်းလေးထဲမှာ ရဲဝန်ထမ်းတစ်ယောက်၊ အမျိုးသမီးရေးရာ က ဖြစ်ဟန်တူသော အမျိုးသမီးကြီးနှစ်ယောက်၊ ရပ်ကွက်လူကြီး ဖြစ်ဟန် တူသူ သုံးလေးယောက်ခန့် ဆက်တီခုံတွေမှာ ထိုင်တဲ့သူထိုင် မတ်တပ်ရပ် တဲ့သူ ရပ်နှင့် ခုချိန်ထိ သျှင်မင်းညို နားမလည်နိုင်အောင် ဖြစ်နေဆဲပင်။

မြခြူးယံက မလုံမလဲနှင့် အကျႌလုံချည်တွေကို ဆွဲဆန့်နေကာ ခုံမရဲ ရှက်ရွံ့နေသလို ပုံစံမျိုးနှင့် လူကြီးတွေရှေ့မှာ ညှိုးညှိုးငယ်ငယ်။

"ကဲ လူငယ်တွေ မှားကြတာတော့ မှားကြတာပေါ့ ဦးတို့



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲမှာတော့ ဒီအနေအထားမျိုး ခွင့်မပြုနိုင်ဘူးကွယ်၊ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လက်ထပ်ခြင်း လက်မထပ်ခြင်းက မင်းတို့အပိုင်း၊ ရပ်ကွက်ဂုဏ်သိက္ခာ၊ မိန်းကလေးရဲ့ ဂုဏ်သိက္ခာအတွက်တော့ ဦးတို့ လူကြီးတွေရှေ့မှာ မင်းတို့ လက်မှတ်ထိုး လက်ထပ်မှဖြစ်မယ်"

"ဗျာ ဗျာ သူနဲ့ကျွန်တော်က အဲလို အနေအထားမျိုး မဟုတ်ပါဘူး၊ သူ နေမကောင်းလို့ သတင်းလာမေးတာပါ၊ ယံ ယံယံ ပြောလိုက်ဦးလေ"

"ယံ ယံယံက ဘာပြောရမှာလဲ ကိုညိုရယ်၊ လူကြီးတွေရှေ့မှာ"

"ဟာ ဘာ ဘာလဲ"

သူ အထိတ်တလန့် ပြူးပြူးပျာပျာ ဖြစ်နေခြင်းကို လူကြီးတွေက မျက်မှောင်ကြုတ်သည်။ မယုံကြည်နိုင်ခြင်းတွေနှင့် ရှက်ရွံ့ထူပူကာ အခြေအနေ အရပ်ရပ်ကို မသုံးသပ်နိုင် ဖြစ်နေမိ၏။

"ကဲ မင်းက ဘာကိုရှောင်လွှဲချင်လို့လဲ၊ ဒီမှာ လူကြီးတွေအားလုံး သက်သေရှိတယ်၊ ပြီးတော့ မင်းကို ဒီအိမ်လာလာနေတာ ဥက္ကဋ္ဌဖြစ်တဲ့ ငါကိုယ်တိုင် မြင်တွေ့တယ်ကွ၊ ပြီးတော့ ဒီကောင်မလေး ဒီအိမ်ငှားတုန်းက တို့ရုံးမှာ စာချုပ်ချုပ်တော့လည်း မင်းကိုယ်တိုင် ငွေထုတ်ပေးပြီး စာချုပ်မှာ လက်မှတ်ထိုးခဲ့တာ မဟုတ်လား"

"အဲ အဲဒါက"





ရိုးသားမှုတွေကို မြဲခြူးယံ သက်သေမလိုက်ဘဲ ငြိမ်သက်နေတော့ သူ ဒေါသတွေ ပြန်လာသည်။ ရဲဝန်ထမ်းက သူ့အင်္ကျီ ကြယ်သီးပြုတ်နေတာကို စူးစိုက် ကြည့်နေသည့်မို့ ကယောင်ကတမ်း ကြယ်သီးတွေ ပြန်တပ်နေမိ၏။

"မင်းဘက်က သွေးရူးသွေးတန်း ငြင်းဆန်နေမယ်ဆိုရင် အမှုပိုကြီးသွားမယ်နော်၊ ရဲစခန်းမှာ အမှုဖွင့် အရေးယူခံမလား၊ အခု ရုံးမှာ လိုက်ပြီး လက်မှတ်ထိုးမှာလား၊ ဒါပဲပြော"

"မိန်းကလေး ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် လုပ်ရင်တော့ ကျွန်မတို့ အမျိုးသမီးရေးရာ အနေနဲ့ သက်သေလိုက်ပြီး ကာကွယ်ရလိမ့်မယ်၊ ဘယ့်နှယ် အကျိုးအပြစ် ရှေ့နောက်မကြည့်ဘဲ အခွင့်အရေးတော့ ယူတတ်ပြီး တာဝန်မယူတတ်လို့ ဖြစ်မလား"

"မ မဟုတ်ပါဘူး ကျွန်တော့်မှာ မိန်းမ ရှိပါတယ်၊ ကျွန်တော့်မိန်းမနဲ့သူနဲ့က အမျိုးတော်ပါတယ်၊ သူ နေမကောင်းတဲ့အချိန် လာပြီးစောင့်ရှောက်တာပါ၊ ကျွန်တော်တို့ ဘယ်လို အမှားမျိုးမှ မကျူးလွန်ပါဘူး၊ ယံယံ အမှန်အတိုင်း ပြောလိုက်လေဗျာ၊ ကျွန်တော် ဒီလိုမျိုးဖြစ်ရင် ပန်ပန် သေလိမ့်မယ်၊ အန်ကယ်လည်း အရှက်ရလိမ့်မယ် မဟုတ်တာကို မဟုတ်ဘူး မမှန်တာကို မမှန်ဘူးလို့ ယံယံ တစ်ခွန်းလောက်ပြောလိုက်စမ်းပါ ပြောပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါကြီးနှင့် ကုန်းအော်ကာ မလှုပ်မယှက် ဖြစ်နေတဲ့ ယံယံ ပခုံးသားကို ဆုပ်ကိုင်လှုပ်ရမ်းပစ်လိုက်သည်။

"ဟော့ ဟော့ သူငယ် လူကြီးတွေရှေ့မှာတောင် မင်း တရားလွန် လှချည်လားကွ၊ ပုဒ်မကြီးကြီးနဲ့ တရားစွဲမယ်၊ မင်း ရုံးကို လိုက်ခဲ့ အသာတကြည် မဟုတ်ရင် လက်ထိပ်ခတ်လိုက်ပါ နယ်ထိန်း"

"အဲ အဲလို မလုပ်ကြပါနဲ့ရှင် ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မတို့နှစ်ယောက်လုံး ရုံးမှာ လိုက်ပြီး လက်ထပ်စာချုပ်မှာ လက်မှတ် ထိုးပါ့မယ်၊ ကိုညို ရဲစခန်းမှာ လူသိရှင်ကြား ဖြစ်သွားရင် လေးလေးနဲ့ ပန်ပန်တို့ ပိုပြီး အရှက်ကွဲကြမှာပေါ့၊ ကျွန်မတို့ လူကြီးတွေ စီမံတဲ့အတိုင်း ပဲ လုပ်လိုက်ကြအောင် နော် ကိုညို"

ဟင့်အင်း မဖြစ်ဘူး မင်းနဲ့လက်မထပ်နိုင်ဘူး။ ငါ မင်းအပေါ် ရိုးသားခဲ့တယ်။ ဖြူစင်ခဲ့တယ်။ ဒီအခြေအနေကို သိသွားရင် ပန်ပန် သေလိမ့်မယ်။ ပန်ပန် ရူးသွားလိမ့်မယ်။ အန်ကယ်ရော ငါ့ဒယ်ဒီရော ဂုဏ်သိက္ခာတွေ ကျလိမ့်မယ် မဖြစ်ဘူး လက်မထပ်နိုင်ဘူး လုံးဝ လုံးဝ

ရင်ထဲမှာ အော်ဟစ်ငြင်းဆန်နေမိပေမယ့် ခေါင်းခါရမ်းဖို့ အခွင့် အရေးမရှိတော့တာ သူ သိနေသည်။

ဖြစ်ချင်ရာဖြစ် ပေါက်ကွဲပစ်လိုက်ချင်စိတ်တွေနှင့် ဦးနှောက်ထဲ မှာ ရင်ဘတ်ကြီးထဲမှာ ပြောင်းဆန်နေ၏။





ဘယ်လို ကြမ္မာဆိုးလဲ။

အကွက်ဆင်ထားတဲ့ ထောင်ချောက်ဆိုတာ နောက်ကျမှ သိ လိုက်ရသည့်အတွက် နောင်တဆိုတာလည်း ဘာမှ အသုံးမဝင်တော့။

အသွားမတော် တစ်လှမ်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဘာ ဘာဖြစ်တယ် အိုးပါး ပြန်ပြောစမ်းပါ"

နောက်တစ်ခါက် ပြန်ပြောဖို့ အင်အားမရှိတော့ပါဘူး ပန်ပန်ရယ်လို့တောင် သူ မဖွင့်ဟနိုင်။

မျက်ရည်မြစ်ထဲမှာ ခေါင်းငုံ့တိုးလျှိုးလျက် ကြိတ်ရှိုက်နေမိသည်။ ရပ်ကွက်ရုံးမှာ အခြေအတင်ဖြစ် လက်မှတ်ထိုး၊ နာကျင်မုန်းတီး ရွံရှာစိတ်တွေနှင့် မြခြူးယံကို ဘာမှမပြောတော့ဘဲ အိမ်ပြန်ရောက်လာတော့ ညဉ့်နှစ်နာရီ။

ဒီအချိန်ထိ သူ့အတွက် ပူပင်သောကတွေ ရောက်ပြီး ဟိုဖုန်းဆက် ဒီဖုန်းဆက်နှင့် မအိပ်နိုင်အောင် ခံစားနေခဲ့တာက ပန်တော်ဝင်။

ရုံးခန်းထဲရောက်တော့ သူ့စခရင်လေးမှာ ပန်တော်ဝင် ဖုန်း





နံပါတ်လေး ပေါ်လာသော်လည်း လူကြီးတွေက ဖုန်းကို ယူပြီး ပိတ်ပစ်လိုက်သည်။ အရေးကြီးချိန်မို့ဟု ဆိုကာ မြခြူးယံ ဖုန်းကိုပါ စက်ပိတ်နိုင်းလိုက်၏။

ကျဉ်းထဲကျပ်ထဲမှာ မလှုပ်သာ မယှက်သာ၊ အသက်မရှူသာခဲ့။

ကောက်ခါငင်ခါ နေကောင်းသွားတဲ့ မြခြူးယံက လက်မှတ်ထိုးပြီးချိန်မှာ အောင်နိုင်သူ အပြုံးနှင့် လက်ပိုက်ပြီး မြိန့်မြိန့်ကြီး ပြုံးနေခဲ့သည်။

တစ်ညနေလုံး ဆရာဝန် သွားခေါ်မည်ဆိုပြီး ပျောက်သွားတဲ့ မာလာက သူတို့ ရုံးက ပြန်ရောက်တော့ အိမ်အဝမှာ မျက်နှာလေး မှုန်မှိုင်းပျက်ယွင်းလျက် ဆီးကြိုသည်။

တက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်ကာ ဘယ်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ ကားမောင်း၍ သူ ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်တော့ ပန်တော်ဝင် ရင်ခွင်မှာ မျက်နှာအပ်ကာ ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုချလိုက်၏။

စိုးရိမ်တကြီး အထိတ်တလန့် မေးနေတဲ့ ပန်တော်ဝင် မေးခွန်းတွေကို အမှန်အတိုင်း ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့လည်း မယုံကြည်နိုင်အောင် အံ့သြနေသည်။

မဖြစ်နိုင်ဘူးဟု ဖွတ်အတင်း ငြင်းဆန်ကာ သူ့ကို ထပ်မေး



www.burmeseclassic.com

www.burmeseclassic.com



နေပြန်၏။

ပန်ပန်ကို သနားလွန်းလို့ သူ ဘယ်လို သွယ်ဝိုက်ကာ ဖုံးကွယ်ရမည်လဲ။

အိပ်မက်ဆိုး တစ်ခုပါလို့ မျက်နှာထသစ်ပြီး ပျောက်ကွယ်သွားရင်လည်း အကောင်းသား။

အခုတော့

"အိုးပါး မဟုတ်ဘူး အဲဒါ တကယ် မဟုတ်ဘူးလို့ ပြောစမ်းပါ ပန်ပန်ကို ချစ်လို့ စတာမဟုတ်လား၊ သဝန်တိုအောင် မနာလိုအောင် စနောက်နေတာ မဟုတ်လား ဟင် အိုးပါး"

"ကိုယ်ပြောမထွက်ဘဲ ပြောနေရတာပါ၊ အဲဒါ အမှန်တရားတွေပါ၊ ယံယံကို ဂရုစိုက်ပေးပါလို့ အန်ကယ် ပြောထားတဲ့ စကားကြောင့် ဆေးရုံတက်ရမယ့် အခြေအနေထိ နေမကောင်းဖြစ်နေတယ် ဖုန်းဆက်လာလို့ ကိုယ် လူနာသတင်း သွားမေးတာပါ၊ ရိုးရိုးသားသား ကူညီရအောင် သွားကြည့်တာပါ၊ ကိုယ် သစ္စာဆိုဝံ့ပါတယ် ပန်ပန်ရယ်၊ ကိုယ် မမှားခဲ့ပါဘူး၊ ကိုယ် ဘာမှမကျူးလွန်ခဲ့ပါဘူး၊ ကိုယ့်ကို ယုံကြည်ပေးပါ ယုံပါနော် ပန်ပန်"

ပန်ပန် ဆိုဖာခုံမှာ နောက်ပြန် လန်ကျလျက် သူ့ကို တွန်းထုတ်သည်။ မျက်ဝန်းအိမ်မှာ ပြည့်လျှံသွန်ကျလာသော မျက်ရည်တွေက



ပါးပြင်လည်တိုင် တစ်လျှောက် အဆီးအတားမဲ့စွာ။

"အိုးပါးကို ယုံကြည်တယ်၊ မမယံကို မယုံဘူးလို့ ပန်ပန် ပြောခဲ့ဖူးပေမယ့် ဒီအခြေအနေကြီး ရောက်သွားမှ ဘာကိုပြုပြင်ပြောင်းလဲလို့ ရတော့မှာလဲ၊ မမယံ အငြိုးအတေးနဲ့ ထောင်ချောက်ဆင်လိုက်တယ်ဆိုတာ ပန်ပန် သိပါတယ်၊ အလယ်တန်းကျောင်းသူ အရွယ်က အမြဲတမ်းအဆင့်နှစ်ဆယ်အောက်မှာပဲ စံချိန်တင်ထားတဲ့ ပန်ပန်က အမြဲတမ်းအဆင့်တစ် ရနေတဲ့ မမယံကို မနာလိုစိတ်နဲ့ သူ့ကျောင်းစာအုပ်ကို ဘောပင်နဲ့ခြစ်ပစ်မိတယ်၊ အဲဒီအချိန်က ဖေဖေ့ကိုလည်းကြောက် ပန်ပန်ကိုလည်း မလွန်ဆန်နိုင်တော့ တိတ်ဆိတ်ခြင်းနဲ့ပဲ ဆန္ဒပြခဲ့တယ်၊ ဒါပေမဲ့ ပန်ပန်စာမေးပွဲ ဖြေရမယ့် နေ့မှာ ပန်ပန်ရဲ့ အနီးကပ် မေးခွန်းစာရွက်တွေကို ဖျောက်ဖျက်ပစ်ခဲ့တယ်၊ သူ့ကို လုပ်ခဲ့တာ သိပ်ပြီး ထိခိုက်နစ်နာမှု မရှိခဲ့ပေမယ့် ပန်ပန်ကတော့ အဲဒီနှစ်မှာ စာမေးပွဲ ကျခဲ့တယ်လေ"

ပန်ပန်က မျက်ရည်တွေကို လက်ခုံနှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ပြီး လေသံတွေလည်း မာကြောစိမ်းဆတ်လာသည်။

"အဲဒီအချိန်ကတည်းက မမယံကို အကောင်းမြင်ကြည့်ဖို့ ပန်ပန် ဝန်လေးခဲ့တာ၊ နှုတ်ဖျားလေးက ချိုပြီးပြုံးနေခဲ့ပေမယ့် ရင်ထဲမှာတော့ အငြိုးအတေး အာဃာတတွေ အပြည့်ပဲ၊ အခုလည်း ပန်ပန်ကို တိုက်ခိုက်ဖို့ သူ လက်နက်ကောင်း ရှာလိုက်တာ၊ မသေမချင်းညှင်းသတ်

www.burmeseclassic.com

www.burmeseclassic.com



တော့မယ့် ရည်ရွယ်ချက်တွေနဲ့ပေါ့၊ သူ့ရဲ့ အပျိုစင်ဆိုတဲ့ ဂုဏ်သိက္ခာကို တောင် အလောင်းအစား လုပ်ပစ်လိုက်တာ နည်းတဲ့သတ္တိလား၊ တစ်သက် လုံး ကျွေးမွေးစောင့်ရှောက် လာတဲ့ ဖေဖေ မျက်နှာကိုတောင် မထောက် ဘူး၊ အရမ်း ယုတ်မာကောက်ကျစ်တယ်''

''ပန်ပန်တို့ကြားမှာ ကိုယ်က မားစာခံပေါ့၊ ကိုယ် ဘာလုပ်ရမလဲ ပန်ပန်၊ အန်ကယ်ကို ဖွင့်ပြောပြီး ယံယံကို ရှေ့ဆက် မတိုးနိုင်းတော့ဘူး ဆိုရင်''

''ဟင့်အင်း အဲဒါတွေ သူ စဉ်းစားပြီးသား၊ ဖြစ်မှာ သူဖြစ်ချင် တာတွေ ဖြစ်အောင် လုပ်ဖို့ ဘယ်သူ့မျက်နှာကိုမှ ထောက်မှာ မဟုတ် ဘူး''

''ဒါဆို ကိုယ်က ဘာလုပ်ရမှာလဲ ပန်ပန်၊ ပန်ပန်ကို မခွဲနိုင်ဘူး မျက်နှာမငယ်စေချင်ဘူး၊ ဒယ်ဒီနဲ့ အန်ကယ်ရဲ့ ဂုဏ်သိက္ခာ၊ ကိုယ့်ရဲ့ ဂုဏ်သိက္ခာ၊ ကိုယ် ဘယ်လိုရပ်တည်ပြီး အသက်ရှင်ရမလဲ၊ မြေချူးယံ ကို မုန်းတယ်၊ နာကြည်းတယ်၊ အဖြူရောင်ကို သွေးစွန်းအောင် လုပ်တဲ့ မိန်းမ''

ရင်နှစ်ခြမ်း ကွဲထွက်အောင် သူ ကုန်းအော်ပစ်လိုက်သည်။ ပေါက်ကွဲပစ်လိုက်ပေမယ့် ပေ့ါပါးမသွားဘဲ ပို၍ တင်းကျပ်ဆို့နင့်နေသည်။

သူ့လက်သီးဆုပ်ပေါ်မှာ ပန်တော်ဝင်က သူမ လက်ကလေးနှင့်





အုပ်မိုးဆုပ်ကိုင်ပြီး

''ကျွန်မသာလျှင် မယားကြီးပါလို့ ကြေညာလည်း သူကတော့ မှုမှာ မဟုတ်ဘူး အိုးပါး၊ သူ့လို တစ်ကောင်ကြွက်က ဘယ်သူ့ကိုမှလည်း ရှုစိုက်မှာ မဟုတ်ဘူး၊ ပန်ပန်ကလည်း ငါသာလျှင် မယားကြီးပါလို့ လက်မထောင် ရင်ကော့ပြီး မမော်ကြွားရဲဘူး၊ မယားပြိုင်ပဲဟဲ့ဆိုပြီး စင်ပေါ်တက် မိုက်ရူးရဲဆန်ရမှာလည်း အရမ်းရှက်တယ်၊ ကိုယ့်ကိုယ်ကို သတ်သေလိုက်တာ အရာအားလုံး ငြိမ်းချမ်းသွားမယ် ထင်ပါတယ်''

''ပန် ပန်ပန်ရယ် အဲလို မပြောပါနဲ့၊ ကိုယ့်ရင်တွေ မွမွကြေ နေပါပြီ၊ အရှက်တရားတွေနဲ့ ခေါင်းမထူရဲအောင်လည်း ဖြစ်နေပါပြီကွယ်၊ ပန်ပန်သာ ကိုယ့်ကို နားလည်မပေးဘူးဆိုရင် လူတွေနဲ့ ဝေးရာမှာ ကိုယ်သွားပုန်းနေတော့မယ်၊ အဲဒီမိန်းမကို ကိုယ် မပေါင်းသင်းနိုင်ဘူး''

သူ့ ရှိုက်သံက ပျံ့လွင့်လာပြန်၏။ ပန်ပန်က သူ့ကို အတန်ကြာ စူးစိုက်ကြည့်နေပြီး ရင်ခွင်မှာ ခိုကပ်ကာ ဖွတ်ဒ‌ေတင်း တွယ်ဖက်ထား သည်။

''အိုးပါးရယ် ပန်ပန် အိုးပါးကို မခွဲနိုင်ဘူး၊ မမယံရဲ့ တစ်ဖက် သတ် အမှားတွေကို သိနေပြီးမှ အိုးပါးကို ပန်ပန် နားလည်ပေးရမှာပေါ့၊ ပန်ပန် ဖေဖေ့ကို အသိမပေးသေးဘဲ သူ့ကို ထိပ်တိုက်တွေ့မယ်၊ ရင်ဆိုင် မယ်၊ လက်ထပ်စာချုပ်ပေါ်က လက်မှတ်ကိုပဲ ရမယ်၊ လူကိုမရဘူးလို့

၄



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ပစ်လိုက်မယ် အိုးပါး”

“အဲသလို လုပ်လိုက်ရင် တရားရုံးမှာ ရင်ဆိုင်ရမှာပေါ့ ပန်
ရယ်၊ သူ့ဘက်က ခြေလှမ်းကို စောင့်ကြည့်ပြီး ကိုယ်တို့ ဘာလုပ်သင့်တ
ဆိုတာ စဉ်းစားကြတာပေါ့”

“ဒါဆို အိုးပါး သူ့ဆီ မသွားရဘူး”

“ကိုယ်လည်း အဲလိုပဲ ဆုံးဖြတ်ထားပါတယ်၊ ကုမ္ပဏီက လူ
မသိသေးဘူး ဆိုပေမယ့် သူ လိုက်လာတာမျိုး၊ ဖုန်းတဂွမ်ဂွမ် ဆက်
မျိုးဆိုရင် အားလုံး သိသွားကြမှာ၊ ကိုယ် ကုမ္ပဏီလည်း မသွားတော့
မန်နေဂျာနဲ့ပဲ ခဏလွှဲထားလိုက်မယ်၊ ဟန်းဖုန်းကိုလည်း သူ ဆက်လို
အောင် ပိတ်ထားလိုက်မယ်၊ ဖြစ်နိုင်ရင် ကိုယ်တို့တစ်လလောက် ခ
ထွက်လိုက်ရင် ကောင်းမယ် ထင်တယ်”

“အာ အဲလိုတွေ လုပ်လိုက်ရင် ဒီမှာ သူ သတင်းတွေ လွှော
ဖွထားမှာပေါ့၊ ဘာပဲဖြစ်ဖြစ် သူ လှုပ်ရှားလာဟဲ့အချိန်မှာ ပန်ပန်
နှစ်ယောက် မျက်နှာချင်းဆိုင်ပြီး သူ့ကို ရင်ဆိုင်ကြမယ်၊ အဓိက
ဒီကိစ္စကို ဖေဖေ မသိဖို့ဘဲ၊ ဖေဖေ သိရင် စိတ်လည်း ဆင်းရဲမယ်၊
ရှင်းရလည်း ခက်သွားမယ်”

ပန်ပန်ရဲ့သုံးသပ်ချက်ဇွေ မှန်ကန်နေတာမို့ အနမ်းတစ်ပွင့်
ထောက်ခံလိုက်သည်။





ရင်မှာ အင်အားတွေ ပြည့်တင်းလာကာ မျက်ရည်တွေလည်း
ခမ်းခြောက်သွားသည်။

ပြည့်ဝန်းနေသော လက တိမ်တိုက်တွေထဲ တိုးဝင်ကာ မှောင်
မိုက်နေ၏။ ထိုတိမ်တိုက်တွေ လွင့်ပြယ်သွားသောအခါ ထိုလမင်းက
ဟန်မဆောင်တမ်း လင်းထိန်နေအောင် သာပေလိမ့်မည်။

ထိုလ၏ အလင်းရောင်ဖြင့်. . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"အဲဒီ လက်ထပ်စာချုပ်ကြီးကိုင်ပြီး နင် ဘာလုပ်နိုင်သေးလဲ ယံယံ၊ သျှင်မင်းညို မလာတော့ နင့်အတွက် ဘာအမိပ္ပါယ်ရှိသေးလဲ ဖုန်းဆက်တော့လည်း ဖုန်းမကိုင်၊ ကုမ္ပဏီ လိုက်သွားတော့လည်း မတွေ့ သျှင်မင်းညိုရဲ့ စိတ်နဲ့ခန္ဓာ ဘာတစ်ခုမှ နင် ဆုပ်ကိုင်ထားနိုင်တာ မရှိပါဘူး၊ ပန်တော်ဝင်ကို နိုင်ချင်တာတဲ့ ဟိုက ဟားတိုက်တောင် ရယ်နေလိမ့်ဦးမယ်"

မာလာရဲ့စကားတွေက နှလုံးသားကို ဓားထက်ထက်နှင့် မွှန်းနေသလိုပင်။

ဆတ်ဆတ်ခါ နာကျင်နေတဲ့ စိတ်တစ်ခုလုံး ရှန်းကြွကာ ထိုင်နေတဲ့ ဆက်တီခုံလက်တန်းကို ဒုန်းခနဲ ဘုချလိုက်သည်။





"ပွဲအစပဲ ရှိသေးတာ၊ အရှုံးအနိုင် အဖြေမထွက်သေးပါဘူး၊ သျှင်မင်းညိုကို မြတ်မြတ်နိုးနိုး ချစ်လွန်းလို့ ဒီပွဲကို ဖန်တီးခဲ့တာမှ မဟုတ်တာ၊ ပန်တော်ဝင်ရဲ့ ဘဝတစ်ခုလုံးကို အနာတရဖြစ်အောင် ဆော်ရာပေးချင်လို့လေ၊ ခုဆိုရင် ဆတ်ဆတ်တုန်လို့ မျက်ရည်တွေ တာကျိုးနေလောက်ပါပြီ ဟင်း ဟင်း အဲဒီမျက်ရည်တွေကို ကိုယ်တိုင်ကြည့်ပြီး အရသာ ခံမယ်"

"ယံယံ"

ကြောက်စရာကောင်းသော အပြုံးကြောင့် မာလာ အထိတ်တလန့် ခေါ်လိုက်မိသည်။ မြခြူးယံက နှုတ်ခမ်းတစ်စုံလုံး တွန့်ကွေးကာ မဲ့ပစ်လိုက်၏။

"မြခြူးယံ ရှင်သန်ခဲ့ရတဲ့ ဘဝမှာ ပန်တော်ဝင်ကချည်း အနိုင်ရခဲ့တာ၊ သျှင်မင်းညိုနဲ့ပတ်သက်လာတော့ ငါ့ရဲ့ ကိုယ်ကျင့်တရားကိုပါ ဆော်ကားလာတယ်၊ သျှင်မင်းညိုကို မြင်မြင်ချင်း ငါ စိတ်ဝင်စားခဲ့မိတယ် ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ညီမတစ်ယောက်ရဲ့ အိမ်ထောင်ဖက်အဖြစ် ငါ့ရဲ့စိတ်တွေ အရောင်မပြောင်းအောင် ကိုယ့်ကိုယ်ကို ထိန်းချုပ်ခဲ့တယ်၊ သူ့ရဲ့ လစ်လပ်မှုတွေကို အခမဲ့ဖြည့်ဆည်းပေးခဲ့တာကလည်း နေရာယူချင်လို့ မဟုတ်ဘူး"

"ဒါဆိုရင် အခုလည်း အဲဒီအတိုင်း လွှတ်ထားလိုက်ပါလား

www.burmeseclassic.com



ယံယံ''

''ဆန္ဒမရှိတော့ဘူး ဒီတစ်ခါပဲ ဆင်နွှဲခွင့်ရတဲ့ တိုက်ပွဲကို ငါ နိုင်အောင် တိုက်မယ်၊ နောက်မဆုတ်ဘူး၊ အရှုံးမပေးဘူး၊ သူတို့ရဲ့ နှလုံးသားတွေကို တမြေ့မြေ့ လောင်ကျွမ်းပြာကျအောင် ငါ့လက်ထဲမှာ ဆုပ်ခြေပစ်မယ်''

ဘုရားတကာ မာလာ ကိုယ့်ရင်ဘတ်ကိုယ် ဖိထားလိုက်ရသည်။ မြခြူးယံ ဒီလောက်ထိ အငြိုးအာဃာတ ကြီးလိမ့်မည်ဟု မထင်။

ဗဟန်း အထက်တန်းကျောင်းမှာ မြခြူးယံနှင့် ဆုံခဲ့စဉ်က သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့လေး။ စိတ်သဘောထားလည်း ပြည့်ဝသည်။ ပညာရေးမှာလည်း ထူးချွန်ထက်မြက်သည်။ မာလာကိုလည်း အခင်ဆုံး ဖြစ်သည်။

နောက်ပိုင်း မာလာ အဖေဆုံးပြီး စီးပွားရေးတွေ ထိုးကျသွား တော့ ဗဟန်းက အိမ်ကို ရောင်းပြီး မာလာတို့ သားအမိနှစ်ယောက် လှိုင်သာယာဘက်ကို ပြောင်းလာကြသည်။ ကျန်းမာရေး သိပ်မကောင်း သော အမေ့ကို အိမ်မှာနေခိုင်းပြီး မာလာက စက်ရုံတွေမှာ အလုပ်ဝင် လုပ်သည်။

သုံးနှစ်လောက် အကြာမှာ အမေဆုံးပါးသွားပြန်တော့ လောက ကြီးအလယ်မှာ တစ်ကောင်ကြွက် တစ်မျက်နှာဘဝနှင့် မာလာ ကျန်ရစ်





သည်။ အမေ့အတွက် ဆေးဖိုးဝါးခ၊ နာရေးကုန်ကျစရိတ် အားလုံး အတွက် ဝယ်ထားတဲ့ ဆယ်ပေအိမ်လေးကို ပြန်ရောင်းပြီး ဆပ်ခဲ့ရသည်။

ကိုယ်ကတော့ ဟိုအဆောင်ပြောင်းနေ ဒီအဆောင် ပြောင်းနေ ရင်း စက်ရုံအလုပ်က ဝင်ငွေလေးနှင့်ရပ်တည်နေခဲ့ရသည်။ ဒီလိုနှင့် စက်ရုံက သူငယ်ချင်းတွေ ခေါ်လို့ မြို့ထဲလိုက်အသွားမှာ မြခြူးယံနှင့် ပြန်ဆုံခဲ့ပြီး သူ့လေးလေးပိုင်တဲ့ ကုမ္ပဏီမှာ အလုပ်ဝင်နေသည်ဟု မြခြူးယံ ပြောသည်။

တစ်ယောက်နှင့်တစ်ယောက် လိပ်စာတွေပေး၊ ဖုန်းနံပါတ်တွေ ပေးကြပြီး အဆက်အသွယ်လည်း ရှိခဲ့ကြသည်။ ထိုနောက်ပိုင်း တစ်နှစ် ကျော်လောက် အကြာမှာ မြခြူးယံက နဝဒေးအိမ်ယာက တိုက်လုံးချင်း လေးမှာ သူမ တစ်ယောက်တည်း လာနေမှာမို့ အဖော်ရအောင် မာလာ ကို ခေါ်ထားသည်။

အဆောင်လခလည်း သက်သာ၊ သူငယ်ချင်းနှင့်လည်း အတူနေ ရမှာမို့ မာလာ ပျော်လည်းပျော်သည်။ မြခြူးယံကိုလည်း ကျေးဇူးလည်း တင်သည်။ ဒါပေမဲ့ မြခြူးယံဆီမှာ ဟိုအရင်က ရိုးသားဖြူစင်မှုတွေ ပျောက်ဆုံးပြီး အာဃာတတွေနှင့် စိတ်ဓာတ်တွေ ညစ်ထေးနေတာ မြင်ရ တော့ အံ့သြမိသည်။

တောင်းဆိုမှုတစ်ခုကို ကျေးဇူးတရားကြောင့် စိတ်မပါဘဲ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ရတဲ့ အပြစ်တစ်ခုအတွက်လည်း မာလာ နောင်တရနေမိ
ဒါကြောင့် ကုမ္ပဏီကတစ်ဆင့် ဖုန်းနံပါတ်တောင်းကာ ပန်တော်ဝင်
အဖေ ဦးကျော့မောင်ဆီကို အကျိုးသင့် အကြောင်းသင့် ဖုန်းဆက်ပြော
ခဲ့သည်။

ကျေးမွေးစောင့်ရှောက် ပြုစုလာခဲ့တဲ့ ဦးလေး တစ်ယောက်
ပြောဆို ဆုံးမမှုတွေကိုတော့ မြခြူးယံ နာခံကောင်းပါရဲ့။ ကိုယ်က
ဘယ်လိုမှ နားချလို့လည်း မရ။ အပြစ်ကြီးတစ်ခုပါလို့ မြင်အောင်
နေလည်း အာဃာတ အမှောင်ဖုံးနေသော မြခြူးယံ မျက်လုံးတွေ
ဘာကိုမှ မမြင်။

အနိုင်ရချင်စိတ်နှင့် ဆွေမျိုးရင်းချာ အသိုက်အဝန်းတစ်ခု
ကို သူမ ခြေဖဝါးအောက်မှာ ဖိနင်းချေဖို့ ကြိုးစားနေတာ အားနှင့်မာ
နှင့်။

ဟော အိမ်ရှေ့မှာ ကားရပ်သံ ကြားရသည်။ သျှင်မင်းညို
ပန်တော်ဝင်တော့ မဖြစ်နိုင်။ မြခြူးယံ ဦးလေး ဦးကျော့မောင်ပဲ ဖြစ်လိ
မည်။

ကျွန်မ ဖုန်းဆက်တိုင်တန်းတယ်ဆိုတာ မြခြူးယံ မသိပါစေနှ
ဟု ကြိုတင် တောင်းပန်ထားခဲ့သော်လည်း တကယ် ရောက်လာပြီဆိုတော့
သူငယ်ချင်းကို မျက်နှာပူကာ ကတုန်ကယင် တုန်တုန်လှုပ်လှုပ် ဖြစ်နေ





သည်။

"ယံ ယံယံ ညနေစာချက်ဖို့ ငါ ဈေးသွားဝယ်လိုက်ဦးမယ်"

ကပျာကသီ ပိုက်ဆံအိတ် ကိုင်းကြားညှပ်ပြီး ထွက်လာခဲ့သည်။
ခြံတံခါးဝမှာ ဥပဓိရုပ် တည်ငြိမ်ခန့်ညားသော လူကြီးကို မဝံ့မရဲ ပြုံးပြ
လိုက်ပြီး မာလာ နောက်လှည့်မကြည့်တော့။

ငါ့ကို ခွင့်မလွှတ်ပါနဲ့။ လူသုံးယောက်ရဲ့ ဂုဏ်သိက္ခာဟာ နင့်
တစ်ယောက်အတွက်ထက် တန်ဖိုးကြီးတယ် မဟုတ်လား။

"ယံယံ"

"ဟင် လေး လေးလေး ဘယ်လိုရောက်လာတာလဲ"

မြခြူးယံ အထိတ်တလန့် ဖြစ်သွားသော်လည်း ဣန္ဒြေရနေ
သည်။ ဦးကျော့မောင်က ညှိုးနွမ်းပင်ပန်းနေသော မျက်နှာနှင့် သက်ပြင်း
ချကာ ယံယံအနီးက ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည်။

"ယံယံ နေရထိုင်ရတာ အဆင်ပြေရဲ့လား၊ နေရော ကောင်းရဲ့
လားကွယ်"

"လေးလေး အဲဒါတွေမေးဖို့ လာတာ မဟုတ်ဘူးမဟုတ်လား"

မြခြူးယံ တဲ့တိုးပဲ မေးလိုက်သည်။ အခု ဖြစ်ပျက်သွားတဲ့
အကြောင်းအရာ တစ်ခုအပေါ်မှာ ပန်တော်ဝင် သံတော်ဦး တင်လိုက်လို့
လာခဲ့တာပဲ ဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး စေတနာကို အသိအမှတ် မပြုဘူးဆိုရင်လည်း အခု ဖြစ်ပျက်သွားတဲ့ ပြဿနာကို ယံယံ ဘာလို့လုပ်လိုက်ရတာလဲ။ သမီး ပန်ပန်ကို လက်စားချေချင်တဲ့ စိတ်ကြောင့်ဆိုရင်လည်း တုံ့ပြန်မှုက ကြီးမားပြင်းထန်လွန်း မနေဘူးလားကွယ်"

"ယံယံကို အပြစ်တင်နေမယ့်အစား ပန်ပန် လုပ်ခဲ့တဲ့ အပြစ်တွေကို အရင်ဆုံး တားဆီးခဲ့ပါလား လေးလေး၊ အခုတော့ ယံယံ တုံ့ပြန်တဲ့ အလှည့်ရောက်မှ ပြင်းထန်လွန်းတယ်တဲ့လား၊ ခံစားခဲ့ရတဲ့ သူက အနာတရတွေ စုပြီး ဒဏ်ရာအကြီးကြီး ဖြစ်နေပြီ၊ အဲလို ခံစားနေရလို့ ယံယံကို ဘယ်သူ ကိုယ်ချင်းစာပေးခဲ့လို့လဲ"

"လေးလေး တစ်ဖက်သတ်ဆန်ခဲ့တယ်လို့ ယံယံ စွပ်စွဲနေတာလား၊ လေးလေး သိခဲ့တဲ့ အကြောင်းအရာတွေက သမီး ပန်ပန်နဲ့ ယံယံ ကြားမှာ ကြီးကြီးမားမား မရှိခဲ့ပါဘူး၊ လူရာသွင်းမခံရတဲ့ ကလေးတစ်ယောက်ကို လေးလေး ကျွေးမွေးစောင့်ရှောက် ဖြည့်ဆည်းခဲ့တာ ဒီနေ့ ဒီအချိန်ထိပါပဲ"

ပွန်ခနဲ နှုတ်ခမ်းပါးလေး တွန့်ကွေးလိုက်တာက မထိမဲ့မြင်နှင့် ဦးကျော့မောင်ကိုတောင် တလေးတစား မရှိတော့။

"ကျွေးမွေးတရားဆိုတာကို ယံယံ မေ့နေတယ် ထင်လို့ သတိပေးနေတာလား လေးလေး၊ ဟင်း ဟင်း ယံယံ မမေ့ခဲ့ပါဘူး၊ အဲဒါကြောင့်





လည်း အိမ်ဖော်တစ်ယောက်လို အလုပ်အကျွေးပြုပြီး ကျေးဇူးတွေကို ပြန်ဆပ်ခဲ့တာပေါ့၊ မကျေသေးဘူးလား၊ အဲဒီ ကျေးဇူးတွေက မကျေနိုင်တော့ဘူးလား၊ သေတဲ့အထိ အနိုင်ကျင့်ခံပြီး ပေးဆပ်နေရဦးမှာလား လေးလေးရဲ့"

"ယံယံ လေးလေး ပြောနေတာ ဒီသဘော မဟုတ်ဘူး၊ ပန်ပန် အပေါ် မကျေနပ်ဘူးဆိုရင်တောင် သူတို့ အိမ်ထောင်ရေး ပျက်ပြားအောင် တစ်ခွေလုံး တစ်မျိုးလုံး ဂုဏ်သိက္ခာကျအောင် ဒီနည်းလမ်းနဲ့ လက်စားမချေသင့်တာကို အသိပေးတာ၊ တောင်းပန်နေတာ၊ လူဆိုတာ မခံချင်စိတ်ရှိကြတယ်၊ သည်းမခံနိုင်တဲ့အခါ လက်တုံ့ပြန်တယ်၊ ဒါတွေကို လေးလေး နားလည်ပါတယ်၊ ငယ်ငယ်ကတည်းက အတူနေလာကြတဲ့ သွေးသားရင်းချာ ညီအစ်မတွေပဲ၊ ပန်ပန်ကို ရိုက်ချင်ရိုက် သတ်ချင်သတ်ပစ်လိုက်ပါ၊ လေးလေး ယံယံကို အပြစ်မမြင်ဘူး မငြိုငြင်ဘူး"

"အဟင်း ရိုက်လည်း မရိုက်ချင်ဘူး၊ သတ်လည်းမသတ်ချင်ဘူး ဝေဒနာဆိုတာ တနုံ့နုံ့ တမြည့်မြည့် ခံစားရရင် ဘယ်လိုလဲဆိုတာ ပန်တော်ဝင် သိစေချင်တာ၊ ပန်တော်ဝင်ရဲ့ မျက်ရည်တွေကို ကြည့်ချင်တာ၊ လူအများရှေ့မှာ ပါးရိုက်ခံလိုက်ရတဲ့ အရှက်တရားထက် ပိုပြီး အရှက်ရအောင် လုပ်ပစ်ချင်တာ၊ ယံယံကို မတရားဘူး ပြန်ပေးတာ အပိုင်း အဆမညီမျှဘူးလို့ အပြစ်ပုံမချပါနဲ့၊ ဒီရင်ထဲမှာ ဒီရင်အိတ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းမှုတွေကို စုဆောင်းလာခဲ့ရတာ တနင့်တပိုးနဲ့ ပေါက်ကွဲထွက်တော့မယ် တရားလာမပြနဲ့ မဖျောင်းဖျနဲ့ ပန်တော်ဝင် မျက်ရည်တွေကို မြင်ရမှ ပန်တော်ဝင်ကို အနိုင်ရမှ ကျေနပ်မယ်''

သက်ပြင်းမောတွေ ရှိုက်ထုတ်ဖို့ လေဝင်ပေါက်တွေ အားလုံး ပိတ်ဆို့နေကာ ဦးကျော့မောင် အသက်ရှူမရ ဖြစ်လာသည်။ နာကြည်းမှုတွေနှင့်ပြင်းထန်သော စကားလုံးတွေ ပစ်ပေါက်နေတာ ကိုယ် ကျွေးမွေးစောင့်ရှောက်လာခဲ့ရတဲ့ တူမအရင်းမှ ဟုတ်ပါရဲ့လား။

မိဘမဲ့ တူမလေးကို ငယ်ငယ်ကတည်းက အတူနေခဲ့ရတဲ့ သံယောဇဉ်ကြောင့် သမီးနဲ့မခြား အချစ်ပိုခဲ့ရသည်။ တစ်ဦးတည်းသော သမီးလေးအဖော်ရပြီဆိုပြီး ကျန်ဆွေမျိုးတွေ လူရာမသွင်းခဲ့တာကို ကျေးဇူးတွေတင်ကာ မြခြူးယံကို မွေးစားခဲ့သည်။

တစ်နေ့နေ့ မြခြူးယံ အိမ်ထောင်ကျတဲ့အခါ သင့်တင့်တဲ့ အမွေ အနှစ်ပေးဖို့လည်း စဉ်းစားပြီးသား။

ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ပေး ကုမ္ပဏီမှာ အလုပ်သွင်းပေး ဘဏ်စာရင်းမှာ မြခြူးယံ နာမည်နှင့် အကောင့်ဖွင့်ပေးထားတာလည်း မြခြူးယံ အသိ။

ဒီကျေးဇူးတရားတွေကို မြခြူးယံက အလုပ်အကျွေးပြု၍ ဆပ်ပြီးပြီတဲ့၊ ထောက်ထားစရာ မလိုတော့ဘူးဆိုတဲ့ သဘောပေါ့။ ဘာများတတ်နိုင်





ဦးမှာလဲ။ ကိုယ့်သမီး ပန်တော်ဝင်ကိုသာ ဖြစ်လာသမျှ ရင်ဆိုင်ပြီး အရှုံးပေးလိုက်ပါလို့ ဖျောင်းဖျနားချရမည်။

သျှင်မင်းညိုကိုရမှ သူမ အနိုင်ရမည်ဟု သဘောထားနေတဲ့ မြခြူးယံ တကယ်တမ်း သျှင်မင်းညိုကို ပိုင်ဆိုင်ခဲ့ရင်ရော အနိုင်ရနိုင်မှာတဲ့လား။

တရားမရှိတော့တဲ့ သူက အတွေးတွေလည်း အမှောင်ကျနေသည်။ ထိုအမှောင်ထဲက တူမလေး ယံယံ ရုန်းထွက်နိုင်ပါစေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဖေ ဖေဖေ သိလာခဲ့ပြီ ဟုတ်လား"

"အန် အန်ကယ် ဘာယ်လို သိလာခဲ့တာလဲ၊ မြခြူးယံ အန်ကယ့် ဆီရောက်လာတာလား"

ဦးကျော့မောင် လေးလေးပင်ပင် ခေါင်းရမ်းပြီး သျှင်မင်းညီ နှင့်ပန်တော်ဝင်ကို ကြည့်ကာ စိတ်မကောင်းဖြစ်မိသည်။ အခုမှ တစ် ယောက်နှင့်တစ်ယောက် နားလည်မှုတွေ ရပြီး ချစ်မြတ်နိုးနေကြသော သားနှင့်သမီးအပေါ် ကျရောက်လာတဲ့ အပူမီးကြီးက ဆိုးဝါးလွန်းပါလား

"မာလာဆိုတဲ့ ကောင်မလေးက ဖုန်းဆက်ပြီး အသိပေးတာ မြခြူးယံကို ဦးလေး တစ်ယောက်အနေနဲ့ ဖျောင်းဖျနားချရမယ် ထင်လို့ ပေါ့"

"အာ အဆင်မပြေခဲ့ဘူး မဟုတ်လား ဖေဖေ"





"အေး သူ့မှာ အာဃာတတွေ တော်တော်ပူပြင်းလောင်မြိုက် နေပြီ၊ သူ အနိုင်လိုချင်နေတာ အရှုံးပေးလိုက်ပါ သမီး၊ မောင်သျှင်မင်းညီ ကို စွန့်လွှတ်လိုက်ပါ"

"ဟာ အန်ကယ် ဘာယ်လို ပြောလိုက်တာလဲ"

"ဟင့်အင်း မဖြစ်နိုင်ဘူး ဖေဖေ၊ အိုးပါးကို ပန်ပန် ဘာလို့ စွန့်လွှတ်ရမှာလဲ၊ တခြားကြိုက်တဲ့ လျော်ကြေးတောင်း ရှိသမျှ စည်းစိမ် ဥစ္စာ အားလုံး ပုံပေးလိုက်မယ် အိုးပါး အိုးပါးကိုတော့"

ပန်တော်ဝင် ရှိုက်ကြီးတငင် ငိုချလိုက်သည်။ သျှင်မင်းညီက ပန်တော်ဝင် ပခုံးလေးကို ထွေးဖက်ကာ

"ဟုတ်ပါတယ် အန်ကယ် ကျွန်တော်လည်း ပန်ပန်ကို မခွဲနိုင် ပါဘူး။ ကျွန်တော် မကျူးလွန်ခဲ့တဲ့ အမှားအတွက် လက်မှတ်တစ်ခုကလွဲ ပြီး ကျွန်တော့်ဘဝကို မပေးနိုင်ပါဘူး၊ နောက်ဆုံး တရားရုံးက ခေါ်ရှင်း မယ်ဆိုရင်တောင် မြခြူးယံကို မငဲ့ကွက်တော့ဘဲ အမှန်အတိုင်း တင်ပြ မယ်၊ ကျွန်တော်တို့ဘက်မှာ အန်ကယ်ကို ဖုန်းဆက်ပြောတဲ့ မာလာ ဆိုတဲ့ ကောင်မလေး သက်သေရှိနေတာပဲ"

"အဲ အဲလို လုပ်လိုက်ရင် မှန်တဲ့ဘက်မှာ တရားရှိလို့ အနိုင် ရနိုင်ပေမယ့် ဂုဏ်သိက္ခာကိုတော့ ဘယ်လိုမှ မြှင့်တင်လို့ ရတော့မှာ မဟုတ်ဘူး မောင်သျှင်မင်းညီ၊ အန်ကယ်တို့ အသိုင်းအဝိုင်းမှာ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အမည်းစက်ကြီးက ဘယ်လောက်တောင် ဆိုးဝါးလိုက်သလဲ၊ မင်းအယ်ဒီ နဲ့မင်းရဲ့ ဂုဏ်သိက္ခာ၊ သမီးလေးနဲ့ အန်ကယ်ရဲ့ ဂုဏ်သိက္ခာ၊ အားလုံး မြခြူးယံ လက်ထဲကို ရောက်သွားပြီ၊ သူ ပစ်ချလိုက်တာနဲ့ မြောင်းထဲ ကို ရောက်သွားမှာပဲ၊ ပြီးတော့ အမြဲတမ်း ရှုံးလာခဲ့တဲ့ သူ့ကို တစ်ခါ လောက်တော့ အနိုင်ပေးလိုက်ပါကွာ''

''အန်ကယ်''

ဆိုနှင့် နာကျင်နေသော ဦးကျော့မောင် မျက်ဝန်းက မျက်ရည် ကြည်တို့ လိမ့်ဆင်းကျလာသည်။ ခံနိုင်ရည်မဲ့နေပြီဖြစ်သော ပန်တော်ဝင် ကတော့ သျှင်မင်းညိုကိုသာ ခပ်တင်းတင်း ပွေ့ဖက်ထားပြီး ကြိတ်ရှိုက် နေ၏။

''သူ တစ်ခါမှ အနိုင်မရဘူးတော့ ဘယ်လို အနေအထားနဲ့ ဖြစ်ဖြစ် အနိုင်ရအောင် သူ ကြိုးစားနေမှာပဲ၊ မင်းက လက်မှတ်ထိုးပေး ပြီး သူ့ဆီ မသွားတာက ပိုပြီး အငြိုးကြီးစရာ ဖြစ်နေတယ်ထင်တယ် ဖြစ်ပြီးမှတော့ ရှောင်လွှဲနေလေ အပြစ်ကြီးလေပဲ၊ သူ စိတ်ကျေနပ်ဖို့က အရေးကြီးတယ်၊ အနားကနေ ဖျောင်းဖျပြီး အကျယ်တဝင့် မဖြစ်ရ အောင် ထိန်းသိမ်းပေးပါကွာ''

''ကျွန်တော့်ကို နှစ်ယောက် ပေါင်းသင်းစေချင်နေတာလား အန်ကယ်၊ ကျွန်တော် ပန်ပန် အပေါ် အဲလို မလုပ်ရက်ဘူး''





''အဲဒီ သဘောမျိုးရယ် မဟုတ်ဘူး၊ သမီး ပန်ပန်ကို ထားခဲ့ နိုင်ရင် သူ ပျော်နေမှာပဲ၊ သမီး ပန်ပန် မျက်ရည်ကျရင် သူ နိုင်တယ်လို့ ယူဆပြီး စိတ်ချမ်းသာနေမှာ''

''ဖေဖေ''

''သမီးလေးကို ဖေဖေ မခံစားစေချင်ပါဘူးကွယ်၊ အတုံ့အလှည့် ရှိရင် ပြန်ပေးဆပ်ရမှာပေါ့၊ သမီး အနိုင်ယူခဲ့တာက လိုချင်စိတ်နဲ့ မဟုတ် ပေမယ့် သူက ပေးခဲ့ရပြီး ရှုံးနေတယ်လို့ ထင်မှတ်နေတာကိုး၊ အာဃာတ ဆိုတာ ကြောက်စရာကောင်းတယ်၊ ရန်ကို ရန်ခြင်း မတုံ့နှင်းနဲ့၊ သံသရာ ရှည်မှာ စိုးရတယ်ကွယ်၊ ဖေဖေ့ သမီးလေး အရှုံးပေးဖူးတယ်ရှိအောင် ပေးလိုက်ပါကွယ်''

ဖေဖေ ပြန်သွားတဲ့အထိ ဖေဖေ့စကားတို့က ပန်တော်ဝင် နားထဲ မှ မထွက်။ အရှုံးပေးဖို့ဆိုတဲ့ အရာမှာ အိုးပါးကလွဲရင် အရာအားလုံး ကို စွန့်လွှတ်ရဲပါသည်။

မသိနားမလည်တဲ့ အချိန်မှာ လက်ထပ်လိုက်ရပေမယ့် သိ နားလည်လာတဲ့ အချိန်မှာ အိုးပါးကို ဘယ်လိုမှ မခွဲခွာနိုင်။ ခါးကို ခါးခြင်း၊ လုံကို လုံခြင်း စစ်ခင်းယူရမည်ဆိုရင်တောင် အသက်ကို ပေးဝံ့ပါသည်။

ခုတော့ အားလုံးရဲ့ ဂုဏ်သိက္ခာကို မြခြူးယံက လက်ဝါးကြီး



www.burmeseclassic.com

အုပ်ထား၏။

အောင်နိုင်သူအပြုံးနှင့် မြခြူးယံ မျက်နှာကို မြင်ယောင်ကာ ဓားနှင့် အစိတ်စိတ်အမွှာမွှာ ထိုးခုတ်နေမိတာလည်း အကြိမ်ကြိမ် ဒါပေမဲ့ ဒါပေမဲ့

မရေရာတဲ့ အတွေးတွေ အိပ်စက်ခြင်းကို နှိပ်စက်ကာ ခုတင်ပေါ် မှာ အလူးလူး အလိမ့်လိမ့်။

ဦးကျော့မောင် ပြန်သွားကတည်းက စားလို့လည်း မရ အိပ်လို့လည်း မပျော်နှင့် သျှင်မင်းညို မျက်လုံးကလည်း ပြူးကြောင်ကြောင်။

"ပန်ပန်"

သျှင်မင်းညို ခေါ်လိုက်သော်လည်း ပန်တော်ဝင် ဘက်က ရှိုက်သံနှင့်သာ တုံ့ပြန်သည်။ ပန်ပန်ဘက်ကို တစောင်းလှည့်ကာ ပန်ပန့်ကိုယ်လေးကို ရင်ခွင်မှာ ဆွဲကပ်ပစ်လိုက်၏။

"မငိုပါနဲ့ မျက်ရည်မကျပါနဲ့တော့ ပန်ပန်ရယ်၊ ကိုယ့်ရင်တွေ အရမ်းနာကျင်နေရပါပြီ ကိုယ် ပန်ပန်ကို ဘယ်တော့မှ မခွဲဘူး၊ နေနေခွင့်ရတဲ့ အချိန်လေးမှာ ပန်ပန့် နားမှာ ကိုယ် နေမယ်၊ မတတ်သာလို့ သူ့ဆီကို သွားရတော့လည်း ကိုယ့်အချစ်တွေ သူရမှာမှ မဟုတ်တာ"

"အိုးပါး ဟင့်အင်း ပန်ပန် ဟုတ်တဲ့ တခြား တစ်ယောက်ကို အိုးပါး ရင်ခွင်မှာ ခိုကပ်နေမှာ ပန်ပန် မမြင်နိုင်ဘူး၊ မကြည့်ချင်ဘူး။





ပန်ပန် မမယံကို အရှုံးမပေးချင်လို့ မဟုတ်ပါဘူး အိုးပါးရယ် အိုးပါးကို ပန်ပန် သိပ်ချစ်လို့ပါ"

"ပန်ပန်လေးရယ်"

ဆို့နင့် နာကျင်လွန်းစွာ ခပ်တင်းတင်း ပွေ့ဖက်နှစ်သိမ့်မိသော်လည်း ကြိတ်ရှိုက်နေတဲ့ ပန်တော်ဝင် ကျောပြင်လေးက တသိမ့်သိမ့် လှုပ်ခါနေသည်။

ရှိုက်သံတွေ တိတ်ဆိတ်ပေးပါ ချစ်သူ။

ချစ်သူ ငိုသံက ကမ္ဘာပြိုမယ့် တော်လဲသံလို ထင်ယောင်မိလို့ပါ။

ခွဲခွာဖို့လည်း မပြောလိုက်ပါနဲ့ မိုးခြိမ်းသံလို ကြောက်လန့်မိလို့ပါ။

ထားရစ်ခဲ့ဖို့လည်း မကြိုးစားပါနဲ့။ ကမ္ဘာတစ်ဖက်ခြမ်းမှာ တစ်ယောက်တည်း မနေရဲလို့ပါကွယ်။

နောက်တစ်ယောက်ကိုလည်း မချစ်ခိုင်းပါနဲ့ ကိုယ့်အချစ်တွေ အားလုံး ချစ်သူအနားမှာ အိပ်မွေ့ချထားခဲ့တာမို့ပါ။

ညကို လသာဖို့လည်း မတိုက်တွန်းပါနဲ့ လကွယ်ည ဖြစ်နေတယ် လေ။

ကြယ်လေးတွေရဲ့ အလင်းရောင် ပျောက်လို့ ညက တော်တော် မှောင်နေသည်။

www.burmeseclassic.com

## အခန်း (၃၅)

နေ့နဲ့ည မှားလို့ အိပ်ချိန်တွေကိုလည်း သတိမရ၊ စားချိန်တွေလည်း မေ့လျော့လို့ ယောင်တောင်တောင် ခြေလှမ်းတွေက အားမာန်တွေနှင့် ပန်တော်ဝင်တို့ အိမ်ထဲ ရောက်လာခဲ့သည်။

အတွေ့တွေက ခြေလှမ်းတွေကို မြန်ဆန်စေလျက် ဧည့်ခန်းဝ[illegible]အရောက်မှာတော့

''ဟင် ယံ ယံယံ မင်း ဘာလာလုပ်တာလဲ''

ဆိုဖာခုံပေါ်ကနေ ဖင်ကြွပြီး သျှင်မင်းညို အထိတ်တလန့်ထမေးလိုက်တာက မြခြူးယံကို လှောင်ပြောင်နေသလို ဖြစ်နေသည်။

''ဘာဖြစ်တာလဲ ရှင်မှ မလာတာ၊ ဖုန်းအဆက်အသွယ်လည်း မရတော့ ကျွန်မ လိုက်လာရတာပေါ့''





''အပိုတွေ မပြောနဲ့ မြခြူးယံ မင်း မျက်နှာပြောင်လှချည်လား[illegible]ါ ဘယ်သူ့အိမ်လဲ ဆိုတာ''

''သိပါတယ် မြခြူးယံနဲ့ လက်ထပ်လိုက်တဲ့ သျှင်မင်းညို့ရဲ့[illegible]ယားကြီးအိမ်ဆိုတာ ဟင်း ဟင်း''

ခနီးခနဲ့ အပြုံးနှင့် သျှင်မင်းညို့ အနားမှာ ကပ်ထိုင်လိုက်သည်။[illegible]အပေါ်ထပ်က ဆင်းလာတဲ့ ပန်တော်ဝင်က ထိုအနားကို လှစ်ခနဲ ရောက်[illegible]သာ၏။

''မမယံ ဒါ ဘာလုပ်တာလဲ''

''ဟား မင်း မမြင်ဘူးလား၊ ကိုယ့်ယောကျ်ားနားမှာ ကပ်ထိုင်[illegible]နေတာလေ၊ မင်းလည်း ထိုင်ချင်ရင် ဟိုဘက်က ထိုင်ပေါ့၊ တို့က မျှတ[illegible]ါတယ် ပန်တော်ဝင်''

''မြခြူးယံ မင်းပိုင်ဆိုးပိုင်နင်းနဲ့ တော်တော် အောက်တန်းကျ[illegible]နေပါလား''

''နိုး နိုး ကိုယ်လက်ထပ်ထားတဲ့ မိန်းမ တစ်ယောက်ကို ကိုညို[illegible]ဲလိုတွေ ပြောခွင့်မရှိဘူး၊ မြခြူးယံနဲ့ ပန်တော်ဝင်ကို ကိုညိုလည်း[illegible]တတ ဆက်ဆံပေးမှ ဖြစ်မှာပေါ့ နော် ကိုညို မဟုတ်ဘူးလား''

သျှင်မင်းညို့ မေးဖျားလေးကို ကိုင်မကာ သူ့ ကလီးပလီးအသံ[illegible]ဲ့ပြောတော့ မြခြူးယံ လက်ကို ဆတ်ခနဲ သျှင်မင်းညို [illegible]ထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပန်တော်ဝင် ဆတ်ဆတ်တုန်သွားကာ သျှင်မင်းညို ကိုယ်ကြီးကို ဆွဲမ၍ တစ်ဖက်ထိုင်ခုံမှာ တွန်းထိုးပို့ပြီး ကြားဝင်ထိုင်လိုက်သည်။

မြခြူးယံကိုလည်း ရွံရှာစက်ဆုပ်သလို ကြည့်မိ၏။

"မမယံ ပုံစံက မိန်းမပျက်ဆန်နေပြီ ကိုယ့်သိက္ခာကိုယ်လည်း ထိန်းဦး"

"အဟင်း မိန်းမပျက် မဟုတ်ပါဘူး၊ မယားငယ် ဒီဖိုးမောင် သျှင်မင်းညိုကို စည်းရုံးနေတာပါ၊ မယားကြီးအိမ်မှာပဲ၊ သောင်တင်နေလို့ မှာစိုးလို့ တစ်ချိန်တုန်းကတောင် ငါ့အပြုအစုတွေကို သာယာနေခဲ့တဲ့ ယောက်ျားတစ်ယောက်က ငါ ဒီလိုမျိုးလေး ပွတ်သီးပွတ်သပ် နေလိုက်ရင် နင်တစ်လှည့် ငါတစ်လှည့်"

"မမယံ"

"ငါ့ကို အော်စရာ မလိုဘူး၊ ငါ အမှန်တရားတွေ ပြောနေတာ ဒီမှာ လက်ထပ်စာချုပ်၊ သျှင်မင်းညိုကို နင် တစ်ယောက်တည်း ပိုင်တယ် မှတ်မနေနဲ့၊ နင့်ယောက်ျား သျှင်မင်းညိုကို ငါလည်း ပိုင်တယ်၊ ဟား ဟား နင်ပိုင်သမျှ အဖိုးတန်ထဲက ငါလည်း တစ်ဝက်ပိုင်သွားပြီနော် ပန်တော်ဝင်"

လက်ထပ်စာချုပ်ကို ကိုင်မြှောက်၍ နှုတ်ခမ်းအစုံကို မဲ့ကွေး



လျက် အော်ဟစ်ရယ်မောနေတာက သူရူးတစ်ယောက်နှင့် တူကာ အော့နှလုံးနာလာသည်။

မမယံ ဘယ်အချိန်တုန်းက ဒီလို အပြုအမူတွေ သင်တန်းတက်ပြီး အောင်လက်မှတ် ရလာခဲ့တာလဲ။ မျက်မှန်အမည်းကြီးကိုတပ် ခြေချင်းချိတ် ထိုင်နေပုံက မထီမဲ့မြင် မနိုးမခန့်နှင့်။

"မင်းနဲ့ စကားပြောဖို့ အချိန်အကြာကြီး မရတာ ဆောရီးပါ ပန်တော်ဝင် သျှင်မင်းညို ငါ့ဆီမလာလို့ ငါ လိုက်လာရတာ၊ ကဲ ကိုညို ရှင် ကျွန်မနဲ့ တစ်ခါတည်း လိုက်ခဲ့ပါ"

"ငါက ဘာလို့ လိုက်ရမှာလဲ၊ မင်းအတွက် လက်မှတ်တစ်ခု ထားခဲ့တာ ကျေနပ်တော့ပေါ့"

"အိုး ရှင် အဲလို တာဝန်မဲ့ရင် သက်ဆိုင်ရာက စကားပြောရလိမ့်မယ် ကိုညို၊ တရားဥပဒေကို ရှင် နားလည်ပါတယ်၊ လက်ထပ်စာချုပ် နဲ့ လက်ထပ်ထားတဲ့မိန်းမ တစ်ယောက်အပေါ်မှာ တာဝန်မဲ့ခွင့် ဥပဒေက္ခာပြုခွင့်မရှိဘူး"

"ဒါက ငါ့ရဲ့ မှားယွင်းမှု မဟုတ်ဘူး၊ မင်းဘာသာ အကွက်ချ ထောင်ချောက်ဆင် အမိဖမ်းခဲ့တာ၊ ဒီကိစ္စကို မင်းလိပ်ပြာလုံပေမယ့် လူတိုင်းသိတဲ့ကိစ္စကြီးပါ၊ ဒီမှ ငါ ရှင်းရှင်းပဲ ပြောမယ် မြခြူးယံ ငါ့ဝိုင်နဲ့ ငါ့ကိုယ်၊ ငါ့ဆန္ဒမပါဘဲ ငါ ဘာမှမလုပ်ဘူး၊ ငါ မချစ်မနှစ်သက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမရဲ့ အငွေ့အသက်ကိုလည်း မရှူဘူး၊ အဲဒါ မင်း နားလည်လား"

ပြောပြီးတာနှင့် သျှင်မင်းညို ပြုံးခနဲ ထရပ်ကာ မျက်နှာလွှဲလိုက်သည်။ ပန်တော်ဝင်က သျှင်မင်းညိုနှင့် ယှဉ်တွဲ ရပ်လိုက်ကာ မြခြူးယံကို စိမ်းစိမ်းရှုရှု ကြည့်၍

"အဲဒီအတွက် မမယံ လျော်ကြေး ဘယ်လောက်ယူချင်လဲ ဒီအိမ် ဒီခြံ၊ ကုမ္ပဏီနဲ့ ပစ္စည်းဥစ္စာ စည်းစိမ်အားလုံး"

"အဲဒါတွေက သျှင်မင်းညို ပိုင်တာနဲ့ အားလုံးရပြီးသားပဲဥစ္စာ ငါက ဘာကို မက်မောရမှာလဲ၊ ငါ လိုချင်တာ အဲဒါတွေ မဟုတ်ဘူး နင် မက်မော ရူးသွပ်လာတဲ့ သျှင်မင်းညိုပဲ၊ ဒါမှ နင့်ရဲ့ ကျရှုံးခြင်းတွေ မျက်ရည်တွေကို မြင်ရမှာလေ၊ ငါ လိုချင်တာ အဲဒါ အဲဒါပဲ ပန်တော်ဝင်"

"အိုးပါးကို ရတာနဲ့ အနိုင်ရမယ်လို့ စဉ်းစားထားတာကတော့ အံ့သြစရာပဲ မမယံ၊ အချစ်လည်း မပါ ခန္ဓာကိုယ်လည်း မပိုင်၊ ပကာသနကလည်း ဗလာနတ္ထိနဲ့ ပန်ပန် မျက်ရည်တွေကို ကြာရှည် စားသုံးဖို့ဆိုတာလည်း မလွယ်ပါဘူး၊ ခုလိုပဲ မမယံဆီကို အိုးပါး အခစားဝင်မှာမှ မဟုတ်တာ"

"ဟား ဟား အဲသလိုဆိုလည်း ငါက ပြုံးပြုံးလေးပါပဲ ပန်တော်ဝင်၊ တရားတပေါင်နဲ့ တရားရုံးမှာ နင့်အဖေအပါအဝင် နင်တို့ သုံးယောက်လုံး လာပြီး ရင်ဆိုင်ကြပေါ့၊ မယားပြိုင် တစ်ယောက်ရဲ့ စိန်ခေါ်ပွဲ





လို့ သတ်မှတ်ပါ ဟုတ်ပြီလား တာ့တာ"

မြခြူးယံက စလင်းဘတ်အိတ် ကောက်လွယ်ကာ မျက်နှာကို ချိုးပြီး ထရပ်သည်။

သျှင်မင်းညိုရော ပန်တော်ဝင်ရော မြခြူးယံကို ဆွဲရမလို လွှဲရမလိုနှင့် ယောက်ယက်ခတ်သွားသည်။

တကယ် လုပ်မည့်ဟန်နှင့် မြခြူးယံက ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ဘဲ အနိုင်နှင့်ပိုင်းတော့မည် ထင်၏။

ပန်ပန် ဘာလုပ်ရမလဲ။

ဖေဖေ ပြောသွားသော စကားတွေနှင့် ဖေဖေ့ရဲ့ ဂုဏ်သိက္ခာ။

ပန်ပန်ရဲ့ မာနတွေနှင့် အလဲအလှယ် လုပ်ရတော့မည်လား။

ဘယ်သူ့ကိုမှ မပေးဆပ်ဘူးတဲ့ ပန်တော်ဝင် အတွက် ဒီတစ်ကြိမ်ဟာ

"မမယံ"

မြခြူးယံ ရှေ့ရောက်သွားကာ တိုးညှင်းစွာ ခေါ်လိုက်သည်။ မြခြူးယံက မျက်မှန်အောက်ကနေ ဘာလဲ ဟူသော သဘောနှင့်မျက်လုံးစွေကြည့်၏။

"ပန်ပန် အရှုံးပေးရင် ပန်ပန် မျက်ရည်တွေကို မြင်ရရင် မမယံ ကျေနပ်နိုင်မလားဟင်၊ အခု ဖြစ်ပျက်ပြီးတဲ့ ပြဿနာတွေကိုရော ကျေအေးပေးနိုင်မလား၊ ပြီးတော့ အိုးပါးကိုရော စွန့်လွှတ်ပေးနိုင်မလား"

www.burmeseclassic.com



"မင်း ဘာလုပ်ပေးနိုင်မှာမို့လဲ"

မျက်နှာကို မော့ပြီး နှုတ်ခမ်းကို မဲ့သည်။ ပြီးတော့ ဆတ်ခနဲ ဒူးထောက်ထိုင်ချပြီး ရှိုက်သံတွေ ထွက်လာတဲ့ ပန်တော်ဝင်ကို ကြည့်ကာ အံ့သြမင်သက်လွန်းစွာနှင့် အဲယောင်ယောင် အမှားမှား နောက်ခြေတစ် လှမ်း ဆုပ်လိုက်မိသည်။

"ဘာ ဘာလုပ်တာလဲ"

"ဝန်ချ ဒူးထောက် တောင်းပန်တာပါ မမယံ၊ တစ်သက်လုံး နိုင်စားခဲ့တယ်လို့ မမယံ ထင်သမျှ အရှုံးပေးတာပါ၊ မမယံအပေါ် ပန်ပန် မစ္ဆရိယစိတ် မရှိခဲ့တာ အမှန်ပါ၊ အပြစ်တွေချည်းပဲလို့ မမယံ ယူဆ ထားရင် ပန်ပန်ကို ဒီတစ်ကြိမ် ခွင့်လွှတ်ပေးပါ၊ နားလည်ပေးပါ၊ ပန်ပန်ကို အိုး အိုးပါးနဲ့ မခွဲပါနဲ့ ဒူးထောက်တောင်းပန်ရုံနဲ့ မလုံလောက်ရင် ပန်ပန်ကို သတ်ပစ်ခဲ့ပါ မမယံ"

မျက်ရည်တွေ သွန်ကျလျက် ရှိုက်သံတွေနှင့် အက်ရှတုန်ယင် နေသည်။

တစ်သက်လုံး နာကြည်းမှုတွေနှင့် ကိုယ် အရှုံးပေးလာခဲ့ရတဲ့ ပန်တော်ဝင်က ပြားပြားဝပ် ဒူးထောက်တောင်းပန်နေတော့ အနိုင်လို ချင်လှုပြီဆိုပေမယ့် မနေတတ် မထိုင်တတ်နှင့် အနေခက်နေမိသည်။

ပြီးတော့ ပန်တော်ဝင်ရဲ့ ရှိုက်သံတွေ မျက်ရည်တွေ။





ကြားချပ်မြင်ချင်လွန်းလို့ တောင်းဟာနေမိသော်လည်း လက်တွေ့ မှာ ထိုမျက်ရည်တွေ ရှိုက်သံတွေက ကိုယ့်ရင်ဘတ် တစ်ခုလုံး ရှုံးအောင့် မျက်ရှုနေစေသည်။

ဒါဟာ သွေးသားဆိုတဲ့ သံယောဇဉ်ကြောင့်လား။ တစ်ကောင် ကြွက်ဘဝနှင့်တွယ်တာ ခဲ့ရသည့် နှောင်ကြိုးတွေကြောင့်လား။

မြခြူးယံ မဝေခွဲတတ်ပါ။ တကယ်တမ်းက သူမ အနိုင်ရချင် တာ။ မခံစားဘူးတဲ့ အောင်နိုင်သူ တစ်ယောက်ရဲ့ မော်ကြွားမှုတွေနှင့် ဝံ့ကြွားကြည့်ချင်တာ။

ဒါပေမဲ့ ထိုအရာတွေနှင့် သူမ မထိုက်တန်ဘူး ထင်သည်။ ရင်ပြင်တစ်ခုလုံး လစ်ဟာလျက် ဘာမှမရှိတော့သလို ဗလာကျင်းနေ၏။

ပန်တော်ဝင် မျက်ရည်တွေကို ဘာလို့ အရသာခံ မကြည့်နိုင် ရတာလဲ။

"မမယံ ပန်ပန်ကို မုန်းနေခဲ့သလားဟင်၊ ပန်ပန်ကတော့ မမယံကို ဒီနေ့ထိ မုန်းမရခဲ့ပါဘူး၊ ငယ်စိတ်နဲ့ အာဃာတတွေ ရှိခဲ့တာ တော့ မှန်ပါတယ်၊ ဒါပေမဲ့ ဒါတွေဟာ အမုန်းတွေမှ မဟုတ်ခဲ့တာပဲ၊ မမယံရဲ့ အိုးပါးကို မခွဲနိုင်လို့ မပေးနိုင်လို့ သွေးရူးသွေးတန်း ပြောခဲ့ တာ မဟုတ်ပါဘူး။ ပန်ပန် စကားတွေကို မယုံကြည်ဘူး၊ နားလည်မပေး နိုင်ဘူးဆိုရင် မမယံ ကြိုက်သလို လုပ်ပါတော့၊ အသက်ကို လိုချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



လည်စင်းပေးမယ်၊ နှလုံးသားကို လိုချင်ရင် အိုးပါးကို ခေါ်သွားပါတော့ မမယ်''

နားဝင်ချိုသော စကားတွေ တောင့်တနေသော စကားတွေ အရသာ ခံနားထောင်နေရမည့် စကားတွေ။

သျှင်မင်းညိုနှင့် လက်ထပ်ကာထားတဲ့ စာချုပ်လေးကို ကိုင်ထားတဲ့ လက်က တဆတ်ဆတ် တုန်လို့။

စာရွက်ကိုတောင် မြဲအောင်မကိုင်နိုင်တော့တဲ့ လက်ကို အပြစ်မြင်ကာ စာချုပ်ကလေးကို လွှတ်ချလိုက်သည်။ ပြီးတော့ ခြေလှမ်းတွေက တစ်လှမ်းခြင်း နောက်ပြန်ဆုပ်လျက် လာရာလမ်းကို ဘာတစ်ခုမှ ယူဆောင်မလာနိုင်ဘဲ ပြန်ခဲ့ရသည်။

ဘာမှပါမလာခဲ့ဘူးဆိုတော့ သူမရဲ့ ရင်းနှီးပေးဆပ်မှုတွေက အခမဲ့ပေါ့။

သူမ ကျေနပ်ပါသည်။

သူမ မျက်ရည်တွေကို ပန်တော်ဝင်ရော သျှင်မင်းညိုရော မမြင်လိုက်ကြသည့်အတွက် သူမ ကျေနပ်ပါသည်။

မျက်ရည်တွေဆိုတာ ပျားရည်လိုတော့ ဘယ်ချိုမလဲလေ။ နာနာကျင်ကျင် စူးစူးနင့်နင့်နှင့် အရှုံးတွေကို ဟိုအရင်ကလိုပဲ ပိုက်ပွေ့လို့ . . ။

အခန်း (၃၆)

"မျက်ရည်တွေ သုတ်လိုက်တော့ ပန်ပန်၊ မင်း မျက်ရည်တွေက ကိုယ့်ရင်ကို အရမ်းပူလောင်နေပြီ၊ မင်းအရှုံးပေးနေတာကို မြင်ရတာ ကိုယ် မခံစားနိုင်တော့ဘူး"

မြခြူးယံ လှည့်ထွက်သွားသည်နှင့် ပန်ပန် ကိုယ်လေးကို ဆွဲထူကာ ပွေ့ဖက်လိုက်သည်။

ပန်ပန် ကိုယ်လေးက အလိုက်သင့် ယိမ်းနွဲ့ပါလာကာ သူ့ပခုံးပေါ် မှီနွဲ့ကျလာ၏။

"မမယ် သူလိုချင်တာတွေ ဘာလို့ မယူသွားတာလဲ ဟင် အိုးပါး"

"သူနဲ့ မထိုက်တန်လို့ နေမှာပေါ့ ပန်ပန်လေးရယ်၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ မထားနဲ့တော့နော်၊ ကိုယ်တို့နှစ်ယောက်ကြားမှာ မြူတစ်မှုန်စာတောင် ဝေးကွာအောင် လုပ်နိုင်တဲ့သူ မရှိတော့ဘူး၊ ပန်ပန့်ရဲ့ သစ္စာတရား၊ ကိုယ့်ရဲ့ သစ္စာတရား ခိုင်မြဲလို့ပေါ့ ပန်ပန်ကို ကိုယ် တစ်သက်လုံး မြတ်မြတ်နိုးနိုး ချစ်သွားမယ်နော်''

''ခေါ်မတ်စမီးကား''

သူ့ရဲ့ ထွေးပွေ့မှုအောက်မှာ ပန်တော်ဝင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီး ကြည်လင်လန်းဆန်းလာသော အသံလေးလည်း ခပ်မြူးမြူး။

''ကိုယ့်ကို ကျေးဇူးတင်တယ်ပေါ့၊ အဲဒါဆိုရင် ကိုရီးယား ချစ်သူစုံတွဲတွေလို ကိုယ့်ကိုနမ်း''

''အာ အိုးပါးကလည်း သူတို့က နှုတ်ခမ်းကို နမ်းတဲ့ဥစ္စာကို မနမ်းတတ်ပါဘူး''

မခမ်းခြောက်သေးသော မျက်ရည်တွေကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ပြီး နှုတ်ခမ်းလေး စူ၍ ပြောသည်။ ကလေးလေးတစ်ယောက်လို ဖြူစင်လွန်းသော ကောင်မလေးက အဲလို ပုံစံလေးဆိုပိုပြီး ချစ်စရာ ကောင်းသည်။ အသည်းယားလာကာ ပါးပြင်လေးကို ဖွဖွ ဆွဲလိမ်လိုက်ပြီး

''ကိုယ် သင်ပေးမယ်၊ တတ်သွားရင် အာဝါးတစ်ခု ဆုချပေးမယ်၊ ဘယ့်နှယ်လဲ''





''ဟား ဟား လူလည်ကျလို့ အိုးပါး နာသွားပါဦးမယ်နော်''

ပန်တော်ဝင်က သွားဖွေးဖွေးလေးတွေ ပေါ်အောင် ရယ်သည်။

''အဲလို ရယ်နေစမ်းပါ ပြုံးနေစမ်းပါ ပန်ပန်လေးရယ်၊ ခုနက မြခြူးယံရှေ့မှာ ဒူးထောက်ပြီး အရမ်းငိုနေတော့ ကိုယ် စိတ်မကောင်းလိုက်တာ၊ ပြောနေလိုက်တာလည်း ရင်တွေ ပွင့်ထွက်မတတ်ဘဲ၊ အဲဒါတကယ် ခံစားရလို့လားဟင်''

''အိုးပါးက ပန်ပန် ဟန်ဆောင်တယ် ထင်လို့လား၊ ပန်ပန်တကယ် ခံစားရတာပါ၊ ပန်ပန်နဲ့ပတ်သက်ပြီး မမယံ အဲဒီလောက်ပြင်းပြင်းထန်ထန် နာကျင်နေလိမ့်မယ်လို့ မထင်မိဘူး၊ သူ့ရဲ့ အပျိုစင်ဆိုတဲ့ အမွန်မြတ်ဆုံး ဂုဏ်သိက္ခာကိုတောင် နာမည်ပျက်ခံ စွန့်လွှတ်ပြီးပန်ပန်ကို အနိုင်လိုချင်တာ တွေးမိတော့ ပန်ပန် တကယ် စိတ်မကောင်းဖြစ်မိတယ်၊ အဲဒါကြောင့် သူလိုချင်တာတွေ ယူပါစေတော့ဆိုပြီး ဆုံးဖြတ်လိုက်တာ''

''ကိုယ့်ကိုပါ စွန့်လွှတ်ရဲတယ်နော်''

''နာနာကျင်ကျင်နဲ့ ပြောလိုက်ရတာပါ၊ အဲဒီလို ပြောတဲ့အချိန်က ပန်ပန် ရင်ထဲ သွေးစိမ်းရှင်ရှင် ထွက်နေတာ အိုးပါးမှ မသိဘဲ၊ တကယ်တော့ အိုးပါးကို မျက်စေ့အောက်က အပျောက်မခံနိုင်အောင် ချစ်တာပါ အိုးပါးရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်မတ်စမီးကား"

သူ ပြန်ပြောတော့ ပန်တော်ဝင် ရယ်သည်။

ညဆိုတဲ့ အချိန်ကာလ ကုန်ဆုံးမှာ စိုးရိမ်နေခဲ့သည်။

ထိုတစ်ည မလွန်မြောက်ပါစေနှင့်။

လုံမ



www.burmeseclassic.com